ဗုဒ္ဓ

ဓမ္မ သံဃ

ရန်ကုန်တိုင်းဒေသကြီး၊
လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
(မောင်းထောင်မြေဇင်းတောရတိုက်ခွဲ)

# မောင်းထောင်
# မြေဇင်းတောရဆရာတော်ဘုရားကြီး၏

၏

# ကန္ဒီနည်း
# သမထ-ဝိပဿနာကျင့်စဉ်ကျမ်း

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏တပည့်

## အရှင်ကေလာသ

(သာသနဓဇဓမ္မာစရိယ)ကမ္မဋ္ဌာနာစရိယ

စုစည်းစီစဉ်ရေးသားသည်။

ရန်ကုန်တိုင်းဒေသကြီး၊
လှည်းကူးမြို့နယ်၊ မြို့ကြီးတုန်းရိပ်သာရပ်ကွက်၊
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
(မောင်းထောင်မြေဝင်းတောရတိုက်ခွဲ)

# မောင်းထောင်
# မြေဝင်းတောရဆရာတော်ဘုရားကြီး၏
# ၏

# ကသိဏနည်း

## သမထ-ဝိပဿနာကျင့်စဉ်ကျမ်း

မောင်းထောင်မြေဝင်းတောရဆရာတော်ဘုရားကြီး၏တပည့်

**အရှင်ကေလာသ (ကမ္မဋ္ဌာနာစရိယ)**

စုစည်းစီစဉ်ရေးသားသည်။

# ပုံနှိပ်မှတ်တမ်း

အမှတ် ၂၉၄၇၉
ရက်စွဲ ၂၃.၉.၂၀၁၃

ကန်နီနည်း သမထ–ဝိပဿနာကျင့်စဉ်ကျမ်း
အရှင်ကေလာသ (ကမ္မဋ္ဌာနာစရိယ) သာသနဓဇဓမ္မာစရိယ


| | | |
|---|---|---|
| အတွင်းစာစီ | - | ဇင်ဘိုအောင်၊ ဇင်မာမြင့် |
| ထုတ်ဝေသူ | - | ဦးတင်ဝင်းနိုင် |
| | | ချိုချိုမြင့်စာပေ |
| | | အကွက် (၂၉၉)၊ ဒေးဝန်းအရှေ့ |
| | | ၈၃ × ၈၄ကြား၊ မန္တလေး။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | နန်းသဇင်ပုံနှိပ်တိုက် |
| | | အမှတ် ၂၉၄/၂၉၆၊ ၃၉လမ်း၊ |
| | | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |


စမ္ဗဒါန

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အပါယ်မကျရှိခိုးကြ (မြေဇင်းတောရဆရာတော်) | က |
| ဩဝါဒကထာ (မြေဇင်းတောရဆရာတော်) | ဂ |
| အမှာစာ (ဗန်းမော်ဆရာတော်) | င |
| ကျမ်းပြုသူ၏စကားဦး | စ |
| ကျေးဇူးတင်လွှာ | ဍ |

သမထ(ပထမပိုင်း)

| | |
| --- | --- |
| ကန္နီနည်း တရားအားထုတ်ပုံ | ၁ |
| ဘုရားဂုဏ်တော်ပွားသူတို့ ရရှိနိုင်သောအကျိုးများ | ၇ |
| အမျှဝေပုံ | ၁၀ |
| မေတ္တာ | ၁၁ |
| မြေဇင်းတောရဆရာတော်၏ မေတ္တာပွားပို့ပုံ | ၁၃ |
| မရဏာဿတိဘာဝနာ | ၁၆ |
| အာနာပါနတရား | ၂၃ |
| သတိမြဲရာ ပထမာ မှတ်ပုံ (ပထမနည်း) | ၂၇ |
| စိတ်မိုက်နွားသိုး သတိကြိုး | ၃၉ |
| တရားကောင်းရန် | ၄၁ |
| တရားမှတ်တယ်ဆိုတာ | ၄၂ |
| သတိပေးဦးမှပဲ | ၄၄ |
| ဒါမှ ဘုရားအကြိုက်ပူဇော်ခြင်း | ၄၇ |
| ဝီရိယနှင့်သမာ ညီမျှစွာ | ၄၉ |
| စေတနာ–က် အဆက်ဆက်ကျေးဇူးပြု | ၅၁ |
| သတိမမေ့ပုံ | ၅၄ |
| သေမည်နေ့သိတဲ့ ဦးလူမောင် | ၅၅ |

အရဟာတ္တဖိုလ်ဉာဏ်ရမှပြီး ၅၆
မကောင်းမှုရှင်း ကောင်းမှုသွင်း စိတ်ရင်းဖြူပါစေ ၅၇
နိဗ္ဗာန်ရဏအညစ်အကြေး အာနာပါနရေဖြင့်ဆေး ၆၀
တရားကြိုးစား လွန်ကြီးပွား ၆၁
နိမိတ်ဆိုတာဘာလဲ ၆၃
ပင်လယ်ကူး (၁) ၆၄
နိမိတ်ပို့လွှတ်ပုံ ၆၄
ဒုတိယနည်း ပင်လယ်ကူး (၂) ၆၇
ပင်လယ်ကူး (၃) ၆၉
ပင်လယ်ကူး (၄) ၇၂
အထိုင် ၃–မျိုးနှင့် မန္တလေးတောင်ဘုရားဖူးခန်း ၇၇
ဦးမှိုင်းကြီးလေးချိုးနှင့် သေးစေ၊ ကြီးစေ ၇၈
ဇနပဒကလျာဏီနှင့် မန္တလေးတောင်ဘုရားဖူးခန်း ၈၀
သပ္ပါယခုနစ်ပါးနှင့် အမရပူရ–စစ်ကိုင်းဘုရားဖူးခန်း ၈၃
ဇော၈ုနစ်ချက်နှင့်မုံရွာ–ပုဂံ–အင်းလေးဘုရားများဖူးခန်း ၈၄
ရွှေတိဂုံဘုရားသမိုင်းနှင့် ရန်ကုန်ဘုရားများ ၈၆
အိန္ဒိယနှင့် သီဟိုဠ်(သီရိလင်္ကာ)ဘုရားများ ၈၉
စွယ်တော်(အောက်လက်ဝဲစွယ်တော်) ၉၁
ထူပါရုံစေတီ ၁၁၂
မဟာစေတီ ၁၁၃
တာဝတိံသာ စူဠာမဏိစေတီ ၁၁၈
ပင်လယ်ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ၁၂၂
ကမ္ဘာဦးသစ်ပင်ကြီး ၇–ပင် ၁၂၇
သုဓမ္မာဇရပ်နှင့် ဝေဇယန္တာပမာဏ ၁၂၉
ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီ ၁၃၀
ရွှာအဝင်လမ်း(ဒေါက်တာအောင်ဇော်မြင့်) ၁၃၃
သံသရာခရီးတိုစေလို တရားရိပ်ခို(ဒေါ်စန်းစန်းဝင်း) ၁၃၈
ဤခရီးဝေးသလား…(ဦးဖေသိန်း) ၁၄၁

လုံးစုံလင်းရာ တ–၌သာ(တတိယနည်း) ၁၄၉
စွယ်တော်လေးဆူ ၁၅၁
ပါးထွက်–နားထွက် ၁၅၂
လှီးစား–ဖြတ်စား ၁၅၃
ရောဂါပျောက်ပုံသာဓက ၁၅၄
စ မှာ ငြိမ်းစေဘိ(စတုတ္ထနည်း) ၁၅၆
ငါ့ဘက်က ခင်သိန်းရှိတယ် ၁၆၁
ဝင်လေ–ထွက်လေ အကြိမ်အရေအတွက်ဇယား ၁၆၅
ဝိမုတ္တိခေတ် လူလာဖြစ်... ၁၆၇

## ဝိပဿနာ(ဒုတိယပိုင်း)

ရူပပရိဂ္ဂဟ ၁၇၂
နာမပရိဂ္ဂဟ ၁၇၇
ရုပ်နာမ်ခန္ဓာတို့၏များခြင်းအကြောင်း ၁၇၉
နာမ်နှင့်ရုပ်စပ်မှ လိုရာအာရုံထင်ပုံ ၁၈၀
စောင်းသံပမာ ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်ဟန် ၁၈၅
ပစ္စယပရိဂ္ဂဟ ၁၈၇
အတိတ်ဘဝများစွာနဲ့ တောင်ကြီးက မငယ်ငယ်ထွေး ၁၉၂
အဒ္ဓါနပရဂ္ဂိဟ ၁၉၆
ဉာဏ်စဉ်များ ၁၉၈
ဉာဏ်စဉ်(၁၀)ပါး ၁၉၈
သမ္မာသနဉာဏ်ပွားပုံ ၁၉၉
မန္တလေးမြို့က မသီတာ ၂၀၁
ဥဒယဗ္ဗယဉာဏ်ပွားပုံ ၂၀၃
နိမိတ်သုံးပါး ၂၀၆
စကြာမင်းစည်းစိမ်နှင့် ရဟန်းစည်းစိမ် ၂၀၉
ဘင်္ဂဉာဏ်ပွားပုံ ၂၁၃

ကိုယ့်အသက်ကို ငဲ့ကွက်မညှာသော အရှင်တိဿ ၂၁၇
ဘာဝနာတက်ကြွ မူဆယ်မြို့က ဦးဘအေး ၂၁၉
ကြောင့်ကြပယ်စွန့်တဲ့ မန္တလေးမြို့က ဦးမြင့်နိုင် ၂၂၁
ကြောက်ရွံ့မသိတဲ့ မန္တလေးမြို့က မခင်မျိုးချစ် ၂၂၂
ခန္တီအားဖြည့် တရားမွေ့ မန္တလေးမြို့က ဦးမြင့်သန်း ၂၂၃
အာရုံမခင်မင်တဲ့ ရန်ကုန်မြို့က ဒေါ်အေးကြိုင် ၂၂၄
ဘယညာဏ်ပွားပုံ ၂၂၆
ဘယညာဏ်နှင့် ဘုတလင်မြို့က မဝင်းမာ ၂၂၇
သည်ပုပ်ထဲကသည်ပဲ ၂၂၈
အာဒီနဝညာဏ်ပွားပုံ ၂၂၉
နိဗ္ဗိန္ဒာညာဏ်ပွားပုံ ၂၃၃
ရန်ကုန်မြို့က ပါမောက္ခတစ်ဦး ၂၃၅
မုဉ္စိတုကမျတာညာဏ်ပွားပုံ ၂၃၅
မုဉ္စိတုကမျတာညာဏ်နှင့် မန္တလေးမြို့က ဦးညွန့်စံ ၂၃၇
ပဋိသင်္ခါညာဏ် ၂၃၈
သင်္ခါရုပေက္ခာညာဏ် ၂၄၂
အနိစ္စနှင့်ဧကမ္မဿဝနိယထေရ် ၂၄၉
အနုလောမညာဏ်ပွားပုံ ၂၄၉
မဂ္ဂင်ဖောင်နှင့်သွားမှ နိဗ္ဗာန်ရောက်နိုင်ပုံ ၂၅၂
ရဟန္တာတို့ မဆိတ်သုဉ်း ၂၅၄
ရှေးပညာရှင်ရေးသားသော ပြန်မါနီးမှာတမ်း ၂၅၆


**မာတိကာပြီး၏။**

ကျေးဇူးတော်ရှင်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး




၁၇နာရီကြာ မီးသင်္ဂြိုဟ်တော်မူပြီး ကြွင်းကျန်ခဲ့သည့်
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏
ရောင်ခြည်တော်ကွန့်မြူးခဲ့သော

# ဓာတ်တော်၊ မွေတော်များ




တပို့တွဲလပြည့်ကျော် (၃) ရက်၊ (၄-၂-၂၀၀၇) တနင်္ဂနွေနေ့
ညနေ (၆) နာရီမှ (၇)နာရီ မိနစ်(၂၀)အထိ
ဦးခေါင်းခွံတော်၊ စွယ်တော်တို့မှ အထက်အောက်ရောင်ခြည်တော်ကွန့်မြူးသည်



မြေဇင်းတောရဆရာတော်ဘုရားကြီးအား
အရှင်ကေလာသ (ကမ္မဋ္ဌာနာစရိယ) ဝတ်ပြုနေစဉ်



ပန်းမော်ဆရာတော်ဘုရားကြီးအား ကန်တော့၍
အရှင်ကေလာသ (ကမ္မဋ္ဌာနာစရိယ) ဩဝါဒခံယူနေစဉ်



အရှင်ကောဏာသ (ကမ္မဋ္ဌာနာစရိယ)
သာသနဓဇဓမ္မာစရိယ

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## အပါယ်မကျ ရှိခိုးကြ

ယောဂီတို့ နေ့စဉ်မှန်မှန် ဘုရားရှိခိုးကန်တော့ကြရဲ့လား။ ဘုန်းကြီး အမြဲရှိခိုးကန်တော့တဲ့ နေရာတွေပြောပြမယ်။ ဘုန်းကြီး ၁၃၂၅ ခုနှစ်ကစပြီး ယနေ့အထိ ငါမိနေတဲ့ နေရာရောက်တဲ့နေရာကနေ-

၁။ အနောက်မြောက်ထောင့် ရာဟုထောင့်ရှိ အိန္ဒိယမဇ္ဈိမဒေသ သည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ ဘုရားအဆူဆူတို့၏-

(က) ဖွား = မွေးဖွားတော်မူရာဌာန၊
(ခ) ပွင့် = ဘုရားဖြစ်ရာဌာန၊
(ဂ) ဟော = ဓမ္မစကြာဟောကြားရာဌာန၊
(ဃ) စံ = ပရိနိဗ္ဗာန်စံရာဌာနတို့ကိုလည်းကောင်း၊

၂။ အနောက်တောင်ထောင့်စနေထောင့်ရှိ (သီဟိုဠ်) သီရိလင်္ကာသည် ဂေါတမမြတ်ဘုရား၏ သာသနာ ထွန်းကား ရာ ဒေသဖြစ်သည်။ ထိုအရပ်တွင် မြတ်စွာဘုရား၏-

(က) စွယ်တော်တိုက်ထဲက စွယ်တော်၊
(ခ) ထူပါရုံစေတီတော်ထဲက ညှပ်ရိုးတော်၊
(ဂ) မဟာစေတီထဲက ဓာတ်တော်၊
(ဃ) ဒက္ခိဏသာခါ ဗောဓိပင်တို့ကိုလည်းကောင်း၊

၃။ တောင်အရပ်ရှိ ရန်ကုန်ရွှေတိဂုံသည် ဘဒ္ဒကမ္ဘာတွင် ပွင့်တော် မူကြသော-

(က) ကကုသန်ဘုရား၏ တောင်ဝှေးတော်၊
(ခ) ကောဏာဂုံဘုရား၏ ဓမ္မကရိုဏ်ရေစစ်တော်၊
(ဂ) ကဿပဘုရား၏ ရေသနုပ်တော်၊
(ဃ) ဂေါတမဘုရား၏ ဆံတော်ရှစ်ဆူ-

တို့ကိုလည်းကောင်း အဲဒီဌာနတွေကို ဘုန်းကြီး အမြဲတမ်းမှန်းပြီး ရှိခိုးကန်တော့တယ်။

## ဘုရားရှိခိုး ပူဇော်ရသော အကျိုး(၈)မျိုး

၁၁၅။ ဒိသာသု ပူဇိတော ဟောမိ၊ တိက္ခပညော ဘဝါမဟံ။
သဗ္ဗေ ဒေဝါ နုဝတ္တန္တိ၊ အမိတာဘောဂံ လဘာမဟံ။

၁၁၆။ သုဝဏ္ဏဝဏ္ဏော သဗ္ဗတ္ထ၊ ပဋိကန္တော ဘဝါမဟံ။
မိတ္တာနံ အစလော ဟောမိ၊ ယသော အဗ္ဘုဂ္ဂတော မမံ။

(တိသရဏဂမနိယတ္ထေရအပဒါန်)(ခု၊၃၊၈၃)

ဘုရားရှိခိုးပူဇော်ရသော မိမိ၏ကုသိုလ်စေတနာ တန်ခိုးတေဇော်အာနုဘော်ကြောင့် ယခုမျက်မှောက်ဘဝမှာပင် ဘေးဒဏ်ရန်မာန်တို့မှ ကင်းဝေးလျက် နောက်နောင်ဘဝတို့၌ ဆုတောင်းပတ္ထနာ မပြုရဘဲ၊ ဆုမတောင်းရဘဲ အကျိုး ၈-ပါး ရနိုင်သည်။

## ရနိုင်သည့် အကျိုး(၈)ပါးကား–

၁။ သွားလေရာ ရောက်လေရာ အရပ် (၁၀) မျက်နှာတို့၌ အပူဇော် အချီးမြှောက်ကို ခံရခြင်း၊
၂။ သွက်သွက်လက်လက်နှင့် ထက်မြက်သော ဉာဏ်ပညာကိုရရှိခြင်း၊
၃။ ကိုယ့်အလိုလိုက်ပြီး ကိုယ့်အကြိုက်ကိုသာ လုပ်ကိုင်ပေးကြသော အခြွေအရံပရိသတ်နှင့် ပြည့်စုံရခြင်း၊
၄။ မရေမတွက်နိုင်သော စည်းစိမ်သာနှင့် ပြည့်စုံရခြင်း၊
၅။ ဘဝတိုင်းဘဝတိုင်း အဆင်းရုပ်ရည်လှပခြင်း၊
၆။ ကိုယ်လှစိတ်လှ အတွင်းအပြင်လှပသည့်အတွက် အများ၏ နှစ်သက်ခြင်းကို ခံယူရခြင်း၊
၇။ မိတ်ဆွေအပေါင်းအသင်းတို့၏ ချစ်ခင်ရိုသေလေးစားမှု ခိုင်မြဲခြင်း၊
၈။ ကောင်းမြတ်သော သီတင်းကျော်စောပျံ့နှံ့ခြင်း။

ဤ(၈)ပါးသော အကျိုးတို့ကို ဆုတောင်းပတ္ထနာမပြုရဘဲ၊ ဆုမတောင်းရဘဲ ပြည့်စုံရသည်ဟု (တိသရဏ ဂမနိယတ္ထေရ အပါဒါန်) ပါဠိတော်မှာလာသည်။ ယုံယုံကြည်ကြည်နှင့် နေ့စဉ်မှန်မှန်ကြိုးစား၍ ရှိခိုးကြပါ။ ပူဇော်ကြပါ။

ရှိခိုးကန်တော့တဲ့အခါလည်း 'နမောတဿ' သုံးကြိမ် ရွတ်ဆိုပြီး ကန်တော့ကြ။

မြတ်စွာဘုရားက အပါဒါန်ပါဠိတော်၌ ဝိပဿီမြတ်စွာ ဘုရားကို ရဟန်းတစ်ပါးသည် ကြည်ညိုဝမ်းမြောက်လျက် တစ်ကြိမ်ရှိခိုး၏။ ရှိခိုးတဲ့ ကုသိုလ်ကံစေတနာကြောင့် ကမ္ဘာတစ်သိန်းအပါယ်လေးပါး မကျရောက်ပေ၊ ဂေါတမဘုရား လက်ထက်ရောက်တော့ 'ဧကဥ္စလိက မထေရ်' ဟု အမည်တွင်သည်။

## မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

ဂေါတမမြတ်စွာဘုရားက သတ္တဝါတွေကို သနားလို့ သာသနာ ၅၀၀၀ ထားခဲ့တာ။ အခု ၂၅၀၀ ကျော်သွားပြီး။ အကုန်များပြီး အကျန်နည်းသွားပြီး။ ကျန်တဲ့ဟာလည်း ကိုယ့်ဥစ္စာလို့ ပြောမရဘူး။ ကိုယ်လုပ်သလောက် ကိုယ်ရမှာပဲ။ ဆုတ်ကပ်ကြီးဆိုတော့ အစစအရာရာ ဆုတ်ကုန်တာပဲ။ သိလို့ရှိရင် နှမြောစရာ အလွန်ကောင်းလှတယ်။

နှမြောတယ်ဆိုတာ တန်ဖိုးသိမှ နှမြောတာ။ ဘုရားရှင်က သတ္တဝါတွေကို သနားတော်မူလို့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ကြံအားထုတ်ပြီး ဘဝပေါင်းများစွာ စတေးပြီးမှ ပေးခဲ့ရတဲ့ တရားတွေကို အခုလူတွေ မယုံကြတော့ဘူး။

'ဧဝံဗုဒ္ဓါ အစိန္တိယျာ' ကြံစည်လို့ မရနိုင်ဘူး။ ဒီတော့ လူတွေ အားမထုတ်ကြဘူး။ အားမထုတ်တော့ မသိတော့ဘူး။ မသိတော့ မယုံကြည်ဘူး၊ ကြည့်လေ - ကိုယ့်ကိုသနားလို့ ပေးခဲ့တဲ့တရားကိုပဲ

သာသနာပရယ်၊ သာသနာတွင်းရယ်လို့ ဝေဖန်နေကြတာ မခက်ဖူးလား။

ဘုရားရှင်က သမထတရားတွေက သာသနာပမှာပဲ ကျင့်ရမယ် သာသနာတော်တွင်းမှာ မကျင့်ရဘူးလို့ မဟောခဲ့ဘူးဗျ။ ဘုရားအဆူဆူဟာ ဒီအာနာပါနကို ကျင့်ပြီးမှ ပွင့်ကြတာပါဗျ။ မြေလျှိုးမိုးပျံနိုင်တဲ့ ရဟန္တာတွေလည်း အာနာပါန သမထ-ဝိပဿနာကျင့်လို့ ဖြစ်ကြတာဗျ။ သမထ မပါတဲ့ ရဟန္တာတွေ ဒီလိုမရကြဘူး။

ဒီတော့ သူများပြောတိုင်း နားမယောင်နဲ့။
သာသနာဆုတ်တယ်ဆိုတာ ဒီလိုပဲ။
ဒီလိုနဲ့ ဗုဒ္ဓရဲ့တရားတော်တွေ ကွယ်ပျောက်သွားမှာ
နှမြောစရာကောင်းလှတယ်။

# ဗန်းမော်ဆရာတော်ဘုရားကြီး၏
# အမှာစာ

အရှင်ကေလာသပြုစုသည့် **ကန္တီနည်း သမထဝိပဿနာကျင့်စဉ်** စာအုပ်ကို ဖတ်ရှုကြည့်ရာ တရားအားမထုတ်ဘူးသူများ တရားအား ထုတ်ချင်စိတ် ဖြစ်ပေါ်လာကြပါလိမ့်မည်။ အားထုတ်ဖူးသူများလည်း ထပ်ခါထပ်ခါဖတ်ရှုခြင်းဖြင့် အားထက်ပြီး ဝီရိယဇွဲကောင်းကောင်းဖြင့် အားထုတ်ပါက လိုအပ်သောအကျိုးများကို ရကြပါလိမ့်မည်။

သိပ္ပံပညာရှင်အချို့သည် သင်ပြပေးသူ ဆရာမရှိပါဘဲ ဇွဲ ကောင်းကောင်းဖြင့် ကြိုးစားအားထုတ်ကြရာ အမျိုးမျိုးသော မီးရထား၊ မီးသင်္ဘော၊ လေယာဉ်ပျံ၊ ဂြိုလ်တု အာကာသယာဉ် စသည့် အံ့မခန်း ပစ္စည်းဝတ္ထုများကို တီထွင်ပြုလုပ်နိုင်ကြပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဗုဒ္ဓနှင့်ဗုဒ္ဓ၏ တပည့် ရဟန္တာအရှင်မြတ်တို့ လက်တွေ့ရရှိသိမြင်ပြီး တရားတွေကို သေသေ ချာချာ ကျကျနန ရေးသားထားခဲ့သော စာပေပရိယတ္တိများရှိသည်။ ၎င်းစာပေများအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး၊ လက်တွေ့ပြသ ပေးသည့် ဆရာသမားများလည်းရှိနေပေပြီ။ စာရှုသူသည် သူများတွေ ရလျှင် ငါလည်းပဲရရမှပေ့ါ-ဟု အားခဲပြီး ကြိုးစားနိုင်ပါစေ၊ လိုသလောက် မရသော်လည်းဘဲ အားထုတ်သလောက်တော့ ရပါလိမ့်မည်။

**ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ**

ဝီရိယရှိသူအား အဘယ်မည်သော အမှုကိစ္စသည် မပြီးဘဲ ရှိအံ့နည်း၊ မုချမသွေ ပြီးရမည်သာ။

ဒေါက်တာဦးကုမာရာဘိဝံသ
ဒုတိယပါမောက္ခချုပ်
ထေရဝါဒတက္ကသိုလ်၊
ရန်ကုန်။
၃-၈-၂၀၀၅

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ကျမ်းပြုသူ၏ စကားဦး

မျက်မှောက်ခေတ်ဟာ တရားရှာ တရားအားထုတ်သူတို့အတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီး တစ်ရပ်ပါ။ အထူးသဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဖြာသောဌာနတွေနဲ့ ပြည့်စုံကြွယ်ဝနေတဲ့ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တရားရှာ တရားအားထုတ်သူတို့အဖို့ ရွှေဘုံကြီးပေါ်မှာ စံနေရသလိုပါပဲ။

ဓမ္မကထိကအကျော်အမော်တွေဆီက နာကြားရတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေ၊ ကမ္မဋ္ဌာနာစရိယ အသီးသီးတွေဆီက သင်ယူခွင့်ရတဲ့ မြတ်ဗုဒ္ဓရဲ့ အကျင့်မြတ်တွေဟာဖြင့် နာကြားလို့မကုန်၊ သင်ယူလို့ မကုန်နိုင်ပါဘူး။

မီဒီယာလို့ခေါ်တဲ့ လူထုဆက်သွယ်ရေး ယန္တရားကြီးအတွင်းမှာ ခေတ်မီတီထွင်ဖန်တီးပြုလုပ်လိုက်တဲ့ တရားစာအုပ်တွေ၊ ကက်ဆက်ခွေတွေ၊ စီဒီ၊ ဗီဒီယို၊ ဒီဗီဒီ၊ ဗီစီဒီ စတာတွေဟာလည်း တရားရှာ တရားအားထုတ်သူကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးနိုင်တာ တွေ့ပါတယ်။

တရားပွဲကျင်းပနေချိန်မှာ မအားလပ်လို့ သွားပြီး မနာနိုင်ရင် ခေတ်ပေါ်စီဒီတစ်ခွေဝယ်ပြီး(ငှားပြီး) နာလိုက်ရုံဖြင့် ရုပ်ရော၊ အသံပါ မြင်ရ၊ ကြားရလို့ ဓမ္မကထိကကိုယ်တိုင် အိမ်တိုင်ရာရောက် လာဟောနေသလို ကြည်ညိုကြားနာခွင့်ရနေပြီ၊ စာအုပ်ကိုဖတ်လိုက်ရုံဖြင့် ဘာဟောတယ်ဆိုတာသိရ၊ ဘယ်လိုကျင့်ရမယ်ဆိုတာသိရပြီး အဲဒီ စာအုပ်တွေထဲမှာ မောင်းထောင်မြေဇင်းတောရ အာနာပါနသမထ ဝိပဿနာကလည်း သင့်ထံအရောက်လာပြီ။ ကောင်း မကောင်း ကျင့်ကြည့်ပါ။

ယနေ့ခေတ်မှာ လူလာဖြစ်တဲ့ ပုဂ္ဂိုလ်များသည် ဘုရား ပရိနိဗ္ဗာန်စံပြီး သာသနာတော်နှစ်ပေါင်း ၅၀၀ အတွင်း လူလာဖြစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတူပါပဲ။ ဘာကြောင့်လဲဆိုတော့ ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန်လာလို့ပါ။

နည်းပညာရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ဝိမုတ္တိယုဂခေတ်မှာ ပေါ်ပေါက်လာတဲ့ တရားဟောဓမ္မကထိက၊ တရားပြကမ္မဋ္ဌာနာစရိယ တွေရဲ့ တရားတော်များကို လူအများလိုက်နာပြီး ကျင့်ကြံအားထုတ် နေကြတာတွေ့ရတာ ဝမ်းသာကျေနပ်စရာပါပဲ။

အဲဒီလိုများပြားတဲ့ တရားတော်တွေထဲက ကိုယ်အားထုတ် ကျင့်ကြံရာ ဝိပဿနာဉာဏ်လမ်းကြောင်းမှာ ခန္ဓာရဲ့ဖြစ်ပျက်ကို ရှင်းရှင်းလင်းလင်း မြင်ဖို့အတွက် အထောက်အပံ့ဖြစ်စေမယ့် တရားကို ရွေးချယ်တတ်ဖို့ လိုပါတယ်။ သုတမယ၊ စိန္တမယဉာဏ်တွေနဲ့ ရပ်တန့် အချိန်ကုန်သွားမှာ စိုးလို့ပါ။ ကိုယ်လေ့လာသိရှိသလောက် သုတမယ၊ စိန္တမယဉာဏ်အရှိန်နှင့် ဘာဝနာမယဉာဏ်ထိ တက်လှမ်းနိုင်ဖို့ရာ အဓိကလိုအပ်ချက် ဖြစ်ပါတယ်။

အဲဒီလိုအပ်ချက်ကို ဖြည့်ဖို့ရာ မဟာကမ္မဋ္ဌာနာစရိယ မောင်း ထောင်မြေဇင်းတောရ ဆရာတောဘုရားကြီး၏ တရားကလည်း သာသနာတော်မှာ ကူညီခွင့်၊ ဖြည့်ကျင့်ခွင့်၊ ပေါ်ပေါက်ခွင့်ရလာတာဟာ ယောဂီတို့ရဲ့ ကုသိုလ်ကံစေတနာတွေကြောင့်ပါပဲ။

နဂိုက ဤတရားသည် ကျင့်ရတာ နှစ်ကြာတဲ့အတွက် ရဟန်း တော်တွေပဲ ကျင့်ကြတယ်၊ လူတွေကျင့်တာ နည်းတယ်။ ဤတရားကလည်း တိမ်မြုပ်ပျောက်ကွယ်နေတာပါ။ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး ထိန်းထားလို့ ကျန်တာပါ။ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ-က "ဤတရားကိုကျင့်ချင်လို့ စောင့်ရ တာ ၅၁ နှစ်ကြာတယ်" လို့ ပထမအကြိမ် ရန်ကင်းအေးငြိမ်းရိပ်သာ

တရားစခန်းသိမ်းပွဲ ၂၀၀၂ မှာ ဩဝါဒ မိန့်ကြားခဲ့ပါတယ်။

မြေဇင်းတောရဆရာတော်ကြီးက လူတွေကျင့်ခွင့်ရအောင် အတိုချုပ်ပြီး ရက် ၆၀ သတ်မှတ်ထားတာပါ။ ရက် ၆၀ ကလည်း အိမ်မှာနေတဲ့ရက်နှင့် ကျောင်းမှာနေတဲ့ရက် နှိုင်းစာလျှင် အိမ်မှာနေတဲ့ ရက်ကများပါတယ်။ ကျောင်းမှာနေတဲ့ရက် မပြောပလောက်ပါ။

အတန်းကျောင်းမှာ သူ့အတန်းနှင့်သူ တစ်ဆင့်ပြီးတစ်ဆင့် စာသင်ရသလို ဤတရားကလည်း ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏဿတိ၊ အာနာပါနဝိပဿနာ- အဲဒီလို အဆင့်ဆင့် ကျင့်ရတာပါ။

## အနာထပိဏ်၏နည်းဗျူဟာ

၁။ သားသမီးများ ချစ်အားပိုလျှင်
နာထပိဏ်လား စံထားစေချင်
ကာဠချစ်သား စေစားသွန်သင်
တစ်ရာပေး စောင့်ရေးဉပုသ်ဝင်။

၂။ သားသမီးများ ချစ်အားပိုလျှင်
နာထပိဏ်လား စံထားစေချင်
ကာဠချစ်သား စေစားသွန်သင်
တစ်ထောင်ပေး နာရေးတရားဝင်။

မြတ်စွာဘုရားလက်ထက်က အနာထပိဏ်သူဌေးကြီးသည် သူ့ရဲ့သား မောင်ကာဠကို "ငါ့သား ဇေတဝန်ကျောင်းသွားပြီး ဉပုသ် စောင့်ပါ၊ တစ်နေ့တာ ဉပုသ်စောင့်ရင် ငွေတစ်ထောင်ပေးမယ်" လို့ ပြောတယ်။ သားတော် မောင်ကာဠဟာ ငွေလိုချင်တာနဲ့ ကျောင်းသွား၊ သီလယူ၊ စားသောက်ပြီးရင် ဉပုသ်သီလမပျက်အောင် ကျောင်းသွား ချောင်ထိုးပြီး အိပ်နေတယ်။ နေဝင်မှ အိမ်ပြန်သွားတယ်။ ညနေကျ အဖေဆီက ငွေတစ်ထောင်ယူပြီး အရက်ဆိုင်သွားတာပဲ။

သူ့သားဆိုးမှာ ငွေလိုချင်တဲ့လောဘဇော အကုသိုလ်ဖြစ်တာက တစ်ချိန်၊ ကျောင်းသွား ဥပုသ်စောင့်တာက တစ်ချိန်ပဲ၊ အနာထပိဏ်သူဌေး ဟာ သူ့သားဆိုးကို ဥပုသ်မစောင့်ရင်လည်း ငွေပေးရမှာပဲ၊ တစ်ထောင် မပေးတောင်မှ တစ်ရာပေးရမှာပေါ့။ အရင်တုန်းက သူ့သားဟာ ကုသိုလ်နည်းနည်းမှ မရဘူး။ ငွေတစ်ထောင်နဲ့မျှားပြီး ဥပုသ်စောင့် ခိုင်းလိုက်တော့ ကုသိုလ်ရသွားတာဖြစ်တယ်၊ ကုသိုလ်လည်းရ၊ အရက် လည်းဝတာပေါ့။

အဖေနှင့်သား ကိုယ်စီ ရည်မှန်းချက် အောင်မြင်ကြလို့ နှစ်ယောက်စလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပြုံးပျော်ရွှင်နေတာပေါ့။

“ငါ့သား၊ ဥပုသ်စောင့်ရင်းတရားနာလျှင် နောက်ထပ် ငွေ တစ်ထောင် ပိုပေးမယ်”လို့ အနာထပိဏ်သူဌေးကြီးက ပြန်ပြောတယ်။ သားကာဠလည်း ငွေတစ်ထောင် ပိုလိုချင်တာနဲ့ တရားနာတယ်။ ဒါပေမဲ့ မှတ်မိအောင် စိတ်ပါလက်ပါတရားနာတာမဟုတ်ဘူး။ ငွေ တစ်ထောင်ရချင်တာနဲ့ တရားနာသူတွေကြားထဲ ဝင်ထိုင်တာဖြစ်တယ်။

“ငါ့သား၊ တရားနာပြီးတော့ ဂါထာတစ်ပုဒ်လောက် ပြန်ပြော နိုင်ရင် နောက်ထပ် ငွေတစ်ထောင် ပိုပေးဦးမယ်” လို့ အနာထပိဏ်က ပြောပြန်တယ်။

သူ့သား ကာဠက “ဂါထာတစ်ပုဒ် စာလုံး ၃၂ လုံးပဲရှိတာ၊ ငါမှတ်လိုက်ရင် ခဏအတွင်း ရမှာသေချာတယ်၊ တစ်ထောင်ပိုပြီး အရချောင်တယ်” လို့ ဆုံးဖြတ်ပြီး၊ “စိတ်ချပါ အဖေ၊ ညနေကျ ပြန်ရွတ်ပြပေးမယ်” လို့ ဝန်ခံတယ်။

ဘုရားရှင်ကိုယ်တော်တိုင် ဟောတဲ့တရားကို မောင်ကာဠ မှတ်မိရေးအတွက် စိတ်ဝင်တစားနာကြားတာကြောင့် တရားသဘော ပေါက်ပြီး သောတာပန် ဖြစ်သွားတယ်။

အရက်လည်းပြတ်ရော၊ ဥပုသ်စောင့်ခ၊ တရားနာခ ငွေတွေ မလိုချင်တော့ဘူးတဲ့။

အနာထပိဏ်သူဌေးဟာ သူသားကာဠကို ငွေနှင့်မျှားပြီး တရားနှင့် သွန်သင်ဆုံးမသလို ယနေ့ခေတ်မိဘများလည်း ကိုယ့်သားသမီးကို လိမ္မာအောင်၊ ယဉ်ကျေးအောင် ဘယ်လိုဆုံးမရမယ်ဆိုတာ သဘောပေါက်သင့်ပါတယ်။

## မြေဇင်းတောရ တရားနည်းဗျူဟာ

(က) ရှင်လူအများ တရားဝင်လျှင်
မြေဇင်းတောရ နည်းပြသွန်သင်
နိမိတ်များ ရကြားသင့်တွင်
ဘုရားများ ဖူးသွားကုန်အစင်။

(ခ) ရှင်လူအများ တရားဝင်လျှင်
မြေဇင်းတောရ နည်းပြသွန်သင်
နိမိတ်များ ရထားချိန်တွင်
ခန္ဓာညစ် ဖြစ်ပျက်ကုန်အမြင်။

မြေဇင်းတောရဆရာတော်ဘုရားကြီးသည် လူအများ တရားထိုင်ချင်လာအောင် နည်းပြသွန်သင်တာက တရားထိုင်တဲ့ ရက်အတော်ကြာလျှင် နိမိတ်တွေရလာမယ်။

ရလာတဲ့နိမိတ်ကို စုဆောင်းပြီး တစ်တောင်၊ နှစ်တောင် ပို့ရာမှစပြီး နေမပူ၊ မိုးမရွာ၊ လူမပင်ပန်း၊ ငွေမကုန်ဘဲနှင့် ဘုရားတွေကို ကိုယ့်အခန်း၊ ကိုယ့်ကျောင်းထဲက လူကိုယ်တိုင် ရောက်သွားသကဲ့သို့ ဖူးလို့ရတယ်။ နတ်ပြည်၊ ဗြဟ္မာ့ပြည်က ဘုရားတွေကို ဖူးလို့ရတယ်ဆိုတော့ ရဟန်းရှင်လူ၊ ယောဂီတွေ တရားထိုင်ချင်လာကြတာပေါ့။

အရင်က နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို သေသွားမှရောက်တယ်လို့ အောက်မေ့တာ၊ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေမှ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို

မြင်ရတယ်လို့ အောက်မေ့တာ၊ ခုတော့ နိမိတ်ရလျှင် ဘုရားဖူးလို့ရတယ် ဆိုတော့ လူတွေ တရားထိုင်ချင်လာတာပေါ့၊ အင်မတန်ကောင်းတဲ့ နည်းဗျူဟာပဲ။ သိပ္ပံခေတ်ကြီးကိုး။

ဘုရားတွေဖူးရတော့ ဆရာတော်ကြီးလည်း စိတ်ချမ်းသာ၊ ယောဂီတွေလည်း စိတ်ချမ်းသာ ဆရာ၊ ဒကာ ပြုံးရွှင်လို့ပေါ့။ ဝိပဿနာ ရောက်တော့ ခန္ဓာရဲ့ဖြစ်ပျက်ကို ရှင်းရှင်းလင်းလင်း မြင်ကြတယ်။

ဤတရားတော်တွေကို အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ ကျင့်နိုင်ဖို့ရန်အတွက် ရေးသားလိုက်ရပါတယ်။

ဦးပဥ္စင်းသည် စာရေးဆရာ မဟုတ်ပါ၊ အကျော်အမော် ဓမ္မကထိကလည်း မဟုတ်ပါ၊ တရားပြချင်သော သံဃာတော်များ၊ ကန္နီနည်းဥပနိသယကို သေချာဂန လေ့လာအားထုတ်လိုသူများ၊ မြေဇင်းယောဂီများရဲ့ တောင်းဆိုမှုကြောင့် ကန္နီနည်း သမထ-ဝိပဿနာကျင့်စဉ်တရားကို လက်လှမ်းမှီသမျှ မြေဇင်းတောရ ဆရာတော် လက်တွေ့ပြသဟောပြောမှု၊ ဗန်းမော်ဆရာတော်၊ ဆရာကြီး ဓမ္မစရိယဦးဌေးလှိုင် ဟောပြောမှု၊ ညောင်လွန့်ဝိပဿနာကျင့်စဉ်၊ ဗုဒ္ဓဝင် ပထမတွဲ-ပဥ္စမတွဲ၊ မဟာစည်ဉာဏ်စဉ်တရား စသည်များနှင့် ညှိနှိုင်းကိုးကားပြီး ရေးသားလိုက်ရပါတယ်။

သတိမြဲစွာ ပထမာ၊ ဒုမှာ တို - ရှည်သိ၊
သုံးချက်သိမှာ တတိယာ၊ လေးမှာ ငြိမ်းစေဘိ။

(ကန္နီဆရာတော်)

သတိမြဲရာ ပထမာ၊ ဒုမှာ တို - ရှည်သိ၊
လုံးစုံလင်းရာ တ - ဋ္ဌသာ၊စမှာ ငြိမ်းစေဘိ။

(လယ်တီဆရာတော်)

ဆရာတော်တို့အလိုကျ စာတမ်းပြုစုသူသည် ရေးသားခြင်း ဖြစ်ပါသည်။

**သော သတောဝ အဿသတိ၊**
**သော သတောဝ ပဿသတိ-သည် သင်္ခေပဝါကျဖြစ်၏။**
**ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။**
**ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။**
**ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။**
**ရဿံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။**
**သဗ္ဗကာယပဋိသံဝေဒီ အဿာသိဿာမီတိ သိက္ခတိ၊**
**သဗ္ဗကာယပဋိသံဝေဒီ ပဿာသိဿာမီတိ သိက္ခတိ။**
**ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသိဿာမီတိ သိက္ခတိ၊**
**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿာသိဿာမီတိ သိက္ခတိ-**

ဟူသော နည်းလေးနည်းတို့သည် ဝိတ္ထာရဝါကျ ဖြစ်ကုန်၏။
(မဟာစည် ဆရာတော်)

တစ်စုံတစ်ရာ ချွတ်ယွင်းမှုရှိခဲ့သော် ကျေးဇူးရှင် ကမ္မဋ္ဌာန်းပြ ဆရာများ၏ အပြစ်မဟုတ်ဘဲ၊ မိမိအပြစ်သာလျှင် ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံ တောင်းပန်စကား ပြောကြားအပ်ပါသည်။

"နိုင်ငံခပ်သိမ်းတရားကိန်း အေးငြိမ်းကြပါစေ"

အရှင်ကေလာသ
(ကမ္မဋ္ဌာနာစရိယ)
သာသနဓဇဓမ္မာစရိယ
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၀၉ - ၂၀၃ ၃၃၄၄၊ ၇၃၀ ၃၅၇၅၇

# ကျေးဇူးတင်လွှာ

ကမ္ဘာ့နည်းကိုပြသပေးသော ဘကြီးဘုန်းကြီး မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီးအားလည်းကောင်း၊ ယခုလို သမထ-ဝိပဿနာတရားတော်များ ဟောတတ်၊ ရေးတတ်အောင် သင်ကြားပေးကြသော မဟာစည်နာယကများနှင့် ညောင်ကန်အေးဆရာတော်ဘဒ္ဒန္တကုန္တက၊ ဘဒ္ဒန္တစက္ကိန္ဒ (အမေရိကန်)၊ ဘဒ္ဒန္တဝိစာရတို့အားလည်းကောင်း၊ ဤကမ္ဘာ့နည်းကို အားထုတ်ဖြစ်အောင် တိုက်တွန်းပေးသော မောင်းထောင်ယွန်းဆက်ကျောင်းဆရာတော် ဦးကုန္ဒာစာရနှင့် ဓမ္မာစရိယဦးငွေလှိုင်တို့အားလည်းကောင်း၊ တရားပြရာတွင် လိုအပ်သည်ကို ဖြည့်စွက်ဟောကြား၍ နိဒါန်းရေးသားချီးမြှင့်ပေးသော ဗန်းမော်ဆရာတော် ဒေါက်တာဘန္တကုမာရာဘိဝံသ အားလည်းကောင်း၊ တရားအားထုတ်စဉ် ကူညီပံ့ပိုးပေးသော ဦးမင်္ဂလာ၊ ဦးဥတ္တမ၊ ဦးပု၊ ဦးလူခင်၊ ဦးသန်းအောင်၊ ဦးဆွေတို့အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအောင် တိုက်တွန်းအားပေးသော သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေ အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် အစစကူညီပံ့ပိုးပေးသော ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေ) နှင့် စာရေးဆရာစိတြတို့အားလည်းကောင်း၊ ဦးညဏ်ဝင်း၊ မောင်နိုင်ဝင်းတို့အား လည်းကောင်း၊ ကိုဇော်လေးအောင်၊ ဦးတိုး(ဝေါမြို့နေလရောင်ပုံနှိပ်တိုက်)၊ မမေသကြွန်၊ မအေးဖြူအောင် (White Star DTP & Graphic Design) တို့အားလည်းကောင်း၊ ဓမ္မဒါန စာအုပ်အလှူရှင် ဦးသစ်လွင် + ဒေါ်လှညွန့်ရီ၊ (သမီး) မသင်းသင်းလှိုင်၊ မောင်စိုးဝင်းသန့် + မသင်းသင်းကြိုင်၊ တို့အားလည်းကောင်း၊ ဦးသိန်းအောင်. . . အစရှိသော ရန်ကင်းအေးငြိမ်းရိပ်သာ ဂေါပကအဖွဲ့ဝင်တို့အားလည်းကောင်း၊ ဤစာအုပ်နှင့်ပတ်သက်၍ ကျေးဇူးတင်ထိုက်သူအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

စုဆောင်းစီစဉ်<br>
ရေးသားသူအရှင်ကေလာ<br>
(ကမ္မဋ္ဌာနာစရိယ)

## သမထ (ပထမပိုင်း)

# ကန္နီနည်းတရားအားထုတ်ပုံ



နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**တရားမထိုင်မီ–**

၁။ ဘုရားကို ပန်း၊ ဆီမီး၊ သောက်တော်ရေ ကပ်လှူပါ။
၂။ ကိုးပါးသီလ ဆောက်တည်ပါ။
၃။ ပရိတ် ပြုပါ။

## ဘုရားအစရှိသော သူတော်ကောင်းတို့အား တောင်းပန်ပုံ

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာအပေါင်း သူတော်ကောင်းတို့၏ အပေါ်၌ အစမထင် သံသရာခွင်မှစ၍ ယနေ့အချိန်ကျအောင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိသော အပြစ်များ ရှိပါက သည်းခံတော်မူကြပါဘုရား။
(၃)ကြိမ်။

**၁။ ဆရာသမားအား တောင်းပန်ပုံ**

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို သွန်သင်ပြသ ဆုံးမပေးသနားတော်မူသော ဆရာသမားတို့အပေါ်၌ အစမထင် သံသရာခွင်မှစ၍ ယနေ့အချိန်ကျအောင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိသော အပြစ်များရှိပါက သည်းခံတော်မူပါ အရှင်ဘုရား။
(၃)ကြိမ်။

## ၂။ ဘုရားရှင်အဆူဆူတို့အား ခန္ဓာကိုယ် အပ်နှံလှူဒါန်းပုံ

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူပြီးသော ဘုရားရှင်၊ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရားရှင်တို့အား တပည့်တော်တို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားထိုင်စဉ်၊ တရားအားထုတ်နေစဉ် ရက်၊ လ အတွင်း၌ အပ်နှံပါ၏၊ လှူဒါန်းပါ၏ အရှင်ဘုရား။

(၃)ကြိမ်။

## ၃။ ဆရာသမားအား ခန္ဓာကိုယ် အပ်နှံလှူဒါန်းပုံ

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို သွန်သင်ပြသ ဆုံးမပေးသနားတော်မူသော ဆရာသမားတို့အား တပည့်တော်တို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားထိုင်နေစဉ်၊ တရားအားထုတ်နေစဉ် ရက်၊ လ အတွင်း၌ အပ်နှံပါ၏၊ လှူဒါန်းပါ၏ အရှင်ဘုရား။

(၃)ကြိမ်။

၄။ တရားမထိုင်မီ ကိုယ်အာရုံပြုနေကျ ဘုရားကို စိတ်ထဲကနေ ငါးမိနစ် ရှိခိုးပါ။

၅။ မေတ္တာပို့ပါ။ ဓာတ်ပုံရိုက်တဲ့အခါ ကိုယ်ရိုက်မယ့်လူရဲ့ ရုပ်ပုံလွှာကို ကြည့်ပြီးမှ ခလုပ်နှိပ်ချလိုက်သလို မေတ္တာပို့တဲ့အခါ ကိုယ်ပို့မယ့် သတ္တဝါတွေကို မြင်အောင်ကြည့်ပြီးမှ ပို့ပါ။

### မေတ္တာပို့ပုံ

ငါ၏ ကိုယ်စောင့်နတ်သည်လည်းကောင်း၊ ဤကျောင်းဝင်းထဲရှိ သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ ဤတောင်ပေါ်ရှိ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

မိဆိုင်၊ ဖဆိုင်၊ ဘိုးဆိုင်၊ ဘွားဆိုင်၊ နယ်ဆိုင်၊ ပယ်ဆိုင် နတ်အပေါင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးလေးပါးတို့သည် လည်းကောင်း၊ သာသနာတော်စောင့်နတ်၊ လောကစောင့်နတ်တို့သည် လည်းကောင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

ငရဲသနင်း ယမမင်းသည်လည်းကောင်း၊ နတ်တို့သနင်း သိကြားမင်းသည်လည်းကောင်း၊ (၃၁)ဘုံ ကျင်လည်ကြတဲ့ သတ္တဝါ အပေါင်းတို့သည်လည်းကောင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

တရားထိုင်ခါနီးတိုင်း၊ တရားထိုင်တိုင်း မေတ္တာပို့ပါ။

မေတ္တာပို့ပြီး စတုရာရက္ခကမ္မဋ္ဌာန်းတို့ကို စပွားရသည်။

**ဗုဒ္ဓါ နုဿတိ မေတ္တာစ၊**

**အသုဘာ မရဏာဿတိ။**

(ခုဒ္ဒကာသိက္ခာ)

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို (၃) ရက်၊
မေတ္တာ ကမ္မဋ္ဌာန်းကို (၁) ရက်၊
အသုဘနှင့် မရဏာဿတိ ကမ္မဋ္ဌာန်းကို (၁)ရက် ပွားရသည်။

## တရားထိုင်ပုံ အစီအစဉ်

**၁။ တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်စွာထား၊**
**၂။ မလှုပ်ဏ္ဍန္ဒေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး၊**
**၃။ တဘက်စီးကာ၊ ခေါင်းတည့်ခါ၊ အရဟံကို ဦးစွာပွား၊**

တရားထိုင်သောအခါ မိမိမျက်နှာကို ယောဂီတဘက် စည်း၍ ထိုင်ရမည်။ မျက်လုံးဖွင့်လို့၊ ပိတ်လို့ရအောင် အသာစည်းပါ။ ယောဂီ တဘက်က ပါးလွန်းလျှင် လက်ကိုင်ပဝါ အပါးတစ်ထည်ကို အတွင်းက ခေါက်ထည့်၍ ယောဂီတဘက်ကို စည်းရမည်။

ကမ္မဋ္ဌာန်း ရှုတယ်၊ ပွားတယ်ဆိုတာ ကာယကံ အလုပ်။ ဝစီကံအလုပ် မဟုတ်ဘူး။ မနောကံအလုပ်၊ စိတ်ထဲကပွားရမည့်အလုပ် ဖြစ်သည်။

အရဟံ - အရဟံ - အရဟံ ပါဠိလို ကိုယ်အာရုံပြုနေကျ ဘုရားကိုမှန်းပြီး ပွားပါ။

(သို့မဟုတ်) စိတ်တွေ အပြင်ထွက်တာများလျှင်လည်းကောင်း၊ အရဟံရဲ့ အနက်တစ်ခုခုရခဲ့လျှင်လည်းကောင်း ပါဠိအနက်တွဲပြီး ပွားလို့လည်းရသည်။

**ဝစသာ မနသာ စေဝ၊ ဝန္ဒာမေတေ တထာဂတေ။**

**သယနေ အာသနေဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။**

ဘုရားရှိခိုးပြီး အရဟံဂုဏ်တော်ကို ပွားရမှာက လျောင်းနေတဲ့ အချိန်၊ တရားထိုင်နေတဲ့အချိန်၊ ရပ်နေတဲ့အချိန်၊ သွားနေတဲ့အချိန် ဣရိယာပုတ်လေးပါးလုံး အရဟံဂုဏ်တော်ကို စိတ်ထဲကနေပွားနေပါ။

**ဗုဒ္ဓဂုဏာနုဿတိယာ အဗ္ဘောဝုတ္ထော သရီရမ္ပိ**

**စေတိယဃရမိဝ ပူဇာရဟံ ဟောတိ။**

ဗုဒ္ဓဂုဏာနုဿတိယာ-ဘုရားရှင်၏ဂုဏ်တော်ကို အဖန်တလဲလဲ နှလုံးသွင်းအောက်မေ့ခြင်းသည်၊ အဇ္ဈာဝုတ္ထဿ- အဖန်တလဲလဲ နှလုံးသွင်းအောက်မေ့သော ထိုသူ၏၊ သရီရမ္ပိ- ခန္ဓာကိုယ်သည်လည်း၊ စေတိယဃရမိဝ- စေတီအလား ကျောင်းကန်၊ ဘုရား၊ ကဲ့သို့ (ဝါ) ကျောင်းကန်၊ ဘုရားစေတီများနှင့်အတူ၊ ပူဇာရဟံ- ပူဇော်ခံထိုက်သည်၊ ဟောတိ- ဖြစ်၏။

**ဗုဒ္ဓဂုဏာ၊ ပွားသူမှာ၊ ခန္ဓာ စေတီထိုက်။**

**အရဟံဂုဏ်၊ ပွားများထုံ၊ လုံးစုံဘေးကင်း၊ လာဘ်ပေါခြင်း။**

## ဘုရားဂုဏ်တော် ပွားများသူတို့ ရရှိနိုင်သောအကျိုး

ယခုအခါ ဘုရားဂုဏ်တော်ကို ပွားများအားထုတ်သောသူတို့ ရသင့်ရထိုက်သော အကျိုးအာနိသင်တို့ကို ပြဆိုပေအံ့။

ထိုဆိုအပ်ပြီးသော ဘုရားမြတ်၏ ဆယ်ပါးသော ဂုဏ်၊ ကိုးပါးသော ဂုဏ်တော် အလုံးစုံကိုလည်းကောင်း၊ ထိုဆယ်ပါးသော ဂုဏ်တို့တွင် တစ်ပါးပါးသော ဂုဏ်တော်ကိုလည်းကောင်း နှုတ်တက် ရအောင် ကျက်မှတ်ဆောင်၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာ ပွားများအားထုတ်နေသော ပုဂ္ဂိုလ်သည် အောက်ပါအကျိုးတို့ကိုရ၏။

(က) ဘုရားမြတ်၌ ရိုသေလေးမြတ် တုပ်ဝပ်ကျိုးနွံမှုရှိခြင်း အကျိုး တရားကို ရခြင်းတစ်ပါး၊

(ခ) သဒ္ဓါပြန့်ပြော ပေါ်များသည်၏အဖြစ်ကိုရခြင်း အကျိုးတရားတစ်ပါး၊

(ဂ) သတိပြန့်ပြော ပေါ်များသည်၏အဖြစ်ကိုရခြင်း အကျိုးတရားတစ်ပါး၊

(ဃ) ပညာပြန့်ပြော ပေါ်များသည်၏အဖြစ်ကိုရခြင်း အကျိုးတရားတစ်ပါး၊

(င) ကုသိုလ်ကောင်းမှု ပြန့်ပြောပေါ်များသည်၏ အဖြစ်ကိုရခြင်း အကျိုးတရားတစ်ပါး၊

(စ) ပီတိ-ပါမောဇ္ဇများစွာရခြင်း အကျိုးတရားကို ရခြင်းတစ်ပါး၊

(ဆ) ၎င်းပီတိဖြစ်ခြင်း၏ အကြောင်းအကျိုး အဆက်ဆက်ကရသော အကျိုးတရားကိုရခြင်း ရှစ်ပါး၊

(ဇ) ဘေးငယ်၊ ဘေးကြီးတို့ကို ဖိစီးနှိမ်နင်းနိုင်ခြင်း အကျိုးတရားကို ရခြင်း တစ်ပါး၊

(စ) ဆင်းရဲသည်ကို သည်းခံခြင်းငှာ စွမ်းနိုင်ခြင်းတည်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

(ည) မြတ်စွာဘုရားနှင့် အတူတကွ နေရသည်ဟူသော အမှတ်သညာကို ရခြင်း တစ်ပါး၊

(ဋ) ဘုရားဂုဏ်ကို ယုံကြည်လေးမြတ် အထပ်ထပ်ပွားများ အားထုတ် သောသူ၏ ကိုယ်သည် စေတီအိမ်နှင့်အတူ ပူဇော်ထိုက်ခြင်းဟူသော

အကျိုးတရားကိုရခြင်း တစ်ပါး၊

(ထ) ဘုရားအရာသို့ စိတ်ညွတ်ကိုင်းရှိုင်းခြင်းဟူသော အကျိုးတရားကို ရခြင်း တစ်ပါး၊

(ဍ) လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ကြုံဆုံရောက်က မျက်မှောက် ထင်ရှား ဘုရားရှင်ကိုမြင်ရသကဲ့သို့ ဟိရိ-ဩတ္တပ္ပတရား ထင်ရှား ဖြစ်ပေါ်လာရခြင်း တစ်ပါး၊

(ဎ) ဤပစ္စုပ္ပန်ဘဝ၌ မဂ်ဖိုလ်မရသေးက သုဂတိဘဝလျှင် လဲလျောင်းရာရှိခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

ဤကားဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့၌လာသော အကျိုး (၂၁) ပါးတည်း။

## တစ်နည်း–ဂုဏ်တော်ပွားရကျိုးများ

၁။ သံသရာဝဋ်၌ ငြီးငွေ့ခြင်း၊ ဆန့်ကျင်ခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၂။ သံသရာဝဋ်၌ တပ်ခြင်းကင်းခြင်း အကျိုးတရားကိုရခြင်းတစ်ပါး၊

၃။ မဂ်ဉာဏ်ဖြင့် ရာဂအစရှိသည်တို့၏ ချုပ်ခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၄။ ကိလေသဝဋ်ငြိမ်းခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၅။ သင်္ခတ တရားတို့ကို အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့် လက္ခဏာယာဉ်သုံးပါးသို့ တင်၍ သိလွယ်ခြင်း အကျိုးတရားကို ရခြင်း တစ်ပါး၊

၆။ လေးပါးသော မဂ်ဉာဏ်တို့ကို ထိုးထွင်း၍သိခြင်း အကျိုးတရားကို ရခြင်း တစ်ပါး၊

၇။ အကြောင်းကင်းသော အမတဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

ဤကား ဧကနိပါတ်အင်္ဂုတ္တရပါဠိတော်လာ အကျိုးတရား (၇)

ပါးတည်း။

## တစ်နည်း–ဂုဏ်တော်ပွားရကျိုး(၂)

၁။ ဘာဝနာစိတ်ကို ရွှင်ပျနှစ်သက်စေခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၂။ ဝိပဿနာ လွယ်ကူစွာဖြစ်ခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

ဤကား ဧကင်္ဂုတ္တရ အဋ္ဌကထာ-ဋီကာတို့၌ လာသော အကျိုးတရား(၂) ပါးတည်း။

## တစ်နည်း–ဂုဏ်တော်ပွားရကျိုး (၁၃)

၁။ ကမ္ဘာပေါင်း သုံးသောင်းကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၂။ အကြိမ်ပေါင်းရှစ်ဆယ် သိကြားမင်း ဖြစ်ရခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၃။ အကြိမ်ပေါင်းတစ်ထောင် စကြာမင်းဖြစ်ရခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၄။ ဂဏန်းသင်္ချာအားဖြင့် မရေမတွက်နိုင်အောင် ပဒေသရာဇ်မင်းဖြစ်ရခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၅။ များစွာသော စည်းစိမ်ချမ်းသာကိုရခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၆။ ရပြီးသော စည်းစိမ်ချမ်းသာ ဆုတ်ယုတ်ပျက်ပြားသွားသောမည်သည် မရှိခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၇။ အဆုံးဘဝ၌ များလှသော ကျေးကျွန်အမှုလုပ်တို့နှင့်တကွ ကုဋေရှစ်ဆယ် ကြွယ်ဝသော ဥစ္စာ၊ ရတနာကို ငဲ့ကွက် ညှာတာ တွယ်တာခြင်းမရှိ စွန့်ပစ်၍ ဘုရားသာသနာ၌ ရဟန်းပြုနိုင်ခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၈။ သုဘူတိ ဟူသောအမည်ဖြင့် ဘုရားတပည့်သားဖြစ်ရခြင်း

အကျိုးတရားကိုရခြင်း တစ်ပါး၊

၉။ လိုအပ်သောဆု အလိုအတိုင်း ပြည့်စုံစွာ ရရှိခြင်းဟူသော အကျိုးတရားကိုရခြင်း တစ်ပါး၊

၁၀။ ကမ္ဘာပေါင်းတစ်သိန်း အပါယ်လေးပါး မလားရခြင်း အကျိုးတရားကိုရခြင်း တစ်ပါး၊

၁၁။ ပဋိသမ္ဘိဒါ လေးပါးကိုရခြင်း တစ်ပါး၊

၁၂။ ဝိမောက္ခရှစ်ပါးကိုရခြင်း တစ်ပါး၊

၁၃။ အဘိညာဉ် ခြောက်ပါးကိုရခြင်း တစ်ပါး၊

ဤကား အပါဒါန်ပါဠိတော်လာ အကျိုးတရား(၁၃) ပါးတည်း။ ပေါင်း(၄၃) ပါးအကျိုးတရား ဖြစ်သတည်း။

မှတ်ချက်- မြေဇင်းတောရဆရာတော် မှတ်သားထားသည့် ဂုဏတ္ထဒီပကကျမ်းမှ။

## တရားထိုင်ပြီးနိဗ္ဗာန်ဆုတောင်း၍ အမျှဝေပုံ

ငါ၏ကိုယ် စောင့်နတ်အားလည်းကောင်း၊ ဤကျောင်းဝင်းထဲရှိ သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ရန်ကင်းတောင်ပေါ် ရှိ သတ္တဝါအပေါင်းတို့အားလည်းကောင်း တရားထိုင်ရတဲ့ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါတယ်၊ အမျှပေးဝေပါတယ်၊ အမျှပေးဝေပါတယ်၊

မိဆိုင်ဖဆိုင် ဘိုးဆိုင်ဘွားဆိုင် နယ်ဆိုင်ပယ်ဆိုင် နတ်အပေါင်းတို့အားလည်းကောင်း၊ နတ်မင်းကြီးလေးပါးတို့အားလည်းကောင်း၊ သာသနာတော်စောင့်နတ်၊ လောကစောင့်နတ် အပေါင်းတို့အားလည်းကောင်း တရားထိုင်ရတဲ့ ကုသိုလ်အဖို့ဘာဂကို အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်။

ငရဲသနင်း ယမမင်းအားလည်းကောင်း၊ နတ်တို့သနင်း သိကြားမင်းအားလည်းကောင်း၊ (၃၁) ဘုံကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့ အားလည်းကောင်း တရားထိုင်ရတဲ့ကုသိုလ်

အဖို့ဘာဂကို အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်။

တရားထိုင်ပြီးတိုင်း ဤသို့ အမျှပေးဝေပါ။

မှတ်ချက်။ ။"ဤကျောင်းဝင်းထဲရှိ သတ္တဝါတို့သည်လည်းကောင်း၊ ရန်ကင်းတောင်ပေါ်ရှိ သတ္တဝါအပေါင်းတို့အားလည်းကောင်း" ဆိုတာ ဤရိပ်သာထဲသာ မေတ္တာပို့ရ၊ အမျှဝေရ၏၊ ကိုယ့်ကျောင်း၊ ကိုယ့်အိမ် ရောက်တဲ့အခါ မိမိနေတဲ့ကျောင်း၊ မိမိနေတဲ့အိမ်မှာရှိကြတဲ့ သတ္တဝါတွေကို မေတ္တာပို့ရ၊ အမျှဝေရ၏။ တောထဲမှာနေတဲ့အခါ တောထဲက သတ္တဝါ တွေကို ဦးစားပေး မေတ္တာပို့ရ၊ အမျှပေးဝေရ၏။ နေရာဒေသ အလိုက် မေတ္တာပို့ရ၊ အမျှပေးဝေရ၏။ ဉာဏ်လွှာပြီး အသုံးပြုပါ။

## မေတ္တာ

မေတ္တာဆိုတာ အဓိကအားဖြင့် ဒေါသအာဃာတကို နေရာမပေးဘဲ တိုက်ဖျက်ရတာဖြစ်လို့ ဒေါသရဲ့အပြစ်ကို မကြာမကြာ ဆင်ခြင်ပေးရ၏။

**မေတ္တာဆိုတာ ရေလိုအေးမြတာ၊**
**ဒေါသဆိုတာ မီးလိုပူလောင်တာ၊**

ဒေါသဆိုတာ ခန္ဓာကိုယ်ရဲ့ အတွင်းသူပုန်ပဲ၊ မိမိတို့မြို့ရွာ အတွင်း သူပုန်ဝင်လာလျှင် အိမ်ကိုလည်း မီးရှို့၏။ အိမ်ရှင်ကိုလည်း ရိုက်နှိပ်စက်၏၊ ပစ္စည်းဥစ္စာကိုလည်း လုယူသွား၏။

ဒီလိုပါပဲ စိတ်အတွင်း (ခန္ဓာကိုယ်တွင်း)မှာ ဒေါသ သူပုန် ဝင်လာလျှင် နှလုံးနှင့်တကွ ခန္ဓာအိမ်ကိုလည်း မီးရှို့၏။ စိတ်ဆိုတဲ့ အိမ်ရှင်ကိုလည်း မီးရှို့၏။ သူတော်ကောင်း ဥစ္စာ ၇-ပါးကိုလည်း လုယူသွား၏။ ဒေါသရဲ့အပြစ်ကို စဉ်းစားဆင်ခြင်မိမှ မကောင်း

ပါလားလို့ သိရ၏၊ မကောင်းတဲ့ ဒေါသနေရာမှာ ကောင်းတဲ့ မေတ္တာကို အစားသွင်းမှ ဖြစ်လိမ့်မယ်လို့ သိ၏။

**မာတာယထာ နိယံပုတ္တာ၊ မာယုသာ ဧကပုတ္တာ မနုရက္ခေ။**

**ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။**

မိခင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် မိမိရင်၌ဖြစ်သော တစ်ယောက်တည်းသော သားကို အသက်ထက်ဆုံး အဖန်တလဲလဲ စောင့်ရှောက်သလို ခပ်သိမ်းသော သတ္တဝါတွေကိုလည်း ကိုယ့်ရဲ့သားလို သဘောထားပြီး ဘေးရန်ကင်းစေလိုတဲ့စိတ်၊ ချမ်းသာစေလိုတဲ့စိတ်နဲ့ အတိုင်းမသိသော မေတ္တာစိတ်ကို ပို့လွှတ်ရမည်၊ စိတ်ထဲက ပွားရမည်။

လူတစ်ယောက်ကတော့ နံနက်ခင်းမှာလည်း အိုးတစ်ရာ၊ နေ့လယ်ခင်းမှာလည်း အိုးတစ်ရာ၊ ညနေခင်းမှာလည်း အိုးတစ်ရာ ချက်ပြုတ်ပြီး လူများကို ကျွေးမွေး၏။

လူတစ်ယောက်ကတော့ နံနက်ခင်းမှာလည်း နို့တစ်ညှစ်စာ နေ့လယ်ခင်းမှာလည်း နို့တစ်ညှစ်စာ ညနေခင်းမှာလည်း နို့တစ်ညှစ်စာ စိတ်ထဲကနေ မေတ္တာပွား၏။ အဲဒီ လူနှစ်ယောက်တွင် ဘယ်သူသာတုံး ဆိုတော့ မေတ္တာပွားတဲ့ ပုဂ္ဂိုလ်က သာ၏။
ဒါ့ကြောင့် မြတ်စွာဘုရားက -

**တစ်နေ့သုံးခါ အိုးတစ်ရာဖြင့်၊**
**ချက်ကာထမင်း ကျွေးမွေးခြင်းထက်၊**
**မယွင်းစင်စစ် နို့တစ်ညှစ်စာ၊**
**ကြိမ်သုံးခါမျှ မေတ္တာပွားများ၊**
**ကျိုးကြီးမားသည် ဘုရားမြတ်စွာ မိန့်ခွန်းတည်း။**

# မြေဇင်းတောရဆရာတော်ဘုရားကြီး၏မေတ္တာပွားပို့ပုံ

ဘုန်းကြီးတို့ကျေးဇူးရှင် ကျောက်ဂူတောရ ဆရာတော်ကြီး တောင်တွင်းကြီး စခန်းမအလယ်ရွာဇာတိ၊ မန်လည်ဆရာတော်ဘုရားကြီး တပည့်ပေါ့၊ အဲဒီ ဆရာတော်ကြီးကတော့ အဟံ - အဝေရာ - ဟောမိ ဦးပဥ္စင်းတို့ ရတဲ့အတိုင်း ပါဠိလို ရွတ်ပို့တာပါပဲ။

ဒါပေမဲ့ ဆရာတော်ကြီး မေတ္တာတစ်ခါပွားရင် အကြာကြီး၊ အ - ဝေ - ရာ - ဟောန္တု - ဆိုပြီး အသံတိုးတိုးနှင့် အရှည်ကြီး စွဲပြီး ရွတ်ပို့တယ်။ အာရုံညွှတ်ပို့တာပေါ့လေ။

အင်ချောင်ဆရာတော်ကတော့ မိမိရှေ့မှာ စကောလောက် ဗန်းလောက် ကသိုဏ်းဝန်း ရည်မှန်းထားပြီး ရှိသမျှ သတ္တဝါတွေအားလုံးကို အဲဒီ ကသိုဏ်းဝန်းထဲမှာ စုထည့်ပြီး အာရုံညွှတ်ပို့၏။

ဘယ်လိုပဲပို့ပို့ မေတ္တာဘာဝနာရဲ့ ထုံးစံအတိုင်း ပထမဆုံး ကိုယ်ချင်းစာ သက်သေထားတဲ့အနေနဲ့ မိမိကိုယ်က စ ပို့ရ၏။ ပြီးမှ သူတစ်ပါးပို့ရ၏။

ဥပမာ။ ။ငါသည် ဘေးရန်ကင်းရပါလို၏၊ ချမ်းသာရပါလို၏၊ ငါဘေးရန်ကင်းကွာချမ်းသာသကဲ့သို့ အသက်နှင့်ခန္ဓာကိုယ် ထင်ရှားရှိကြကုန်သော သတ္တဝါအားလုံးတို့သည် ဘေးရန်ကင်းကြပါစေ၊ ချမ်းသာကြပါစေ။

ဩဒိဿလည်းပို့၊ အနောဒိဿလည်းပို့၊ အရပ်(၁၀) မျက်နှာလည်းပို့၊ အထူးသဖြင့် ဘုန်းကြီးပို့ပုံ ပြောရရင် ဘုန်းကြီးက သောကြာသားဆိုတော့ မြောက်အရပ်ကစပြီးပို့တယ်၊ လက်ျာရစ်ပေါ့၊ ရှင်းအောင်ပြောရရင် အရှေ့အရပ်ကစပြီး ပို့မယ်ဆိုပါတော့။

အရှေ့အရပ်၌ ရှိကြကုန်သော ကုန်းနေ၊ ရေနေ၊ ကောင်းကင်နေ အသက်နှင့်ခန္ဓာကိုယ် ထင်ရှားရှိကြကုန်သော သတ္တဝါတွေအားလုံး ဘေးရန်ကင်းကြပါစေ . . .

**တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ၊**
**ဧတံသတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု။**

ဗြဟ္မဝိဟာရတရား လေးပါးတွင် မေတ္တာလည်းပါဝင်သည်။ ဒါကြောင့် မေတ္တာဆိုတဲ့ ဗြဟ္မဝိဟာရတရားကို ရပ်နေတဲ့အချိန်၊ သွားနေတဲ့အချိန်၊ တရားထိုင်နေတဲ့အချိန်၊ လျောင်းနေတဲ့အချိန် ဣရိယာပုတ် လေးပါးလုံး မေတ္တာပွားရမည်။

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနု-ဋ္ဌိတာယ ပရိစိတာယ သုသမာ ရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။

*

**ကတမေ ဧကာဒသ**

၁။ သုခံ သုပတိ၊
၂။ သုခံ ပဋိဗုဇ္ဈတိ၊
၃။ န ပါပကံ သုပိနံ ပဿတိ၊
၄။ မနုဿာနံ ပိယော ဟောတိ၊
၅။ အမနုဿာနံ ပိယော ဟောတိ၊
၆။ ဒေဝတာ ရက္ခန္တိ၊
၇။ နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ၊
၈။ တုဝဋ္ဋံ စိတ္တံ သမာဓိယတိ၊
၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊
၁၀။ အသမ္မူဠ္ဟော ကာလံ ကရောတိ၊
၁၁။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

(အံ - ၃၊ စာ - ၅၄၂)

ရဟန်းတို့၊ ဆန့်ကျင်ဘက်မှ လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ်သည်ရှိသော်၊ ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်၊ ယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်၊ တည်ရာရှေ့ရှု တည်စေအပ်သည်ရှိသော်၊ လေ့လာအပ်သည်ရှိသော်၊ ကောင်းစွာအားထုတ် အပ်သည်ရှိသော် အကျိုး ၁၁မျိုးကို "မချွတ်ရလိမ့်မည်" ဟု မျှော်လင့်နိုင်ကုန်၏။

**အဘာယ် ၁၁ မျိုးတို့ နည်းဟူမူ -**

**၁။ ချမ်းသာစွာ အိပ်ရ၏။**

**၂။ ချမ်းသာစွာ နိုးရ၏။**

**၃။ အိပ်မက်ဆိုးကို မမြင်မက်။**

**၄။ လူတို့ ချစ်မြတ်နိုးခြင်းကို ခံရ၏။**

**၅။ သားရဲ၊ ဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏။**

**၆။ နတ်တို့ စောင့်ရှောက်ကုန်၏။**

**၇။ ထိုမေတ္တာပွားသူအားမီး၊အဆိပ်၊လက်နက်တို့မစွဲမကျ၊မဖျက်ဆီးနိုင်။**

**၈။ လျင်မြန်စွာ စိတ်တည်ကြည်ရာ၏။**

**၉။ မျက်နှာအဆင်း အထူးကြည်လင်၏။**

**၁၀။ မတွေမဝေ သေရ၏။**

**၁၁။ အလွန်မြတ်သော "အရဟတ္တဖိုလ်" တရားကို ထိုးထွင်း၍မသိနိုင်သော် ပြဟ္မာ့ပြည်လားရ၏။**

(အံ - မြန် ၃ - စာ - ၅၂၉)

အိပ်သော် ချမ်းသာ၊ နိုးခါ သုခ၊ မြတ်လှ အိမ်မက်၊ နှစ်သက် လူတို့၊
နတ်တို့ ချစ်ခင်၊ နတ်ပင် စောင့်နေ၊ မီး ရေ မဖျက်၊
ငြိမ်သက် တည်ကြည်၊ ရွှင်ကြည် မျက်နှာ၊ သေခါ မမှိုင်၊
ပြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို၊ မှတ်သားစေလို၊ ကျမ်းဂန်ဆိုသည်၊
ဖိုလ်လူအများ၊ မေတ္တာပွား။

# မရဏဿတိ ဘာဝနာ

**သမ္ဗေသတ္တာ မရဏာဓမ္မာ မရဏာဓမ္မံ အနတီတာ မရဏာပရိ ယောသာနာ။**

သတ္တဝါမှန်သမျှ သေရခြင်းသဘောရှိ၏၊ သေခြင်းသဘော တရားကို မလွန်ဆန်နိုင်၊ သေရခြင်းလျှင် အဆုံးအပိုင်းအခြားရှိ၏၊ သေခြင်းတရားကို မပြတ်ပွားများအပ်၏ဟု မြတ်စွာဘုရား မိန့်ခဲ့၏။

သေခြင်းဆိုတဲ့ သူ့လက်တွင်းမှ
ဘယ်သူရှောင်ကွင်း လွတ်နိုင်မှာ။
ဖွတ်တရွတ်သာ ခေါ်ဆောင်ဆွဲတော့
မပြောဘဲနဲ့ လိုက်ရရှာ။
ပစ္စည်းဥစ္စာ လယ်ယာနွားတို့
ဘယ်ဟာကမျှ သူမပါ။
ဆိုင်ခန်း၊ တိုက်တာ၊ ဆိုင်ကယ်၊ ကားတို့
ဘယ်ဟာကမျှ သူမပါ။
ကုသိုလ်၊ အကုသိုလ် စေ့စေ့ရှုတော့
မိမိပြုရာ ပါလိမ့်မှာ။
အဲဒါကြောင့် သတိတရား လက်ကိုင်ထား
မမှား တရား ကျင့်ရမှာ။

မှတ်ကာစွဲယူ၊ များမိုလ်လူတို့၊ နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်၊ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း၊ သုံးစွဲဖို့ရာ၊ မြတ်ဥစ္စာကို၊ ကံကြမ္မာပေး၊ ရပြန်သေးလည်း၊ ပျက်ရေးတစ်ဖန်၊ ကြုံခဲ့ပြန်၏၊ ချစ်လျှံဝေဝေ၊ ချစ်သူတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ ခွဲရမည်မှာ၊ မလွဲသာတည်း၊ ရှည်ကြာအသက်၊ တည်ရှိလျက်နှင့်၊ ပုခက်နှင့်ပေ၊ ဝေးခဲ့လေ၍၊ နီးလေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်၊ အကြောင်းမလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ရန်တွေပြန်သို့၊ အမှန်ချစ်သူ၊ မကပ်မူဘဲ၊ လျစ်လျူရှုထုံး၊ တကယ်မုန်း၏၊ နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ထား၍၊

သွားရအပြီး၊ လူမနီးသည်၊ တောကြီးမြိုင်ရန်၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြုပ်နံ့ဘိခြင်း၊ ချောက်ပေတွင်းဝယ်၊ ဝပ်စင်းအိပ်ခါ၊ မလွဲသာဘဲ၊ နေရနည်းကို၊ စွဲမြဲမှတ်ခါ၊ ဆင်ခြင်ပါလော၊ သင်္ခါရချုံ၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇဉ်တို့၊ လောကစံလွတ်ကြောင်း၊ ဆုပန်တောင်းလည်း၊ လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာ ရောက်မှ အေးမည်တည်း။

(မဟာဝိသုဒ္ဓါရုံဆရာတော်)

## သေခြင်းတရားပွားများပုံ

ခပ်သိမ်းသော သတ္တဝါတို့သည် တဖွဲဖွဲ သေနေကြသလို ငါလည်းပဲ သေရဦးမှာပါတကား . . .

ငါ့အား ပဋိသန္ဓေနေရခြင်းသည် သေရခြင်းလျှင် အဆုံး ရှိပါတကား။

သေရချည်သေး ... သေရချည်သေး ...

## မရဏာဿတိပွားသဖြင့် ရသောအကျိုး

၁။ အနေသန ပဟာယ-မရဏာဿတိပွား၍ သေဘေးမြင်နေသော ပုဂ္ဂိုလ်အား မတရားသောပစ္စည်း ရှာမှီးခြင်းကို မရှာတော့ဘဲ ပယ်ဖျက် လိုက်နိုင်ပါသည်။

၂။ ဥပရူပရိဝမ္မမာန သံဝေဂ္ဂေါ-မရဏာဿတိကို အဖန်ဖန်ပွားလျှင် သေဘေးမြင်လာမယ်၊ သေဘေးမြင်လာလျှင် ထိတ်လန့်တဲ့စိတ်တွေ တစ်ခုပြီးတစ်ခု အဆင့်ဆင့်ပေါ်ထွက်လာသဖြင့် မသေတရားကို ရှာလိုတဲ့စိတ်တွေ ပေါ်နိုင်ပါသည်။

၃။ အနောလီန ဝုတ္တိကော-မသေတရားကို ရှာရာ၌ နောက်မဆုတ် မတွန့်သော စိတ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

(ဤကား အာနာပါန အခန်းကပြသော အကျိုးသုံးပါးတည်း။)

## မရဏာနုဿတိ အစန်းကပြသောအကျိုး

ဤမရဏာနုဿတိကို အဖန်ဖန် အားထုတ်သော သူအား-

၁။ သတတံ အပ္ပမတ္တော ဟောတိ-ထိတ်လန့်ခြင်း သံဝေဂများစွာဖြစ်၊ အမြဲမပြတ် မမေ့မလျော့သော သတိတရား ဖြစ်ပေါ် ၍နေတော့၏။

၂။ သဗ္ဗဘဝေသု အနဘိရတိသည် ပဋိလဘတိ - အလုံးစုံသော ဘဝသုံးပါး ဂတိများ၌ မမွေ့လျော်ခြင်း အမှတ်သညာကိုရ၏။

၃။ ဇီဝိတနိကန္တိ ဇဟတိ-သေခြင်းကို မြင်နေသော ယောဂီပုဂ္ဂိုလ်အား အသက်၌ ကပ်ငြိခြင်း၊ တွယ်တာခြင်း နိကန္တိတဏှာကို ပယ်စွန့်နိုင်၏။

၄။ ပါပဂရဟီ ဟောတိ - မမြဲခြင်း အနိစ္စသညာကို ရသဖြင့် မကောင်းမှုကို ကဲ့ရဲ့စက်ဆုပ်၏။

၅။ အသန္နိဓိဗဟုလော - ထိုအနိစ္စသညာကို မြင်သဖြင့်သာလျှင် သိုမှီးသိမ်းဆည်းခြင်း မများတော့ပါ။

၆။ ပရိက္ခာရေသု ဝိဂတမလမစ္ဆေရော - အသုံးအဆောင်ပစ္စည်း ပရိက္ခရာတို့၌ ဝန်တိုခြင်းကင်း၏။

၇။ အနိစ္စသညာ စဿ ပရိစယံ ဂစ္ဆတိ - သေခြင်းကို အဖန်ဖန် ပွားသော ယောဂီပုဂ္ဂိုလ်အား အနိစ္စသညာသည် လေ့လာခြင်းသို့ ရောက်၏။

၈။ တဒနုသာရေနေဝ ဒုက္ခသညာ အနတ္တသညာစ ဥပဋ္ဌာတိ - ထိုအနိစ္စသညာကို လေ့လာခြင်း၊ အောက်မေ့ခြင်းကြောင့် ဒုက္ခသညာ၊ အနတ္တသညာသည် ထင်လာ၏။

၉။ အဘယော အသံမူဠှော ကာလံ ကရောတိ - မရဏာနုဿတိကို ပွားသောပုဂ္ဂိုလ်အား အဆောတလျင် သားရဲ၊ ဘီလူး၊ ရက္ခိုက်၊ မြွေ၊ သူသတ်၊ ခိုးသူတို့ နှိပ်စက်သကဲ့သို့ သေခါနီးကာလ၌ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တွေဝေခြင်းမရှိဘဲ သေရ၏။

ဤကဲ့သို့သော အကျိုးများကို အလိုရှိသော ပုဂ္ဂိုလ်သည်

တန်ခိုးအာနုဘော်ကြီးလှသော ဤမရဏာဿတိကို အခါခပ်သိမ်း ပွားများပေးပါ။

## မရဏာဿတိ ပွားရကျိုး

| | | | |
|---|---|---|---|
| ၁။ | ပစ္စည်းရှာများ | မတရား | ပယ်ခြားပစ်လိုက်ပါ။ |
| ၂။ | သံဝေဂများ | ဆင့်ဆင့်ပွား | တိုးခြားတရားပါ။ |
| ၃။ | မသေတရား | တကယ်ပွား | တွန့်ခြားမရှိပါ။ |
| ၄။ | မပြတ်အစဉ် | မမေ့ရင် | နေ့စဉ်သတိရှိ၊ |
| ၅။ | ဘဝသုံးခွင် | ဂတိတွင် | ပျော်ရွှင်လမ်းမသိ၊ |
| ၆။ | သေခြင်းကိုမြင် | တဏှာစင် | အသက်တွင်မကပ်ငြိ၊ |
| ၇။ | မကောင်းမှုမှ | စက်ဆုပ်ရ | မုချကဲ့ရဲ့ပြီ။ |
| ၈။ | သေမင်းကိုမြင် | သိုမှီးစင် | လိုချင်မရှိပြီ။ |
| ၉။ | ပစ္စည်းဟူက | ဝန်တိုရ | ကင်းကြဖို့ဖြစ်ပြီ။ |
| ၁၀။ | သေမင်းကိုမြင် | မမြဲထင် | နေ့စဉ်လေ့လာသည်။ |
| ၁၁။ | နေ့စဉ်လေ့လာ | အနိစ္စာ | ဒုက္ခာနတ္တထင်လာသည်၊ |
| ၁၂။ | ကြောက်ခြင်း | တွေ့ဝေခြင်း | အကုန်ကင်း၊ သေခြင်း လှပေပြီ၊ |
| ၁၃။ | သေခြင်းလှက | နိဗ္ဗာန်ရ | သွားကြနတ်ရွာပြည်၊ |

"မရဏာအကျိုး လွန်ဖွံ့ဖြိုး ပွားမျိုးနေ့စဉ်သာ၊
မရဏာဿတိ တန်ခိုးရှိ ပွားဘိနေ့ညသာ။"

မရဏာဿတိ ပွား၍ရသော အကျိုးတစ်ဆယ့်သုံးပါး
အကျဉ်းဆောင်ပုဒ်ပြီး၏။

မရဏာဿတိကို ပြင်းထန်စွာပွား၍ သံဝေဂရပြီး မဂ်ဖိုလ် ရသောပုဂ္ဂိုလ်ကို အတုယူရန် အကျဉ်းချုပ် ထုတ်ပြပါဦးမယ်။

## မဟာခေနဝါဏိဇဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပါတယ်။ ဗာရာဏသီပြည်မှာ မဟာခေနမည်သော ကုန်သည်ကြီးသည် လှည်းပေါင်းငါးရာနှင့် သာဝတ္ထိပြည်သို့ ကုန်ရောင်းထွက်လာတယ်။ ကုန်ပစ္စည်းများရောင်းချ၍ မကုန်သဖြင့် ဆောင်း၊ နွေ၊ မိုး နေပြီး ကုန်ရောင်းခြင်းအကြောင်းကို လျှောက်ထားတော့-

"ချစ်သား အာနန္ဒာ . . . သင်သည် ကုန်သည်ကြီးကို မမြင်ဘူးလား၊ အဲဒီ ကုန်သည်ကြီးဟာ မိမိအသက်အန္တရာယ်ကို မသိဘဲ တစ်နှစ်ပတ်လုံး ဤမြို့မှာနေ၍ ကုန်ရောင်းအံ့ဟု ကြံစည်၍နေ၏။ ယနေ့က နောက်ခုနစ်ရက်မြောက်လျှင် သေမင်းနောက်ကောက်ကောက် ပါအောင် လိုက်ရတော့မည်။" လို့ ဘုရားရှင်က မိန့်တော်မူ၏။

**အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ကော ဇညာ မရဏံ သုဝေ။**

**န ဟိနော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။**

အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ကိစ္စံ၊ ပြုဖွယ်သော ကိစ္စဟူသမျှကို။ အာတပ္ပံ၊ ပြုရာ၏။ ကော၊ အဘယ်မည်သော သူသည်။ သုဝေ၊ နက်ဖန်သန်ဘက် တစ်ရက်ရက်၌။ မရဏံ၊ သေခြင်းကို။ ဇညာ၊ သိနိုင်ပါအံ့နည်း။ မဟာသေ နေန၊ များသောစစ်သည် ရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ အချိန်းအချက်သည်။ နဟိအတ္ထိ၊ မရှိသည်သာတည်း။

**၁။ ပြုဖွယ်ကိစ္စ၊ အဝဝ၊ ပြုမှုတော်ကြမည်၊**
**၂။ သေမင်းနှင့်သာ၊ ချိန်းချက်ကာ၊ ထားတာမရှိပြီ၊**

အဲဒီလို မြတ်စွာဘုရားဟောတော့ ရှင်အာနန္ဒာ သနားကရုဏာ ဖြစ်ပြီး "ကုန်သည်ကြီး အကျိုးမဲ့သေမည်ကို သနားပါတယ်၊ တပည့်တော် သွားပြောပါဦးမယ်" လို့လျှောက်ထားပြီး၊ ကုန်သည်ကြီးရှိရာ လမ်းခရီးကို

ဆွမ်းခံကြွခဲ့၏။

ကုန်သည်ကြီးက ဆွမ်းလောင်းတဲ့အခါ "ဒါယကာကြီး ဤမြို့မှာ ဘယ်လောက်ကြာအောင် နေဦးမှာလဲ" လို့မေး၏။

ကုန်သည်ကြီးက "တပည့်တော် တစ်နှစ်ကြာဦးမှာပါ ဘုရား" လို့လျှောက်ထား၏။ ဒီတော့ အရှင်အာနန္ဒာက "ကုန်သည်ကြီး၊ အသက်အန္တရာယ်ကား သိနိုင်ခဲ၏၊ မမေ့မလျော့ နေဖို့ရန်သင့်၏" လို့ မိန့်တော်မူပါသည်။

"အရှင်အာနန္ဒာဘုရား - တပည့်တော် အသက်အန္တရာယ်များ ရှိပါသလားဘုရား" လို့ ကုန်သည်ကြီးက မေးလျှောက်တော့-

"ဒါယကာကြီး၊ သင့်အသက်ဟာ ယနေ့က နောက်ခုနစ် ရက်မြောက်လျှင် သေလိမ့်မယ်" လို့ မိန့်လိုက်၏။

အဲဒီအခါ ကုန်သည်ကြီးက ထိတ်လန့်ကြောက်ရွံ့ပြီး "ငါ သေရတော့မယ်၊ ငါ သေရတော့မယ်" လို့ မရဏဿတိ ကမ္မဋ္ဌာန်းကို အကြိမ်ကြိမ် အဖန်ဖန် ပွားများတော့ ထိတ်လန့်ကြောက်ရွံ့ခြင်း သံဝေဂဉာဏ် အဆင့်ဆင့် တိုးပြီးလာခဲ့သည်။

အဲဒီလို သံဝေဂဉာဏ် ဖြစ်ပေါ်လာပြီးမှ ဘုရားအမှူးရှိသော သံဃာတော်များအား ကြီးကျယ်သော အလှူကြီးများ ခုနစ်ရက် ပေးလှူပြီး အနုမောဒနာ တရားကိုလည်း အမြဲနာ၍ ပွားများနေတယ်၊ ထိုအချိန်မှာ သားကိုလည်း မခင်တွယ်၊ ပစ္စည်းကိုလည်း မခင်တွယ်၊ ဉာတိသင်္ဂဟ အပေါင်းအဖော်ကိုလည်း မခင်တွယ်နိုင်တော့ဘဲ မိမိ သေရမည့်အရေးကိုသာ တွေးတောလျက် တရားနာ၊ တရားအားထုတ်မှု ကိုသာ ကြောင့်ကြစိုက်ပြီး မရဏဿတိ ပွားများအားထုတ်နေ၏။

ထိုအခါ ရှင်တော်မြတ်ဘုရားက "ဒါယကာ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသူကား ဤအရပ်၌ တစ်လ နေဦးမယ်၊ နှစ်လ နေဦးမယ်၊ နွေဥတု နေဦးမယ်၊ ဆောင်းဥတု နေဦးမယ်၊ မိုးဥတု နေဦးမယ်၊ တစ်နှစ်နေဦးမယ် စသည်ဖြင့်မကြံစည်ကောင်းပါ၊ မကြံစည်

၂၈၄၀၉

သင့်ပါ၊ လယ်ထွန်ဦးမယ်၊ ကုန်ရောင်းဦးမယ်၊ စီးပွားရှာဦးမယ်၊ ပညာသင်ဦးမယ်၊ အိမ်က ကလေးတွေက မကြီးသေးဘူး၊ အိမ်မှာ ငါမရှိမဖြစ်ဘူး၊ ဆိုင်မှာ ငါမရှိမဖြစ်ဘူး၊ ထိုထိုအမှုကို ပြုဦးမယ် စသည်ဖြင့် မကြံစည်သင့်ပါ၊ မကြံစည်ကောင်းပါ၊ မိမိအသက်အန္တရာယ် အချိန်မရွေး သေဘေးဆိုက်ရောက်လာနိုင်သည်ကိုသာလျှင် ကြံစည်အားထုတ် မဆုတ်မနစ် ပြုလုပ်သင့်ပေ၏။

**၁။ ယနေ့နက်ဖြန် ပြုလုပ်ရန် အမှန်မကြံသင့်ပြီ၊**
**၂။ ယနေ့နက်ဖြန် သေမင်းထံ ကိုယ်တွင်လွှတ်ရုံးမည်၊**
**၃။ သေမင်းကိုမြင် မဆင်ခြင် ကိုယ်တွင်လွှတ်ရုံးမည်၊**
**၄။ မဟာစေန ဝါဏိဇ ပုံပြသက်သေမို၊**

အဲဒီလိုဟောလိုက်တော့ ကုန်သည်ကြီး သောတာပန်တည်သွားတယ်။ မြတ်စွာဘုရားကို လိုက်ပို့ပြီး ပြန်အလာ ခေါင်းခဲတယ်ဆိုပြီး ညအိပ်တယ်။ အိပ်ရင်းပင် မထတော့ဘဲ တစ်ခါတည်းသေပြီး တုသိတာနတ်ပြည် မဟာဓနဝါဏိဇ နတ်သားဖြစ်၍ နတ်စည်းစိမ် နတ်ချမ်းသာ အစစ်အမှန်ကို ခံစားလျက် ချမ်းသာစွာ နေသွားရ၏။

ဤဝတ္ထု သွားလိုရင်းထုတ် အဆီကိုနုတ်လိုက်လျှင် ကုန်သည်ကြီး ခုနစ်ရက်မြောက် သေမှာကိုသိတော့ သားသမီးနှင့် ရတနာ၊ ကျောက်သံပတ္တမြားစတဲ့ သက်မဲ့ဥစ္စာ၊ ဆင်၊ မြင်း၊ နွား၊ ကျွဲ စသောသက်ရှိ ဥစ္စာတို့၌ တွယ်တာခင်မင်ခြင်း မရှိတော့ဘဲ "ငါသေရလိမ့်မယ်၊ ငါသေရလိမ့်မယ်" ဟု အဖန်ဖန်ပွားလျက် မနားမနေ ကြိုးစားလျက် ဒါနများ ပြုလုပ်ပုံ၊ တရားနာ၍ တရားရပုံ၊ မတွေမဝေသေရပုံ၊ နတ်ပြည်၌ နတ်စည်းစိမ်တွေခံစား၍ နိဗ္ဗာန်သို့ ဝင်သွားရပုံတို့ကို သက်သေထားပြီး "ငါတို့လည်း သေရချည်သေး၊ ငါတို့လည်း သေရလိမ့်ဦးမယ်၊ ငါတို့လည်း သေရလိမ့်ဦးမယ်" လို့ အဖန်ဖန်ပွားများရင်း တရားထူး တရားမြတ် ရရှိနိုင်ကြပါစေသတည်း။

**(ဆရာတော်ဦးကောဝိဒ ဓမ္မဂုဏ်ရည်ကျမ်း မရဏာဿတိ အခန်းမှ)**

# အာနာပါန တရား

သဗ္ဗညု ရှင်တော်ဘုရား ရှေ့လက်ထက်တော်က သာသနာ့ဝန်ထမ်း ရဟန်းတော်များ အများဆုံး အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်ကြပုံကို ပြခြင်း။

နိကာယ်ငါးရပ်တွင် မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာ သပါဠိတော်၌ အာနာပါနသတိသုတ်တော်ကို ဟောတော်မူရန် အခွင့်ဆုံကာ ကြုံကြိုက်လာပုံကား သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ ဝါဆို ဝါကပ်တော်မူ၏။

ထိုဝါသည်ကား အခြားအခြားသောဝါတို့ထက် သာဝတ္ထိပြည်တွင် ဝါကပ်တော်မူကြသော အလွန်ထင်ရှားကျော်ကြား တန်ခိုးက္ကဒ္ဓိပါဒ် ကြီးမားတော်မူကြသော အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်၊ အရှင် မဟာကဿပ၊ အရှင်မဟာကစ္စည်း၊ အရှင်ကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ စသော သာဝက တပည့်ကြီးတွေ စုံစုံလင်လင် ပေါင်း ဆုံ၍ အခြားကျော်ကြား ထင်ရှားသော သံဃာတော်အရှင်မြတ်များ အများဆုံး ဝါကပ်တော်မူကြသော ဝါတော်မြတ်ဖြစ်သည်။

သံဃာဘယ်လောက်များသလဲဆိုတော့-

"တဒါ ကိရ မဟာဘိက္ခုသံဃော အပေါဟသိ အပရိစ္ဆိန္န - ဂဏော"

သံဃာများတာ မရေမတွက်နိုင်ဘူးတဲ့၊ ထိုသံဃာတော်အပေါင်းသည် သုပ္ပဋိပ္ပန္နော စသော သံဃာ့ဂုဏ်ကိုးပါးနှင့် ပြည့်စုံနေသောကြောင့် ထိုသံဃာတော်အပေါင်းအား လျှုရာ၌-

အပ္ပံ ဒိန္နံ ဗဟု ဟောတိ = နည်းနည်းအလှူသည် အကျိုးများ၏။

ဗဟု ဒိန္နံ ဗဟု ဟောတိ = များများအလှူသည်ပို၍ အကျိုးများ၏။

ဒုလ္လဘော ဒဿနာယ လောကဿ၊ ထိုဝါဆို သံဃာတော်အပေါင်းအား ဖူးမြင်ဖို့ရန် အလွန်ရခဲ၏။

"အလံ ယောဇနဂဏနာနိ ဒဿနာယ ဂန္တုံ ပုဋ္ဌေ ဝသေနာပိ"

ယူဇနာတစ်ရာ၊ တစ်ထောင်ကပင် ရိက္ခာထုပ်လက်စွဲကာ ထမ်းပိုးလွယ်ကာ ဖူးမြင်ကန်တော့ ဆည်းကပ်ရန် ရောက်သင့် ရောက်ထိုက်၏။

ဤမျှများပြားလှသော သံဃာတော် ပရိသတ်အပေါင်းတွင် အလွန်ထင်ရှားသော တပည့်ကြီးတွေပါနေခြင်း၊ ဗောဓိပက္ခိယ တရား ၃၇-ပါးကို ကျင့်ကြံသော ရဟန်းများပါနေခြင်း၊ အသုဘသညာ သမထဘာဝနာကို ကျင့်ကြံနေသော ရဟန်းများပါနေခြင်း၊

ထို့ထက် များများစားစား အများဆုံး ပါဝင်နေသည်ကား အနှစ်သာရနှင့် ပြည့်စုံမှန်း၊ အဖိုးအနဂ္ဃ ထိုက်တန်မှန်း သဘောမှန်ကို လေးလေးနက်နက် ထိထိမိမိ မသိသူတို့က "သမထ" ပဲဟု အထင်သေးနေသော၊ သာသနာပမှာသာ ပွားရသည်ဟု အမြင်လွဲနေသော၊ မလေးမခန့်ပြုနေသော၊ "အာနာပါနကမ္မဋ္ဌာန်း"ကို ပွားများအားထုတ်ကြသော ရဟန်းတော်တွေ ၉၀ ရာခိုင်နှုန်းလောက် ပါနေခြင်း၊

ထို့ကြောင့် ထိုမျှလောက် လွန်ကဲထူးချွန်စွာ ချီးမွမ်းမြှောက်စားတော်မူခြင်း ဖြစ်ပေသည်။

အာနာပါနကမ္မဋ္ဌာန်း ပွားများအားထုတ်ကြသော ရဟန်းတော်များစွာ ပါဝင်နေခြင်းကြောင့် အခြားသော သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းတွေကို တို့ရုံ၊ တို့ရုံသာ၊ တို့ကာ တို့ကာသာ အမည်မျှ၊ ခေါင်းစဉ်မျှ ဟောလျက်-

"သန္တိ ဘိက္ခဝေ ဘိက္ခူ ဣမသ္မိံ ဘိက္ခုသံဃေ အာနာပါန ဿတိ ဘာဝနာ နုယောဂ မနုယုတ္တာ ဝိဟရန္တိ၊ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတော စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ။

**စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။**

**သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။"**

------ စသော အာနာပါနဿတိ သုတ်တော်ကို ကျယ်ကျယ်ဝင့်ဝင့် စုံစုံလင်လင် ဟောကြားတော်မူ၏။

ထို့ကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ (၉၈) ၌-

**"ယသ္မာ အာနာပါန ကမ္မဋ္ဌာနာ ဝသေန အဘိနိဝိဋ္ဌော ဗဟူ ဘိက္ခူ၊ တသ္မာ သေသကမ္မဋ္ဌာနံ ဝိတ္ထာရေန ကထေန္တော အာနာပါနဿတိ ဘိက္ခဝေတိ အာဒိမာဟ" ဟု ဟောတော်မူ၏။**

ပဝါရဏာ အစည်းအဝေး၌ အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းကြသော ရဟန်းတော်တို့သည် (၉၀) ရာခိုင်နှုန်းရှိ၏၊ များပြားလှကုန်၏။

ထို့ကြောင့် ကြွင်းသောကမ္မဋ္ဌာန်းတို့ကို အကျဉ်းအားဖြင့်ဟောပြီး၊ အာနာပါနကမ္မဋ္ဌာန်းကို အကျယ်အားဖြင့် ဟောတော်မူသည်။

မဟာဝဂ္ဂသံယုတ် အာနာပါနသံယုတ် ဧကဓမ္မသုတ်မှာ အာနာပါနကို အောက်ပါအတိုင်း ဟောခဲ့သည်။

**ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟပ္ဖ-လော မဟာနိသံသော၊ ကတမော ဧကောဓမ္မော အာနာပါနဿတိ။**

မြတ်စွာဘုရား သာဝတ္ထိပြည် သီတင်းသုံးစဉ်က-

ချစ်သားတို့ အာနာပါနတစ်ခုမျှကိုပင် သွားရင်း၊ လာရင်း၊ ထိုင်ရင်း၊ ရပ်ရင်း၊ လျောင်းရင်း ပွားများပါ။ တစ်ကြိမ်မက အကြိမ်ကြိမ် မီးထွက်အောင် ပွတ်သလိုသာ ပွားများပါ။

ဤသို့သာ ငါခိုင်းသလိုပွားရင်-မဟပ္ဖလော၊ မင်္ဂကိုရခြင်း အကျိုးရှိ၏။ မဟာနိသံသော၊ ဖိုလ်ကိုရခြင်း အကျိုးရှိ၏။

ချစ်သားတို့ ဆိတ်ငြိမ်ရာ ဝိဝေကကို ဖြစ်စေလျက်၊ ကိလေသာတို့ စွန့်လွှတ်ရာ နိဗ္ဗာန်ကိုဖြစ်စေလျက် အာနာပါနကို မှတ်နေပါ။

ငါဘုရားလည်း ဤတရားကို ဗောဓိပင်အောက် မြက်ခင်း ပြင်ပေါ်ထိုင်ပြီးလျှင် မှတ်နေတာ ကိုယ်ရောစိတ်ပါ ချမ်းသာတယ်၊ ထွက်လေ ဝင်လေ (ဝါ) ဝင်သည်တစ် အမှတ်မှတစ်ပါး မစွဲလမ်းတော့ဘဲ ကိလေသာတွေ ကုန်စေတယ်၊ ဘုရားဖြစ်တယ်။

ချစ်သားတို့ သင်တို့လည်း ဤအာနာပါနကို ပွားများက ကိလေသာတွေ ကုန်စေခြင်း၊ အပါယ်လေးပါးသို့ မကျစေခြင်း၊ သောတာပန် ဖြစ်စေခြင်း၊ ကိုယ်ရောစိတ်ပါ ချမ်းသာစေခြင်း အကျိုး တို့ကိုရအံ့၊ ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုခဏ၌ကွယ်စေအံ့။

ငါဘုရား ဥပမာပြရလျှင် နွေလအခါ ထကြွနေကြသော မြူမှုန်တို့သည် မိုးဦးကျအခါမှာ မိုးကြီးရွာချလိုက်ခဲ့သည်ရှိသော် တစ်ခဏချင်း ကွယ်ပျောက်ငြိမ်းအေးသွားသလို ဤအာနာပါန သတိသာပွားများလျှင် ကိလေသာ မြူခိုးတွေ ငြိမ်းအေးသွားမယ်။

မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလ တောအုပ်မှာ ဝတ်ကြီးဝတ်ငယ် ပြုစုသော ရဟန်းမှတစ်ပါး အခြားသောပုဂ္ဂိုလ်တွေ မလာစေဘဲ တစ်ပါးတည်း ဝါတွင်းသုံးလပတ်လုံး ကိန်းအောင်းနေထိုင်ပြီး ဘာလုပ် နေတာလဲဟု မိစ္ဆာဒိဋ္ဌိ အယူရှိသော ပရိဗိုဇ်တို့က မေးလာလျှင် အာနာပါန ကမ္မဋ္ဌာန်းကို ပွားများအားထုတ် နေတာပါဟုဖြေပါ။

အာနာပါန ကမ္မဋ္ဌာန်းကိုပွားများအားထုတ်ပြီး နေခြင်းသည်-

**အရိယာ၏ နေခြင်းဖြင့် နေသည်မည်၏။**
**ပြဟ္မာ၏ နေခြင်းဖြင့် နေသည်မည်၏။**
**ဘုရား၏ နေခြင်းဖြင့် နေသည်မည်၏။**

ချစ်သားတို့ အကြင်ပုဂ္ဂိုလ်တို့သည် ကိလေသာ မကုန်သေး၍ ကျင့်တုန်း ကျင့်ဆဲ ရှိကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့ သည် နိဗ္ဗာန်ကို တောင့်တလျက် အာနာပါန ကမ္မဋ္ဌာန်းကို သာ အကြိမ်ကြိမ် အဖန် ဖန်ပွားများလေ့လာပါမူ ညစ်ပတ်နေ သော လက်နှီးသုတ်ပုဝါသည် အကြိမ်ကြိမ်လျှော်က ဖြူဖွေးရ သကဲ့သို့၊

**တေသံ အာနာပါနဿတိ သမာဓိ ဘာဝိတော ဗဟုလီကတော အာသဝါနံ ခယာယ သံဝတ္တတိ။**

ယောဂီသည် အာနာပါနဿတိကို ပွားများအား ထုတ်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ဖို့ရာ အကြောင်းဖြစ်တယ်။

**"အာနာပါနဿတိ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂါ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။"**

**"သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိ ပါရိပူရိံ ဂစ္ဆန္တိ။"**

အို. . . အာနန္ဒာ တစ်ခုတည်းသော အာနာပါန ကမ္မဋ္ဌာန်းကို ပွားသည်ရှိသော်၊ အကြိမ်များစွာ လေ့လာသည်ရှိသော်၊ သတိပဋ္ဌာန် လေးပါးလုံးကို ပွားသည်မည်၏။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားသည်မည်၏၊ ဝိဇ္ဇာဝိမုတ္တိနှင့်လည်း ပြည့်စုံ၏၊ (ဝါ) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရနိုင်၏။

(ယောဂီပါရဂူ ကျင့်စဉ်ကျမ်းမှ)

## သတိပြုရာ ပထမ မှတ်ပုံ

## (ပထမနည်း)

သော သတောဝ အဿသတိ-ထွက်တိုင်း ထွက်တဲ့လေကို သိပါ။
သတောဝ ပဿသတိ - ဝင်တိုင်း ဝင်တဲ့လေကို သိပါ။

ထွက်လေ ဝင်လေ ထွက်တိုင်း ဝင်တိုင်း တိုးထိသွားတဲ့ နေရာလေး နှာသီးဖျားမှာ စိတ်ကိုစူးစိုက်ထားပြီး သိနေရုံပါပဲ။

ဝင်သည် တစ်မှ ရှစ်ထိ ရေတွက်ပါ၊ ငါးပါးအောက်လည်း မလျော့ရ၊ ဆယ်ပါးထက်လည်းမတိုးရ၊ မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်ပြီး ဝင်သည် တစ်မှ ရှစ်ထိ ရေတွက်ခြင်း ဖြစ်ပါသည်။

**ဝင်သည် တစ်**
**ဝင်သည် နှစ်**
**ဝင်သည် သုံး**
**ဝင်သည် လေး**
**ဝင်သည် ငါး**
**ဝင်သည် ခြောက်**
**ဝင်သည် ခုနစ်**
**ဝင်သည် ရှစ် ..... အထိရေတွက်ပါ။**

စိတ်ဘယ်မှ မထွက်မှ တစ်ဝါရ တစ်ကြိမ်တစ်ခု လက်ချိုးပါ။ မှတ်နေရင်းနဲ့ စိတ်အပြင်ထွက်သွားလျှင် ဝါကျိုး ဝါပေါက် "သံသယဝါရ" ခေါ်သည်။ ဝင်သည်တစ်မှ ရှစ်ထိ မှတ်တဲ့အခါ စိတ်အပြင်မထွက်တာကို "သန္နိဋ္ဌာနဝါရ" ဟုခေါ်သည်။

စိတ်အပြင်ထွက်တဲ့ လောလောဆယ် ရေတွက်နေတာကို သော်လည်းကောင်း၊ ဝင်သည် တစ်မှရှစ်ထိ ကျော်လွန်သွားတဲ့ ပိုလွန်သွားတဲ့ အမှတ်ကိုသော်လည်းကောင်း ပယ်ဖျက်ရမည်၊ နှာသီးဖျား ထိတာက ပဓာန၊ လက်ချိုးတာက အပဓာန။

ဝင်သည် တစ်မှ ရှစ်ထိ စိတ်ဘယ်မှမထွက်မှ တစ်ဝါရ တစ်ကြိမ် လက်တစ်ချောင်းချိုးပါ။ ဆယ်ခုပြည့်က ညာလက်ကောက် ဝတ်သို့ စိတ်ဖြင့်မှန်းပို့ပါ။

နောက်တစ်ခါ ဆယ်ခုပြည့်က ညာလက် တစ်တောင်ဆစ်၊
နောက်တစ်ခါ ဆယ်ခုပြည့်က ညာဘက်ပုခုံး၊
နောက်တစ်ခါ ဆယ်ခုပြည့်က ညာဘက်နားရွက်၊
နောက်တစ်ခါ ဆယ်ခုပြည့်က ညာဘက်ချိုစောင်း၊

အမှာ။ ။ ဘယ်ဘက်လည်း နည်းတူပါပဲ။

ထမင်းစားတဲ့အခါ ပန်းကန်ခွက်များကို ရေဆေးပြီးမှ၊ သန့်မှ စားသလို မြတ်စွာဘုရားတရားကလည်း သန့်မှကြိုက်ပါသည်။ ဝင်သည် တစ်မှ ရှစ်အထိ ရေတွက်တဲ့အခါ သားသွီးလင်သား ဇနီးမယား ဆွေမျိုးမိတ်ဆွေတွေ နီဝရဏတွေ ဝိတက်တွေ မရောက်မှ စိတ်ဘယ်မှမထွက်မှ တစ်ဝါရ တစ်ကြိမ် လက်ချိုးပါ၊ ဆယ်ခုပြည့်က အထက်ပါ အတိုင်းပို့ပါ။

သင်တစ်နာရီထိုင်တာ (သို့မဟုတ်) သင်တစ်ခါထိုင် ဘယ်လောက်ရသလဲမှတ်ထားပါ။ ထိုင်တဲ့အချိန်ပဲ ရေတွက်ပါ၊ ကျန်တဲ့ အချိန်လည်း မှတ်ပါ၊ အရေအတွက်ထဲ မထည့်ပါနဲ့၊ ယောဂီ ထိုင်မှတ်သမျှ အမှတ်တွေကို တရားစစ်ခါနီး စုပေါင်းပြီး ဆရာသမားထံလျှောက်ပါ။

တစ်မြို့နှင့် တစ်မြို့သွားတဲ့အခါ မျှားသင်္ကေတ မျှားသည် "ရှေ့သို့" ဟုပြသကဲ့သို့ ယောဂီသည် ယနေ့ (၁၀၀) အပ်လျှင် နောက်ရက် (၁၀၀) ထက်တစ်မှတ်ပိုပို နှစ်မှတ်ပိုပို ငါးမှတ်ပိုပို ပိုချင်သလောက်ပိုအပ်ပါ၊ (၁၀၀) အောက်မလျှော့ပါစေနဲ့၊ ဒါမှ ရှေ့သို့ အင်္ဂါနှင့် ညီပါမယ်။ တရားအားထုတ်တဲ့အခါမှာ မှတ်စိတ် ဟာ ရှေ့ကိုသာ တိုးတိုးပြီး လာရမယ်၊ မလျှော့စေရဘူး။ အဲဒါ အဓိက အချက်ပဲ။

အထဲကို ဝင်သွားတဲ့ လေနောက်ကိုဖြစ်စေ၊ အပြင်ထွက်သွားတဲ့ လေနောက်ကိုဖြစ်စေ၊ စိတ်မလိုက်ရဘူး။ "တံခါးစောင့် တံခါးမှူးလို"၊ "လယ်ကတွတ်က ငါးစောင့်ဖမ်းတဲ့ ဗျိုင်းလို"၊ လေထိရာနှာသီးဖျားမှာ စိတ်ကိုထားရမယ်၊ ထိတာကိုလည်း သိရမယ်၊ "ထွက်ဝင် ထိုင်ထိ ထိတိုင်းသိ သတိမြဲစေသား" အရ ဝင်တာထွက်တာသိရမယ်၊ အရေအတွက်ကိုလည်း မှတ်ရမယ်။

မထွက်ခင်လည်း မမှတ်ရဘူး၊
မဝင်ခင်လည်း မမှတ်ရဘူး၊
ပစ္စုပ္ပန်တည့်တည့်မှာ မှတ်ရမယ်၊

မမှတ်ခင်စိတ်ကလေး အေးအေးဆေးဆေးထားပြီး မျက်လုံးနှင့် သူစိမ်းဆန်ဆန် ကြည့်ပါ။ ဝင်တဲ့လေက နှာသီးဖျားမှာအေးပြီး ထွက်တဲ့လေက နွေးလာပါလိမ့်မယ်၊ ဝင်လာတဲ့လေကို ချော်လဲရောထိုင် သလို ရေစုန်မှာ မျောလိုက်သလို ဝင်သည်တစ် စသည်ဖြင့်မှတ်ပါ။

ဘာလေကိုမှ ရှာမရဘူးဆိုရင် စိတ်မပျက်နှင့်၊ ဝင်သည်ဆိုမှ လေက အလိုလို အော်တိုဝင်လာပြီးသား၊ တစ်ဆိုမှ ထွက်သွား ပြီးသားဖြစ်ပါသည်။

ဝင်သည်တစ်မှ ရှစ်အထိ မှတ်နေရတာသည် ဂဏနာနည်း၊ နှာသီးဖျား လေထိရာနေရာကို စိတ်စိုက်ပြီး ဝင်သည်တစ် စသည်ဖြင့် မှတ်နေတာသည် ဖုသနနည်း ဖြစ်သည်။

(လေထိရာနှာသီးဖျားသည် ဖုသနနည်းဖြစ်သည်။)

## ဘုရားချီးမွမ်း အာနာပါန

အာနာပါနကမ္မဋ္ဌာန်းကို ထူးထူးချွန်ချွန် လွန်လွန်ကဲကဲ လွန်မင်းစွာ အမွှမ်းတင်၍ ချီးမွမ်းတော်မူသော သဗ္ဗညုရှင်တော်ဘုရား သဗ္ဗညုတ ရွှေဉာဏ်တော် အမြော်အမြင် နှလုံးသွင်း အဇ္ဈာသယ အလိုဆန္ဒတော်ကိုလည်း မဟာဋီကာ၌ ဤသို့ပြ၏။

"တဥ္စ သုတ္တာ ဘိက္ခူ ဘဂဝါ က္ကမံသမာဓိ အနေကာဟိ အာကာရေဟိ ပသံသတိ၊ သန္တော ကိရာယံ သမာဓိ ပဏီတောစ ထာနသော အန္တရဓာပေတီတိ သဏ္ဍာတာဘိရူစယော ဥဿာဟဇာတာ သက္ကစ္စံ အနုယုဉ္စိတဗ္ဗံ ပဋိပဇ္ဇိတဗ္ဗံ မညန္တိ။"

(မြန်မာပြန်) သဗ္ဗညုရှင်တော်ဘုရားသည်-

ဤ အာနာပါန သမာဓိသည် ငြိမ်လည်းငြိမ်သက် တစ်စုံတစ်ခု ထည့်လောင်းဖြည့်စွက်စရာလည်းမရှိ၊ ချမ်းချမ်းသာသာလည်းနေရ၊ ဆိုးဝါးယုတ်မာ လှစွာသော အကုသိုလ် တရားတို့ကိုလည်း တစ်ခဏချင်း

လက်ငင်းသာလျှင် ခါတွက် ကွယ်ပျောက်စေနိုင်ဟူ၍ ဤအာနာပါနသမာဓိကို တစ်ပါးမက များလှစွာသော အခြင်းအရာတို့ဖြင့် ဘုရား ချီးမွမ်းတော်မူသတဲ့ဟူသော ထိုချီးမွမ်းတော်မူသံကို ကြားကုန်သော ရဟန်းတို့သည် ကောင်းစွာဖြစ်သော အလိုဆန္ဒရှိသည်ဖြစ်၍ တိုက်တွန်းခြင်းရှိသည်ဖြစ်၍ ဤအာနာပါနကမ္မဋ္ဌာန်းကို ရိုရိုသေသေ လေးလေးစားစားလေးလေးပင်ပင်ကြီး အားထုတ်အပ်၊ နှလုံးသွင်းပွားများ ကျင့်အပ်၏ဟူ၍ အောက်မေ့မှတ်ထင်ကြကုန်လတ္တံ့။

ထို့ပြင် ဘခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာပြုရာ လယ်တော ဇမ္ဗူသပြေပင်အောက်၌ တစ်ယောက်ထီးတည်းသာနေရသော၊ ခုနစ်ရက်သားဖွားခါစကလေးသာ ဖြစ်သေးသောအလောင်းတော် သိဒ္ဓတ္ထမင်းသားငယ်ကလေး နှာခေါင်းပေါက်နှာသီးဖျားမှ "ထွက်ဝင်" လာသော ထွက်သက် ဝင်သက်လေကို နှာသီးဖျား၌စူးစူးစိုက်စိုက် စိတ်ကိုထား၍ အာရုံထား၍ အာရုံပြု၍ နှလုံးသွင်းဆင်ခြင်ပွားများ အားထုတ်ခြင်းကြောင့် အာနာပါနစတုတ္ထဈာန်ကိုရ၊ ထိုအာနာပါန စတုတ္ထဈာန် တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်မွန်းတိမ်းမွန်းယိမ်းသော်လည်း၊ နေလွဲနေစောင်းသော်လည်း ဇမ္ဗူသပြေပင်ရိပ် မတိမ်းမယိမ်းဘဲ၊ စောင်းမသွားဘဲ၊ လွဲမသွားဘဲ ဇမ္ဗူသပြေပင်ရိပ်ပြကတေ့အတိုင်း တန်းတန်းမတ်မတ် ရပ်တန့်၍ ရပ်တန့်၍ ရပ်တည်၍နေနိုင်ခြင်း၊ ခုနစ်ရက်သားအရွယ် အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေးကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ် နှစ်ကြိမ်မြောက် ရှိခိုးရခြင်းသည်လည်း ထိုအာနာပါန စတုတ္ထဈာန်တန်ခိုးရှိန်စော်အာနုဘော်တော်ကြောင့် ဖြစ်ပေသည်။

ဤအာနာပါနကမ္မဋ္ဌာန်းသည်ကား ခုနစ်ရက်သားမျှသာဖြစ်သော အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေး နှလုံးသွင်းဆင်ခြင်ပွားများအားထုတ်၍ စတုတ္ထဈာန်ရသော အာနာပါနကမ္မဋ္ဌာန်းလည်း ဖြစ်ပေသည်။

ထိုမျှမကသေး၊ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်သော သဗ္ဗညုတ ဘုရားရှင်တို့ သဗ္ဗညုတရွှေဉာဏ်တော်ကို ရဖို့ရန် 'ဘုရားဖြစ်ရန်' နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်သော 'အခြေခံကမ္မဋ္ဌာန်း' သည်လည်း ဤ 'အာနာပါနကမ္မဋ္ဌာန်း' ပင် ဖြစ်ပေသည်။

အခြားတစ်ပါးသော ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်း ဆင်ခြင်ပွားများ အားထုတ်ခြင်းကို မပြုဘဲ ဤအာနာပါနကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်း ဆင်ခြင်ပွားများအားထုတ်၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရ၍ သဗ္ဗညုတဘုရားဖြစ်ပုံ ဖြစ်ဟန်တို့ကို ဤသို့မဟာဋီကာ၌ ပြတော်မူပြန်သေး၏။

"တ္ထမေဝဟိ ကမ္မဋ္ဌာနံ ဘာဝေတွာ သမ္မာသမ္ဗုဒ္ဓါ သမ္မာသမ္ဗောဓိံ အဓိဂစ္ဆန္တိ "

မြန်မာပြန်။ ။ဤအာနာပါနကမ္မဋ္ဌာန်းကိုသာလျှင် ပွားစေ၍ ဘုရားလောင်းတော်တို့သည် သဗ္ဗညုတရွှေဉာဏ်တော်ကိုရကြကုန်၏။

(ဝိပဿနာ ပါရဂူမှ)

## မဟာရာဟုလောဝါဒသုတ်လာ
## အာနာပါနအကျိုးငါးမျိုး

၁။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ပါမူ ယခုခေတ်၊ ယခုကာလ၊ ယခုဘဝ၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။
၂။ အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့ မရောက်သေးပါမူ သေခါနီးကာလ၌ သမသီသိ ရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏။
၃။ အကယ်၍ သမသီသိ ရဟန္တာမဖြစ်နိုင်သေးပါမူ နတ်ပြည်သို့ ရောက်သောအခါ ဓမ္မကထိကနတ်သား တရားသံကိုကြား၍ ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်၏။

၄။ အကယ်၍ နတ်ပြည်၌ ရဟန္တာ မဖြစ်သေးပါမူ အရိမေတ္တယျဘုရား မပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေး၏။
၅။ အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်သေးပါမူ ပွင့်တော်မူလတ္တံ့ ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားသခင် ကိုယ်တော်မြတ် ခြေတော်ရင်း၌ ဒါရုစိရိယမထေရ်ကဲ့သို့ ခိပ္ပါဘိည ရဟန္တာဖြစ်ရ တော့သည်။

(အကျဉ်း)

အကျယ်။ ။အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်လျှင် ဒီဘဝတွင် ရဟန္တာဖြစ်နိုင်သည်၊ အကယ်၍ ဒီဘဝ ရဟန္တာမဖြစ်သေးပါမူ ဂေါဓိက မထေရ်ကဲ့သို့ သမသီသိ ရဟန္တာ ဖြစ်ရသည်၊ ဘယ်လို ရဟန္တာ ဖြစ်လဲ ဆိုတော့-

ဂေါဓိကဆိုတဲ့ ရဟန်းတစ်ပါးဟာ စျာန်ကိုရသတဲ့။ ၎င်း ဂေါဓိကမှာ သူရသော စျာန်ဟာ ခုနစ်ကြိမ်တိုင်တိုင် လျှောလျှောကျ၍ ခဏခဏ စျာန်ကို ပြန်ပြီးရအောင် အားထုတ်ရလေသည်။

တစ်နေ့သောအခါ ဂေါဓိကမထေရ် စိတ်၌ဖြစ်ပေါ် လာသည်မှာ "စျာန်လျှောပြီး သေရပါမူ ဂတိမမြဲ၊ ငရဲသို့ပင် သွားမည် စိုးရိမ်လှ၍ ၎င်းစျာန်ရဆဲမှာပင် ငါ့သေတော့အံ့ဟု အကြံအစည်ဖြစ်ကာ စျာန်တန်းလန်းနှင့် မိမိလည်မျိုကို ထက်လှစွာသော သားလှီးဓားဖြင့် လှီးဖြတ်၍ သတ်ကာသေလေသည်၊ အမြဲတရား လက်ကိုင်ရှိပြီးဖြစ်လေ သောကြောင့် ရဟန္တာလည်းဖြစ်၊ သေလည်းသေ နှစ်ချက် တစ်ပြိုင်နက် တူညီကာ သမသီသိရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုရရှာသည်။

အကယ်၍ သမသီသိရဟန္တာ မဖြစ်ခဲ့လျှင် နတ်ပြည်ရောက်သောအခါ တာဝတိံသာ၌ သုဓမ္မာဇရပ်ရှိ၊ ထိုဇရပ်၌ တစ်လ ရှစ်ကြိမ် တရားပွဲရှိ၊ သိကြားမင်း နတ်မင်းကြီးလေးပါး ဓမ္မကထိက နတ်သားများ တစ်ခါတစ်ရံ ဗြဟ္မာ့ပြည်မှ ဗြဟ္မာကြီးများလာရောက်၍ တရားဟော၊ ထိုတရားသံများကို ကြားရ၍ ရဟန္တာ ဖြစ်နိုင်သည်။

အကယ်၍ နတ်ပြည်၌ ရဟန္တာ မဖြစ်ခဲ့လျှင် အရိမေတ္တေယျ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်သည်။

အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ခဲ့လျှင် ဗာဟိရ ဒါရုစိရိယကဲ့သို့ ခိပ္ပါဘိညာ ရဟန္တာဖြစ်နိုင်သည်။

ခုနစ်ရက်မျှ ဝိပဿနာအားထုတ်ခဲ့၍ မဂ်ဖိုလ်တရားထူး ရကြသော မထေရ်ငါးဦးတွင် ဗာဟိရဒါရုစိရိယ ခိပ္ပါဘိညာ ရဟန္တာ ဖြစ်ပုံမှာ ကဿပမြတ်စွာဘုရားလက်ထက်တော်က ငါးဦးသော သူငယ်ချင်း မထေရ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိအရသာ ကို အလွန်အလိုရှိလှသည်ဖြစ်၍ ကတိကဝတ်ထားကြသည်မှာ "အရှင် အပေါင်းတို့ ငါတို့သည် သံသရာကြီးထဲမှာ ပျော်မွေ့ဖွယ်ရာဟူ၍ တစ်ချက်ကမှမရှိ၊ ဒုက္ခတွေသာပြည့်လျက်နေသည်၊ ၎င်းဒုက္ခမှကင်းလွတ် ကြရအောင် ဝိပဿနာတရား အားထုတ်ရန် သွားကြစို့" ဟု ပြောဆိုကာ ထွက်ကြလေ၏။

မထေရ်တို့သည် အလွန်မြင့်သော တောင်ကြီးပေါ်သို့ လှေကားဖြင့်တက်ကြ၍ တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ပြန်မဆင်းနိုင်အောင် လှေကားကြီးကို ဖြုတ်ချဖျက်ချလိုက်ကာ တရားထူးမရက ဆွမ်းမစားကြစတမ်း၊ စကားမပြောဆိုကြစတမ်း ဆိုပြီး၊ ကတိကဝတ်ထားကာ ဝိပဿနာတရား အားထုတ်ကြလေသော် "သံဃာထေရော တတိယ ဒိဝသေ အရဟတ္တပတ္တော၊ အနုထေရော စတုတ္ထ ဒိဝသေ အနာဂါမိ အဟောသိ" ဟု ဆိုသောကြောင့် အကြီးဆုံး မထေရ်သည် သုံးရက်မြောက်သော နေ့မှာ ရဟန္တာဖြစ်လေသည်။ ဒုတိယ အနုမထေရ်တစ်ပါးက လေးရက်မြောက်သောနေ့မှာ အနာဂါမ် ဖြစ်လေသည်။

၎င်းတရားထူးရသော မထေရ်များသည် အဘိညာဉ်ရကြသည် ဖြစ်၍ တရားထူးမရသော ကျန်သုံးပါးကို ပြောသည်မှာ "အရှင်တို့ မစားရသော ရက်များလာ၍ အားနည်းလှပါပြီ၊ တပည့်တော်တို့နှစ်ပါး

မြောက်ကျွန်းသွား ဆွမ်းခံပြီး ကျွေးပါရစ” ဟု ပြောသော်လည်းမရ၊ တရားသာဆက်လက် အားထုတ်၍ ခုနစ်ရက်စေ့သောနေ့မှာပင် အစာပြတ်၍ သေကြရာ နတ်ပြည်သို့သွား၍ ဖြစ်ကြရသည်။

ခုနစ်ရက်သော ဝိပဿနာတရားတန်ခိုးကြောင့် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့အကြား အပါယ်မလားဘဲ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားရပြီး အဆုံး၌ ငါတို့ ဂေါတမဘုရားရှင် ပွင့်သောအခါ ဒါရုစိရိယ အလောင်းသည် တစ်ခုသောအမျိုးအိမ်၌ဖြစ်၍ ကြီးပြင်းလာလေသော် ပင်လယ်ရပ်ခြား လှေသင်္ဘောဖြင့် ကုန်ရောင်းသွားရလေသည်။

၎င်းဒါရုစိရိယတို့ လှေကြီးသည် ပင်လယ်တွင်းမှာပင် ဘေးရန်ကြောင့် လှေသင်္ဘောပျက်ကာ သေသူသေ ကြေသူကြေဖြစ်ကာ ဒါရုစိရိယ အလောင်းမှာကား တုံးကိုရင်မှာခုပြီး ရေယာဉ်ကြောမျောလိုက်သွားကာ မသေဘဲ အဝတ်မပါ ဗလာချည်းနှီး ကမ်းသို့ရောက်လေက အမြင်မကောင်းသည်ဖြစ်၍ သစ်သားတွေကို ကြိုးဖြင့်ထင်းစည်းသကဲ့သို့ စည်းကာ ကိုယ်မှာ အဝတ်သဖွယ်ဝတ်၍ ရွာတစ်ရွာကို ဝင်လေလျှင် ပညာနည်းသော ၎င်းရွာသားတို့သည် သစ်သားတွေဝတ်လာသော ဒါရုစိရိယကို မြင်ကြတွေ့ကြရသောအခါ “ဒါမှ ရဟန္တာ၊ အလိုနည်းလို့ အဝတ်တောင်မဝတ်ဘူး” ဟုပြောကြကာ ဆည်းကပ်ကြပြီးလျှင် အလွန်နူးညံ့သော ပိုးဖဲအဝတ်တို့ကိုဝတ်ဆင်ရန် လှူကြလေသည်။

ဒါရုစိရိယ အကြံဖြစ်သည်မှာ “ဒီလူတွေ ငါ့ကို ကြည်ညိုတာမဟုတ်၊ ပျဉ်ချပ်တွေဝတ်လာလို့ ဤကဲ့သို့ ငါ့ကို ရဟန္တာထင်ကြတာ၊ အဲသည်တော့ ပျဉ်ချပ်တွေကို ကြည်ညိုတာ ဖြစ်တယ်၊ ငါတော့ အဝတ်ကို ဝတ်လို့မတော်ဘူး” ဟု စိတ်ကူးပြီး အဝတ်တွေပယ်ကာ မဝတ်ဘဲ နေမြဲအတိုင်း ရဟန္တာလုပ်ကာ နေလေသည်။

ဤကဲ့သို့ မဟုတ်တယုတ် ညာဖြန်းနေသည်ကို တရားအားထုတ်ဖက် အနာဂါမ်ပြဟ္မာကြီးက လာ၍ သတိပေးရလေတော့

သည်။ "ဟယ် ဒါရုစိရိယ၊ မဟုတ်တာတွေ လုပ်နေသလား၊ ဦးခေါင်း ရှုစ်စိတ်ကွဲပြီး အဝိစိငရဲ ကျချင်သလား၊ သာဝတ္ထိပြည်မှာ ဘုရားပွင့် နေသည်" ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကြောက်လန့်ပြီး သွားလိုက်တာ ယူဇနာ (၂၀၀) ဝေးတဲ့ခရီးကို ညချင်းပေါက် ရောက်သွား သည်။ တွေ့တဲ့လူကို ဘုရား ဘယ်မှာလဲမေးသည်။ ဘုရားဆွမ်းခံဝင် နေကြောင်း ပြောကြရာ မဆိုင်းဘဲ တရားထူးလိုချင်လှ၍ လိုက်လေရာ ဆွမ်းခံရာမရောက်ခင် လမ်းမှာပင် ဘုရားနှင့်တွေ့၍ "တရားဟောပါဘုရား၊ တရားဟောပါဘုရား" ဟု လျှောက်ပါငြားလည်း ခရီးပန်းကာမောလာ၍ တရားဘာဝနာ မနာနိုင်သေးမှန်းသိသဖြင့် ဘုရားက တရားမဟော သေးဘဲ သွားမြဲသွားနေ၊ ရွာတွင်း၌ ဟောပါ ဟောပါ တောင်းပန်၊ ရွာမှထွက်၍ အမောပြေသောအခါ ရှင်တော်ဘုရားသည် သတိပဋ္ဌာန် တရားဟောလိုက်ရာ ချက်ချင်း ရုတ်ချည်း ခိပ္ပါဘိညာ ရဟန္တာဖြစ်သွားသည်။

တစ်ယောက်သောသူကား တက္ကသိုလ်မှာ ပက္ကုသာတိ မင်း ဖြစ်လာလေသည်။ ရာဇဂြိုလ်ပြည် ဘုရားပွင့်ကြောင်း သတင်းကြား၍ ဘုရားကိုအာရုံပြုကာ သက်န်းဝတ်ပြီး တရားထူး လိုချင်ဇော၊ ဘုရားနှင့် တွေ့ချင်ဇောဖြင့် လိုက်သွားရာ သုံးယူဇနာခရီးကို နေ့ချင်းပေါက် သွားလေသည်။ ဘုရားသည် အိုးထိန်းသည် အိမ်မှာပင် တရားဟော၍ ၎င်းတရားပွဲတွင် ပက္ကုသာတိမင်း အနာဂါမ်ဖြစ်သည်။

တစ်ယောက်သောသူက ဘိက္ခုနီမသား ကုမာရကဿပပင်တည်း၊ ကုမာရကဿပလည်း ရဟန္တာဖြစ်သည်။

အာနာပါန ကမ္မဋ္ဌာန်းသည် အလွန်တန်ခိုးသတ္တိ ကြီးမား၍ အင်အားအကောင်းဆုံး ပြည့်ဝစေနိုင်သော ကမ္မဋ္ဌာန်းဖြစ်သည်။

ဝိသုဒ္ဓိမဂ် ဆရာကြီးက-

"ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာန ဂရုကံ၊ ဂရုကဘာဝနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ၊ နစေဝ ဣတ္တရံ၊ နစ ဣတ္တရသတ္တ သမာသေဝိတံ"

“ဤအာနာပါနကမ္မဋ္ဌာန်းကား လေးလေးပင်ပင် လေးလေးစားစား အားကြိုးသန်ခွဲ ဂရုတစိုက် လုပ်မှရသော ကမ္မဋ္ဌာန်းဖြစ်သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကကြီးများဖြစ်ကြသော ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါသည့် မဟာပုရိသ လူ့အာဇာနည်ကြီးတို့သာလျှင် နှလုံးသွင်းရာကမ္မဋ္ဌာန်းဖြစ်သည်။ ထိုလူ့အာဇာနည်ကြီးများပင်သော်မှ ခဏတဖြုတ်လုပ်၍ရသော ကမ္မဋ္ဌာန်းမဟုတ်၊ ဘုန်းကံနည်းပါးသော သတ္တဝါအညံ့စားတို့ အရာလည်းမဟုတ်၊” ဟု မိန့်မှာတော်မူခဲ့သည်။

## အလုပ်ဟူသမျှ စခါစ မှချခက်ခဲစွ

ဘယ်လုပ်ငန်းမဆို ကိုယ်မလုပ်ဘူးတဲ့ အလုပ်တစ်ခုကို စတင်လုပ်ရရင် အခက်အခဲတော့ ရှိတာပေါ့။

တောင်သူလုပ်တဲ့အခါမှာ မြေရိုင်းတစ်ခုကို လယ်ယာမြေလုပ်လျှင် အစဦးဆုံး သစ်ပင်ခုတ်ရ၊ သစ်မြစ်တူးရ၊ ထယ်ထိုးရ၊ ထွန်ရ၊ ဂျုတ်ဆွဲရ၊ ထယ်ရေးညက်၊ ပေါင်းမြက်တွေရှင်းပြီးမှ ကိုယ်စိုက်ချင်တာ စိုက်လို့ရသလို ဝင်သည် တစ်မှ ရှစ်ထိ မှတ်နေရင်း ဇနီး၊ မယား၊ သားသမီး၊ မိတ်ဆွေသင်္ဂဟ၊ စီးပွားရေး ပေါင်း မြက်တွေဆီ အစပိုင်းတော့ ကပ်ရောက်၏၊ နောက်ပိုင်းကျတော့ တဖြည်းဖြည်း ရောက်မှုပါးသွား၊ နည်းသွား၏။

ရေတို့မည်သည် မြင့်ရာအရပ်မှ နိမ့်ရာအရပ်သို့ စီးဆင်းမြဲပဲ၊ အသက်မရှိတဲ့ ရေကိုတောင်မှ ကိုယ်လိုချင်တဲ့ဘက်ကိုရအောင် ရောက်အောင် မြောင်းသွယ်ယူလို့ရသလို၊ သတ္တဝါတွေရဲ့ စိတ်သည်လည်း “ပါပသ္မိံရမတိမနော” ဆိုတဲ့အတိုင်း မကောင်းတဲ့ အာရုံငါးပါးကာမဂုဏ်တရားတွေမှာ မွေ့လျော်မြဲပဲ၊ သတ္တဝါတွေရဲ့စိတ်ကို ဒီအတိုင်းလွတ်ပစ်ထားလျှင် မကောင်းတဲ့နေရာမှာ မွေ့လျော်ပြီး မကောင်းတဲ့အပါယ်လေးဘုံ ရောက်သွား၊ စီးသွားနိုင်၏။

မိမိရဲ့စိတ်ကိုလည်း အာရုံငါးပါးကာမဂုဏ်တရား ဆိုတဲ့

ကာမစ္ဆန္ဒနီဝရဏ အခက်အခဲမှလွတ်အောင်၊ နိဗ္ဗာန်ဘက်ကိုရောက်အောင် အာနာပါနသမထ မြောင်းတူးပြီး ဝင်သည် တစ် စသည် ကုသိုလ်မြောင်း သွယ်ပေးဖို့ လိုပါသည်။

တရားထိုင်တဲ့အခါမှာ ဝေဒနာအခက်အခဲ တွေ့တတ်ပါသည်။ ဝေဒနာအခက်အခဲတွေ့တဲ့အခါ ကိုယ့်ကိုယ်ကို စိတ်ဆိုးတာ အမျက်ထွက်တာ ဗျာပါဒ နီဝရဏ ဖြစ်တတ်ပါသည်။

အဲဒီဝေဒနာအခက်အခဲကို လမ်းလျှောက်တာနဲ့ ကျော်လွှားလို့ရပါသည်။

**ခရီးရှည်ကြာ သွားနိုင်ကြလို့၊**
**ကြွံခိုင်မှုလည်း ဖြစ်နိုင်သည်၊**
**အနာရောဂါ ကင်းစင်ဝေးလို့၊**
**စားသမျှလည်း ကြေနိုင်သည်၊**
**စင်္ကြံန်လျှောက်ရာ သမာဓိတရားက၊**
**ကြာရှည်စွာလည်း တည်နိုင်သည်၊**
**အကျိုးငါးပါး ရလို့ငြား**
**မမှားစင်္ကြံန်လျှောက်ရမည်။**

တစ်ခါတစ်ရံ တရားထိုင်နေရင်း ပုတ်သင်ညိုကို ဆွေမျိုးတော်စပ်ပြီး အိပ်ငိုက်တတ်တဲ့ ထိနမိဒ္ဓနီဝရဏ အခက်အခဲကို တွေ့လာကြုံလာလျှင် အိပ်ငိုက်တာဖျောက်နည်း ခုနစ်ပါး ဘုရားဟောထား၏။

- **သညာပြောင်းပေး စာကြဲတွေး ရွတ်ရေး နားဆွဲလိမ်၊**
- **မျက်စိဖွင့်ရန် အလင်းကြဲ့ စင်္ကြံန်လျှောက်ပါလေ၊**
- **ငိုက်နည်းပယ်ရှား ခုနစ်ပါး ဘုရားဟောခဲ့ပေ၊**

တစ်ခါတစ်ရံ တရားထိုင်ရင် ဝိစိကိစ္ဆာနီဝရဏ အခက်အခဲတွေ ရှိတတ်ပါသည်၊ တရားအားထုတ်ရင် တရားရမှ ရပါ့မလား၊ သူများတွေ ရလျက်သားနဲ့ ငါ့ကျမှမရရင် ရှက်စရာကြီးဆိုပြီး သံသယ ဝိစိကိစ္ဆာ

အခက်အခဲတွေ ဝင်တတ်ပါသည်။ ငါသည် ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်လား၊ ဉာဏ်မကောင်းတဲ့ ပုဂ္ဂိုလ်လားဆိုတာ ဘေးချိတ်ထား၊ တရားအားထုတ်ရင် တရားရမယ်လို့ ယုံကြည်မှု အပြည့်အဝသာထားပါ။

**ဒိဋ္ဌိတ် တိဟိတ် ဝိစိကိတ် ချိတ်၍ထားပါဘိ၊**
**ကိုယ်တိုင်သိရန် ကိုယ်တိုင်ကြံ သည်းခံအားထုတ်ကြည့်၊**
**ပဋိဘာဂ သမထ ထင်လာတိဟိတ်သိ၊**
**ဥဒယဗ္ဗယာ ဝိပဿနာ ထင်လာတိဟိတ်သိ၊**
**(လယ်တီဆရာတော်ဘုရားကြီး လင်္ကာ)**

*

## စိတ်မိုက်နွားသိုး သတိကြိုး

**ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ၊**
**ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာ ရမ္မဏေ ဒဠှံ။**

ဣဓ- ဤလောက၌၊ ဝစ္ဆံ- ရိုင်းသောနွားကို၊ ဒမံ ဒမန္တော- ဆုံးမလိုသော၊ နရော- တောင်သူယောကျ်ားသည်၊ ဝစ္ဆံ- ရိုင်းသော နွားကို၊ ထမ္ဘေ- တိုင်၌၊ နိဗန္ဓေယျယထာ-ဖွဲ့ချည်ရာသကဲ့သို့ ဧဝံတထာ- ထို့အတူ၊ ဣဓသာသနေ- ဤဘုရားသခင် သာသနာတော်၌၊ သကံစိတ္တံ- အာရုံခြောက်ပါး ကျက်စားလေ့လာ ယုတ်မာစွာသော မိမိစိတ်ကို၊ ဒမံ ဒမန္တော-ဆုံးမလိုသော၊ နရော- သူတော်ကောင်း ပုဂ္ဂိုလ်သည်၊ အာရမ္မဏေ- အာရုံအမျိုးမျိုးကိုသွားတတ်သော၊ သကံစိတ္တံ- မိမိရဲ့စိတ်ကို၊ သတိယာ- သတိတည်းဟူ သောကြိုးဖြင့်၊ ဒဠှံ- မြဲစွာ၊ ဗန္ဓေယျ- ထွက်လေ ဝင်လေတို့၏ထိရာ၊ ဝင်သည် တစ်စသည်တို့ ထိရာ နှာသီးဖျားတည်းဟူသော ချည်တိုင်၌ ချာချာမလည် ငြိမ်သက်တည်အောင် ဖွဲ့ချည်ရာ၏။

**စိတ်မိုက်နွားသိုး၊ သတိကြိုးနဲ့၊ မတိုးရုန်းနိုင်၊**
**အာရုံတိုင်၊ ခိုင်ခိုင်ချည်လေဘိ။**
**ခိုင်ခိုင်ချည်ထား၊ စိတ်မိုက်နွား၊ ပြေးသွားရုန်း၍ကြည့်၊**
**ရုန်းမရတာ၊ ချည်တိုင်မှာ၊ မောကာငြိမ်သက်၏။**
**မောကာငြိမ်သက်၊ စိတ်မထွက်၊ တိုးတက်သမာဓိ၊**
**သမာဓိရ၊ စိတ်ငြိမ်က၊ စိတ္တဝိသုဒ္ဓိ၊**
**မိမိရဲ့စိတ်သည် ရိုင်းသောနွားသိုးနှင့်တူ၏။**

တောင်သူလုပ်တဲ့အခါမှာ မိမိရဲ့နွားကို သူတစ်ပါး ပဲခင်းတွေ စပါးခင်းတွေ မစားမိအောင် ထိန်းကျောင်းရပါသည်။ ကံမကောင်းလို့ စားမိမယ်ဆိုရင် သီးနှံဖိုးလျော်ရမည်။ အသတ်ခံရမည်။ ဤနှစ်မျိုး ရင်ဆိုင်ရတတ်ပါသည်။

ဒါကြောင့် ကိုယ့်ရဲ့နွားကို သူတစ်ပါးအခင်းတွေ မစားမိအောင် တိုင်မှာ မြဲမြဲချည်ထားဖို့ရာ လိုသလို၊ ဤအတူ ယောဂီသည် အာရုံ အမျိုးမျိုးကိုသွားတတ်သော မိမိရဲ့စိတ်ကို ကာယဒုစရိုက်အခင်းတွေ၊ ဝစီဒုစရိုက်အခင်းတွေ မစားမိအောင် မလွန်ကျူးမိအောင် ထိန်းကျောင်းဖို့ရာ လိုအပ်ပါသည်။

ရိုင်းသောနွားကို တိုင်မှာချည်ပါများသည့်အခါ ရုန်း မရဘဲ မောပြီး ငြိမ်သက်သွားသလို၊ မိမိစိတ်ကိုလည်း နီဝရဏ အာရုံတွေ ဝိတက်တွေ သားသမီး စီးပွား ဇနီးမယား ခင်ပွန်း မိတ်ဆွေသင်္ဂဟ အာရုံတိုင်တွေ မတိုးမိအောင် မသွားမိအောင် နှာသီးဖျားမှာ သတိကြိုးနဲ့ မြဲမြဲချည်ထားဖို့ရာ လိုအပ်၏။ ချည်ပါများတော့ စိတ်ကငြိမ် သွား၏၊ နှာသီးဖျားကနေ ဘယ်မှ မသွားတော့ဘူး။

စိတ်ဘယ်မှ မသွားဘဲ နှာသီးဖျားမှာတည်နေပြီး သမာဓိ ရနေပြီဆိုလျှင် စိတ်ကလေးသည် စင်ကြယ်လာ၏။

## ""သမာဓိဿ နိမိတ္တဂ္ဂဟေန သမ္ပာဒေတိ""

'စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ကောင်း၊ ကောင်းကောင်း သိရမည်'- ဆိုတဲ့အတိုင်း သင်ယောဂီရဲ့ စိတ်ကလေး နှာသီးဖျားမှာ တည်ငြိမ်လာလျှင် မိမိအလိုရှိတဲ့ နိမိတ်ကလည်း လာတော့တာပဲ။

ဒါကြောင့် မိမိရဲ့စိတ်ကို သတိကြိုးနဲ့ နှာသီးဖျားမှာ မြဲမြဲ ချည်ဖို့ရာ လိုပါသည်။

## တရားကောင်းရန်

၁။ ကမ္မာရာမတာ၊ အမှုကြီးငယ်၌ မွေ့လျော်ခြင်း၊
၂။ ဘဿာရာမတာ၊ စကားပြောခြင်း၌ မွေ့လျော်ခြင်း၊
၃။ နိဒ္ဒါရာမတာ၊ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊
၄။ သင်္ဂဏိကာရာမတာ၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊
၅။ သံသဂ္ဂါရာမတာ၊ ရောနှောခြင်း၌ မွေ့လျော်ခြင်း၊
၆။ ပပဉ္စာရာမတာ၊ လုပ်ငန်းကိစ္စချဲ့ခြင်း၌ မွေ့လျော်ခြင်း၊

တရားအားထုတ်တဲ့ ယောဂီတွေဟာ အဲဒီမွေ့လျော်ခြင်း (၆) ပါးကို ရှောင်ကြည်ရမယ်။

လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် မငြိမ်မသက်ဖြစ်နေတဲ့ ကိုယ်၊ မငြိမ်မသက်ဖြစ်နေတဲ့ နှုတ်၊ မငြိမ်မသက်ဖြစ်နေတဲ့ စိတ်၊ ဒီလို မငြိမ်မသက်ဖြစ်နေတဲ့ မိမိတို့ ကိုယ်၊ နှုတ်၊ စိတ်တွေလည်း ငြိမ်သက်အေးချမ်းသွားစေနိုင်တယ်။

ဒါကြောင့် တရားနှင့် မွေ့လျော်ရတာဟာ အင်မတန် ကောင်းပါတယ်။ အခြားမွေ့လျော်ဖွယ် ဆိုတာတွေက ဒီလို ငြိမ်သက်အေးချမ်းနိုင်တာ မဟုတ်ဘူး၊ တရားအားထုတ်တဲ့ ယောဂီဆိုတာ ဒီလိုမွေ့လျော်ခြင်း ခြောက်ပါးကို ရှောင်ကျဉ်ရတယ်။ ဤခြောက်ပါးဟာ တရားအားထုတ်တဲ့ ယောဂီအတွက် တရားရဲ့ အန္တရာယ်လည်းဖြစ်တယ်။

မြတ်စွာဘုရားက ဒီမွေ့လျော်တာတွေနဲ့ မွေ့လျော်နေသူဟာ

အနေကောင်း အသေကောင်း မဖြစ်ဘူးတဲ့။ ဒီမွေ့လျော်မှုတွေကို ရှောင်ကျဉ်မှ အနေကောင်း အသေကောင်း ဖြစ်တယ်၊ မိမိတို့လိုလား ကြတဲ့ တရားထူး တရားမြတ်တွေကို အသီးသီးရရှိခံစားနိုင်စေရန် မွေ့လျော်ခြင်း ခြောက်ပါးကို ရှောင်ကြဉ်၍ သမထ-ဝိပဿနာတရား တို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေ။

**ကိစ္စမများ စကားနည်းစေ၊**
**အအိပ်မကြီး ကိုယ်တည်းပျော်နေ၊**
**ရောနှောမှုကင်း ချဲ့ခြင်းရှောင်လေ၊**
**အနေကောင်း အကြောင်းဂုဏ်ခြောက်ထွေ၊**
**အသေကောင်း အကြောင်းဂုဏ်ခြောက်ထွေ၊**
**တရားကောင်း အကြောင်းဂုဏ်ခြောက်ထွေ။**

**(မဟာစည်)**

## တရားမှတ်တယ်ဆိုတာ

**ဝမ်းမြောက်နှစ်သက် ပွားနေလျက်၊**
**ကျင့်လျက်နေနိုင် ကြပါစေ။**
**တရားမှန်များ ကျင့်ပွားသူဟာ၊**
**တရားတော်က အေးမြချမ်းသာ၊**
**တရားအထူး ကြည်နူးဝမ်းသာ၊**
**ဆောင်ယူပေး ကင်းဝေးပါယ်ဒုက္ခာ။**

တရားမှတ်တယ်ဆိုတာ စိတ်ကို ထိမ်းကျောင်းရတဲ့အလုပ် ဖြစ်သည်။ နိမိတ်ကိုလိုချင်တဲ့ လောဘနဲ့ မမှတ်ရဘူး။ "လောဘလွန် ကျွန်ဖြစ်" ဆိုတဲ့အတိုင်း လောဘအားကြီးလျှင်လည်း မရတတ်ဘူး။ သူများတွေရလို့ ကိုယ်မရတော့ ဒေါသဖြစ်ရလေခြင်း၊ ဝေဒနာနှိပ်စက်လို့ ဒေါသဖြစ်ရလေခြင်း၊ နိမိတ်မလာလို့ ဒေါသဖြစ်ရလေခြင်း၊ ငါဟာ သူ့ထက်ပဲ၊ ငါဟာ ပညာတတ်ပဲ၊ ငါဟာ ရုပ်ချောတာပဲ၊ ဘယ်သူ့မှ

ထည့်တွက်စရာ မလိုဘူး၊ ငါထိုင်တာလည်း အတော်ကြာပြီ၊ ဘာမှလည်း မတွေ့ဘူး။ တရားက မှတ်လို့သာ မှတ်နေရတာ၊ ရမှရပ့ါမလား၊ နိမိတ်က လာမှလာပ့ါမလား၊ ဒီလိုလောဘ၊ ဒေါသ၊ မာန၊ ဝိစိကိစ္ဆာ ကိလေသာ အပူတွေနဲ့ မမှတ်နဲ့။

ဥပမာ။ ။လောကမှာ လူတွေသည် ခတ်တူသူအချင်းချင်းသာ ပေါင်းသင်းနေထိုင်၏၊ အဲဒီလို ခတ်တူသူအချင်းချင်းသာ ပေါင်းသင်း နေထိုင်ကြသလို မြတ်စွာဘုရားရဲ့တရားကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်သည် ဘုရားရဲ့တရားတော်က အအေးဖြစ်သည်၊ အေးမြချမ်းသာသည်။ အေးမြချမ်းသာတဲ့တရားကို လောဘစတဲ့ ကိလေသာအပူတွေနဲ့ မှတ်မယ်ဆိုရင် မရတတ်ပါဘူး။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိမြို့မှာနေတဲ့ ကျောင်းဒကာ ဖြစ်မယ့် သုဒတ္တခေါ် အနာထပိဏ်သူဌေးကြီးသည် ကုန်ရောင်းကုန်ဝယ် ကိစ္စနဲ့ ရာဇဂြိုဟ်မြို့ သူ့ယောက်ဖ အိမ်ရောက်လာ၏၊ လူတွေ ချက်ပြုတ်နေတာတွေ့တော့ ဘာကိစ္စရှိလို့တုန်းဟု မေး၏။

သူ့ယောက်ဖက "မြတ်စွာဘုရား ငါတို့မြို့ကိုကြွလာပြီး သီတင်းသုံးတာ၊ ဘုရားကြွလာတုန်း ဘုရားအမှူးရှိသော သံဃာတော်တွေ ဆွမ်းကပ်မလို့ ပြင်ဆင်နေတာ" ဟု ပြန်ဖြေ၏။

အနာထပိဏ်သူဌေးကြီးသည် "ဘုရား" ဆိုတဲ့ အသံကလေး ကြားလျှင် နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာ ဘုရားဖူးလိုတဲ့စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။ ညအိပ်တော့လည်း အိပ်မရ၊ ခန္ဓာကိုယ်က အလင်းနိမိတ်တွေထွက်လာ၏၊ လက်နှိပ်ခတ်မီး မလိုဘဲနဲ့ သွားလို့ရ၏။ မိုးလင်းပြီဆိုပြီး အိမ်ပေါ်က ဆင်းသွားတာ နတ်တွေက တံခါးဖွင့်ပေး၏။

မြတ်စွာဘုရားသည် သီတင်းသုံးတာ ရာဇဂြိုဟ်မြို့နှင့် မလှမ်းမကမ်း သီတဝန်တောထဲမှာ ဖြစ်သည်။ ရာဇဂြိုဟ်မြို့နှင့် သီတဝန်တောအကြား သုသာန်ရှိသည်။ အနာထပိဏ်သူဌေး သုသာန်ထဲလည်းရောက် လူသေကောင် အလောင်းတွေလည်း

တွေ့ရော၊ အလောင်းတွေကို ကြောက်တဲ့စိတ် ဒေါသအပူလည်းရောက်၊ ရထားတဲ့ နိမိတ်ကလည်း ပျောက်သွားသည်။ အလင်းရောင်က အအေး၊ ကြောက်တဲ့ စိတ်က အပူ၊ တစ်ညလုံး တစ်လမ်းလုံး လင်းလာတဲ့နိမိတ်ဟာ ကြောက်တဲ့စိတ် ဒေါသဝင်ရော ပျောက်တာပဲ၊ ဘယ်တော့မှ နှစ်ခုမတွဲဘူး။

ဒီလိုနဲ့ ရှေ့ဆက်သွားရင် ကောင်းမလားလို့ အကြံဖြစ်တော့ တောစိုးနတ်တွေက "အဘိက္ကမ မဟာသေထိ" သူဌေးကြီး ရှေ့ဆက်သွားပါလို့ သတိပေး၏။

"ဝမ်းမြောက်နှစ်သက်၊ ပွားနေလျက်၊ ကျင့်လျက်နေနိုင်ကြပါစေ" အရ လူ့ဘဝရောက်လာတဲ့အချိန်၊ သူတော်ကောင်းတရားနာကြားရတဲ့အချိန်၊ အကျင့်ပဋိပတ် ထွန်းကားနေတဲ့အချိန်မှာ "ယခု ငါကျင့်သည့် အကျင့်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းတို့ အကျင့်ကို ငါကျင့်နေရပေသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာသူတော်ကောင်းတို့၏ သွားရာလမ်းကို ငါလိုက်နေရပေသည်။" ဟု ဝမ်းမြောက်ဝမ်းသာစွာ၊ နှစ်သက်ရွှင်လန်းစွာ၊ သောမနဿပီတိ အအေးနှစ်ပါးနှင့် မှတ်မယ်၊ ဆောင်ယူပေးမယ်ဆိုလျှင် အားလုံးအဆင်ပြေပြီး အပါယ်လေးဘုံကျရောက်မည့်ဘေးမှ ကင်းဝေးစေပါသည်။

## သတိပေးဦးမှပဲ

ရပ်ကွက်ထဲမှာ အစစအရာရာ သတိမထားရင် စီးပွား ရေး၊ လူမှုရေး ဆုံးရှုံးတတ်သည်။

ပစ္စည်းကိုင်တာတောင် "ဟဲ့ကောင်ကလေး မကွဲစေနဲ့၊ သတိထားကိုင်၊ ဟဲ့ကောင်မလေး မဖိတ်စေနဲ့၊ သတိထားယူ" လို့ ပြောကြသည်။ ဒါ ဘာကြောင့် သတိပေးရတာလဲဆိုတော့ သတိမထားဘဲနဲ့ကိုင်ရင် ကွဲမယ့်ဟာဆို အောက်ကိုလွတ်ကျပြီး ကွဲမှာ၊ ဖိတ်မယ့်ဟာဆို ဖိတ်သွားမှာ၊ မကွဲအောင်၊ မဖိတ်အောင်လို့ သတိအရေးကြီးလို့ သတိပေးရ

တာဖြစ်သည်။

အိမ်တစ်အိမ်မှာ ပျင်းလို့ သတိဝီရိယမရှိလျှင် ထမင်းမချက်ဘဲ ထားလျှင် တစ်အိမ်လုံးငတ်နိုင်၊ ဒုက္ခရောက်နိုင်၏။

သီဟိုဠ် (သီရိလင်္ကာ) ခေတ်က ရဟန်းတစ်ပါးသည် သံဃာ စေတီထီးအောက် ပျက်စီးယိုယွင်းနေသည်ကို တက်ပြင်၏။ အောက်က သံဃာတွေသည် ဘုရားပေါ်က ကိုယ်တော်ကို "ငါ့ရှင် သတိထားကိုင်" ဟု သတိပေး၏။

ဘုရားပေါ်က ကိုယ်တော်သည် မထင်မှတ်ဘဲ ပြုတ်ကျလာ၏။ အောက်မှာရှိတဲ့ ရဟန်းတွေက "ငါ့ရှင် ဇဂ္ဂသုတ်ကို ဆင်ခြင်ပါလော့ဟု သတိပေးရာ ရဟန်းငယ်သည် ဇဂ္ဂသုတ်ပရိတ္တံမံရက္ခတု" ဟုဆိုလိုက်၏။ စေတီအလယ်အုတ် (၂)ချပ်က အပေါ်ကကျလာသော မထေရ်ကို အောက်မကျအောင် ထွက်ခံ၏။ အုတ်ခဲ (၂) ချပ်ကို အောက်ကဒေါက်တွေ၊ ခဲတွေနဲ့ ခုမထားပါ။ မထေရ်ဘာမှ မဖြစ်ပါ။ အုတ်ခဲသည် နဂိုက အင်္ဂတေနဲ့ ကပ်နေ၏၊ မထေရ် ကျလာမှ ထွက်ခံ၏၊ အောက်က သံဃာထုက မထေရ် ပျံလွန်တော်မူပြီဟု အောက်မေ့နေ၏၊ မထေရ်သည် အုတ်ခဲနှစ်ချပ်ပေါ်မှာ ဘာမှမဖြစ် အံ့အားသင့်၏၊ မထေရ်လည်း အောက်ရောက်ရော အုတ်ခဲနှစ်ချပ်သည် ဘုရားထဲပြန်ဝင်သွား၏။ ဧဝံ ဗုဒ္ဓါ ဗုဒ္ဓဓမ္မာ အစိန္တိယာ= ဘုရားရှင်ရဲ့ တရားတော်များသည် မကြံစည်အပ် မကြံစည်နိုင်ကုန်။

လောကမှာ ခြေရာဟူသမျှတို့တွင် ဆင်ခြေရာသည် အကြီးဆုံး ဖြစ်သလို ကုသိုလ်ကောင်းမှုမှန်သမျှတို့တွင်လည်း သတိသည် အရေးအကြီးဆုံးဖြစ်၏။

**သတီမတော သဒါ ဘဒ္ဒံ၊ သတိမာ သုခ မေဓတိ၊**

**သတီမတော သုဝေ သေယျော၊ ဝေရာစ ပရိမုစ္စတိ။**

သတိမတော- သတိရှိသောသူအား၊ သဒါ-အခါခပ်သိမ်း၊ ဘဒ္ဒံ- ကောင်းခြင်းသည်၊ ဟောတိ- ဖြစ်၏၊ သတိမာ- သတိရှိသော သူသည်၊

သုခံ- လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို၊ ဧဓတိ-ရ၏၊ သတိမတော - သတိရှိသောသူအား၊ သုဝေ - အမြဲသာလျှင်၊ သေယျော-မြတ်သည်၊ ဟောတိ- ဖြစ်၏၊ ဝေရာစ- ဘေးရန်မှ လည်း၊ ပရိမုစ္စတိ-လွတ်ရာ၏။

သတိသည် လောကီ လောကုတ္တရာနှစ်ဖြာတို့၌ ချမ်းသာကြီးပွားကြောင်း ဘေးရန်လွတ်ကြောင်းဟု ဘုရားက ဟောတော်မူ၏။

**သတိဉ္စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ၊**

ဘိက္ခဝေ- ရဟန်းတို့၊ ခေါ- အမှန်စင်စစ်၊ အဟံ- ငါဘုရားသည်၊ သတိဉ္စ- သတိတရားကိုသာလျှင်၊ သဗ္ဗတ္ထိကံ- အလုံးစုံသော လောကီ၊ လောကုတ္တရာ အဖြာဖြာသော အရာထာန၌ ကျေးဇူး များ၏ ဟူ၍၊ အဟံ- ငါဘုရားသည်၊ ဝဒါမိ- ဟောတော်မူ၏။

**နေ့စဉ်စဉ်းစား၊ သတိထား၊ မှတ်သားမြဲစေ၊ ရှိကြလေ။**
**လုံ့လဝီရိယ၊ အားထုတ်က၊ သုခဖြိုးဝေ၊ အေးမြလေ။**
**သတိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။**

သင့်မှာ ဝင်လေ၊ ထွက်လေက ရှိပြီးသား၊ ကိုယ့်မှာ ဝင်လေ ထွက်လေမရှိလို့ သူများဆီက ချေးငှားနေရတာလည်း မဟုတ်ဘူး။ ကိုယ်မှာရှိတဲ့ ဝင်လေထွက်လေလေးကို သတိလေးနဲ့ တန်ဖိုးရှိစွာ အသုံးချမယ်၊ အရှိသုံးမယ် မှတ်မယ်ဆိုရင် နောက်ပိတ်ဆုံး နိဗ္ဗာန် ရောက်စေနိုင်၏။

ကဲ . . . ကြိုးစားကြဗျာ။

## ဒါမှဘုရား အကြိုက်ပူဇော်ခြင်း

တစ်နာရီလောက် တရားမမှတ်ဘဲ စကားထိုင်ပြောနေမယ်ဆိုရင် ဝင်လေထွက်လေ (၇၂၀) လွတ်သွားတာပဲ၊ နှမျောစရာ သိပ်ကောင်းတာ၊ လူတွေသည် များသောအားဖြင့် ကိုယ့်နှာခေါင်းကလေကို တန်ဖိုးရှိမှန်းမသိကြဘူး၊ ထွက်ချင်ထွက်၊ မထွက်ချင်နေ ပစ်ထားကြတယ်။ ကိုယ့်နှာခေါင်းကလေကို တန်ဖိုးရှိစွာ အသုံးချမယ်ဆိုရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နဂါးပြည်ရှိ ဘုရားတွေကို ဖူးလို့ရသည်၊ ရောဂါလည်းကင်းသည်၊ ဝိပဿနာရောက်တော့ ခန္ဓာရဲ့ဖြစ်ပျက်ကို ကွဲကွဲပြားပြား တီဗွီကြည့်သလို မြင်ရ၏။

ခုလို တစ်ရှူတစ်ရှိုက် တရားရှုမှတ်ပြီးနေရတာသည် ဘုရားကို ကျေးဇူးဆပ်ရာရောက်၏။ ပူဇော်ရာရောက်၏။ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းရာရောက်၏။ မိမိကိုယ်ကို အပါယ်လေးဘုံ မကျရောက်အောင် ကယ်ဆယ်ရာလည်း ရောက်၏။ သာသနာပြုတယ်၊ သာသနာပြုတယ်ဆိုတာ တရားမှတ်နေတာလည်း သာသနာပြုတာပါပဲ။

လူတိုင်း၊ လူတိုင်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ စသည်ဖြင့် ကိုယ်နှင့်တန်သလောက် ပူဇော်ဖူးကြတဲ့ လူချည်းပဲ။ ခုလို တရားရှုပွားပြီး ပူဇော်တာမျိုးတော့ ပူဇော်ရဖို့ မလွယ်ဘူး။ လွယ်လွယ်နဲ့ ရပ့်မလား။

ကိုယ့်မှာဘုန်းထူး၊ ကံထူး၊ ပါရမီထူးရှိလို့ ဘုရား သာသနာနှင့်ကြုံလို့ လူအဖြစ်ကိုရလို့ အခုလိုတရားနှင့် ပူဇော်ခွင့်ရသည်၊ အခါလည်းကောင်းသည်၊ ဘဝလည်းကောင်းသည်၊ ကံလည်းကောင်းသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း ဟိုဟာဒီဟာတွေနဲ့ ပူဇော်ကြတာကို လိုလားနှစ်သက်တော်မမူဘူး။ သူ့ကို မြတ်နိုးရင် ခုလို တရားနဲ့ပူဇော်မှ ကြိုက်တာဗျာ။

တွေ လိုလေသေးမရှိ တစ်လောကလုံး အခါမဲ့ ပန်းတွေပွင့်လို့ သက်မဲ့ သစ်ပင်တွေကတောင် ပူဇော်ကြ၏။

အင်ကြင်းပင်ပျို နှစ်ပင်ကြားမှာ မြောက်ဘက်သို့ ဦးခေါင်းထားပြီး လျောင်းတော်မူနေတော့ အင်ကြင်းပန်း ဝတ်မှုန်တွေ၊ မန္ဒာ-ဝရ နတ်ပန်းတွေ၊ အမွှေးအထုံတွေ၊ ကိုယ်တော်ပေါ်မှာရော၊ မလ္လာမင်း ဥယျာဉ်ကြီးတစ်ခုလုံး မွှမ်းထုံပူဇော်ကြ၏။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ = ဘုရားရှင်တို့ရဲ့ ဘုန်းတန်ခိုးတော်တွေ အံ့သြလို့ ကုန်နိုင်စရာမရှိဘူး။

ဒီလိုပူဇော်ကြတာကို ကြည့်ပြီး ပရိနိဗ္ဗာန်စံခါနီးဆဲဆဲမှာ သူ့ရဲ့နှုတ်ခမ်းတော်လေးကို အသာဖွင့်ပြီး အရှင်အာနန္ဒာကို နောက်ဆုံး မှာသွားတယ်။

**နခေါ် အာနန္ဒာ ဧတ္တာဝတာ တထာဂတော သက္ကတောဝါ ဟောတိ ဂရုကတောဝါ မာနိတောဝါ ပူဇိတောဝါ အပစိတောဝါ။**

မြတ်စွာဘုရားက- ချစ်သားအာနန္ဒာ၊ ဒီလို ပစ္စည်းဝတ္ထုတွေနှင့် ပူဇော်ကြတာ ငါ့ကို ရိုသေလေးစားရာ မရောက်ဘူး၊ မြတ်နိုးကော်ရော် ပူဇော်ရာ မရောက်ဘူးတဲ့။

ဒါနဲ့ အရှင်အာနန္ဒာ မထေရ်မြတ်က- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘယ်လိုပူဇော်မှ ပူဇော်ရာ ရောက်ပါသလဲ ဘုရားလို့ ပြန်လည်လျှောက်ထားတော်မူတယ်။

ဒါနဲ့ မြတ်စွာဘုရားက-

**"ယောခေါ် အာနန္ဒာ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟာရတိ သာမီစိပ္ပဋိပ္ပန္နော အနုဓမ္မစာရီ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။"**

**ဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပ္ပန္နော အနုဓမ္မစာရီ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။"**

ရဟန်းဖြစ်စေ၊ လူဖြစ်စေ ယခုလို တစ်ရှူတစ်ရှိုက် တရားရှုမှတ်ပွားများပြီးတော့ ပူဇော်တာကမှ ပရမာယ ပူဇာယ- အကောင်းဆုံး ပူဇော်ခြင်းတဲ့ဗျာ။

**နိဗ္ဗာန်ပြည်ကြီး၊ စံနီးမြတ်ရှင်၊**
**နတ်များကော်ရော်၊ ပူဇော်တာမြင်၊**
**ပစ္စည်းဖြင့်သော်၊ ပူဇော်မထင်၊**
**ငါတရား၊ မှတ်သားကျင့်ကြံလျှင်၊**
**ဤနည်းသော်၊ ပူဇော်အစစ်ပင်။**

## ဝီရိနှင့်သမာ ညီမျှစွာ

တရားအားထုတ်တဲ့ ယောဂီသည် ဝီရိယနှင့် သမာဓိတို့သည် ညီမျှရမည်၊ ဝီရိယနည်းပါး၍ သမာဓိကြီးမားနေလျှင် ထကြွအားထုတ်မှုမရှိဘဲ သမာဓိရအောင် ငြိမ်သက်စွာနေသည့်အနေဖြင့် ကောသဇ္ဇခေါ် သော အပျင်းခတ် လွှမ်းမိုးဖိစီးခြင်းခံရတတ်သည်။

ဝီရိယကြီးမား၍ သမာဓိနည်းပါးနေလျှင်လည်း တည်ကြည်မှု မရှိတော့ဘဲ အမြဲထကြွလှုံ့လပြုနေသူမှာ ရည်ရွယ်သည့်အတိုင်း အကျိုးမဖြစ်ခဲ့သော်၊ ဤအလုပ်သည် အကျိုးဖြစ်စေနိုင်မည့် အလုပ် မဟုတ်၊ သို့ဖြစ်၍ ဤအလုပ်ကိုစွန့်ပစ်ကာ အခြားအလုပ်တစ်ခုခုကို ပြုလုပ်မှ သင့်လျော်မည် စသည်ဖြင့် စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတရား လွှမ်းမိုးဖိစီးခြင်းကို ခံရတတ်သည်။

ဝီရိယကြီးမား၍ သမာဓိတို့ကို ညီမျှအောင် အားထုတ်လျှင် ပျင်းရိခြင်း ကောသဇ္ဇတရားလည်း ဝင်ခွင့်မရ၊ စိတ်ပျံ့လွင့် ခြင်း ဥဒ္ဓစ္စ တရားလည်း ဝင်ခွင့်မရ၊ နှစ်ပါးစုံညီမျှသည့်အတွက် အပ္ပနာခေါ် သော ဈာန်သမာဓိတရားကို လျင်မြန်စွာ ရနိုင်သည်။

သတိနေ္ဒြမှုကား ပိုလွန်သောဟူ၍မရှိ၊ လိုလျှင်သာ လိုမည် ထို့ကြောင့် "သတိသည် စားဖွယ်ဟင်းလျာ ဟူသမျှတို့၌ ပါဝင်ရသော ဆားနှင့်တူ၏ဟူ၍လည်းကောင်း အလုံးစုံသော မင်းအရေးကိစ္စတို့၌ ပါဝင်ရသော အမတ်ချုပ်ကြီးနှင့်တူ၏ ဟူ၍လည်းကောင်း" ကျမ်းဂန် တို့၌ ပြဆိုထား၏။

သို့ဖြစ်၍ သတိကို အစွမ်းကုန်ထား၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယ နှင့် သမာဓိတို့ကို အညီအမျှ ပွားများအားထုတ်ရာ၏။ တစ်ခုခုပိုနေလျှင် အပြစ်ရှိသည်။

ဤအကြောင်းကို ညောင်ကန်ဆရာတော် ဦးဗုဓ်က-

**ဝီရိယလွန်လျှင် ပြန့်သည်၊**
**သမာဓိလွန်လျှင် တွန့်သည်၊**
**သတိမူကား လွန်သည်မရှိ -**

ဟုရေးသား ဆုံးမတော်မူသည်။

မြတ်စွာဘုရားအလောင်းတော် ဒုက္ကရစရိယကျင့်တော်မူ ခဲ့ရပုံကို ပဏ္ဍာသပါဠိတော်ကြီး ဗောဓိရာဇကုမာရသုတ် ပါရာသိသုတ် တွေမှာ ပြန်ပြီးဟောပြတော်မူထား၏။

ဒုက္ကရစရိယာ ကျင့်တဲ့နေရာမှာ သည့်ထက် ပြင်းပြင်းထန်ထန် ကျင့်တဲ့ပုဂ္ဂိုလ် ရှေးကလည်းမရှိခဲ့ဖူး၊ ခုလည်းမရှိဘူး၊ နောင်လည်း ရှိမှာမဟုတ်ဘူး ဟုမိန့်တော်မူ၏။

ဧတာဝ ပရမ နယိတော ဘိယျော (မဇ္ဈိမ - ၂၈၉)

ဘယ်သူမှ သည့်ထက်ပင်ပန်းအောင် ကျင့်နိုင်တဲ့သူ မရှိနိုင် တော့ဘူးလို့ ဆိုလိုတာပေါ့။

ကိုယ်နှင့်အသက်ကို ဖက်ရွက်လောက်မျှ အမှုမထား၊ မြက်ခြောက်လောက်မျှအမှုမထား အသက်စွန့်ပြီးကျင့်ရတာဗျာ။

အစားအစာကို စားတယ်ဆိုရုံမျှစားတာ သစ်သီး တစ်ခြမ်း

သစ်သီးတစ်လုံး၊ ပဲပြုတ်ရေ တစ်လက်ဆွမ်းလောက်သောက်ပြီး ကျင့်တာ၊ တစ်ခါတလေ ဘာမှမစားဘူး၊ ကြာတော့ အသားအရေတွေ ခြောက်ကပ်ပြီး ညိုမည်းလာတယ်၊ ၃၂-ပါးသော လက္ခဏာတော်တွေ ပျောက်ကုန်တာပေါ့။

အရိုးပေါ်အရေတင် ဦးခေါင်းတော်ဟာလည်း ဗူးသီးနုနု နေလောင်ထားသလို တွန့်ရှုံ့ပြီး အရိုးခေါက်ခက် မျက်တွင်းဟောက်ပက် ဖြစ်သွားသည်။ ဝမ်းရေကို ကိုင်လိုက်လျှင် ကျောထိအောင် ရောက်သွားသည်၊ တကယ် မသေကောင်း မပျောက်ကောင်း၊ အရိုးအခြင် ကျဲကျဲ မည်းခြောက်သွားတာ ဆီးသွားလို့မရ၊ ဝမ်းသွားလို့မရ။

အေး- တရားဆိုတာ ပြင်းပြင်းထန်ထန် ကျင့်တိုင်း ကောင်းတာ မဟုတ်၊ လမ်းစဉ်မှန်ကန်မှုက အဓိက။ လမ်းမှားတဲ့အကျင့်မှာ ဝီရိယများတဲ့လူ ဆင်းရဲ၏၊ လမ်းမှန်တဲ့ အကျင့်မှာ ဝီရိယနည်းတဲ့သူ ဆင်းရဲ၏၊ လို့ အင်္ဂုတ္တို ပါဠိတော်မှာ ဟောတော်မူပါသည်။

## စေတနာ ကံ အဆက်ဆက်ကျေးဇူးပြု

ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြကုန်သော အမျိုးကောင်းသား အမျိုးသမီးတို့သည် ဒါန၊ သီလ၊ ဘာဝနာ ကမ္မဋ္ဌာန်းကို အထူးကြိုးစား အားထုတ်ဖို့ရာ ကောင်းလှ၏။

ဘုံဌာနကလည်း အကောင်းဆုံးဘုံ ဌာန၊

ဘဝကလည်း အကောင်းဆုံးဘဝ၊

အချိန်အခါကလည်း အကောင်းဆုံးအချိန်အခါ ဖြစ်သည်။

ရှေးလွန်လေပြီးသော ကမ္ဘာပေါင်းကုဋေတစ်သိန်း၏ အထက်၌သော်လည်း အားထုတ်အပ်ပြီးသော စေတနာကံသည် ယခုအခါ ကျေးဇူးပြုတုန်းပြုဆဲ ဖြစ်သည်။

ယနေ့ယခု အားထုတ်အပ်သော စေတနာကံသည်လည်း နောင်အနာဂတ်၌ ကမ္ဘာပေါင်း ကုဋေတစ်သိန်း အဆုံးသော်မှလည်း

ကျေးဇူးပြု၏။

**အတီတေ ကပ္ပကောဋိ သတသဟဿ မတ္ထကေပိဟိ အာယူဟိတံ ဇောရပဟိ**
**ပစ္စယော ဟောတိ။**
**ဇောရပဟိ အာယူဟိတံ ကမ္မံ အနာဂတေ ကပ္ပကောဋိ သတ-သဟဿ**
**ပရိယောသာနေပိ ပစ္စယော ဟောတီတိ။**

**(သမ္မောဒ္ဓ၊ စာ- ၂၄)**

## ကမ္ဘာပျက်သော်လည်း ကံမပျက်

စဉ်းစားကြည့်လျှင် အလွန်အားတက်ဖွယ်ကောင်း၏။ အရိမေတ္တေယျဘုရားရှင်သည် ဤကမ္ဘာမှာပွင့်မည်။ မိမိတို့ ဆည်းပူး အားထုတ်သော စေတနာကံတို့ကား ကမ္ဘာကုဋေ တစ်သိန်းတိုင်အောင် အကျိုးဆက်မကုန်နိုင်ဘူး။ နိဗ္ဗာန်ကိုရည်မှန်း၍ တောင့်တပြုအပ်သော ဝိဝဋ္ဋကုသိုလ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာသော်လည်း ပျောက်ပျက်ခြင်းမရှိလို့ ထေရအဋ္ဌကထာမှာလည်း ပြဆိုထား၏။

**ဇဝံ ဝိဝဋ္ဋံ ဥဒ္ဒိဿ ကုသလစိတ္တံ -လ - နသက္ကာ ဝတ္တုံ။**
(ဝင်္ဂီသထေရဂါထာ -ဒု၊ စာ- ၅၄၁)

သုမေဓာရသေ့သည် ဒီပင်္ကရာဘုရားထံမှာ ဗျာဒိတ်ခံယူပြီး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်တွေ ဖြည့်ကျင့်လာခဲ့တာ သူဖြည့်ခဲ့တဲ့ပါရမီ၊ သူအားထုတ်ခဲ့တဲ့ စေတနာကံတို့သည် "သတဥ္စ ဓမ္မော န ဇရံ ဥပေတိ" အရ မပျောက်ပျက် မဆွေးမြည့်တဲ့ အတွက်ကြောင့် ဂေါတမဘုရား ဖြစ်လာ၏။

ယောဂီတွေလည်း ဗုဒ္ဓါနုဿတိ - မေတ္တာ - အသုဘ - မရဏာဿတိ - အာနာပါန ကုသိုလ်တွေ၊ မိမိတို့အားထုတ်ခဲ့တဲ့ စေတနာကံ အကြောင်းတရားတွေ မပျောက်ပျက် မဆွေးမြည့်တဲ့ အတွက်ကြောင့် နိမိတ်ရလာတာ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး၊

ကိုယ့်ကိုယ်ကို လျှော့မတွက်နဲ့၊ ဆက်ကြိုးစားကြ။

**မင်္ဂကိုရရန် သမထ–ဝိပဿနာမျိုးစေ့ စိုက်ပျိုးကြ**

**အာယတိံ မဂ္ဂလာဘာယ၊ ဗီဇံ ကရေယျ ဘာဝနံ၊**

**ဗီဇာဘာဝေ ကုတော မဂ္ဂေါ၊ မဂ္ဂဗီဇာဟိ ဘာဝနံ။**

အာယတိံ၊ နောင်အခါ၌။ မဂ္ဂလာဘာယ၊ မင်္ဂကိုရခြင်းငှါ၊ ဘာဝနံ၊ သမထ-ဝိပဿနာဟု ဆိုအပ်သော။ ဗီဇံ၊ မင်္ဂမျိုး စေ့ကို၊ ကရေယျ၊ စိုက်ပျိုးပြုလုပ်ရာ၏။ ဗီဇာဘာဝေ၊ မင်္ဂမျိုးစေ့ မရှိတဲ့ပုဂ္ဂိုလ်သည်၊ ကုတော မဂ္ဂေါ၊ မင်္ဂကိုဘယ်လိုရမလဲ။

ဟိ သစ္စံ၊ မှန်၏။ မဂ္ဂဗီဇာ၊ မင်္ဂမျိုးစေ့ဖြစ်သော။ ဘာဝနံ၊ သမထ- ဝိပဿနာကို၊ ကရေယျ၊ စိုက်ပျိုးပြုလုပ်ရာ၏။

တောင်သူလုပ်တဲ့အခါမှာ မျိုးစေ့မရှိရင် အပင်မစိုက်နိုင်၊ အပင်မစိုက်နိုင်လျှင် အသီးမရသလို သမထ- ဝိပဿနာမျိုးစေ့မရှိလျှင် မင်္ဂကိုမရနိုင်ဘူး။

ဒါကြောင့် နောင်အခါ၌ မင်္ဂကိုရဖို့ရန် သမထ- ဝိပဿနာ မျိုးစေ့ကို စိုက်ပျိုးရမည်။

**မဂ္ဂဗီဇော အပါယေပိ၊ နိမ္မုဂ္ဂေါ သမယေဂတော။**

**ဥမ္မုဇ္ဇိတွာ ဗုဒ္ဓါနံ၊ မဂ္ဂံ လဘေယျ သန္တိကေ။**

မဂ္ဂဗီဇော၊ မင်္ဂမျိုးစေ့ရှိတဲ့ပုဂ္ဂိုလ်သည်။ အပါယေ၊ သေခါ နီးကာလ၌ မကောင်းနှလုံးသွင်းမိလို့ အပါယ်ဘုံ၌။ နိမ္မုဂ္ဂေါပိ၊ နှစ်မြုပ်သွားပါသော်လည်း။ သမယေဂတော၊ မင်္ဂရချိန်ရောက်သည် ရှိသော်၊ ဥမ္မုဇ္ဇိတွာ၊ အပါယ်ဘုံမှပေါ်၍၊ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏၊ သန္တိကေ၊ အထံ၌၊ မဂ္ဂံ၊ မင်္ဂကို၊ လဘေယျ၊ ရရာ၏။

တရားအားထုတ်ထား၍ မင်္ဂမျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်သည် သေခါနီးကာလ၌ အပါယ်လေးဘုံ နှစ်မြုပ်သွားပါသော်လည်း မင်္ဂရချိန်

ရောက်သည်ရှိသော် အပါယ်ဘုံမှလွတ်၍ ဘုရားရှင်တို့အထံ၌ မဂ်ကို ရနိုင်ပါသည်။

**အပီဇဿ တု သံသာရော၊ ဒီဃောဃေဝ အနန္တိကော၊**

**တသ္မာ ဟိ ဘာဝနာဗီဇံ၊ ကရေယျ မောစနတ္ထိကော။**

အပီဇဿ၊ မဂ်မျိုးစေ့မရှိတဲ့ ပုဂ္ဂိုလ်၏။ သံသာရော၊ သံသရာ သည်။ ဒီဃောဃေဝ အနန္တိကော၊ ရှည်လျား၏။ တသ္မာဟိ၊ ထို့ကြောင့်၊ မောစနတ္ထိကော၊ သံသရာမှလွတ်လိုသော ပုဂ္ဂိုလ်သည်၊ ဘာဝနာဗီဇံ၊ သမထ-ဝိပဿနာဘာဝနာ မျိုးစေ့ကို၊ ကရေယျ၊ စိုက်ပျိုးပြုလုပ်ရာ၏။

တရားအားမထုတ်၍ မဂ်မျိုးစေ့မရှိသောပုဂ္ဂိုလ်၏ သံသရာ ခရီးသည် ရှည်လျား၏ သံသရာမှ လွတ်လိုတဲ့ပုဂ္ဂိုလ်သည် သမထ-ဝိပဿနာ မဂ်မျိုးစေ့ကို စိုက်ပျိုးပြုလုပ်ရာ၏။

## ဝိပဿနာ အကျိုး

ညဉ်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။

## သတိမမေ့ပုံ

တစ်ခါတုန်းက လူတစ်ယောက်သည် သိန်းတစ်ရာ ငွေထုပ်ကို ပိုက်ပြီး ရထားနဲ့ခရီးသွား၏။ ငွေထုပ်ပိုင်ရှင်သည် သူ့ငွေပျောက်သွားမှာ၊ သူများလုသွားမှာ စိုးရိမ်တဲ့အတွက်ကြောင့် သူ့ငွေထုပ်ကို အမြဲတမ်း ဂရုစိုက်၏။

ငွေထုပ်ပျောက်သွားရင် သူ့ဘဝပျက်စီးသွားတာနဲ့ အတူတူပါပဲ၊ ဒါကြောင့်-

**သွားလည်း ငွေထုပ်ဆီကို စိတ်ရောက်၏။**

ရပ်လည်း ငွေထုပ်ဆီကို စိတ်ရောက်၏။
ထိုင်လည်း ငွေထုပ်ဆီကို စိတ်ရောက်၏။
အိပ်လည်း ငွေထုပ်ဆီကို စိတ်ရောက်၏။

အိပ်ရာကနိုးလာတာတောင်မှ သူ့ငွေထုပ်ဆီကို စိတ်က တန်းရောက်၏။ လက်ကလည်း ငွေထုပ်ကို စမ်းသပ်ပြီးသားဖြစ်နေ၏။ သူ့ငွေထုပ်ကို အမြဲတမ်း သတိမမေ့ဘဲနဲ့ ဂရုတစိုက် စောင့်ရှောက်သလို၊

ထို့အတူ ယောဂီလည်း သတိမမေ့ဘဲနဲ့ ကြိယာပုတ်လေးပါးလုံး ကိုယ့်နှာခေါင်းကလေးကို တန်ဖိုးရှိစွာအသုံးချနေဖို့ မှတ်နေဖို့ လိုအပ်ပါသည်။ သတိမမေ့ဘဲနဲ့ မှတ်မယ်ဆိုရင် သိန်းတစ်ရာငွေထုပ်ထက် အဆပေါင်းများစွာ တန်ဖိုးတွေ တရားတန်ခိုးတွေ သင်ယောဂီ ရလာပါလိမ့်မည်။

## သေမည့်နေ့သိတဲ့ ဦးလူမောင်

ကန္တီမြို့နယ်၊ အင်ချောင်ရွာမှာ တရားအမြဲအားထုတ်နေတဲ့ ဦးလူမောင်သည် သူ့မှာရောဂါရပြီး သူ ဒီရောဂါနဲ့သေရမည်ကို သေခါနီးအချိန်ကာလ၌ သူကိုယ်သူသိလာ၏။

တစ်နေ့သောအခါ သူကိုယ်တိုင် ရေချိုးမလို့ပြင်ဆင်နေသောအခါ သားသမီးတွေက 'အဖေ ဘာလုပ်မလို့လဲ' မေး၏။ သူသည် 'ငါရေချိုးမလို့' ဆိုပြီး သားသမီးတွေကို ပြောပြနေ၏။ သားသမီးတွေက 'အဖေ နေမကောင်းဘူးဆို ဘာလို့ရေချိုးချင်တာလဲ' ဟု ပြန်မေး၏။

သူက ပြန်ပြောသည်၊ 'နင်တို့ အပူမပါ၊ ငါ့ဟာငါရေချိုးမယ်၊ ရေချိုးပြီး ငါဝတ်ဖို့ အဝတ်သစ်တစ်စုံ ယူလာခဲ့' ပြောပြီး 'ငါ့နားကို ဘယ်သူမှ မလာနဲ့' လို့လည်း သတိပေး၏။ ဒီလိုနဲ့ ဦးလူမောင်သည် တရားအမှတ်ကလေးနဲ့ ခုတင်ပေါ်မှာ သေသွားပါသည်။

ဦးလူမောင်သည် သူသေမယ့်ရက်ကိုလည်း သူသိ၏။ ဘယ်ချိန်သေမယ်ဆိုတာလဲ သူသိ၏။ တို့ယောဂီတွေလည်း တရားကို ကြိုးစားမှတ်လျှင် ဦးလူမောင်လို သေမည့်အချိန်ကို သိနေမှာပါပဲ။

**ဘာဝနာပွား၊ ကျိုးသွားငါးဖြာ၊**
**ရုပ်ဆင်းကြည်လင်၊ ဉာဏ်မြင်တိုးလာ၊**
**စည်းစိမ်တက်မည်၊ သက်ရှည်ကျန်းမာ၊**
**အမှတ်ရှင်း၊ ချက်ချင်းချမ်းသာစွာ။**

*

## အရဟတ္တဖိုလ်ဉာဏ်ရမှုပြီး

သမထယာနိကခေါ် သမထ ဥပစာရသမာဓိတည်းဟူသော လှေ၊ သင်္ဘော၊ ဖောင်ကိုစီး၍ ဘေးပေါင်းမျိုးစုံလှသည့် မဟာသမုဒ္ဒရာ ပင်လယ်ရေပြင်ကျယ် အနန္တကိုကျော်ဖြတ်ကာ ချမ်းချမ်းသာသာ ခေမာအမတ မည်တဲ့ နိဗ္ဗာန်သို့သွားသည့် ယောဂီမည်၏။ နိဗ္ဗာန် ခရီးသည် - ပေ့ါ။

ဈာန်ယာဉ်စီးသွားနိုင်ပါက သက်သာချမ်းသာမှုတွင် ပြော မဆုံးနိုင်လောက်အောင် သက်သာချမ်းသာလှတယ်လို့ ဆိုကြပါသည်။

## ခေတ်အလိုက် ဥပမာပြရသော်

အညံ့ဆုံးယာဉ်ကို သူဆင်းရဲ၊ လူမွဲ၊ ဘုန်းကံနည်းသူတို့ စီးကြရသည်။ အကောင်းဆုံး အမွန်မြတ်ဆုံးယာဉ်ကို သူဌေးသူကြွယ်၊ မင်း၊ ဘုန်းကံကြီးမားသူတို့သာ စီးကြရသည်။

ဆင်းရဲသူ၊ မွဲသူ၊ ဘုန်းကံနည်းသူတို့က ညံ့သောလှေ၊ လှည်း၊ ယာဉ် စသည်ကို စီးသွားကြသည်။

ချမ်းသာသူ၊ သူဌေးသူကြွယ်၊ ဘုန်းကံကြီးသူတို့က အကောင်းဆုံး မော်တော်ကား၊ သင်္ဘော၊ ရထား ပထမတန်းလေယာဉ်ပျံ စီးသွားကြသည်။

ဒါကြောင့် ဆင်းရဲသူ၊ မွဲသူ၊ ဘုန်းကံနည်းသူအဖြစ်မျိုးနှင့် လှေ၊ လှည်း၊ ဖောင်ကိုစီးပြီး ခရီးသွားမလား၊

ချမ်းသာသူ၊ သူဌေးသူကြွယ်၊ မင်း၊ ဘုန်းကံကြီးသူအဖြစ်မျိုးဖြင့် မော်တော်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ကိုစီးကာ ခရီးသွားမလား၊

မိမိကြိုက်ရာဖြင့် စီးကာ ခရီးသွားနိုင်ကြပါစေ။

ထို့အတူ ဆင်းရဲသူ၊ မွဲသူ၊ ဘုန်းကံနည်းသူအဖြစ်မျိုးဖြင့် နိဗ္ဗာန်သွားလိုက ဝိပဿနာယာဉ်ကို စီးသွားပါ။

ချမ်းသာသူ၊ သူဌေးသူကြွယ်၊ မင်း၊ ဘုန်းကံကြီးသူ၊ ဈာန်ဌေးသူ၊ ဈာန်ပေါ်သူအဖြစ်မျိုးဖြင့် နိဗ္ဗာန်သွားလိုက သမထယာဉ် ဈာန်ယာဉ်ကို စီးကာသွားပါ။ မိမိကြိုက်ရာကို စီးသွားနိုင်ပါသည်။ ဥပစာရသမာဓိကိုလည်း သမထယာနိကဟု ခေါ်နိုင်ပါသည်။

မြတ်စွာဘုရားက-

သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နကုလပိတုဝဂ်၊ သမာဓိသုတ်)

ထိုထိုသို့သော သုတ်ဒေသနာ အဖြာဖြာတို့၌ အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် မိန့်မြွက်ဟောပြတိုက်တွန်းချက်အရ ခေတ်ကာလ သက်တမ်း ကျန်းမာမှု ကိစ္စရိယာပုတ်တို့ကို ထောက်ဆ၍ ဈာန်တည်းဟူသော “အပ္ပနာသမာဓိ” ကို မဖြစ်စေနိုင်သော်လည်း “ဥပစာရသမာဓိ” မျှဒလောက်ကိုတော့ ရအောင်အားထုတ်သင့်ကြပါသည်။

သာသနာပ သမထကမ္မဋ္ဌာန်း အဆုံး၌ကား ဈာန်ရလျှင်ပြီးဆုံး၏။ သာသနာတွင်း သမထကမ္မဋ္ဌာန်း အဆုံးကတော့ ဈာန်ရရုံနှင့် မပြီးဆုံးသေး။ အရဟတ္တဖိုလ်ဉာဏ်ရမှ ပြီးဆုံး၏။ ဒါကိုလည်း အကျဉ်းခွဲခြားပြီး ထူးခြားဟန်ကို မှတ်ပါ။

*

## မကောင်းမှုရှင်း ကောင်းမှုသွင်း စိတ်ရှင်းဖြူပါစေ

ဘုန်းကြီးတို့ ယောဂီသူတော်စင်တွေ နံနက်ခင်းမှာလည်း အစောကြီးထပြီး တရားဘာဝနာကို ရှုမှတ်ကျင့်ကြံပွားများအားထုတ်ကြ၏။

ဒီလိုအားထုတ်ပါများလာတော့ မိမိရဲ့သန္တာန်မှာ အစမထင် သံသရာက ပါလာတဲ့ နီဝရဏ အညစ်အကြေးတွေကလည်း အာနာပါန ရေဖြင့် ဆေးကြောမှသာလျှင် ပြောင်နိုင်၏။

ဥပမာပြောရလျှင်- ရေကြောင့်ဖြစ်တဲ့ ရွံ့ညွန်အညစ်အကြေးကို ရေဖြင့်ဆေးကြောမှ ပြောင်စင်နိုင်သကဲ့သို့ စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ် နီဝရဏအညစ်အကြေးကို သမထဝိပဿနာတရားတွေကို မှတ်တဲ့စိတ်ဖြင့်ဆေးကြောမှ ပြောင်စင်နိုင်ပါ၏။

တစ်နေ့လုံး တရားမှတ်ပါများတော့ ရှေ့နောက်နှစ်ရပ် အမှတ်ဆက်စပ်တယ်လို့ ခေါ်သည်။ တရစပ် မဟုတ်သော်လည်း ရှေ့သမာဓိနှင့် နောက်သမာဓိကို ဆက်စပ်ပေးလိုက်တာပဲ။

ရှေ့သမာဓိနှင့် နောက်သမာဓိကို ဆက်စပ်တဲ့နေရာမှာ သံကွင်းဆက်နဲ့တူ၏။ ပထမသံကွင်း၊ ဒုတိယသံကွင်း၊ တတိယသံကွင်း ဆိုတဲ့ ကြိုးကွင်းများရှိတဲ့အနက် ပထမသံကွင်းသည် ဒုတိယသံကွင်းနဲ့ ဆက်စပ်နေ၏။ ဒုတိယသံကွင်းသည် တတိယသံကွင်းနဲ့ ဆက်စပ်နေ၏။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"

ဆွေမျိုးသားချင်းမိတ်သင်္ဂဟတွေက မင်းအမေ ဘယ်သွားလဲလို့ မေးရင် ကျန်ခဲ့တဲ့သားသမီးတွေက တို့အမေက ရိပ်သာသွားပြီး တရား အားထုတ်နေတာလို့ပြော၏။ အမေ တရားထိုင်ခြင်းကို အစွဲပြုပြီး ကျန်ခဲ့တဲ့ သားသမီးတွေမှာလည်း ကုသိုလ်ရ၏။

လေထိရာနှာသီးဖျားကို စူးစိုက်မှတ်နေသည့်အခါ အာရမ္မဏာဓိပတိပစ္စည်း ဖြစ်သည်။

တရားအားထုတ်ချင်တဲ့ စိတ်ဖြစ်တော့ ဆန္ဒာဓိပတိပစ္စည်းဖြစ်သည်။ စိတ္တာဓိပတိပစ္စည်းဖြစ်သည်။ ကြိုးစားပမ်းစားအားထုတ်လျှင် ဝီရိယာဓိပတိပစ္စည်း ဖြစ်သည်။

ရုပ်နာမ်ဖြစ်ပျက်ကိုမြင်တော့ ဝီမံသာဓိပတိပစ္စည်း ဖြစ်သည်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။**

နံနက်ခင်းကုသိုလ်က နေ့လယ်ကုသိုလ်ကို၊

နေ့လယ်ကုသိုလ်က ညနေကုသိုလ်ကို၊

ညနေကုသိုလ်က ညဘက်ကုသိုလ်ကို သွားပြီး ကျေးဇူးပြုတော့ အနန္တရပစ္စည်းဖြစ်တာပေါ့။

ရှေးရှေးဘဝက တရားအားထုတ်ခဲ့တဲ့ ကုသိုလ်မျိုးစေ့တွေကမ္မပစ္စည်းတွေပါလို့ ဒီဘဝမှာ အကျိုးပေးဝိပါက ပစ္စည်းအနေနဲ့ အခုလို တရားအားထုတ်ဖြစ်တာ၊ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး၊ ဆက်ကြိုးစားကြ။ ကမ္မဋ္ဌာန်းတရားတွေ ကျင့်ကြံအားထုတ်တဲ့အချိန်မှာ လောဘ၊ ဒေါသ စတဲ့အကုသိုလ် ကိလေသာတွေကျဲနေ၏၊ ခေါင်းပါးနေ၏၊ သဗ္ဗပါပဿ အကရဏံ- အကုသိုလ်ကို မပြုလုပ်တာနဲ့ အကုသိုလ်တွေ ရှင်းပစ်နေတာဟာ အတူတူပဲ။

တရားကျင့်ပါများသည့်အခါ ရှေးရှေးကုသိုလ်သည် နောက်ကုသိုလ်ကို ကျေးဇူးပြု၏။ ရှေးကုသိုလ်နှင့် နောက်ကုသိုလ် ဆက်စပ်နေလျှင် ကုသလဿ ဥပသမ္ပဒါ ကုသိုလ်တွေ ပြည့်စုံနေ၏။ ကုသိုလ်ဘက်ထရီတွေ အမြဲတမ်းအားသွင်းနေ၏။

မိမိရဲ့သန္တာန်မှာ နီဝရဏအညစ်အကြေးတွေ ကင်းစင်ပြီး "သစိတ္တပရိယောဒပန" မိမိစိတ်ကလေး ဖြူစင်လာ၏၊ စင်ကြယ်လာ၏။

ဒါတွေဟာ ဂင်္ဂါဝါဠုသဲစုမက ပွင့်ကြတဲ့ ဘုရားအဆူဆူတွေရဲ့စကားတွေပဲ။

**မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူပါစေ၊**

**မှတ်ပါမမှား၊ ဤသုံးပါး၊ ဘုရားဟောခဲ့ပေ။**

✳

## နီဝရဏ အညစ်အကြေး အာနာပါနရေဖြင့်ဆေး

ကိံသုကောပမသုတ် အဋ္ဌကထာ-၁၀၃ ၌ပြသော စကြာမင်းသည် ပြောဆိုဆုံးမခက်သော သားတော်မင်းသားကို ပညာရှိအမတ်လိမ္မာအား စစ်သူကြီးကို အကူအညီပေးပြီး ဆုံးမစေသော ဥပမာဝတ္ထုရှိ၏။

ပညာရှိအမတ်လိမ္မာနှင့် ဝိပဿနာကမ္မဋ္ဌာန်းတူ၏၊ စစ်သူကြီးနှင့် သမထကမ္မဋ္ဌာန်းတူ၏၊ မင်းသားရဲ့ အပေါင်းအဖော် အရက်သမားနှင့် နီဝရဏတရားတူ၏။

အဖော်အရက်သမားတွေ ထွက်ပြေး၊ အရက်တန်ခိုးအရှိန်သေ အမူးပြေနေသော မင်းသားက စစ်သူကြီးကိုကြောက်၍ ဖခမည်းတော် မင်းကြီး၏ စကားကိုလိုက်နာရသကဲ့သို့ နီဝရဏတရားသည် ဝင်သည် တစ် စသော သမထကမ္မဋ္ဌာန်းကို ကြောက်၍ ထွက်ပြေးသည်နှင့်တူ၏။

**အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေခဏေ၊**

**ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေမလမတ္တနော။**

ကမ္မာရော၊ ရွှေပန်းတိမ်သည်သည်။ ရဇတဿ၊ ငွေ၏။ မလံ၊ အညစ်အကြေးကို။ နိဒ္ဓမေက္ကဝ၊ တဖြည်းဖြည်း ထုတ်ပစ်သကဲ့သို့။ မေဓာဝီ၊ ပညာရှိသည်။ အနုပုဗ္ဗေန၊ အစဉ် သဖြင့်။ ထောကံ ထောကံ၊ အနည်းငယ်၊ အနည်းငယ်။ ခဏေ ခဏေ၊ အခွင့်ရတိုင်း အခွင့်ရတိုင်း၊ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော၊ မလံ၊ နီဝရဏ အညစ် အကြေးကို၊ နိဒ္ဓမေ၊ ဝင်သည်တစ်စသည့် အာနာပါန ရေဖြင့် တဖြည်းဖြည်း ထုတ်ပစ်ရာ၏။

ရွှေပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကိုဖြစ်စေ၊ ငွေ၏အညစ်အကြေးကိုဖြစ်စေ အခွင့်ရတိုင်း တဖြည်းဖြည်းထုတ်ပစ်သကဲ့သို့၊

တရားအလုပ်ပွားများအားထုတ်တဲ့ ယောဂီသည် အစမထင် သံသရာကပါလာတဲ့ နီဝရဏအညစ်အကြေးကို အခွင့်ရတိုင်း အခွင့်ရတိုင်း ဝင်သည်တစ် စသည် အာနာပါနရှေဖြင့် ထုတ်ပစ်ရမယ်လို့ ဆိုလိုပါသည်။

## တရားကြိုးစားလွန်ကြီးပွား

၁။ အသိမစင်၊ မကြည်လင်၊ စွမ်းအင်ဆုံးရှုံးသည်။

၂။ အသိစင်ကြယ်၊ ဂုဏ်ရည်ကြွယ်ကာ၊ ထူးခြားလာ၊ သိက္ခာပြည့်စုံသည်။

၃။ သိက္ခာပြည့်စုံ၊ အားလုံးယုံ၊ ဝိုင်းအုံဆည်းကပ်မြတ်နိုးသည်။

၄။ ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြသည်။

၅။ တရားကိုမုန်း၊ မကျင့်သုံး၊ ဆုံးရှုံးပျက်စီးသည်။

၆။ တရားခင်မင်၊ ကျင့်သုံးလျှင်၊ စည်ပင်တိုးတက် ကြီးပွားသည်။

ဒီလင်္ကာစာပိုဒ်လေးတွေဟာ အပိုအလိုမရှိ ကျစ်ကျစ်လျစ်လျစ် ရသမြောက်အောင် ဖွဲ့ဆိုရေးသားထားတာကို တွေ့ရပါသည်။ လက်ာ် ဖတ်လိုက်ရ၊ နားထောင်လိုက်ရတာနဲ့ပဲ အဓိပ္ပာယ်ကို ရှင်းခနဲ နားလည် သဘောပေါက်သွား၏။

## (၁) အသိမစင် မကြည်လင် စွမ်းအင်ဆုံးရှုံးသည်

"မရှိတာထက် မသိတာခက်တယ်" ဆိုရိုးစကားအရ မြေဇင်းတောရဆရာတော်ကြီး ဆုံးမဩဝါဒပေးလေ့ရှိသည်၊ မရှိတာက ရှာဖွေစားသောက်လို့ရ၏။ အောက်ထစ်ဆုံး ခိုးစား၊ တိုက်စားမယ်ဆိုရင်ရ၏။ "မသိ" ဆိုမှတော့ ဘာမှလုပ်လို့မရဘူး။

လူသည် တရားအသိမှ မသိဘူးဆိုရင် မသိတော့ တရားမကျင့် ဖြစ်ဘူး၊ တရားမကျင့်လျှင် မိမိရဲ့သန္တာန်မှာ ကိလေသာ မစင်ကြယ်ဘူး၊ လောဘ၊ ဒေါသ စတဲ့ကိလေသာတွေနဲ့ နေရသည့်အခါ စိတ်ကလည်း မကြည်လင်ဘူး၊ ပူလောင်နေရတာပဲ၊ ပူလောင်နေတော့ တရားတော်ရဲ့ စွမ်းအင်တွေ ဆုံးရှုံးရ၏။

**(၂) အသိစင်ကြယ် ဂုဏ်ရည်ကြွယ်ကာ ထူးခြားလာ သိက္ခာပြည့်စုံသည်။**

တရားအသိ သိတဲ့အတွက်ကြောင့် တရားကိုကျင့်၏၊ တရား ကျင့်ပါများလျှင် မိမိရဲ့သန္တာန်မှာ အစမထင် သံသရာကပါလာတဲ့ ကိလေသာလည်း စင်ကြယ်သွား၏၊ သီလဂုဏ်-သမာဓိဂုဏ်- ပညာ ဂုဏ်၊ (တနည်း) သီလသိက္ခာ- သမာဓိ သိက္ခာ- ပညာသိက္ခာနဲ့ ပြည့်စုံသွား၏။

**(၃) သိက္ခာပြည့်စုံ၊ အားလုံးယုံ၊ ဝိုင်းအုံဆည်းကပ်၊ မြတ်နိုးသည်။**

"ဂုဏဝန္တေ ပသန္တိ ဇနာ" အရ ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်တွေကို လူတွေကမြင်ကြ၏။ သိက္ခာနှင့်ပြည့်စုံသူကို ဆည်းကပ်ကြ၏။ အနီးစပ် ဆုံးပြောရရင် မြေဇင်းတောရဆရာ တော်ကြီးဟာ သီလဂုဏ်-သမာဓိ ဂုဏ်-ပညာဂုဏ်၊ သီလသိက္ခာ-သမာဓိသိက္ခာ-ပညာသိက္ခာနှင့်ပြည့်စုံတဲ့ ဆရာတော်ဖြစ်လို့ လူတွေက ဝိုင်းအုံဆည်းကပ်ကိုးကွယ်ကြ၏၊ ကြည်ညိုကြ၏၊ ပူဇော်ကြ၏။

**(၄) ကြီးလေးလှလေ၊ အေးမြပေ၊ လူတွေချစ်ကြသည်။**

တရားကျင့်၍ သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုမြင်လိုက်ရတော့ မိမိရဲ့စိတ်ထဲ အအေးဓာတ်တွေ ကူးစက် သွားပါသည်၊ အေးမြသွားပါသည်၊ အေးချမ်းသွားပါသည်။ တရားကျင့် တဲ့သူကို လူတွေက ချစ်ခင်မြတ်နိုးကြသည်။

## (၅) တရားကိုမုန်း၊ မကျင့်သုံး၊ ဆုံးရှုံးပျက်စီးသည်။

တရားကိုမုန်းလို့ မကျင့်သုံးဘဲ အကုသိုလ်တွေ လုပ်နေမယ်ဆိုရင် ဒီဘဝမှာလည်း မိမိကိုယ်ကို သူတစ်ပါးတွေက မုန်းကြမယ်၊ ငါ အကုသိုလ်တွေ လုပ်မိခြင်းဆိုတဲ့ အတ္တာနုဝါဒဘေး၊ သူတစ်ပါးတွေက စွပ်စွဲခြင်းဆိုတဲ့ ပရာနုဝါဒဘေး၊ ထောင်ထဲ၊ အချုပ်ခန်းထဲရောက်ခြင်းဆိုတဲ့ ဒဏ္ဍဘေး၊ သေပြီး မကောင်းတဲ့နေရာရောက်ခြင်းဆိုတဲ့ ဒုဂ္ဂတိဘေး စတာတွေကျရောက်နိုင်၏။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာတွေလည်း ဆုံးရှုံးနိုင်၏။

## (၆)တရားခင်မင်၊ ကျင့်သုံးလျှင်၊ စည်ပင်တိုးတက်ကြီးပွားသည်။

တရားကို ခင်မင်သည့်အတွက်ကြောင့် ကျင့်သုံးမယ်ဆိုလျှင် ထိုသူကျင့်သောတရားက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံကို မကျရောက်အောင် ကာကွယ်စောင့်ရှောက်ပါသည်။

ဥပမာ။ ။ နေပူထဲမှာဖြစ်ဖြစ်၊ မိုးရွာထဲမှာဖြစ်ဖြစ် ထီးကိုင်သွားသူသည် ထိုသူကိုင်သောထီးက နေမပူအောင်၊ မိုးမရွဲအောင် စောင့်ရှောက်သလို တရားကျင့်လျှင် အပါယ်လေးဘုံကို မကျရောက်အောင် ကာကွယ်ပါသည်၊ စောင့်ရှောက်ပါသည်၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရစေနိုင်ပါသည်၊ အစဉ်အမြဲ တိုးတက်ကြီးပွားပါသည်။

## နိမိတ်ဆိုတာဘာလဲ

နိမိတ်ဆိုတာ ပါဠိစကား၊ နိမိတ္တ- မြန်မာလိုအကြောင်း၊ ဘာအကြောင်းလဲဆိုတော့-

ကမ္မဋ္ဌာန်းရဲ့အကြောင်း၊ ကမ္မဋ္ဌာန်းအာရုံလို့ ဆိုတယ်။

အဲဒီ နိမိတ်ဆိုတာကလည်း-

လူရုပ်၊ နတ်ရုပ်၊ သဏ္ဌာန်ပညတ်ကို ပြောတာမဟုတ်ဘူး၊ အလင်းအရောင်နိမိတ်၊ ကမ္မဋ္ဌာန်းဘာဝနာ သမာဓိစွမ်းအားကြောင့်

ဖြစ်ပေါ်လာတဲ့ အလင်းရောင်-

ပထမတော့ မီးခိုးတိမ်တိုက်လို ခပ်ညစ်ညစ်မည်းမည်း ဝါဂွမ်းစလေးလို သာမညပဲ။

နောက် သမာဓိအားကောင်းလာလေ လင်းလေ လင်းလာ တတ်ပါတယ်။ တစ်ခါတစ်ရံ နေပူထဲမှာ ချထားတဲ့မှန်ကို မကြည့်နိုင် အောင် လင်းလာတဲ့ ဝင်းဝင်းတောက်တောက်အလင်းလဲ တွေ့ကြ ရပါတယ်။

အဲဒီသမာဓိကြောင့် ထင်လာတဲ့ အလင်းကိုပဲ နိမိတ်ခေါ်တာပါ။

(မြေဇင်းတောရ ဆရာတော်ကြီး သြဝါဒမှ)

## ဒုမှာရှည်တိုသိ (ဒုတိယနည်း)
## ပင်လယ်ကူး(၁)

**ဒီဃံဝါ အဿသန္တော ဒီဃံ အဿမီတိ ပဇာနာတိ။**

**ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။**

**ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။**

**ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။**

ဒီအာနာပါနဒုတိယနည်းက လေနှင့် စိတ်ကို အပြင်ပို့ရမှာ ဖြစ်သည်။

ယောဂီသည် ပထမနည်း၌ နိမိတ်ထိုင်တိုင်းလာခဲ့သော် လည်းကောင်း သို့မဟုတ် တစ်နေ့ (၈) ကြိမ်ထိုင်က (၄)ကြိမ်လောက် လာခဲ့သော်လည်းကောင်း ဒုတိယနည်းပြောင်းရ၏။

ကိုယ့်နိမိတ်သည် အခါတိုင်းဝါယူဝါမှုတ် (၂၀) လောက် လာတယ်ဆိုပါစို့၊ နောက်ထပ် (၂၀)လောက်ပိုလုပ်ပြီး ဝါယူဝါမှုတ်ကို နားပြီးရပ်ပြီး ဒုတိယနည်းကိုပြောင်းရသည်။

## နိမိတ်ပို့လွှတ်ပုံ

ပထမဆုံး မျက်နှာပဝါမစည်းခင် ကိုယ်နေတဲ့ ကျောင်းနံရံကို မျက်နှာမူပြီး၊ တစ်တောင်လောက် အကွာအဝေးမှာ နေရာယူထိုင်ပါ။ နံရံမှာ အမှတ်အသားအဝိုင်းတစ်ခု ပြုလုပ်ထားပါ။ အဲဒီအဝိုင်းကို တရားမထိုင်မီ ကြည့်ထားမှတ်ထားပါ။

ယောဂီသည် အစဦးဆုံး မှတ်နေကျအတိုင်းမှတ်ပြီး နိမိတ်လာတဲ့အခါမှသာ ပို့ရပါသည်။ ပို့ခါနီး မိမိစိတ်ကလေး ဘယ်မှ မရောက်အောင် တည်တည်ငြိမ်ငြိမ်ထားပါ။ ပို့ခါနီး "နိမိတ်ကို မကြည့်နဲ့"၊ ကိုယ်ပို့မယ့် နံရံဆီကိုပဲ စိတ်ကညွှတ်ပြီး ပို့ထားပါ။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေကို ဆွဲပြီးလွှတ်လိုက်တာနဲ့တစ်ပြိုင်နက် စိတ်က နံရံမှာ ကိုယ်မှတ်ထားတဲ့ နေရာဆီ ပို့လိုက်ပါ။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေနှင့် စိတ်ကို နံရံက ကိုယ်မှတ်ထားတဲ့ နေရာဆီပို့လိုက်ပါ။

"ရှည်ရှည် ရှိုက်မည်" ဆိုပြီး ဝင်လေနှင့် စိတ်ကို နှာသီးဖျား ပြန်ယူလိုက်ပါ။

ဒီလိုနဲ့ ပို့လိုက်ယူလိုက် လုပ်ပါများလာတော့ နိမိတ်ကလေးသည် "ရှည်ရှည် ရှူမည်"၊ ထွက်လေနဲ့ စိတ်ကို နံရံဆီကို ပို့လွှတ်လိုက်တာနဲ့ ပါသွားရောက်သွားလိမ့်မည်။ နိမိတ်ကြီးထဲ ပို့က မရောက်ပါ။

"စိတ်ရောက်လျှင် နိမိတ်ရောက်သည်" ဆိုတဲ့အတိုင်း စိတ်သည် အဓိကလိုရင်းဖြစ်သည်။ နိမိတ်လာတဲ့အချိန် ကိုယ်ပို့မယ့် နေရာကို စိတ်ရောက်မှ နိမိတ်ရောက်သွားတာကို မြင်တွေ့ရပါလိမ့်မည်။

ဘယ်လိုမြင်ရတုန်းဆိုတော့-

**စက္ခုနာ ပဿန္တေဿဝ မနောဒွါရဿ အာပါထမာဂစ္ဆတိ။**

ဆိုတဲ့အတိုင်း စိတ်ထဲမှာ ပကတိမျက်စိနှင့်မြင်ရသလို မြင်ရပါသည်။

စိတ်သည် နိုင်ငံခေါင်းဆောင် သမ္မတနှင့် တူ၏။ လေနိမိတ်သည် နိုင်ငံခြားရေးဝန်ကြီးနှင့်တူ၏။ နိုင်ငံခေါင်းဆောင်သမ္မတ ခရီးထွက်တဲ့အခါ နိုင်ငံခြားရေးဝန်ကြီး အမြဲတမ်းလိုက်ပါရသလို စိတ်သွားတဲ့ နေရာမှာလည်း နိမိတ်က အမြဲတမ်းလိုက်ပါရသည်။

နိမိတ်သည် စိတ်ရဲ့တပည့်ပါ။ ကိုယ့်သားသမီး၊ ခြွေရံ တပည့်တွေ ထက် လိမ္မာပါသည်။ မရောက်ဘူးတဲ့နေရာကိုလည်း ရောက်အောင်သွား၏။ ကိုယ်မသိတာကိုလည်း ညွှန်ပြ၏။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေနှင့် စိတ်ကို နံရံက ကိုယ်မှတ်ထားတဲ့နေရာဆီ ပို့လိုက်ပါ၊ လေကိုမြင်ရ၊ မမြင်ရ ပို့လိုက်ပါ၊ အပြင်မှာ လူတစ်ယောက်လုံး လဲအောင်တိုက်တဲ့လေကိုတောင် မမြင်ရလျှင် ကိုယ့်နှာခေါင်းက လေလည်းမြင်ရ၊ မမြင်ရနံရံက မိမိ မှတ်ထားတဲ့ နေရာဆီကို ပို့လိုက်ပါ။

မိမိစိတ်သည် အိမ်တို့အပေါင်းအသင်းတွေဆီတောင် ရောက် သေး၏၊ ကိုယ့်ရှေ့နံရံက အမှတ်အသားဆီလောက်တော့ ရောက်၏။ အိမ်နဲ့ကိုယ်ရှေ့နံရံက အမှတ်အသားနဲ့ဆိုလျှင် ရှေ့နံရံက အမှတ်အသားက နီးနီးလေးပါ။ ဒါလောက်တော့ ရောက်တာပေါ့။ မိမိရဲ့ထွက်လေနဲ့ စိတ်သည်လည်း ရောက်တယ်လို့ အမှတ်သညာ ပြောင်းပေး၊ ပို့ခါနီး နိမိတ်ကိုလည်း မကြည့်နဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် မေ့ပစ်ထားပါ။

ဥပမာ။ ။ မိမိတို့ရိပ်သာထဲ တရားအားထုတ်လာကြတော့ အိမ်မှာ ဘယ်လိုဖြစ်ဖြစ် မေ့ပစ်ထားသလိုပေါ့။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေနှင့် စိတ်ကို ခပ်ဖြည်းဖြည်း ပို့လိုက်၊ လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် မျက်နှာရှေ့က နိမိတ်က နည်းနည်းလျော့သွား၊ မှိန်သွားပါလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ နံရံက အမှတ်အသားဆီ ရောက်သွားလို့ပါပဲ။ လင်းလင်းပဲရောက်ရောက်၊ ဝင်းဝင်းပဲရောက်ရောက်၊ မှုန်မှုန်ပဲရောက်ရောက်၊ ဘယ်အရောင်ပဲ ရောက်ရောက် ရောက်ဖို့အရေးကြီးသည်။

တစ်ခါတစ်ရံ လင်းလွန်းအားကြီးလျှင် ရိပ်ခနဲဖြစ်သွားမည်။ တစ်ခါတစ်ရံ ကောင်းကင်က ဂျက်လေယာဉ် သွားသလိုလည်း ဖြစ်တတ်သည်။ နံရံကြီးကို၊ နံရံကအမှတ်အသားကို မမြင်ရသည်ဖြစ်စေ၊ မြင်ရသည်ဖြစ်စေ ရောက်ဖို့အရေးကြီးသည်။

"ရှည်ရှည် ရှိုက်မည်" ဆိုပြီး နံရံက ကိုယ်ပို့ထားတဲ့ ဝင်လေနဲ့ စိတ်ကို ပြန်ယူလိုက်တာနဲ့ တစ်ပြိုင်နက် နှာသီးဖျားကို စိတ်ညွတ်ထားပါ။ စောစောကလျှော့သွား၊ မှိန်သွားတဲ့ နိမိတ်ပြန်ပြီးလင်းလာ အရောင်တောက်လာပါလိမ့်မည်။

ဒီသင်ခန်းစာကျေညက်မှ ရှေ့ဆက်အားထုတ်ရတာ အဆင်ပြေမယ်။ သံသယ- ကုက္ကုစ္စတွေ ဝင်လာတတ်သည်။ ဘာမှ တွေးတောမနေနဲ့။ ကမ္မဋ္ဌာန်းဆရာတွေ ပြောတာကိုသာ ဂရုစိုက်။ ဒီသင်ခန်းစာကျေညက်ရင် လွယ်သွားပြီ။

## ဒုတိယနည်း ပင်လယ်ကူး (၂)

**သံသရာပြင်ကျယ်၊ မြစ်ပင်လယ်မှ၊**
**မှန်း၍ထုတ်ခြောက်၊ ကမ်းကိုရောက်၍၊**
**ကူးမြောက်စေချင်၊ ဉာဏ်ဝယ်ယှဉ်လော့၊**
**ဘဝဟိုကမ်း၊ မျှော်မှန်းယောဂီ၊**
**ရုပ်နာမ်ကိုစွဲ၊ သူလည်းခုန်သည်၊**
**နိဗ္ဗာန်တွေ့၊ လွှတ်၍ပြေးဝင်သည်။**

သံသရာကြီးသည် ပင်လယ်ကြီးလိုပါပဲ၊ ပင်လယ်ကြီးကိုကူးတဲ့အခါ သွားတဲ့အခါ ခေတ်ပေါ် ကိရိယာတွေ ရေဒါတွေတပ်ဆင်ပြီးမှ ကူးသွားလို့ရသလို သံသရာခရီးကိုသွားတဲ့အခါ သတိပဲ့ထိန်းတွေ၊ ဉာဏ်ရေဒါတွေ တပ်ဆင်ပြီးမှ သွားလို့ရပါသည်။

ပင်လယ်ကြီးသည် ဟိုဘက်ကမ်း ဒီဘက်ကမ်းရှိသလို ဒုတိယနည်းသည်လည်း ဟိုဘက်ကမ်း ဒီဘက်ကမ်းရှိပါသည်၊ ယောဂီထိုင်နေတဲ့

နေရာသည် ဤဘက်ကမ်းဖြစ်၏၊ သင်ပို့မယ့် နံရံက အမှတ်အသားသည် ဟိုဘက်ကမ်း ဖြစ်၏။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေရုပ်တရားနှင့် စိတ်နာမ်တရားကို နံရံက အမှတ်အသားဆီ ပို့လိုက်ရမှာဖြစ်ပါသည်။ ရောက်တယ်လို့ အမှတ်သညာကလည်း ပြောင်းပေးရမှာဖြစ်ပါသည်။ အဲဒီလို ပို့လိုက်တော့ နိမိတ်ကလေးသည် နံရံက အမှတ်အသားဆီရောက်သွား၊ ပါသွားတာကို သူလည်း "ခုန်သည်" လို့ပြော၏၊ ဖားခုန်သလို ခုန်တာမျိုးကို ပြောတာမဟုတ်ဘူး။

မိမိတို့ ဤရိပ်သာကိုရောက်တဲ့အခါ စက်ဘီးနဲ့ပဲရောက်ရောက်၊ ကားနဲ့ပဲရောက်ရောက် ရောက်ဖို့အရေးကြီးသလို မိမိရဲ့နိမိတ်ကလေး နံရံက အမှတ်အသားဆီကို မှိန်မှိန်လေးပဲရောက်ရောက်၊ မှုန်မှုန်လေးပဲ ရောက်ရောက်၊ ဝင်းဝင်းကြီးပဲရောက်ရောက်၊ လင်းလင်းကြီးပဲရောက်ရောက် ရောက်ဖို့အရေးကြီး၏။ နံရံက အမှတ်အသား မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ရောက်ဖို့အရေးကြီး၏။

နိမိတ်ကြီးထဲပို့က မရောက်ပါ။ သင့်စိတ်က ရောက်မှ ရောက်ပါသည်။

တစ်ခါက မန္တလေးမြို့ ဗောဓိရိပ်သာက ဦးပဥ္စင်းတစ်ပါး 'အရှင်ဘုရား-တပည့်တော်၏ နိမိတ်ကြီးသည် ခြင်ထောင်အမိုးပေါ် ရောက်နေတယ်' လို့ ဦးပဥ္စင်းကို လျှောက်ထား၏။

ဒါနဲ့ ဦးပဥ္စင်းက "အရှင်ဘုရားစိတ်က ခြင်ထောင်အမိုးပေါ် ရောက်လို့၊ ရောက်တာပါ။ " လို့ ပြောလိုက်ရပါသည်။

နောက်တစ်ရက် တရားစစ်တော့ "အရှင်ဘုရား ပြောတာမှန်တယ်၊ တပည့်တော်စိတ်က နံရံရောက်သွားတော့ နိမိတ်ကလေးကလည်း နံရံရောက်သွားတယ်ဘုရား" လို့ လျှောက်ထား၏။

"ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေနှင့် စိတ်ကို နံရံက အမှတ်အသားဆီ ပို့လိုက်၊

ရှည်ရှည် ရှိုက်မည် ဆိုပြီး ဝင်လေနှင့်စိတ်ကို နှာသီးဖျား ပြန်ယူလိုက်။

ပို့ခါနီး နိမိတ်ကို မကြည့်နဲ့ ။

ဒါဆို အဆင်ပြေသွားလိမ့်မည်။

ကဲယနေ့

တစ်တောင်ပို့လို့ရရင်၊ (၂) တောင်ပို့ကြ၊

နှစ်တောင်ပို့လို့ရရင်၊ (၃) တောင်ပို့ကြ၊

သုံးတောင်ပို့လို့ရရင်၊ (၄) တောင်ပို့ကြ၊

နောက်ပိတ်ဆုံး အခန်းမှီပြီး နံရံဆီကို ပို့လိုက်ကြ။ ကဲ-သွားကြ။

## ပင်လယ်ကူး (၃)

**မိမိအိမ်မှာ နေစဉ်တုန်းက**

**ကျင့်သုံးလာတဲ့ အမူအရာတွေ**

**ခုနေချိန်မှာ ရိပ်သာရောက်လို့**

**စိတ်မှာပယ်ဖျောက် ရှောင်နိုင်စေ**

**မရှောင်နိုင်သူ ယောဂီများ**

**လေလှိုင်းဒဏ်နှင့် တွေ့ရင်လေ**

**လှိုင်းဒဏ်လေဒဏ် အသင့်ခံရလို့**

**အမြိုက်ဓမ္မနဲ့ ဝေးတတ်ပေ။**

မိမိအိမ်မှာ နေစဉ်တုန်းက လောဘ ဒေါသစတဲ့ ကိလေသာ တွေနဲ့နေပါသည်။ "ရွာ" ဆိုတဲ့အတိုင်း လောဘ ဒေါသတွေ ရွာသွန်းတဲ့ နေရာဖြစ်ပါသည်။

ခုနေချိန်မှာ "ရိပ်သာရောက်လို့" ရိပ်သာဆိုတော့ ကျောင်းကို ဆိုလိုတာပေါ့၊ ကျောင်းကိုရောက်နေတဲ့အချိန် မိမိအိမ်မှာနေတုန်းက ကျင့်သုံးလာခဲ့တဲ့ နေထိုင်လာခဲ့တဲ့ အမူအရာတွေ၊ စကားကျယ်ကျယ် ပြောတဲ့ အမူအရာတွေ၊ လောဘ၊ ဒေါသ စတဲ့ အမူအရာတွေကို

ပယ်ဖျောက်ပစ်ရမှာ ဖြစ်ပါသည်။

"ကျောင်း" ဆိုတဲ့အတိုင်း လောဘ၊ ဒေါသစတဲ့ ကိလေသာ မဖြစ်အောင် ထိန်းကျောင်းရ၏။ နိမိတ်ကိုလိုချင်တဲ့ လောဘ၊ မြတ်စွာဘုရားသည် ကိုယ့်သနားလို့မှ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ (၁၀) ပါး စွန့်ခြင်းကြီးငါးပါး ဖြည့်ကျင့်ပြီး (၆) နှစ်ပတ်လုံး အစားဆင်းရဲ၊ အနေဆင်းရဲ ကိုယ့်အသက်ကို ဖက်ရွက်လောက်မှ တန်ဖိုးမထားဘဲ တရားကျင့်ခဲ့၏၊ လဲလို့မှ ထူမဲ့သူ မရှိ၊ နေမကောင်းလို့မှ ပြုစုမဲ့သူမရှိ၊ ဒါလေးအားရှိအောင် စားပါဦးလို့ လာလှူမဲ့သူမရှိ၊ သတ္တဝါတွေသနားလို့ အသေအလဲ ကျင့်ပေးခဲ့တဲ့တရားကို မကျေနပ်တဲ့ ဒေါသ၊ ငါထိုင်တာလည်း အတော်ကြာနေပြီ၊ ခုထက်ထိ နိမိတ်က မလာသေးဘူး၊ တရားပေါ်မှာ မခံချင်တဲ့ မာန၊ ပို့လျှင် ရောက်မှ ရောက်ပါ့မလားဆိုတဲ့ ဝိစိကိစ္ဆာတွေ မဖြစ်ရအောင်၊ ကိလေသာတွေ မဖြစ်ရအောင် ထိန်းကျောင်းရပါသည်။

လောကမှာ ပင်လယ်ထဲခရီးသွားတဲ့အခါ လှိုင်းပုတ်ရင် ရေထဲရောက်ပြီး ရေထဲမြုပ်သွားသလို နိမိတ်ကိုလိုချင်တဲ့ လောဘလှိုင်းပုတ်ရင် ပြိတ္တာပြည်ရောက်သွားမယ်။ ပို့မရလို့ ဒေါသလှိုင်းပုတ်ရင် ငရဲပြည်ရောက်သွားမယ်။ ပို့လျှင်ရောက်မှ ရောက်ပါ့မလား သံသယ ဝိစိကိစ္ဆာမောဟ လှိုင်းပုတ်လျှင် တိရစ္ဆာန်ပြည်ရောက်သွားမယ်။ အပါယ်လေးဘုံ ရောက်သွားလျှင် မင်္ဂဖိုလ်နိဗ္ဗာန်အမြိုက်ဓမ္မနဲ့ ဝေးရမည်။

ဒါကြောင့် တရားအလုပ်ပွားများအားထုတ်တဲ့ ယောဂီဟာ လောဘ ဒေါသ မောဟလှိုင်းဒဏ် မမိဖို့အရေးကြီး၏။

**"မြစ်သုံး၀ ဒီရေဆိုင်၊**

**မောင်ဘုန်းလှိုင် အကြံခက်ပါဘိ၊**

**ငိုမျက်ရည်စီး၊**

**ငမန်းရယ် ငဆင်နဲ့**

**ငပုတ်သင် ရှေ့ကဆီးတယ်**

**ကမ်းကမနီး"**

ဟု အင်ချောင်ဆရာတော်ကြီး ရေးသားတော်မူပါသည်။

မောင်ဘုန်းလှိုင်သည် မြစ်သုံးဝဆုံတဲ့ ပင်လယ်ရေပြင်ကြီးမှာ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို ကူးချင်၏။

ငမန်းရယ်၊ ငဆင်ရယ်၊ ငပုတ်သင်ရယ် ရှေ့က ကာဆီးထားတော့ ဘယ်လိုမှ ဟိုဘက်ကမ်းကို မကူးရဲဘူး။ မကူးရဲသည့်အခါ ဝမ်းနည်းပြီး မျက်ရည်ကျရ၏။ ဒီလိုပဲ တရားအလုပ်ပွားများအားထုတ်တဲ့ ယောဂီသည်လည်းပဲ ဟိုဘက်ကမ်း ဆိုတဲ့ နံရံဆီကို နိမိတ်ကလေး ပို့ချင်၏၊ ရောက်ချင်၏။ ဒါပေမဲ့ ကိုယ့်နှာခေါင်းတို့၊ နိမိတ်တို့၊ စိတ်တို့ သင်ထိုင်နေတဲ့ ဒီဘက်ကမ်းမှ ကြည့်နေလျှင် ရောက်မှာမဟုတ်ဘူး။ ပို့ခါနီး အဲဒီသုံးမျိုးကို ဂရုမစိုက်နဲ့။ မကြည့်နဲ့။ သင့်စိတ်ကလေးသည် အိမ်တို့ မိတ်ဆွေတွေဆီတောင် ရောက်သေး၏၊ ယောဂီရဲ့ရှေ့က နံရံ နီးနီးလေး၊ လွယ်လွယ်လေးနဲ့ ရောက်နိုင်ပါသည်။

"ရှည်ရှည်ရှူမည်" ဆိုပြီး ထွက်လေပို့လိုက်တာနဲ့ တစ်ပြိုင်နက် ယောဂီရဲ့စိတ်က နံရံဆီကို ရောက်သွားရင် မျက်နှာရှေ့က နိမိတ်သည် လျော့သွားမှိန်သွားလိမ့်မည်။

"ရှည်ရှည်ရှိုက်မည်" ဆိုပြီး ဝင်လေပြန်ယူလိုက်တာနဲ့ တစ်ပြိုင်နက် ယောဂီရဲ့စိတ်က နှာခေါင်းကိုညွတ်ထားရင် စောစောက နံရံဆီကို ပို့လိုက်တဲ့နိမိတ်က ပြန်လာပါလိမ့်မည်။ ပြန်လာလျှင် ပိုပြီးလင်းလာ၊ ဝင်းလာပါလိမ့်မည်။

ကဲ - ယနေ့ မိမိနေတဲ့ အဆောင်ကအခန်းတွေ တစ်ခန်းချင်း ပို့ကြ။ နောက်ပိတ်ဆုံး တိုက်ရိုက်တစ်ခါတည်းပို့ကြ။

မှတ်ချက်။ ။ကိုယ်ကျောင်းမှာနေတဲ့အခါ မိမိနေတဲ့ကျောင်း၊ နီးစပ်ရာကျောင်း၊ ကိုယ်အိမ်မှာနေတဲ့အခါ မိမိနေတဲ့အိမ်၊ နီးစပ်ရာအိမ်ကို ပို့ကြ။

## တရားရမည့်သူ အချည်အချင်း (၅) ပါး
## (ပဓာနိယင်္ဂတရား)
## ပင်လယ်ကူး (၄)

တစ်ခါက မဇ္ဈိမပဏ္ဍာသပါဠိတော် ဗောဓိရာဇကုမာရ သုတ်မှာ မြတ်စွာဘုရား ဟောတော်မူထား၏။

ဗောဓိရာဇကုမာရမင်းသားသည် မြတ်စွာဘုရားရှင်ကို လျှောက်ထား၏။

"အရှင်ဘုရား ဘုရားရှင်အဆုံးအမရတဲ့ပုဂ္ဂိုလ်သည် ဘယ် လောက်ကြာကြာအားထုတ်မှ အရဟတ္တဖိုလ်ကို ရနိုင်ပါသလဲ" တဲ့။

ဒီတော့ မြတ်စွာဘုရားက-

"ကောင်းပြီ မင်းသား၊ ဒီအမေးကို သင့်ကိုပဲ ပြန်မေးမယ်၊ မင်းသား သင်သည် ဆင်စီးချွန်းကိုင်အတတ်ကို တတ်တယ်မဟုတ် လား။"

"တတ်ပါတယ်ဘုရား"

"ဒါဖြင့် ဆင်စီးချွန်းကိုင် အတတ်ပညာသင်ရအောင် လူတစ်ယောက် သင့်ထံလာပြီဆိုပါတော့၊ ဒါပေမဲ့ အဲဒီလူသည်-

၁။ ယုံကြည်မှုလည်းမရှိဘူး၊

၂။ မကျန်းမာဘူး၊

၃။ ကောက်ကျစ်စဉ်းလဲပြီး အဖြစ်မှန်လည်း ဝန်ခံမပြောဘူး၊

၄။ ပျင်းလည်း ပျင်း၏၊

၅။ အသိဉာဏ်လည်းမရှိ ထိုင်း၏။

အဲသည်လိုလူကို သင်မင်းသားသည် အတတ်ပညာ

အဲသည်လိုလူကို သင်မင်းသားသည် အတတ်ပညာ တတ်အောင် သင်ပေးနိုင်ပါမလား" တဲ့။

"အဲဒီအင်္ဂါ (၅) ပါးလုံးမပြောနှင့်၊ တစ်ခုတည်း ရှိရုံနဲ့တောင် သင်မပေးနိုင်ပါဘူးဘုရား။"

"ကောင်းပြီမင်းသား၊ ဒါဖြင့် လူတစ်ယောက်ကတော့ ယုံလည်းယုံကြည်တယ်၊ ကျန်းမာတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်၊ ဉာဏ်လည်းကောင်းတယ် ဆိုပါတော့။ အဲဒီသူကိုကော. . ။"

"ဒီအရည်အချင်း(၅)ပါး လုံးမပြောနှင့်၊ တစ်ခုတည်း ရှိရုံနှင့်လည်း တပည့်တော် ထိုသူကို ဆင်စီးချွန်းကိုင်အတတ် တတ်အောင် သင်ပေးလို့ရပါတယ် ဘုရား။"

"အေး - ငါဘုရားလည်းသည်အတိုင်းပဲ" လို့ မိန့်တော်မူကာ ပဓာနိယင်္ဂတရား ငါးပါးနှင့် ပြည့်စုံတဲ့သူသည် ၄-၅-၆ နှစ်၊ ၄-၅-၆ လ၊ ၄-၅-၆ ရက်၊ တစ်ရက်တစ်ည မဆိုထားဘိ၊

**သာယမနုသိဋ္ဌော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊**

**ပါတာမနုသိဋ္ဌော၊ သာယံ ဝိသေသံ အဓိဂမိဿတိ။**

"ညနေ တရားပေး နံနက်ရ၊ နံနက်တရားပေး ညနေရသကွာ" လို့ မိန့်တော်မူ၏။

တရားအားထုတ်တယ်ဆိုရင် တရားရမယ်လို့ ယုံကြည်ချက်ထားဖို့လိုအပ်ပါသည်၊ နိမိတ်ပို့လျှင်လည်း ရောက်မှ ရောက်ပါ့မလားလို့ သံသယထားဖို့ရန် မလိုအပ်ပါဘူး။ ပို့လျှင်ရောက်တယ်လို့ ယုံကြည်မှု ထားဖို့ရန် လိုအပ်သည်။

ကိုယ့်စိတ်က မဖြစ်ဘူးဆိုရင် မဖြစ်ပါဘူး၊ ကိုယ့်စိတ်က ဖြစ်တယ်ဆိုရင် ဖြစ်ပါတယ်၊ ကိုယ့်အလုပ်ကိုယ် ယုံကြည်ဖို့က အရေးကြီးဆုံးပါပဲ။

ရှေးက ရသေ့ကြီးတစ်ယောက်သည် တောထဲမှာ တရားအားထုတ်နေ၏၊ တူမက ဆွမ်းပို့လာတုန်း မိုးကြီးရွာချလို့ ချောင်းထဲရေကြီးနေ

တော့ ရသေ့ကြီးက သူ့တူမကို "ရေပေါ်က ဖြတ်သွားရတယ်" လို့ ပြော၏။ တူမလေးကလည်း ရသေ့ကြီးစကား ယုံပြီး ကူးသွား၏။

နောက်ကိစ္စရှိလို့ ရသေ့ကြီးကိုယ်တိုင် ဟိုဘက်ကမ်းသွားဖို့ ချောင်းရေထဲ စမ်းဆင်းကြည့်သည်။ ခါတိုင်းရေပြင်ပေါ်ကလမ်း လျှောက်နေကျပဲ၊ ဒီတစ်ခါကျမှ "ငါကူးလို့ရမှ ရပ့ါမလား၊ နစ်များ သွားလေမလား" သံသယစိတ်ကလည်း ဝင်ရော၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းမရှိရော၊ ရသေ့ကြီး ချောင်းထဲပါသွားသည်။

တရားအပေါ်ရော ကိုယ့်ကိုယ်ပါ ယုံကြည်မှုက အဓိကလို အပ်တယ်၊ နိမိတ်ပို့လျှင်လည်း ရောက်တယ်လို့ ယုံကြည်မှုက အဓိက လိုအပ်၏။ ကိုယ်ပို့လိုက်တာလေးကလည်း ဖြောင့်ဖြောင့်မတ်မတ် သွားတယ်လို့ သဘောထားရ၏။

ကဲ ယနေ့ ဓမ္မာရုံထဲက ဘုရား၊

ကမ္မဋ္ဌာနာစရိယကျောင်းထဲက ဘုရား၊

ဦးဌေးလှိုင်ကျောင်းထဲက ဘုရားဖူးကြ။

ဘုရားဖူးတဲ့အခါ ရှည်ရှည်ရှူမည်ဆိုပြီး ဓမ္မာရုံထဲက ဘုရားကိုဖူး၊ နိမိတ်ကိုမကြည့်နဲ့၊ ဘုရားကိုပဲကြည့်၊ ကိုယ့်စိတ်က ကြည်လျှင် ဘုရားဖူးရတာလည်း မြင်ကွင်းမှာဘုရားက ကြည်ကြည် လင်လင် ပီပီပြင်ပြင်ရှိပါသည်။

ဥပမာ -နေပူထဲမှာ ယောဂီရဲ့လက်ကလှုပ်လျှင် အရိပ်ကလည်း လှုပ်ပါသည်။ ဒီသဘောပါပဲ။

ဘုရားဖူးတဲ့အခါ သင့်စိတ်ကကြည်လျှင် မြင်ကွင်းက ကြည်၏။ ယောဂီရဲ့ စိတ်ကမှိန်လျှင် အားမလိုအားမရဖြစ်လျှင် မြင်ကွင်းကလည်း မှိန်မည်၊ အားမလိုအားမရ ဖြစ်မည်။

ဒါကြောင့် "စိတ်ကြည်လျှင် နိမိတ်ကြည်သည် စိတ်ကြည်လျှင် မြင်ကွင်း ကြည်သည်"။ အရ နည်းနည်းလေးမြင်ရလည်း ဝမ်းသာ။ အများကြီးမြင်ရလည်း ဝမ်းသာ၊ ဒီလိုနဲ့ ကောင်းသွားမှာပါ။

ကဲ - သွားကြ။

မှတ်ချက်- ကိုယ်ကျောင်းမှာနေတဲ့အခါ မိမိနေတဲ့ ကျောင်းဝင်းထဲက ဘုရားတွေ၊ မိမိအိမ်မှာနေတဲ့အခါ အိမ်က ဘုရားနှင့် နီးစပ်ရာဘုရားတွေပို့ကြ။ နီးစပ်ရာဘုရားပြီးမှ အဝေး ဘုရားကို ပို့ကြ။ ကိုယ်ဖူးမယ့်ဘုရားတွေ၊ ကျောင်းတွေရှိရာကို အာရုံညွှတ် မေတ္တာပို့ပြီးမှ ဖူးကြ။

## ဘုရားဖူးစခန်း

၁။ ရန်ကင်းတောင် အရှေ့မြောက်ထိပ်ဘုရား၊
၂။ ဗျာဒိတ်ပေးဘုရား၊
၃။ နဂါးရုံဘုရား၊
၄။ ငါးရံ့မင်းဂူဘုရား၊
၅။ ရန်ကင်းတောင် အနောက်ဘက် မြကျောက်ဘုရား။

ဘုရားမဖူးမီ မေတ္တာပို့ပါ၊ ခွင့်တောင်းပါ၊ အမျှဝေပါ။

## ဘုရားမဖူးမီ မေတ္တာပို့ပုံ

ရန်ကင်းတောင်ပေါ်ရှိ သတ္တဝါအပေါင်းတို့သည်လည်း ကောင်း၊ ရန်ကင်းတောင်ဘုရားတွေကို စောင့်သောနတ်အပေါင်းတို့ သည်လည်းကောင်း၊ မြကျောက်ကျောင်းစောင့် နတ်သည်လည်းကောင်း၊ မြကျောက်ဘုရားစောင့် နတ်သည်လည်းကောင်း-

ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

## ခွင့်တောင်းပုံ

ရန်ကင်းတောင်ပေါ်ရှိ သတ္တဝါအပေါင်းတို့သည်လည်း ကောင်း၊ ရန်ကင်းတောင်ဘုရားတွေကိုစောင့်သော နတ်အပေါင်းတို့ သည်လည်းကောင်း၊ မြကျောက်ကျောင်းစောင့် နတ်သည်လည်းကောင်း၊ မြကျောက်ဘုရားစောင့် နတ်သည်လည်းကောင်း အိုနတ်အပေါင်းတို့-

ကျွန်ုပ်သည် လူ့ဘဝရောက်လာခိုက် ဘုရားသာသနာနှင့်

တွေ့ကြုံခိုက် ဘုရားဟောတရားကို ကြည်ညိုပြီး တရားကျင့်နေပါသည်။ တရားကျင့်ပြီး တရားနိမိတ်နှင့် ဘုရားဖူးမလို့ပါ၊ ဖူးရုံသက်သက်ပါ၊ ဘာမှ အနှောင့်အယှက်မပေးပါဘူး၊ ကျွန်ုပ်ကို ဖူးမြော်ခွင့်ပြုတော်မူပါ။

မှတ်ချက်- ယောဂီဖူးမည့်ဘုရားတွေ အဆောက်အဦးတွေကို ဝါယူ ဝါမှတ် မလုပ်ခင် ကြိုတင်မေတ္တာပို့ပါ၊ ခွင့်တောင်းပါ။

## ဘုရားဖူးပုံ

နိမိတ်လာတဲ့အချိန် ရန်ကင်းတောင်အရှေ့မြောက်ထိပ် ဘုရားကိုပို့ပေးပါ။ ပို့တဲ့အခါ "ရှည်ရှည် ရှူမည်" ဆိုပြီး ဘုရားဆီကို ပို့ပါ။

ဘုရားထီးရောက်လျှင် ဖောင်းရစ်တွေကို ဖူးချင်တယ်ဟု စိတ်ညွှတ်ပါ။ (ရှည်ရှည် ရှူမည် မလုပ်ပါနဲ့။) ကြာကြာဖူးနိုင်အောင် ပါးစပ်က အသက်ရှူပါ။ တအားဖွင့်ထားလျှင် အာခြောက်ပြီး တံထွေး မျိုချချင်လာ၏။ အဲဒီလိုမဖြစ်အောင် အသာဖွင့်ရှူပါ။

ဘုရားဖူးနေတဲ့အချိန် ဒီခန္ဓာကိုယ်ကို မေ့ပစ်ပါ။ လူကိုယ်တိုင် ဘုရားဆီ ဘုရားထံ ရောက်နေသကဲ့သို့ စိတ်ညွှတ်ပါ။ စိတ်ဝင်တစား အာရုံပြုထားပါ။ နှာခေါင်းတို့၊ ပါးစပ်တို့ကို စိတ်မရောက်ပါစေနဲ့။ ဘုရားအလယ်ပိုင်း ဖူးပြီး၊ အောက်ခြေတွေကို ဖူးမယ်လို့ စိတ်ညွှတ်ပါ။ အရှေ့မြောက်ထိပ် ဘုရားဖူးပြီးက နဂါးရုံ ဘုရားဖူးမယ်လို့ စိတ်ညွှတ်ပါ။ ဤအတိုင်း တစ်ဆူပြီးတစ်ဆူ ဖူးသွားပါ။

တရားထိုင်ရတဲ့ကုသိုလ်၊ ဘုရားဖူးရတဲ့ကုသိုလ် အဖို့ဘာဂကို ရန်ကင်းတောင်စောင့် နတ်အားလည်းကောင်း၊ မယ်ယက္ခအားလည်းကောင်း၊ ရန်ကင်းတောင်ဘုရားတွေ စောင့်သော နတ်အပေါင်းအားလည်းကောင်း၊ မြကျောက်ဘုရားစောင့် နတ်အားလည်းကောင်း၊ မြကျောက်ကျောင်း စောင့်နတ်အားလည်းကောင်း၊ အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်၊ အမျှ ပေးဝေပါတယ်၊

မှတ်ချက်- ရန်ကင်းတောင်ဘုရားဖူးလို့ ရန်ကင်းတောင်ဆိုင်ရာနတ်တွေကို မေတ္တာပို့ခွင့်တောင်း အမျှပေးဝေတာဖြစ်သည်။ မိမိကျောင်းကနေ နီးစပ်ရာ ဘုရားတွေ၊ မိမိအိမ်ကနေ နီးစပ်ရာဘုရားတွေဖူးတဲ့အခါ ဆိုင်ရာနတ်တွေကို၊ ဆိုင်ရာသတ္တဝါတွေကို မေတ္တာပို့ ခွင့်တောင်းအမျှပေးဝေပါ။

## အထိုင်သုံးမျိုးဖြင့် မန္တလေးတောင်ဘုရားဖူးခန်း

၁။ အဘိက္ကမ ပဋိက္ကမဟူသော နောက်ဆုတ်ထိုင်တစ်ယောက်၊
၂။ ပဋိက္ကမ အဘိက္ကမဟူသော ရှေ့တိုးထိုင်တစ်ယောက်၊
၃။ ဋ္ဌိတိ ရပ်၍ ငုတ်တုတ်ထိုင်တစ်ယောက်၊

၁။ နောက်ဆုတ်ထိုင်ဆိုတာက ဥပမာ ရေနံဆီလို မီးခိုးမှိုင်းလို ညစ်ထေးထေးနိမိတ်ရထားသူသည် တစ်ရှူတစ်ရှူ တစ်ရှိုက်တစ်ရှိုက်၊ တစ်ထိုင်ထက် တစ်ထိုင်၊ တစ်နေ့ထက် တစ်နေ့ သမာဓိအားကောင်းလာလို့ မည်းညစ်နေတဲ့နိမိတ်ကနေ အနည်းငယ်ဖြူလာ၊ သန့်ရှင်းလာမယ်၊ ဒါထုံးစံပဲ။

ဒါပေမဲ့ ယောဂီက သူ့မူလကရထားတဲ့ နိမိတ်ကလေးကိုပဲ စွဲလန်းပြီးနေ၏၊ သူ့နိမိတ်ပျောက်သွားပြီထင်ပြီး စိတ်မကောင်းဘူး၊ သူ့မူလက ရထားတဲ့နိမိတ်ကိုပဲ လိုက်ရှာနေ၏၊ အဲဒီ ယောဂီမျိုးကို နောက်ဆုတ်ထိုင်တဲ့သူလို့ ခေါ်ပါသည်။

၂။ ရှေ့တိုးထိုင်ဆိုတာကတော့ ကိုယ်ရနေတဲ့နိမိတ်ကို အားမရဘဲ ကိုယ့်နိမိတ်ကို မတင်းတိမ်ဘဲ ဝင်းဝင်းတောက်တောက် ကြည်ကြည်လင်လင် နိမိတ်တွေကိုမှ မလာသေးဘဲနှင့် လှမ်းမျှော်နေသူကို ဆိုလို၏။ အဲဒါ ကိုယ်မရောက်သေးဘဲနဲ့ ရှေ့တိုးထိုင်တဲ့သူလို့ ခေါ်ပါသည်။

၃။ ငုတ်တုတ်ထိုင်ဆိုတာကနိမိတ်က အဆင့်ဆင့် ကြည်လင်သန့်ရှင်းတောက်ပပြီး ရှေ့တိုးလာပေမယ့် ကိုယ်ရနေတဲ့ နိမိတ်ကလေးနဲ့ ကျေနပ်ပြီး ရပ်တန့်နေသူကို ငုတ်တုတ်ထိုင်သူလို့ ခေါ်ပါသည်။

ဒီအထိုင်သုံးမျိုးထဲမှာ ငါဟာ နံပါတ်တစ်လား၊ နှစ်လား၊ သုံးလား၊ ကိုယ်ဟာကိုယ်မေးကြည့်ပါ။ သုံးမျိုးထဲကဆိုရင် မဟုတ်သေးဘူး "ရေမြင့်ကြာတင့်" သဒ္ဓါဝီရိယနှင့် အလိုက်သင့်လေး စိတ်အေးအေးထားပြီး ပို့သွားရင် မခက်ပါဘူး၊ နိမိတ်သာရပါစေ၊ နိမိတ်ရရင် ရတာပဲ။

နိမိတ်လာလျှင် မည်းမည်းမှောင်မှောင် လင်းလင်းမှိန်မှိန် ဘယ်အရောင်ပဲလာလာ ပို့သာပို့လိုက်။

ကဲ- ယနေ့ အနောက်မြောက်အရပ်ရှိ

၁။ လောကမာရဇိန် ကုသိုလ်တော်ဘုရား၊

၂။ စန္ဒာမုနိဘုရား၊

၃။ ကျောက်တော်ကြီးဘုရား၊

၄။ မန္တလေးတောင်ဘုရားများ ဖူးကြ။

## ဦးမှိုင်းကြီး လေးချိုးနှင့် သေးစေကြီးစေ

စာရေးဆရာကြီး ဦးမှိုင်းကြီးသည် မန္တလေးမှာနေ၏။ ဦးမှိုင်းကြီးရဲ့ အဖေသည် ကျီးသဲလေးထပ်မှာနေ၏၊ အမေသည် ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာမှာ နေ၏။

ဦးမှိုင်းကြီးသည် သူ့အမေဆီ မောင်းထောင်ပြန်အလာလမ်း စစ်ကိုင်းတောင်ရိုးမှာ ဖိုဝင်ထိုး၏။ ဖိုထိုးတာ အကျိုးမရှိတာနဲ့ တရားပွဲတွေ့လို့ တရားဝင်ထိုင်ပါသည်။ တရားက အတွေ့ကောင်းသော်လည်း၊ အရွယ်ကြီးပြီး မထိုင်နိုင်တာနဲ့ မျက်ရည်ကျလို့ နောင်လာနောက်သားတွေ သူကဲ့သို့ မဖြစ်ပါစေနဲ့ဆိုပြီး သံဝေဂလေးချိုး ရေးခဲ့ဖူး၏။

**တရားဘာဝနာ၊ အခြေကောင်းသော်လည်း၊**

**အတွေ့နှောင်းသနော်၊ ယခုအခြေဖြင့်၊**

**လူပြည်မှာ၊ ရက်တွေကောတာကြောင့်၊**
**ရှုကြည့်ကာ၊ မျက်ရည်စောပါလို့၊**
**ခက်လေသနော်၊ တွက်ခြေနဲ့ နမြောခဲ့ပါရဲ့၊**
**သဘောနော်၊ ဟိုယခင်အခါက၊**
**အပိုထင်ကာမသိတဲ့၊ အရေးတွေကြောင့်၊**
**အလိုဝင်ခါသတိကမ၊ မတွေးခဲ့ပါဘူး ...။**

## ကြီးစေ သေးစေ

ဝါယူ၊ ဝါမှတ် အခါတိုင်း မှတ်သလိုမှတ်၊ နိမိတ်လာတဲ့အချိန် နိမိတ်ကို ကိုယ်ရှေ့တစ်တောင်လောက်ပို့လိုက်၊ ကိုယ်ပို့လိုက်တဲ့ နိမိတ်ကသေးနေလျှင်-

ကြီး. . . စေ၊ ကြီး. . . စေ ဆိုပြီး ကြီးခိုင်းပါ။ ပန်းကန်ပြား လောက်ကြီးသွားရင် တော်ပြီ၊ ဘယ်လောက် သေးသေး ကြီးခိုင်းလျှင် မုန့်လေပွေလို ပြန့်သွားပါသည်။

ပြီးတော့ ကိုယ်ကြီးထားတာကိုပဲ-

သေး. . . စေ၊ သေး. . . စေ ဆိုပြီး သေးခိုင်းပါ။ လက်ဘက်ရည် ပန်းကန်လုံးလောက် သေးသွားရင် တော်ပြီ။

ဝါယူဝါမှတ် အခါတိုင်းမှတ်သလိုမှတ်၊ နိမိတ်လာတဲ့အချိန် နိမိတ်ကို ကိုယ့်ရှေ့ တစ်တောင်လောက်ပို့လိုက်၊ ကိုယ်ပို့တဲ့နိမိတ်က ကြီးနေလျှင်-

သေး. . . စေ၊ သေး. . . စေ ဆိုပြီး သေးခိုင်းပါ။ လက်ဘက်ရည် ပန်းကန်လုံးလောက် သေးသွားရင်တော်ပြီ၊ သေးတဲ့အခါ အလယ်ခေါင်မှာ ကြက်ဥနှစ်လိုစုနေပြီး ဘေးမှာ နှုတ်ခမ်းနားတွေကျန်နေဦးမှာ၊ အကုန် မသေးရမလားဆိုပြီး စိတ်မညစ်နဲ့။

ပြီးတော့ ကိုယ်ကြီးထားတာကိုပဲ-



ကြီး. . . စေ၊ ကြီး. . . စေ ဆိုပြီး ကြီးခိုင်းပါ။ ပန်းကန်ပြား လောက်ကြီးသွားရင် တော်ပြီ။

မှတ်ချက်- သေးခိုင်းလျှင် လက်ဘက်ရည်ပန်းကန်အောက် လျှော့ မသေးရ။ ကြီးခိုင်းလျှင် ပန်းကန်ပြားထက် ပိုမကြီးရ၊ သေးစေ၊ ကြီးစေ ရောမခိုင်းရ။

## ဇနပဒကလျာဏီနှင့် မန္တလေးမြို့ရှိဘုရားပူးခန်း

**"ရှုမှတ်မှုမှာ၊ ရိုသေစွာ၊ အာရုံထွေပြား၊ စိတ်ကစား၊ မနားမရပ်နှင့်"**

**တတ္ထစ သက္ကစ္စ ကိရိယာယ သမ္ပာဒေတိ။**

တရားရှုမှတ်တဲ့အခါမှာ ရိုရိုသေသေ လေးလေးစားစား ရှုမှတ်ရပါသည်။

ဒီနေရာမှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဇနပဒကလျာဏီသုတ် ဆိုတာကို လိုက်နာသင့်ပါသည်။

ရွာလမ်းဆုံတစ်နေရာတွင် ဇနပုဒ်မယ်ဘွဲ့ရတဲ့ အလှဆုံး အမျိုးသမီးတစ်ယောက်သည် ပွဲသဘင်ကျင်းပပြီး သီဆိုကပြနေတယ် ဆိုပါတော့။ အဲဒီအလှမယ် ပွဲသဘင်ကို တစ်ရွာလုံး၊ တစ်နယ်လုံး၊ သွားရောက်ကြည့်ရှုကြ၏။

အဲဒီအခါမှာ ရှင်ဘုရင်သည် သေစားသေစေ သေဒဏ်ပြစ်မှု ရှိနေတဲ့ ရာဇဝတ်သားတစ်ယောက်ကို ထောင်တွင်းမှ ထုတ်လာပါသည်။

နောက်ပြီး ပြောလိုက်တာက-

"အမောင်ယောကျာ်း၊ သင်သည် ဟောဒီနှုတ်ခမ်း အနားရစ်ပြည့်နေတဲ့ ဆီခွက်ကို မဖိတ်မစင်အောင် ဇနပုဒ်မယ် သီဆိုကပြနေတဲ့ ပွဲခင်းအလယ်ကနေဖြတ်ပြီး ဟိုဘက်ပွဲခင်း အဆုံးရောက်အောင် ဆောင်သွား၊ သယ်သွားနိုင်ရင် သင့်အား ယခုကျရောက်နေတဲ့ သေစားသေစေ သေဒဏ်ပြစ်မှုမှ လုံးဝ ကင်းလွတ်ခွင့်ပေးမယ်။

အကယ်၍ သင့်လက်တွင်းမှ ဆီခွက်ထဲက ဆီတစ်စက်လောက် ဖိတ်ကျသွားရင်တော့ အဲဒီဖိတ်စင်တဲ့နေရာတွင် သင့်လည်ပင်းကို ဖြတ်ပြီးသတ်ဖို့ရာ အာဏာသားတစ်ယောက်ဟာ ဓားမိုးပြီး သင့်နောက်က အသင့်လိုက်လာလေရဲ့" လို့ ရှင်ဘုရင်က မှာထားစေလွှတ်လိုက်၏။

အဇ္ဈတ္တ ဗဟိဒ္ဓ ကာယသင်္ခါရော- သင်္ခါရယမိုက် အရ အဇ္ဈတ္တ ဗဟိဒ္ဓသည် ကာယသင်္ခါရ၊ သတိပဋ္ဌာန်နှင့် ပြောတော့ ကာယဂတာ သတိပဋ္ဌာန်။ ကာယာနုပဿနာ သတိပဋ္ဌာန်။

ဆီခွက်နှင့် အာနာပါန ကာယဂတာသတိပဋ္ဌာန်တူ၏။
နီဝရဏငါးပါးနှင့် ပွဲလမ်းသဘင်တူ၏။
သေခြင်းတရားနှင့် အာဏာသားတူ၏။

လိုရင်းကတော့ ဆီခွက်ဆောင်သူ ရာဇဝတ်သားသည် ဆီဖိတ်လျှင်သေရမှာ၊ ဆီမဖိတ်လျှင် အသေလွတ်မှာကိုသိပြီး ဆီခွက်ကို ရိုရိုသေသေဆောင်ယူရမှာဖြစ်သလို၊ တရားရှုမှတ်တဲ့ ယောဂီဟာလည်းပဲ သတိအမှတ်လွတ်လျှင် ကိလေသာဝင်ပြီး၊ "ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အရ" အို နာ သေက မလွတ်နိုင်ပုံကို သိမြင်ပြီး၊ တရားကို ရိုရိုသေသေ ရှုမှတ်တတ်ဖို့ အရေးကြီးပါသည်။

သာတစ္စကိရိယာယ သမ္မာဒေဝီ။

'မနားမရပ်၊ ခြားမပြတ်၊ ရှုမှတ်မြဲရမည်။'

ဒီနေရာမှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ မီးပွတ်တဲ့သူကဲ့သို့ ရှုမှတ်ရမယ်ဆိုတာကို မှတ်သားလိုက်နာသင့်ပါသည်။

ရှေးခေတ် မီးခြစ်မပေါ်မီက မီးကိုလိုချင်လျှင် သစ်သားခြောက်နှစ်ခုကို (သို့မဟုတ်) မီးခတ်ကျောက်နှစ်ခုကို မီးမထွက်မချင်း ပွတ်တိုက်ရ၏။ မီးမထွက်ခင် ညောင်းတယ်ဆိုပြီး ရပ်နားမိရင် အရှိန်ပျက် အေးစက်သွားလို့ နောက်တစ်ခါပြန်ပွတ်လျှင် အစက ပြန်ပွတ်ရပါသည်။ အရေးကြီးတာကတော့ မီးမထွက်မချင်း မောပန်းသော်လည်း မနားဘဲနဲ့ ဇွဲကောင်းကောင်းထားပြီးတော့ ကြိုးစားပွတ်မှ မီးထွက်ပါသည်။

ထိုနည်းတူပင် တရားရှုမှတ်တဲ့ ယောဂီသည် တရားမရမချင်း မရပ်မနားဘဲ တစ်ဆက်တည်း ရှုမှတ်သွားမှ တရားရနိုင်ပါသည်။

နောက်ထပ် ဥပမာတစ်ခုပြောရလျှင် ရန်ကင်းတောင်ဘုရားပွဲမှာ ချောတိုင်တက်ပွဲရှိတယ် ဆိုပါစို့။ ချောတိုင်ထိပ်မှာ ငွေတစ်သိန်းတင်ထား၏။ ငွေကိုအလိုရှိတဲ့ ပုဂ္ဂိုလ်တက်ယူကြဟုဆိုလျှင် ဘယ်လောက်ချောချော တက်ယူမှာ ဖြစ်ပါသည်။

နောက်ထပ်ဥပမာတစ်ခုပြောရလျှင် လှေပြိုင်ပွဲဆင်တဲ့လူလို ပန်းတိုင်မရောက်မချင်း မရပ်မနားဘဲ ဇွဲကောင်းကောင်းနဲ့ ကြိုးစားလျှင် ပန်းတိုင်ရောက်သလိုပဲ တရားရှုမှတ်တဲ့ ယောဂီသည်လည်းပဲ

**““သတိစပ်၊ ရောက်လတ် နိဗ္ဗူတာ**

**သတိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ””** အရ

တရားကို တရစပ် ရှုမှတ်နိုင်ရင် မိမိတို့အလိုရှိတဲ့နိဗ္ဗာန်ကို ရနိုင်ပါသည်။

ကဲ - ယနေ့
အနောက်တောင်အရပ်ရှိ-
၁။ ရွှေကျိုးမြင့်ဘုရား၊
၂။ အိမ်တော်ရာဘုရား၊
၃။ သကျသီဟဘုရား၊
၄။ မဟာမြတ်မုနိဘုရား၊
၅။ စွယ်တော်ဘုရား - ဖူးကြ။

**သပ္ပါယ (၇) ပါးနှင့်အမရပူရ စစ်ကိုင်းဘုရားများဖူးခန်း**

သပ္ပါယ ကိရိယာယ သမ္မာဒေတိ။

"သင့်လျော်လှစွာ ခုနစ်ဖြာ ကောင်းစွာမှီဝဲကြရမည်"

တရားအားထုတ်တဲ့ ယောဂီသည် လိုက်နာကျင့်သုံး သင့်တဲ့ သပ္ပါယ (၇) ပါးဆိုတာရှိ၏။

**အာဝါ၊ ဂေါစရ၊ ပုဂ္ဂလနဲ့၊**
**နှုတ်ဟစကား၊ သင့်အစားကို၊**
**ဥတု၊ ယာပထ၊**
**ခုနစ်ဝ မှီကြလျော်စွ သပ္ပါယ၊**

သပ္ပါယ (၇)ပါးက-
၁။ ယောဂီနဲ့ သင့်လျော်တဲ့ကျောင်း၊
၂။ ယောဂီနဲ့ သင့်လျော်တဲ့ကျက်စားရာအာရုံ၊
၃။ ယောဂီနဲ့ သင့်လျော်တဲ့ပုဂ္ဂိုလ်၊
၄။ ယောဂီနဲ့ သင့်လျော်တဲ့စကား၊
၅။ ယောဂီနဲ့ သင့်လျော်တဲ့အစားအစာ၊
၆။ ယောဂီနဲ့ သင့်လျော်တဲ့အပူအအေးဥတု၊
၇။ ယောဂီနဲ့ သင့်လျော်တဲ့ဣရိယာပုတ်။

ဒါတွေကို မှီဝဲကြရမည်။

ကဲ - ယနေ့ အနောက်တောင်အရပ်ရှိ-

၁။ အမရပူရဗားကရာကျောင်း

၂။ သဗ္ဗညုပုထိုးတော်ကြီး၊

၃။ စစ်ကိုင်းကောင်းမှုတော်ကြီး၊

၄။ စစ်ကိုင်းတောင်ပေါ်က ဘုရားများ ဖူးကြ။

**ဇောခုနစ်ချက်နှင့်မုံရွာ–ပုဂံ–အင်းလေးဘုရားများ ဖူးခန်း**

**ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊**

**စတုတ္ထဇော ပဉ္စမဇော၊ ဆဋ္ဌမဇော၊**

**သတ္တမဇော၊ ဟူ၍ ဇောခုနစ်ချက်ရှိ၏။**

ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် စေတနာပါပါ ထက်ထက်သန်သန်နှင့် ယောဂီလုပ်ခဲ့တဲ့ ပထမ ဇောစေတနာသည် ဒီပစ္စုပ္ပန်ဘဝတွင် အကျိုးပေး၏။

ဥပမာ- မကောင်းတဲ့အကုသိုလ်ပထမဇော စေတနာအကြောင်းပြောပြမည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့မှာ ကျောင်းသားနှစ်ယောက်သည် နွေရာသီကျောင်းပိတ်ချိန်တွင် လေးခွကိုယ်စီဖြင့် ငှက်ပစ်ထွက်ကြ၏။ ကျောင်းသားတစ်ယောက်က သစ်ပင်ပေါ်မှာ နားနေတဲ့ ငှက်တစ်ကောင်ကို ပစ်ချ၏။ ငှက်ကလေး အောက်ကျလာတော့ မျက်လုံးနှစ်လုံးကို တုတ်နဲ့ထိုးဖောက်၏။ ငှက်ကလေးဟာ မျက်လုံးကန်းပြီး သေသွားပါသည်။

ငှက်ကလေးကို မျက်လုံးကန်းအောင်လုပ်တဲ့ ပုဂ္ဂိုလ်သည် အသက်အရွယ်ကြီးလာသောအခါ ပန်းတိမ်သည် ဖြစ်လာ၏၊ သူ ပန်းတိမ်လုပ်တဲ့ အခန်းနံရံမှာ ငရဲမီးပုလင်းတွေထား၏။ တစ်နေ့သော အခါ ကြောင်တစ်ကောင်က ငရဲမီးပုလင်းကိုတိုက်ချလို့ ငရဲမီး မျက်နှာပေါ်ကျပြီး မျက်လုံးကန်းသွား၏။ ဒီဘဝတွင် သူလုပ်ခဲ့တဲ့ အကုသိုလ် ပထမဇောစေတနာသည် ဒီပစ္စုပ္ပန်ဘဝတွင် လက်ငင်းအကျိုးပေး၏။

ဥပမာ- ကောင်းတဲ့ကုသိုလ် ပထမဇောစေတနာအကြောင်း ပြောပြမည်။

အာနာပါနကို မှတ်ခဲ့တဲ့ ကုသိုလ်ပထမဇောစေတနာသည် မှတ်ပါများလာတော့ တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက် တစ်ရက် တစ်ထိုင်ထက်တစ်ထိုင် သမာဓိရလာပြီး နိမိတ်ရလာပါသည်။ နိမိတ်ရလျှင် အပို့အယူလုပ်ပြီး ဘုရားဖူးရ၏။

ယောဂီမှတ်ခဲ့တဲ့ ပထမဇောကုသိုလ်စေတနာသည် ဘုရားဖူးရခြင်းအကျိုးကို ဒိပစ္စုပ္ပန်ဘဝတွင် ရက်ပိုင်းအတွင်း အကျိုးပေး၏။

သတ္တမဇော စေတနာသည် ဒုတိယဘဝတွင် အကျိုးပေး၏။ ဥပမာ- နွားခြံထဲကို နွားတွေသွင်းတဲ့အခါ နွားအိုကြီးသည် နောက်မှဝင်ရပြီး၊ နွားခြံက ထွက်သောအခါ နွားအိုကြီးသည် အပေါက်နဲ့နီးပြီး အရင်ဦးဆုံးထွက်ရသလို-

သေခါနီးကာလတွင် ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲ လုပ်လုပ် ယောဂီလုပ်ခဲ့တဲ့ အမှတ်ရတဲ့ သတ္တမဇော စေတနာသည် ဒုတိယဘဝတွင် အကျိုးပေး၏။

ဒုတိယဇောမှစ၍ ဆဋ္ဌမဇောတိုင်အောင် အလယ်ဇော (၅) ချက်သည် တတိယဘဝမှစပြီး နိဗ္ဗာန်တိုင်အောင် အကျိုးပေးတယ်လို့ မှတ်ရမည်။

ကဲ - ယနေ့

အနောက်မြောက်အရပ်ရှိ-

၁။ မုံရွာ၊ မိုးညှင်းသမ္ဗုဒ္ဓေ၊

၂။ မုံရွာဆုတောင်းပြည့်ဘုရား၊

၃။ မုံရွာရွှေစည်းခုံဘုရား၊

၄။ အလောင်းတော်ကဿပ၊

အနောက်တောင်အရပ်ရှိ-
၅။ ပုဂံရွှေစည်းခုံဘုရား၊
၆။ ပုဂံအာနန္ဒာဘုရား၊
အရှေ့တောင်အရပ်ရှိ
၇။ အင်းလေးဖောင်တော်ဦးဘုရား များကိုဖူးကြ။

**ရွှေတိဂုံဘုရားသမိုင်းနှင့်ရန်ကုန်ဘုရားများ**

မြန်မာပြည်က တပုနှင့် တပေါတို့သည် သင်္ဘောဖြင့် စားနပ်ရိက္ခာတင်ပြီး ကုန်ရောင်းကုန်ဝယ် ဗန္ဓုဝမြို့ကို သွားကြသည်။ ဗန္ဓုဝမြို့ သင်္ဘောဆိပ်ကမ်းသို့ ဆိုက်သည်။ ဆိပ်ကမ်းနှင့် မြို့တစ်နေ့တာ ခရီးရှိသည်။

တပုနှင့် တပေါတို့သည် သင်္ဘောကိုကျောက်ကချ၍ လှည်း ငါးရာ ငှားပြီးလျှင် စားနပ်ရိက္ခာအစုံနှင့် ဗန္ဓုဝမြို့ကို လှမ်းခဲ့ကြသည်။ လမ်းစခန်း၌ ရှေးဘဝက ညီအစ်ကိုတို့၏ မိခင်ဖြစ်ဖူးသူ မိန်းမသည် ရုက္ခစိုဝ်းမဖြစ်နေ၏။ ရုက္ခစိုဝ်းမက-

"အသင်တို့ ဒုလ္လဘတရားငါးပါးတွင် ဗုဒ္ဓုပ္ပါဒဒုလ္လဘဖြစ်သော ဘုရားသခင်သည် ဘုရားဖြစ်စ လင်းလွန်းပင်ရင်း၌ တစ်ပါးတည်း သီတင်းသုံးနေတော်မူလျက်ရှိသည်။ သင်တို့ဆည်းကပ်ဖူး မြော်ကြလေ၊ လောကီကုန်ကိုမငဲ့ဘဲ နိဗ္ဗာန်ကုန်ကို ယူကြလေ" ဟု ဆို၏။

ညီနောင်တို့သည် ဘုရားဟူသောအသံကိုကြားလျှင် တစ်ကိုယ်လုံး ရှိန်းရှိန်းကြွကြွ ကြက်သီးထ၍ ဝမ်းမြောက်ခြင်းပြင်းစွာ ဖြစ်ကြသည်။ ရုက္ခစိုဝ်းမလည်း ဘုရားရှိရာကို ညွှန်ကြားပေးသည်။ ကောင်းကင်ပြင်၌ လပြည့်ဝန်းကို မြင်ကြသကဲ့သို့ လင်းလွန်းပင်ရင်း၌ သီတင်းသုံးသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။ ညီနောင်တို့လည်း အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်ရကား မိမိတို့ပါလာသော မုန့်ကြွပ်ကျစ် ပျားမုန့်ဆုပ်မုန့်တို့ကို ကပ်လှူ၏။

"ဘုရားဖြစ်၍ ငါးဆယ်စေ့ ဆန်းလေငါးသာ ဝါဆိုမှာ" အရ ထိုအခါ မဟာသက္ကရာဇ်- (၁၀၃) ခု၊ ကဆုန်လဆန်း (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်၍ သတ္တဋ္ဌာန (၄၉) ရက်စေ့သဖြင့် ဝါဆိုလဆန်း (၅) ရက်နေ့ လင်းလွန်းပင်ရင်း သီတင်းသုံးနေခိုက် ဖြစ်၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် ကြည့်ရှုတော်မူသည့်အခါ ဤသူတို့၏နေရပ် ပစ္စန္တရစ်ဒေသ ရာမညတိုင်း၌ သိဂုံတ္တရ အမည်ရှိသော ကုန်းကိုမြင်တော်မူ၏၊
ထိုနေရာ၌ကား-

၁။ နောင်တော် ကကုသန်ဘုရား၏ တောင်ဝှေးတော်၊

၂။ ကောဏဂုံဘုရား၏ ဓမ္မကရိဏ် ရေစစ်တော်၊

၃။ ကဿပဘုရား၏ ရေသနုပ်တော်၊

တို့ကို ဌာပနာတည်ထားကိုးကွယ်ကြသဖြင့် လူနတ်တို့၏ အကျိုးကို ဆောင်သော ကုန်းထူးကုန်းမြတ် ဖြစ်ပေသည်။ ထိုကုန်း၌ ငါဘုရားရှင်၏ ဆံတော်ကို ပေးအပ်၍ ဌာပနာစေသော် ဝေနေယျသတ္တဝါတို့ ကိုးကွယ် ဆည်းကပ်ကြသဖြင့် အခွန့်ရှည်စွာ လူနတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရကြပေမည်ဟု မဟာကရုဏာ တိုက်တွန်းတော်မူသည် ဖြစ်၍ -

"ဆံတော်ဓာတ်စစ်၊ ရှစ်ဆူဖြစ်၊ ပေးလစ်မှန်စွာ၊ စောသတ္ထာ၊" အရ မြတ်စွာဘုရားသည် လက်ျာလက်တော်ဖြင့် ဦးခေါင်းကိုသုံးသပ်တော်မူလျှင် ဆံတော်လေးချောင်း ပါလာသည်။ ထိုဆံတော်ကို အစ်ကိုတပုအား "တပုဿ" ဟူသော အမည်ဖြင့် ပေးတော်မူ၏။

လက်ဝဲလက်ဖြင့် တစ်ဖန် ဦးခေါင်းတော်ကို သုံးသပ်တော်မူ ပြန်ရာ လေးချောင်းပါလာပြန်၍ ညီတပေါကို "ဘလ္လိကာ" ဟူသော အမည်ဖြင့် ပေးအပ်တော်မူပြန်၏။

ထိုနေရာသိင်္ဂုတ္တရအမည်ရှိသောကုန်း၌ ရှေးဘုရားတို့ရဲ့ တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်တို့ကိုလည်း ငါဘုရား၏

ဆံတော်နှင့်ရောပြီး ဌာပနာတည်ထားကိုးကွယ်ကြဟု ဗျာဒိတ်ပေးတော်မူပါသည်။

ဆံတော်ကိုပင့်ဆောင်ခဲ့ပြီး ဥက္ကလာပမင်းကြီးထံ ဆက်ကပ်ကြပါသည်။ "ကျွန်ုပ်တို့သည် ဆံတော်ကို သင်္ဘောနှင့်ယူဆောင်ခဲ့ရာ ဇေယျမြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်လာလျှင် ဇေယျမင်းကြီးသည် ဆံတော်နှစ်ဆူကို အနိုင်အထက် ပင့်ယူလိုက်ပါသည်။ ထို့နောက် မော်တင်ကရစ် အရပ်သို့ရောက်လျှင် နဂါးသည် ဆံတော်နှစ်ဆူကို ဝှက်ယူလိုက်ပြန်ပါသည်။ ဆံတော် ရှစ်ဆူပေးတော်မူလိုက်သည့်အနက် လေးဆူသာရွှေကြုတ်၌ ပါတော့သည်။" ဟုမျက်ရည်ရွှမ်းစို ရှိုက်ရှိုက်ငိုလျက် ဥက္ကလာမင်းကြီးထံ တပုဿနှင့် ဘလ္လိကာ ကုန်သည်ညီနောင်လျှောက်ထားကြရာ မင်းကြီးလည်းကြားရလျှင် ဇေယျမင်းကြီးနှင့် မော်တင်ကရစ်နဂါးတို့၏အပေါ် အမျက်ပြင်းစွာ ဖြစ်တော်မူ၏။

ထိုနောက်မှ ဥက္ကလာပမင်းလည်း "ညီနောင်တို့ သင်တို့၏ အဆိုပါစကားမှာ သိင်္ဂုတ္တရကုန်း၌ ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂ ရှိကြောင်း၊ ဤကုန်း၌ပင်လျှင် ဆံတော်ရှစ်ဆူ ဌာပနာတည်လေဟု ဗျာဒိတ်တော်အရ ငါနှင့်တကွ နတ်လူအပေါင်းတို့သည် ဆံတော်မြတ်ကို ဤကုန်းတော်၌ ဌာပနာတည်ထား ကိုးကွယ်ရမည်မှန်ပါလျှင် သနားတော်မူရင်းအတိုင်း ဆံတော်ရှစ်ဆူကို ဖူးတွေ့ရပါစေသား"ဟု ဦးညွှတ်ကာ အဓိဋ္ဌာန်တော်မူ၍ ရွှေကြုတ်ကိုဖွင့်လေလျှင် ဥဒေါင်းလည်ဆံတော်မြသဏ္ဍာန်ကဲ့သို့ ညိုသောရောင်ခြည်တော်ကိုပြလျက် ရှစ်ဆူသော ဆံတော်ကို ဖူးတွေ့ကြရ၏။

ထိုအခါ မင်းကြီး၏ ခန္ဓာကိုယ်သည်အထက်သို့ ပျံတက်လုမျှ ပီတိသောမနဿဖြစ်၍ ကြည်ညိုခြင်းအားကြီးလှရကား မကိုဋ်ရတန်ဆာနှင့် တကွသော မိမိ၏ဦးခေါင်းတော်ကို ဖြတ်၍ ဆံတော်ကိုပူဇော်မည်ဟု သံလျက်ကို ကိုင်တွယ်လိုက်သည်၊ ထိုအခါမိဖုရားလည်း သံလျက်ကို လုယူပြီးလျှင်-

"အရှင်မင်းကြီး. . . ဤကဲ့သို့ပြုသော အရေးတော် အလှူကို ရပ်ဆိုင်းပါဦး၊ ဘုရားသခင်၏ဗျာဒိတ်တော်အရ ပါလာသည့်အတိုင်း ဌာပနာတည်ထားရန် ဗုဒ္ဓကိစ္စတော်ကို ဆောင်ရွက်တော်မူပါဦး၊" ဟုလျှောက်ထားမှ သတိရ၍ စိတ်တော်ကိုချုပ်တည်းပြီးလျှင် အဖိုး အနဂ္ဃထိုက်သော မကိုဋ်မှတော်ကိုပူဇော်ပေးပြီး ဌာပနာတော်ကို စေတီတည်ရန် စီမံတော်မူ၏။

ရွှေတိဂုံစေတီဆိုတာ အဲဒီလို သာကေခိုင်ခိုင်လုံလုံနဲ့ တည်ထားကိုးကွယ်ပူဇော်ခဲ့ကြတဲ့ စေတီတော်မြတ်ကြီးဖြစ်သည်။

ကဲ - ယနေ့ တောင်အရပ်ရှိ-

၁။ ပဲခူး ရွှေမော်ဓောဘုရား

၂။ ရန်ကုန်ရွှေတိဂုံဘုရား၊

၃။ ဆူးလေဘုရား၊

၄။ ဗိုလ်တထောင်ဘုရား၊

၅။ ကမ္ဘာအေးဘုရား၊

၆။ စွယ်တော်ဘုရား၊

၇။ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား

၈။ အရှေ့တောင်ကျိုက်ထီးရိုးဘုရားများဖူးကြ၊

## အိန္ဒိယနှင့်သီဟိုဠ် (သီရိလင်္ကာ) ဘုရားများ

အနောက်မြောက်ထောင့်အရပ်ရှိ-

၁။ မဟာဗောဓိစေတီနှင့် အထဲဌာပနာ၊

၂။ ဗောဓိပင်နှစ်ပင်၊

၃။ ဓမ္မစကြာဟောကြားရာဌာန၊

၄။ ပရိနိဗ္ဗာန်စံရာဌာန တို့ကိုဖူးကြ။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ကိုးလမြောက် တစ်ကြိမ်၊ ငါးဝါအရတစ်ကြိမ်၊ ရှစ်ဝါအရတစ်ကြိမ်၊ သုံးကြိမ် သီဟိုဠ်

(သီရိလက်ာ)ကို သာသနာထွန်းကားမှာမို့ ကြွတော်မူ၏။

အနောက်တောင်ထောင့်ရှိ-

၁။ ဒက္ခိဏသာခါဗောဓိပင်၊

၂။ စွယ်တော်တိုက်ထဲက စွယ်တော်၊

၃။ ထူပါရုံစေတီ၊

၄။ မဟာစေတီ။

**ဒက္ခိဏသာခါဗောဓိပင်**

ရဟန္တာရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံပိယတိဿမင်း ပရိသတ်တို့သည် မဟာမေဃဝန်ဥယျာဉ်သို့ ရောက်သောအခါ မင်းသည် မထေရ်မြတ်ကို မုလေးပန်း ရှစ်ဆုပ်ဆက်ကပ်သည်။ မထေရ်မြတ်သည် မုလေးပန်းများကို ထိုနေရာ၌ ကြဲဖြန့်တော်မူလိုက်ရာ ပန်းများမြေပေါ် ခသည်နှင့် တစ်ပြိုင်နက် ငလျှင်တစ်ကြိမ် ပြင်းစွာလှုပ်ရာ ပရိသတ်များက တအံ့တသြဖြစ်ကြသည်။

မင်းကြီးက မထေရ်မြတ်အနီး လက်အုပ်ချီ၍ ဖူးမြော်သည့်အခါ-

"ဒကာတော်မင်းကြီး၊ ဤနေရာကား ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကြကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားသုံးဆူတို့၏ ဗောဓိပင်လက်ျာတောင်ကိုင်းကို စိုက်ပျိုးရာဌာန ဖြစ်သကဲ့သို့၊ ငါတို့ဘုရားရှင်၏ ဗောဓိပင်တောင်ကိုင်းကို စိုက်ပျိုးရာ ဒက္ခိဏသာခါ ဖြစ်ထွန်းမည့် နေရာဖြစ်တယ်" လို့ ကောင်းချီး နိမိတ်၊ ပေးတော်မူခဲ့တဲ့ နေရာဖြစ်ကြောင်း မိန့်တော်မူ၏။

ဂေါတမမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မစံမီ ဘုရားဖြစ်ရာ ဗောဓိပင်ကို အဓိဋ္ဌာန်ထားခဲ့သည်။ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သီရိဓမ္မာသောကမင်းက သာသနာထွန်းကားအောင်လုပ်လတ္တံ့။ သီရိဓမ္မာသောကမင်း၊ သမီးတော် သင်္ဃမိတ္တာ ထေရီတို့သည် ငါဘုရား ဖြစ်တော်မူတဲ့ ဗောဓိပင်၏ တောင်ကိုင်းကိုပင့်လတ္တံ့။ ပင့်တဲ့အခါ

"ဗောဓိကိုင်းသည် မခုတ်မဖြတ်ရဘဲ ဆေးဒန်းမြင်းသီလာ သုံးခါရစ်ကာမျှဖြင့် အလိုလိုပြတ်ကျပါစေသတည်း။" ဟု အဓိဋ္ဌာန်ထားတော်မူခဲ့ပါသည်။

ဒီလိုနဲ့ မင်းနှင့် သမီးတော် ပရိသတ်တို့သည် ရဟန်းများ ညွှန်ကြားချက်အတိုင်း ဗောဓိပင်၏တောင်ကိုင်းကို ဆေးဒန်းမြင်းသီလာ သုံးခါရစ်ကာမျှဖြင့် မခုတ်မဖြတ်ရဘဲ အလိုလိုပြတ်ကျလာပြီး ရွှေဖျဉ်းအိုး၌ တည်၏။ ရွှေဖျဉ်အိုး၌တည်တည်ချင်း အမြစ်များ ချက်ချင်း ထွက်လာ၏။

"ငါးလုံးသော ရွှေညောင်သီးက ပြဟ္မာတိုင်အောင်ထွန်းသတဲ့" အရ ဗောဓိကိုင်းသည် ငါးလုံးသောအသီးကို သီးကာ အသီး၏ အရောင်တို့သည် ပြဟ္မာပြည်တိုင်အောင် ထွန်းလင်းတောက်ပ၏၊ လင်းထိန်၏။

ဗောဓိကိုင်းသည်ရွှေဖျဉ်းအိုးထဲကနေပြီး ကောင်းကင်ပြန်တက်သွားတာ(၇)ရက်ကြာသည်၊ ပရိသတ်ကြီးက ဗောဓိကိုင်း ပြန်ကြွအလာကို မအိပ်ဘဲစောင့်နေကြ၏၊ (၇) ရက်ပြည့်မှ ရွှေဖျဉ်းအိုးထဲ ပြန်ကျဆင်းလာ၏။

သီရိဓမ္မာသောကမင်း၊ သမီးတော်သဃ်မိတ္တာထေရီတို့သည် ကြည်ညိုလွန်းလို့ သီဟိုဠ်ပင့်ပြီး စိုက်ပျိုးပူဇော်ထား၏။ အဲဒီ ဗောဓိပင်ကို ဘုရားဖြစ်တဲ့ ဗောဓိပင်၏တောင်ဘက်ကိုင်းကို ပင့်ပြီး စိုက်ပျိုးပူဇော်တဲ့အတွက် ဒက္ခိဏသာခါ ဗောဓိပင်လို့ ခေါ်ပါသည်။ ဒက္ခိဏသာခါ ဗောဓိပင်သည် မဟာစေတီနှင့် သုံးဖာလုံလောက်ဝေး၏။

### စွယ်တော်

**ရွှေတိုင်တို့ မလင်းတလင်း..၊**
**နံ့သာတို့ မသင်းတသင်း..၊**
**သန်းခေါင်သို့ မချဉ်းတချဉ်း။**
**စိန်မြစီခြယ်၊ သလွန်လယ်၌၊**

**သက်လုယ်ညာထား၊ ရွှေစင်လားသို့**
**တစ်ပါးနတ်မျှ၊ ရှုတိုင်းလှသည့်၊**
**ငယ်ကချစ်သူ၊ မောင့်သည်းအူနှင့်**
**အတူတကွ၊ စံပါရလည်း၊**
**သုခဟုလျှင်၊ မောင်မထင်တော့...။**

အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားနယ်၊ မဟာနဒီမြစ်နှင့် ဂေါဓာဝတီမြစ်တို့၏အကြား ကလိင်္ဂတိုင်းကိုအုပ်စိုးသည့် ဘုရင်ဂုဟာသိဝသည် တောင်ညာစံ အဂ္ဂမဟေသီမိဖုရားကြီးနှင့် ရတနာသလွန်ပေါ်၌ အတူတွဲလျက်စံနေသော်လည်း မိဖုရားကြီးအား စကားတစ်ခွန်းမျှမပြောဘဲ သက်ပြင်းသာ တဟင်းဟင်းချလျက် ဘယ် ညာတစ်စောင်းအမျိုးမျိုးပြောင်း၍ နေတော့သည်။ ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို ဆောင်တော်မူကြသော သံဃာတော် အရှင်သူမြတ်တို့က လူ့စည်းစိမ်တွင် အထွဋ်အထိပ်ဖြစ်သော မင်းစည်းစိမ်သော်မှ ချမ်းသာအစစ်မဟုတ် ချမ်းသာအတုသာဖြစ်သည်ဟု ဟောတော်မူသည်ကို ကြားနာရစဉ်က သဘောမပေါက်ခဲ့၊ ယခုမှ တဖြည်းဖြည်း သဘောပေါက်၍ လာတော့သည်။

စက်တော်ဆောင်သို့ဝင်စက အဆိုတော်၊ အတီးတော်တို့က အမျိုးမျိုးသော ဘုန်းတော်ဘွဲ့များကို ဆိုကြ၊ တီးကြ၏၊ မင်းမိဖုရားတို့၏ ဘုန်းတော်တို့သည် နေအထောင်မက ထွန်းပြောင်သည်ဟုလည်းပါသည်။ အရှင်မင်းမိဖုရားနှစ်ပါးတို့၏ ဘုန်းတော်ကြီးပုံကို မဟာပြဟ္မာကြီးက လျှာပေါင်း တစ်ကုဋေတို့ဖြင့် သူ့သက်တမ်းကုန်သည့်တိုင်အောင် ဖွဲ့နွဲ့ချီးမွမ်းသည့်တိုင် မကုန်နိုင်ပါဟုလည်းပါသည်။

အဆိုတော်၊ အတီးတော်တို့၏ ဆိုကြ၊တီးကြသည့် တေးသံများကို စတင်ကြားရစဉ်က ဆိုသလောက်မဟုတ်မှန်း သိစေကာမူ သဘောကျမိ၏။ လက်ထဲစွပ်ထားသော ရတနာလက်ဝတ်တော် အမျိုးမျိုးကိုလည်း ဆုတော်လာဘ်တော်ချဖူးသည်။ ဘုန်းတော်ဘွဲ့များတင်သွင်းလျှင် ဆုရကြောင်း သိသော ဂီတသဘင်ပညာရှင်တို့ကလည်း မင်းအလိုတော်ကြ၊

ဆုတောင်း လာဘ်တော်ရမည့် ဘုန်းတော်ဘွဲ့တို့ကိုသာ တင်သွင်းသည်။

ယခုည ညဦးပိုင်း စက်တော်ဆောင်ဝင်ကာစက သွက်သွက်လက်လက် သီဆိုတီးမှုတ်နေကြသော အဆိုတော် အတီးတော်တို့သည် ညဉ့်ဦး၏ နောက်ပိုင်းသို့ရောက်သောအခါ ငြိမ်းညောင့်အေးမြသော တေးဂီတတို့ကိုသာ သီဆိုတီးမှုတ်ကြတော့သည်။ သို့မှသာ မင်းမိဖုရားတို့ စက်တော်ခေါ် ချင်ပေလိမ့် မည်။ ညဉ့်လယ်အနီးရောက်သောအခါတွင်မူ အားလုံးသော အဆိုတော် အတီးတော်တို့ အဆိုအတီးရပ်နားကာ အိပ်စက်ကြသည်။

အဆိုတော်အတီးတော်များ အိပ်စက်သည့်တိုင် ဘုရင်ဂုဟာသိဝကား အိပ်၍မပျော်နိုင်၊ မင်းကြီး စက်တော်မပျော်သောအခါ မိဖုရားကြီးလည်း စက်၍မပျော်ခဲ့။ မနေနိုင်သည့်အဆုံး မိဖုရားကြီးက "မောင်တော်ရွှေနန်းရှင်ဘုရား၊ ဘယ်အခက်အခဲများ တွေ့ကြုံနေရလို့ စက်မပျော်ရပါသလဲ၊ နှမတော် သိခွင့် ရှိကသိပါရစေဘုရား" ဟုလျှောက်တင်သည်။

မင်းကြီးက "မိဖုရာကြီးမပြောမပြီး၊ မတီးမမြည်ဆိုတာလို ပြောရခြေတော့မယ်။ မောင်တော်တို့နိုင်ငံရဲ့ ပြည်ထဲရေးဟာ မငြိမ်သက်ပေဘူး၊ သေဝတ္တစတဲ့ မလယမင်းများက ဗုဒ္ဓမြတ်စွယ်တော်ရလိုမှုအကြောင်းပြုပြီး ကျူးကျော်ရန်စလာတယ်။ ရာဇသံအမျိုးမျိုးလည်း ပေးလာကြတယ်။ သူတို့ဟာ မောင်တော်တို့ထက် လက်နက်စစ်သည် အင်းအား အလွန်သာတယ်။ ဗုဒ္ဓရဲ့စွယ်တော်မြတ်ကို အကြောင်းပြုပြီး အသက်သွေးများ ဆုံးရှုံးရတယ်ဆိုတာ မလျော်ကန်လှပေဘူး။ မောင်တော်တို့အနေနဲ့ကလည်း အတုမဲ့ရတနာ၊ ဘေးတော်ဘိုးတော်တို့ရဲ့ ခမ္မအမွေ ဗုဒ္ဓရဲ့လက်ဝဲအောက် စွယ်တော်မြတ်ကို လွယ်လွယ်နဲ့ မပေးနိုင်ဘူး၊ ဒီတော့ ခားခားချင်း၊ လှံလှံချင်း စစ်မက်တော့ ခင်းကြရမှာပဲ၊ အဲဒီတော့ မနက်ဖြန်နံနက်မိုးသောက် အလင်းရောက်လျှင် သားမက်တော် ဒန္တမင်းသားနှင့် သမီးတော် ဟေမမာလာတို့အား ရှေ့တော်ခေါ်ပြီး တိုင်ပင်ရပေလိမ့်မည် မိဖုရားကြီး" ဟုမိန့်တော်မူ၏။

ထိုနောက် မိဖုရားတို့ ငြိမ်သက်ကာ အတွေး ကိုယ်စီနှင့် စံနေတော်မူကြ၏။ ရွှေတိုင်တို့လည်းငြိမ်းပြီး၊ နံ့သာတို့လည်း သိမ်းပြီ၊ သန်းခေါင်သို့လည်း တိမ်းပြီ။

ဂုဟာသိဝမင်း၏ သမီးတော် ဟေမမာလာနှင့် သားမက်တော် ဒန္တမင်းသားတို့သည် မင်းတရားကြီး၏ ဆင့်ခေါ် ချက်အရ မင်းတရားကြီးနှင့်တွေ့ရန် ဧည့်နန်းဆောင်၌ စောင့်၍နေကြ၏။ အတွင်းတော်မှာ မင်းနှင့်မိဖုရားတို့ ထွက်တော်မူအလာကို စောင့်၍ နေ့စဉ်အတိတ်က ဖြစ်ရပ်တို့ကို ဒန္တမင်းသားသည် သတိရ၍နေမိ၏။

ဒန္တကုမာရဟု ကျော်ကြားလာမည့် မင်းသားသည် မဇ္ဈိမဒေသ ဥဇ္ဇေနီပြည် (ယခုခေတ်အခေါ် ဥဂျိန်းပြည်)၏ ရှင်ဘုရင်နှင့် ဂုဟာသိဝမင်း၏ နှမတော်တို့၏ သားတော် ဖြစ်သည်။ မင်းသားသည် ငယ်စဉ်ကပင် ရတနာသုံးပါးကို အထူးကြည်ညိုကိုင်းရှိုင်း၏။ သံဃာတော်များနှင့်လည်း အကျွမ်းတဝင်ရှိ၏။ သံဃာတော်တို့၏ အဆုံးအမဩဝါဒကိုလည်း အလွန် လေးစားလိုက်နာ၏။

တစ်နေ့မင်းသားက သူ၏မယ်တော်အား ပူဆာသည်။ "မယ်တော်ဘုရား မယ်တော်၏အစ်ကိုတော် သားတော်၏ဦးရီးတော် ကလိင်္ဂတိုင်းပြည်အရှင် ဘုရင်ဂုဟာသီဝမင်းရဲ့ ဒန္တပူရမြို့မှာ ဗုဒ္ဓ၏ လက်ဝဲအောက် စွယ်တော်ရှိတယ်လို့ သားတော်ကြားဖူးပါတယ်။ စွယ်တော်မြတ်ကို သားတော် သွားရောက်ဖူးမျှော်လိုပါတယ် ခွင့်ပြုတော်မူပါ" ဟု သံတော်ဦးတင်လေသည်။ မယ်တော်က "သားတော်ရဲ့ ခမည်းတော်နဲ့တိုင်ပင်ပြီး ကလိင်္ဂတိုင်းနိုင်ငံ ဒန္တပူရမြို့မှာ ကိန်းဝပ်တော်မူတဲ့ လက်ဝဲအောက်စွယ်တော်မြတ်ကို ဖူးနိုင်အောင် မယ်တော်စီစဉ်ပေးမယ်" ဟုမိန့်တော်မူ၏။ ခမည်းတော်နှင့် မယ်တော်တို့၏ အစီအစဉ်ဖြင့် သားတော်မင်းသားသည် ဦးရီးတော် ဂုဟာသီဝမင်းစံရာ ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့သို့ ရောက်ရှိခဲ့၏။ ပင်ကိုကပင် ရတနာသုံးပါးကို ကြည်ညိုရင်းစွဲရှိသော မင်းသားသည် ဗုဒ္ဓစွယ်တော်မြတ်အား

ဖူးမျှော်၍မဝနိုင်၊ နေ့နေ့ညည ဖူးမျှော်ခွင့်ရသ၍ စွယ်တော်ကိုသာ ဖူးမျှော်၍နေသည်။

မင်းသား၏ စွယ်တော်အပေါ် ကြည်ညိုပုံကို ဂုဟသီဝမင်းကြီး သဘောကျ ကျေနပ်တော်မူကာ တူတော်မောင်မင်းသားအား စွယ်တော်မြတ်ကို စောင့်ရှောက်ရသည့် စွယ်တော်ထိန်းမင်းသားရာထူးကို ချီးမြှင့်လေသည်။ ထိုအခါမှစ၍ မင်းသားသည်ဒန္တကုမာရ(စွယ်တော်မင်းသား) ဟု ကျော်ကြားခဲ့လေသည်။

ဂုဟသီဝမင်းကြီးသည် တူတော် ဒန္တမင်းသား၏ ရည်မွန်သွက်လက်ပုံ၊ ဝေဖန်တိုင်းထွာတတ်ပုံ၊ ရိုးသားထက်မြက်ပုံ၊ သိမ်မွေ့သပ်ရပ်ပုံ၊ ကိုယ်ကျင့်သီလကောင်းပုံတို့ကို သဘောကျတော်မူကာ "ဆွေချင်းထပ်မြတ်သည်" ဟူသောစကားအတိုင်း ဟေမမာလာ ဟူသော နာမည်နှင့်လိုက်ဖက်အောင် ရွှေစင်ကဲ့သို့ လှပအဖိုးတန်ကာ ပန်းကုံးကဲ့သို့ နူနယ်သိမ်မွေ့သော သမီးတော်မင်းသမီးနှင့် နှစ်ပါး ရွှေဂဟေစပ်သကဲ့သို့ ရွှေလက်တော်ထပ်ပေးခဲ့လေသည်။

ထိုမျှသာမက တူတော်လည်းဖြစ် သားမက်တော်လည်းဖြစ်သော ဒန္တမင်းသားအား ဥပရာဇာအဖြစ်ခန့်ထား၍ အိမ်ရှေ့မင်းစည်းစိမ်ကို ပေးသနားခဲ့လေသည်။

ဒန္တမင်းသားသည် ဗုဒ္ဓ၏စွယ်တော်မြတ် ဤကလိင်္ဂတိုင်း ဒန္တပူရမြို့တော်သို့ ရောက်ရှိတော်မူလာပုံကို ဦးရီးတော် ဂုဟသီဝမင်းကြီး၏ မိန့်တော်မူချက်အရ သိရှိမှတ်သားခဲ့ရသည်။

ကလိင်္ဂနိုင်ငံ ဒန္တပူရမြို့တော်၌ ကိန်းဝပ်တော်မူသော စွယ်တော်မြတ်သည် ဂေါတမဘုရား၏ လက်ဝဲအောက်စွယ်တော်မြတ် ဖြစ်တော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်အလောင်းတော် တေဇောဓာတ် မီးလောင်မြိုက်၍နေစဉ် ထင်းပုံထက်မှာပင် အရှင်သာရိပုတ္တရာ၏တပည့် ခေမအမည်ရှိသော ရဟန္တာအရှင်မြတ်က ဗုဒ္ဓ၏ လက်ဝဲအောက်

စွယ်တော်မြတ်ကို ရယူတော်မူလိုက်သည်။

အရှင်ခေမရဟန္တာအရှင်မြတ်သည် ကုသိနာရာမမှ ကလိင်္ဂတိုင်းသို့ ပင့်ဆောင်ကာ ကလိင်္ဂတိုင်းပြည်ရှင် ဘုရင်ဗြဟ္မဒတ်အား ချီးမြှင့်တော်မူသည်။ ဘုရားရှင်၏ လက်ဝဲအောက် စွယ်တော်မြတ်အား ဘုရင်ဗြဟ္မဒတ်သည် ရိုသေမြတ်နိုးစွာ ပူဇော်၏။ စွယ်တော်မြတ်ကိန်းဝပ်တော်မူသော မြို့သည် ဒန္တပူရမြို့တော်(စွယ်တော်မြို့)ဟု ထင်ရှားလာခဲ့သည်။

ဗြဟ္မဒတ်မင်းနတ်ရွာစံသော် သားတော် ကာသိရာဇာ (ကလိင်္ဂရာဇာမင်း) နန်းတက်၏။ ထိုမင်းနတ်ရွာစံသော် သားတော် သုနန္ဒမင်း နန်းတက်၏။ ထိုမင်းနတ်ရွာစံသော် သားတော်၊ မြေးတော် အစဉ်အဆက်တို့ နန်းတက်ကြရာ ဂုဟသိဝမင်း လက်ထက်သို့ရောက်ခဲ့၏။ ဗုဒ္ဓ၏စွယ်တော်မြတ်ကို လက်ခံရရှိသူ ဗြဟ္မဒတ်မင်းမှသည် ဂုဟသိဝမင်းတိုင်အောင် အဆက်ဆက်သော မင်းတို့သည် ဗုဒ္ဓ၏စွယ်တော်မြတ်ကို စောင့်ရှောက်ကိုးကွယ်ခဲ့ကြသည်။ ဤသည်ကား ဒန္တမင်းသားအား ဦးရီးတော် ဂုဟသိဝမင်းက ပြောပြသော စွယ်တော်သမိုင်းပေတည်း။

ဒန္တမင်းသားနှင့် ဟေမမာလာမင်းသမီးတို့သည် ခမည်းတော် ဂုဟသိဝမင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်ရှိ ခစားနေကြပြီဖြစ်၏။ မင်းတရားကြီးက နန်းတွင်း အမှုတော်ထမ်းတို့အား ဝေးရာသို့သွား၍ ခစားစေသည်။ အနီး၌ တစ်ယောက်မျှမရှိသည့်အခါတွင်မှ မင်းကြီးက အသံတော်ကို နှိမ့်၍ တိုးတိုးမိန့်တော်မူ၏။

သားတော်နှင့် သမီးတော် နိုင်ငံတော်မှာမကြာမီ အန္တရာယ်တစ်ခုကို တွေ့ကြုံရတော့မယ်၊ တခြားတော့မဟုတ်ဘူး သေဝတ္တစတဲ့ ပလယမင်းတွေ ကျူးကျော်ရန်စ စစ်ခင်းလာကြတယ်၊ သားတော်နှင့် သမီးတော်တို့ကို စုံစုံလင်လင်သိအောင် ခမည်းတော်ပြောပြမယ်။

တစ်ချိန်က ပါဋလိပုတ်ပြည့်ရှင် ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ပဏ္ဍုဘုရင်ဟာ ဘာသာခြားများရဲ့ စကားကိုနားဝင်ပြီး ခမည်းတော်

တို့တိုင်းပြည်ကို စစ်ချီလာဖူးတယ်။ ဘာသာခြားများက ပဏ္ဍုမင်းရဲ့ လက်အောက်ခံအဆင့်မျှသာရှိတဲ့ ကလိင်္ဂတိုင်းပြည်ရှင်ဘုရင် ဂုဟာသိဝမင်းဟာ ပဏ္ဍုမင်းကိုသာ အရိုအသေပေးသင့်ပါလျက် အရိုအသေမပေးဘဲ ဘာမှအဓိပ္ပါယ် မရှိတဲ့ ဗုဒ္ဓဆိုသူရဲ့စွယ်တော်ကိုပဲ အရိုအသေပေးနေခြင်းဟာ ပဏ္ဍုမင်းကို အာခံဆော်ကားနေတာပဲလို့ ကုန်းတိုက်ကြတယ်။

ပညာနည်းတဲ့ ပဏ္ဍုမင်းဟာ ဘာသာခြားတို့ရဲ့ ကုန်းတိုက်စကားကို နားယောင်ပြီး ခမည်းတော်တို့ရဲ့ တိုင်းပြည် ကို တိုက်ခိုက်သိမ်းယူဖို့ စစ်သည်အင်းအား အလုံးအရင်းနဲ့ ချီတက်လာခဲ့ကြတယ်။ ခမည်းတော်က "အမျက်ဒေါသကြီးမား သူကို အမျက်ဒေါသမထား မေတ္တာတရားဖြင့်သာ အောင်စေရာ၏" ဆိုတဲ့ ဗုဒ္ဓတရားတော်အရ ရွှေနန်းတော်တစ်ခုလုံးကို မေတ္တာ ပွားခိုင်းခဲ့တယ်၊ မိမိသည် ဗုဒ္ဓသာသနာတော်ကို ပြုစုစောင့် ရှောက်နိုင်မည့် ဘုန်းထူးကံထူးရှိပါက ဒီရန်စစ်မီးကို ငြိမ်းနိုင်ရ ပါစေသားလို့ သစ္စာပြုပြီး ရန်သူပဏ္ဍုမင်းအလာကို ခမည်းတော် ကိုယ်တိုင် ခမ်းခမ်းနားနားဆီးကြိုခဲ့တယ်။

ပဏ္ဍုမင်းဟာ ခမည်းတော်က သူ့ကို ရန်သူလို သဘောမထားဘဲ ပြည်ထောင်ဘက်ချင်း မဟာမိတ်မင်းများလို သဘောထားပြီး ဂုဏ်ပြုကြိုဆိုနေတာတွေ့တော့ သူ့ရဲ့အမျက်ဒေါသတွေ ပြေပျောက်သွားခဲ့တယ်။ အလိုတော်ရှိရာကို ကူညီဖို့ အသင့်ရှိပါကြောင်း ခမည်းတော်က ပြောတော့သူက အလွန်ကျော်ကြားလှတဲ့ ဗုဒ္ဓရဲ့ စွယ်တော် မြတ်ကို ဖူးမျှော်ခြင်တယ်လို့ ပြောတယ်။

ထည်ထည်ဝါဝါ ပူဇော်ထားတဲ့ ဗုဒ္ဓစွယ်တော်မြတ်ကို ပြည့်ရှင်မင်းတို့သာ ပူဇော်နိုင်တဲ့ ပူဇော်ဖွယ်များနဲ့ ခန်းခန်း နားနား ပူဇော်နိုင်ဖို့ ခမည်းတော်ကိုယ်တိုင် စီစဉ်ပေးတော့ သဒ္ဓါ တရားတွေ တိုးပွားလာပြီး သူဟာ သူတစ်ပါးစကားကို နားယောင်ပြီး မပြစ်မှားတိုက်သူ ခမည်းတော်ကို ပြစ်မှားမိကြောင်း ဝန်ချတောင်းပန်တယ်။

နောင်သင့်လျော်တဲ့ တစ်ချိန်မှာ သူတို့ ပါဠိလိပုတ်

နေပြည်တော်ကို ဖိတ်ကြားမယ့် အကြောင်းနဲ့ အကယ်၍ အကြည်တော် ကြွလာပါလျှင် ဗုဒ္ဓရဲ့စွယ်တော်မြတ်ကိုပါ ပင့်ခဲ့စေခြင်းကြောင်းမှာကြားပြီး ပြန်သွားခဲ့ပါတယ်။ များမကြာမီပဲ စွယ်တော်မြတ်နှင့်အတူ "အကြည် တော် ဂုဟသိဝမင်း ပါဋလိပုတ်ကို ချစ်ကြည်ရေးခရီး ကြွရောက်တော်မူပါ" ဆိုတဲ့ စာသဝဏ်လွှာ ရောက်ရှိလာတယ်။

ခမည်းတော်နဲ့ မယ်တော်တို့လည်း ဗုဒ္ဓရဲ့ စွယ်တော်မြတ်ကို ပင့်ဆောင်ပြီး သူတို့နိုင်ငံကို အလယ်အပတ်ခရီးသွားခဲ့တယ်။ ဒါပေမဲ့ မျှော်လင့်မထားတဲ့ စိတ်မကောင်းစရာဖြစ်ရပ်တွေကို တွေ့ခဲ့ရတယ်။ ဖြစ်ပုံကဒီလို သားတော်၊ ပဏ္ဍုမင်းကို ဘာသာခြားတိတ္ထိများကပြောတယ်။ လက်အောက်ခံအဆင့်မျှသာရှိတဲ့ မင်းကိုးကွယ်တဲ့ ဗုဒ္ဓ ဆိုသူရဲ့သွားကို မရှိခိုးထိုက်ကြောင်း၊ အရိုအသေမပေးသင့်ကြောင်း စသည်ဖြင့် အတု မရှိတဲ့ ဗုဒ္ဓရဲ့ကိုယ်တော် တစ်စိတ်တစ်ဒေသ ဓာတုစေတီတော်ကို ပြစ်မှားပြောဆိုတယ်။

ဉာဏ်နည်းတဲ့ ပဏ္ဍုမင်းဟာ တိတ္ထိတွေရဲ့စကားကို နားဝင်ပြီး စွယ်တော်မြတ်ကို မီးကျီးတွင်းထဲ ပစ်ချဖျက်စီးတယ်။ ဘုရားရှင်ရဲ့ အသမ္ဘိန္နဓာတ် စွယ်တော်မြတ်ဟာ မီးမလောင်ကျွမ်းတဲ့အပြင် အမျိုးမျိုး သော တန်ခိုးပြာဋိဟာကို ရှစ်ကြိမ်တိုင်တိုင် ပြတော်မူတယ်။ နောက်ဆုံး ပေပေါ်တင်ပြီး တူနဲ့ထုတဲ့အခါ စွယ်တော်မြတ်ဟာ ပေထဲမှာ တစ်ဝက်လောက် မြုပ်ဝင်သွားခဲ့တယ်။ နောက်ဆုံး ပဏ္ဍုမင်းကိုယ်တိုင် ယုံကြည်စွာနဲ့ ကိုးကွယ်ပူဇော်ခဲ့တယ်။ နှစ်ပြည်ထောင်စစ်မီးလည်း မတောက်ခဲ့ကြဘူး။ ပဏ္ဍုမင်းကသူတို့ တိုင်းပြည်ရောက်နေတဲ့ ဗုဒ္ဓ စွယ်တော်မြတ်ကို ကာလအတိုင်းအတာတစ်ခု အထိကိန်းဝပ်ပူဇော်ခွင့်ပြု ပါလို့ ခမည်းတော်ကို မေတ္တာရပ်ခံခဲ့ပါတယ်။ ခမည်းတော်လည်း ကလိင်္ဂတိုင်းသူပြည်သားများ နားချပြီး ပါဋလိပုတ် နေပြည်တော်မှာ စွယ်တော်ကို ကိန်းဝပ်ခွင့်ပြုခဲ့တယ်။ ကိန်းဝပ်ခွင့်မပြုခဲ့ရင် နှစ်နိုင်ငံ စစ်မီးတောက်ဦးမယ်။ စွယ်တော်မြတ်ရဲ့ တန်ခိုးပြာဋိဟာကိုဖူးမြင်ရပြီး

သဒ္ဓါတရားဖြစ်လာတဲ့ ပဏ္ဍုမင်းဟာ စွယ်တော်ကို ရိုရိုသေသေ ကိုးကွယ်ပူဇော်ခဲ့တယ်။

ပြည်နီးချင်း ခီရာဓာရ(ခီဓာရမ်) ပြည်ရှင်စိတ္တယာနမင်းက စွယ်တော်ကို ပူဇော်ပါရစေဆိုပြီး ပဏ္ဍုမင်းထံက တောင်းတယ်။ ဘုန်းမီးနေလ တောက်ပနေတဲ့ ပဏ္ဍုမင်းက မပေးခဲ့ဘူး။ နှစ်နိုင်ငံ စွယ်တော်ကို အကြောင်းပြုပြီး စစ်ခင်းကြရာမှာ ခီရာဓာရမင်း ကျဆုံးခဲ့တယ်။

သံဝေဂများစွာရရှိတဲ့ ပဏ္ဍုမင်းဟာ ခမည်းတော်ထံ ဗုဒ္ဓ စွယ်တော်မြတ်ကို ပြန်လည်အပ်နှံပြီး သားတော်အိမ်ရှေ့မင်းသားကို ထီးနန်းလွှဲအပ်ကာ ရဟန်းပြုသွားခဲ့တယ်။ ခီရာဓာရမင်း မရှိတဲ့နောက် သူ့တူတော် မလယမင်းများက ကလိင်္ဂတိုင်းကို ပြန်ရောက်နေတဲ့ စွယ်တော်ကို သူတို့ကို အသာတကြည်အပ်လျှင် အပ်၊ မအပ်လျှင် စစ်တိုက်ပြီး သိမ်းမယ်လို့ ရာဇသံပေးတယ်။

အခုမလယမင်းများရဲ့ ရာဇသံနဲ့ ပတ်သက်ပြီး တိုင်ပင်ချင်လို့ သားတော်နဲ့ သမီးတော်တို့ကို အပါးတော်ကို ဆင့်ခေါ် ရတာပဲ။ ဤသို့ ဂုဟသိဝမင်းသည် ဒန္တမင်းသားနှင့် ဟေမမာလာမင်းသမီးတို့အား အကြောင်းအရာ အပြည့်အစုံကို မိန့်ကြား၏။

ဒန္တမင်းသားက "ခမည်းတော် ဘယ်လိုဖြစ်စေချင်ပါသလဲ ဘုရား၊ သားတော်က တပ်တော်များကိုဦးစီးပြီး ရှေ့တန်းကနေ တိုက်ပေးရမှာပါလား၊ ဒါမှမဟုတ်၊ စီးချင်းထိုးရမှာပါလား၊ သာသနာ၊ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးလှူဖို့ အသင့်ရှိကြောင်းပါဘုရား" ဤသို့ ဒန္တမင်းသားက သံတော်ဦးတင်ရာ - ဂုဟသိဝမင်းကြီးက "သားတော်ရဲ့စကားကို ခမည်းတော်ကြားရတာ အလွန်ပဲအားရ ကျေနပ်လှပါတယ်။ သားတော်ဟာ ရတနာသုံးပါးကို အလွန်ကြည်ညိုတယ်။ စိတ်သဘောထား အလွန်ပျော့ပျောင်းတယ်။ စစ်ရေးစစ်ရာ အတွေ့ အကြုံ မရှိပေဘူး၊ ဒီတော့ စစ်ရေးစစ်ရာအတွက် ခမည်းတော်ရဲ့

တာဝန်သာရှိပါစေတော့၊ သားတော်ကို ခမည်းတော် တာဝန်ပေးချင်တာက စစ်ရေးစစ်ရာထက် ပိုအရေးကြီးတဲ့ ဗုဒ္ဓစွယ်တော်မြတ်ကို စောင့်ရှောက်ဖို့တာဝန်ပဲ။

စစ်တို့သဘောက အနိုင်နဲ့အရှုံး နှစ်ခုသာရှိတယ်။ ခမည်းတော်တို့ နိုင်ချင်လည်းနိုင်မယ်။ ရှုံးချင်လည်းရှုံးမယ်၊ ကေန်မုချမပြောနိုင်ဘူး၊ ခမည်းတော်တို့ဘက်က အရေးနိမ့် ခဲ့ရင် သားတော်နဲ့ သမီးတော်တို့က ဗုဒ္ဓစွယ်တော်မြတ်ကို လျှို့ဝှက်လုံခြုံစွာပင့်ပြီး လင်္ကာဒီပပြည့်ရှင် ဘုရင်မဟာသေနထံ သွားရောက်အပ်နှံပါ။ မဟာသေနမင်းဟာ မိမိဦးခေါင်းကို ဖြတ်ပြီး ထမင်းရှင်ကို ကျေးဇူးဆပ်ခဲ့တဲ့ သီရိသံဃဗောဓိမင်းရဲ့နောက် အနုရာဓမှာ နန်းစံခဲ့တဲ့လင်္ကာဒီပပြည့်ရှင် ဂေါဌာဘယမင်းရဲ့ သားတော်ဖြစ်တယ်။ ဂေါဌာဘယမင်း လွန်တော်မူတဲ့အခါ အနုရာဓမှာ ထီးနန်းစံသွားတဲ့ဘုရင်ဇေဋ္ဌတိဿရဲ့ ညီတော်လည်းဖြစ်တယ်။ ဘုရင်မဟာသေနဟာ ခမည်းတော်နဲ့ လူချင်းမတွေ့ဘူးပေမယ့် အလွန်ရင်းနှီးကြတဲ့ အဒိဋ္ဌသဟာယဖြစ်တယ်။ ဗုဒ္ဓကိုကိုးကွယ်တာချင်းလည်းတူတယ်။ မဟာသေနမင်းဟာ ဗုဒ္ဓကို အလွန်ကြည်ညိုတယ်။ သူ့ထံကြွလာတဲ့ ဗုဒ္ဓရဲ့စွယ်တော်မြတ်ကို အလွန်မြတ်နိုးရိုသေစွာပူဇော်လိမ့်မယ်။

ကဲ ခမည်းတော် ပြောချင်တာတော့ တော်တော်စုံသွားပြီ။ မိဖုရားကြီးက သားတော်နဲ့ သမီးတော်များကို ဘာများမှာကြားချင်သလဲ"။

ထိုအခါ တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေသော မိဖုရားကြီးက "သားတော်နဲ့သမီးတော်တို့ ခမည်းတော် မင်းတရားကြီးမိန့်ကြားတော်မူတာလည်း တော်တော်စုံသွားပြီ။ မယ်တော် အထူးမှာကြားစရာ မလိုတော့ဘူး၊ အရာရာ သတိပညာကြီးမားစွာနဲ့ ဆောင်ရွက်ကြပါလို့သာ မယ်တော် မှာကြားပါရစေ၊ ငါ့သားတော်သမီးတော်များ အန္တရာယ်ကင်း၍ ဘေးရှင်းကြပါစေ"။

ထိုအခါ မင်းကြီးက“ သားတော်နဲ့ သမီးတော်တို့ ဒီနေ့ပဲ ကြိုတင်ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ကြပေတော့” ဟု မိန့်တော်မူရာ မင်းသားနဲ့မင်းသမီးတို့က “အမိန့်တော်မြတ် အတိုင်းပါဘုရား” ဟုလျှောက်ထားကာ အပါးတော်မှ ရှိသေစွာ ထွက်ခွာခဲ့ကြ၏။

ကျူးကျော်လာကြသူ ရန်သူမင်းများကြောင့် စစ်မီးကား အကြီးအကျယ် တောက်လောင်ခဲ့ကြပြီဖြစ်၏။ ကလိင်္ဂပြည့် ရှင်ဘုရင် ဂုဟာသိဝမင်းသည် အမျိုး၊ ဘာသာ၊ သာသနာအတွက် ကိုယ်တော်တိုင် တပ်တော်ဦးမှ ရွပ်ရွပ်ချွံချွံ သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်တော်မူရှာ၏။

ကလိင်္ဂမင်း၏ စစ်သည်များနှင့် ရန်သူမင်း၏ စစ်သည်တို့ တိုက်ပွဲကား ပြင်းထန်သည်ထက် ပြင်းထန်၍လာ၏။ ဆင်သံ၊ မြင်းသံ၊ အမြောက် စိန်ပြောင်း စသော လက်နက်ကြီးများအသံ၊ ကြုံးဝါး အော်ဟစ်လိုက်သည့် ညာသံများ၊ ဓားချင်းခုတ်မိပြီး မြည်လာသည့် ချွင်ချွင်ဟူသောအသံများ၊ ဓားခုတ်ခံရသူ၊ လှံထိုးခံရသူ၊ မြားမှန်ခံရသူတို့၏ စူစူဝါးဝါး အော်ဟစ်သံစသော မကြားချင်စရာ အနိဋ္ဌာရုံအသံတို့ကို မိဖုရားကြီးကြားနေရ၍ ရင်ဝယ်လှိုက်ကာ သောကဖြာနေတော့၏။

ကလိင်္ဂမင်းသည် ရန်သူမင်းနှင့် ထိပ်တိုက် အပြင်းအထန် ရင်ဆိုင်နေရ၏။ ကလိင်္ဂမင်းက သူ၏အလွန်ရဲစွမ်းသတ္တိကောင်းလှသော စစ်ဆင်တော်ထက်မှ လှံတော်ကိုကိုင်ကာ ရန်သူမင်း၏ ချပ်ဝတ်တန်ဆာများ ဆင်ယင်ထားသည့် ခန္ဓာကိုယ်မှာ ချပ်ဝတ်ကင်းလွတ်သည့်နေရာ၊ ချပ်ဝတ်၏ အဆက်နေရာ စသောလှံဖြင့် ထိုးချင်းကောင်းသည့်နေရာကို မပျက် ကြည့်နေရ၏။ ရန်သူမင်းကလည်း ထိုနည်းတူ ကလိင်္ဂမင်း၏ အားနည်းချက်ကိုသာ မလွတ်တမ်း ကြည့်နေ၏။

စစ်သေနာပတိ၊ တပ်မင်းကြီးများလည်း အသီးသီး သူတို့၏ အဆင့်အလိုက် ရန်သူကိုရင်ဆိုင်ကာ နှလုံးရည် လက်ရုံးရည်တို့ကိုသုံးပြီး အကြိတ်အနယ် တိုက်ပွဲဝင်နေကြ၏။

ရန်သူမင်း၏အင်အားနှင့် စစ်ဗျူဟာကို အထင်သေး၍ မဖြစ်ကြောင်းနှင့် လျှော့၍တွက်ဆမရကြောင်း စစ်ထိုးရင်း ကလိင်္ဂမင်း သတိထားမိ၏။ တစ်ဖက်စစ်သည်တို့ အတုံးအရုံး ကျဆုံးနေသကဲ့သို့ မိမိစစ်သည်တို့လည်း ဗုဒ္ဓသာသနာ၊ နိုင်ငံနှင့်လူမျိုးအတွက် အသက် ပေးလှူနေကြရှာသည်ကို တွေ့နေရ၏။

စစ်တို့သဘောကား အနိုင်အရှုံး နှစ်မျိုးပင်ရှိရာ ယောက်ျား အာဇာနည်ပီပီ ဗုဒ္ဓသာသနာ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူရန် အဆင်သင့်ဖြစ်နေသော ဂုဟသိဝမင်းက သက်စွန့်ကြိုးပမ်း တပ်တော်ဦးမှ ဦးဆောင်တိုက်ပွဲ ဝင်တော်မူနေရှာပါသည်။

မိဖုရားကြီးခမျာလည်း နန်းမတော်စံနန်းမှ ပန်းသပြေနှင့် ညောင်ရေ လောင်း၍ မောင်တော်ပြည့်ကြီး ရှင်နိုင်ပါစေကြောင်း ဆုတောင်းနေရှာ၏။ ဆုတောင်းကာ မပြည့်ရှာပေ။ ကလိင်္ဂတိုင်းပြည်ရှင်၏ ဘုန်းကမ္ဘာကား လသော်တာကို ရာဟုဖမ်းသကဲ့သို့ ညှိုးနွမ်းရှာခဲ့လေပြီ။ နက္ခတ္တ ဝေဒပညာရှင်တို့က ကလိင်္ဂတိုင်းပြည်နှင့် မင်းတို့၏ သက်ဆိုင် ရာ နက္ခတ္တတို့ကို ကြည့်နေကြဆဲဝယ် ပြည်ကြီးနှင့်အရှင်တို့၏ နက္ခတ္တများညှိုးသကဲ့သို့ ထီး၊ စည်လည်းကျိုးပေါက်ခဲ့ရလေ၏။ ရွှေနန်းရှင်ကား စစ်မြေပြင်ဝယ် တိုင်းပြည်အတွက် အသက်လှူတော် မူရှာခဲ့လေပြီ။

ဒန္တမင်းသာနှင့် ဟေမမာလာမင်းသမီးတို့သည် စစ်မြေပြင်၌ ခမည်းတော်ကံကုန်ကြောင်း သတင်းရလျှင်ရခြင်း ကျလာသောမျက်ရည်ကို သုတ်၍ မပူရုပ်ဆင်ကာ သူဆင်းရဲပုဏ္ဏားနှင့် ပုဏ္ဏေးမအသွင်ရုပ်ဖျက်၍ ဟေမမာလာ မင်းသမီး ဆံထုံးအတွင်း၌ ဗုဒ္ဓ၏စွယ်တော်မြတ်ကို ကိန်းဝပ်စေပြီး နန်းတော်မှ ထွက်ခွာခဲ့ကြလေသည်။ နတ်ရွာစံခမည်းတော်ကြီး အမှာတော်ထားခဲ့သည်က ဗုဒ္ဓ၏မြတ်စွယ်တော်ကို လင်္ကာဒီပပြည့်ရှင် ဘုရင်မဟာသေနထံ အရောက်သွား၍ ဆက်သရမည်တဲ့။ လင်္ကာဒီပသို့ သွားရောက်ရန်မှာ ပင်လယ်ကိုကူးကြရမည်။ ဇမ္ဗူဒီပါ(အိန္ဒိယ)မှ

လက်ာဒီပသို့ တာမလိတ္တိဆိပ်ကမ်းမှ သွားကြရမည်။ တာမလိတ္တိဆိပ်ကမ်းသည် ဒန္တပူရနှင့် ဝေးလှ၏။ မတတ်နိုင်၊ ရောက်ချင်သည့် အချိန်မှရောက် တောလမ်းခရီးမှသာ သွားရပေလိမ့်မည်။ မြို့ရွာများကို ဖြတ်သန်းဆက်သွယ်ထားသည့် လမ်းကြီးများမှသွားလျှင် ရန်သူများနှင့်တွေ့ပြီး ဘေးအန္တရာယ်ဖြစ်နိုင်သည်ဟု သဘောပေါက်ကာ မြို့ရွာများနှင့်ဝေးကွာသော တောလမ်းခရီးမှ လာခဲ့ကြရာ ဘုရားရှင်၏ စွယ်တော်မြတ်အာနုဘော်ကြောင့် ခြင်္သေ့၊ သစ်၊ ကျား၊ ဆင်ရိုင်းများလည်း အန္တရာယ်မပြုကြ၊ ဥဒေါင်း၊ ကြိုးကြာ စသော ကျေးငှက်သာရကာများဆိုလျှင် စွယ်တော်မြတ်ကို ဂါရဝပြုသည့်အနေနဲ့ သူတို့အနားသို့ပင် ချဉ်းကပ်၍လာချေ၏။

ဤသို့ဖြင့် ဒန္တမင်းသားနှင့် ဟေမမာလာ မင်းသမီးတို့သည် တောလမ်းမှ ခရီးနှင်လာကြစဉ် တောတွင်းတစ်နေရာ သို့အရောက်၌ ဒန္တမင်းသားမှာ မိမိမျက်လုံးကိုပင် မိမိမယုံနိုင်လောက်အောင် ဖြစ်သွားရ၏။ အိမ်မက်များ မက်နေသလားဟု ထင်မှတ်မိ၏။ အကြောင်းမှာ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်လျက်ရှိသော ဟေမမာလမင်းသမီး၏ ဆံထုံးကိုဝိုင်းပတ်လျက် အရောင်မျိုးစုံဖြာထွက်ပြေးလွှားနေကြသော ကြောင့်ဖြစ်၏။ ဒန္တမင်းသား သဘောပေါက်လာပါသည်။ ဟေမမာလာ၏ ဆံထုံးထဲတွင် ကိန်းဝပ်လျက်ရှိသော ဘုရားရှင်၏လက်ဝဲအောက် စွယ်တော်မြတ် ရောင်ခြည်တော် ကွန့်မြူးနေခြင်းပင် ဖြစ်ပါ၏။

ဒန္တမင်းသားသည် ရောင်ခြည်တော်ကွန့်မြူးနေသည့် စွယ်တော်မြတ်အား မမှိတ်သောမျက်လုံးအစုံတို့ဖြင့် အားပါးတရကြည်ညိုကာ မဝနိုင်သော ဖူးမြော်ခြင်းဖြင့် အကြိမ်ကြိမ် အခါခါ ဖူးမြော်မိလေတော့၏။

ဒန္တမင်းသားသည် ဟေမမာလမင်းသမီးအား "နှမတော်သင့်ဆံထုံးအတွင်း ကိန်းဝပ်စံနေတော်မူသော ဘုရားရှင်၏ လက်ဝဲအောက်ခာတ်စွယ်တော်မြတ်သည် သက်တော်ထင်ရှား ဘုရားရှင်၏ အသရေတော်ကိုဆောင်ကာ ရောင်ခြည်တော်များ ကွန့်မြူးနေချေ၏။

တုန်ိုင်းမရ မြတ်ဗုဒ္ဓနှင့် မခြား တမူအလားတူစွာ ရောင်ခြည်တော်လွှတ်၍ နေပါသော စွယ်တော်ရှင်အား သင်ဦးတင်၍ ကန်တော့လိုက်ပါတော့လော့"

ဒန္တမင်းသားနှင့် ဟေမမာလာ မင်းသမီးတို့သည် နှစ်ဦးပြိုင်တူပင် -

**"နမာမ သိရီ ဒန္တဓာတု"**

ဟုဆိုကာ လက်အုပ်ချီ၍ ကန်တော့လေတော့၏။

မင်းသားနဲ့ မင်းသမီးတို့ စဉ်းစားမိသည်မှာ လူစည်ကားသော ဆိပ်ကမ်းကြီးများ၌စောင့်၍ သင်္ဘောစီးရလျှင် ရန်သူတစ်စုံတစ်ယောက်နှင့် တွေ့ကောင်းတွေ့နိုင်သည်။ ရန်သူကြောင့် အသက်ပင်ဆုံးရှုံးနိုင်သည်။ တစ်ဘဝ၌ တစ်ခါသေရသည်က အရေးမကြီး၊ အရေးကြီးသည်က အတုမဲ့ရတနာ ဗုဒ္ဓစွယ်တော်မြတ် ရန်သူလက်မရောက်ဖို့နှင့် မပျောက်မပျက်ဖို့ပင်ဖြစ်၏။

သို့ဖြစ်၍ ဆိပ်ကမ်းမဟုတ်သော တစ်နေရာမှ သင်္ဘောအလာကို စောင့်ကာ ဒုက္ခသည်ယောင်ဆောင်၍ လိုက်ရလျှင် သင့်မည်ဟု စိတ်ကူးမိ၏။ ဤသို့ဖြင့် သင်္ဘောကပ်၍ ကောင်းမည့်နေရာနဲ့နီးသော တောအုပ်တစ်ခုအတွင်း ပုန်းအောင်းကာ သင်္ဘောစောင့်နေကြ၏။ ရက်အနည်းငယ်ကြာသည်အထိ သင်္ဘောက မရောက်လာသေး၊ ဟေမမာလာအတွက် အခက်အခဲမှာ ရေချိုးကိုယ်လက်သန့်စင်ချိန်ပင်ဖြစ်၏။ ထိုကိစ္စများကို မိမိဆံထုံးအတွင်း ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်လျက်ဆောင်ရွက်၍မဖြစ်၊ အခိုက်အတန့်အားဖြင့် ဒန္တမင်းသားက တစ်လှည့်ပင့်ဆောင် စောင့်ရှောက်၏။ သို့သော် လူ့ရှေ့သူ့ရှေ့ လက်ပြောင်းလက်လွှဲ လုပ်ရသည်ကိုလည်း စွယ်တော်လုံခြုံရေးအတွက် စိတ်မချ။ သင်္ဘောကလည်း ဘယ်အချိန်မှ ရောက်လာမည်မသိ။ သို့ဖြစ်၍ ဟေမမာလာ ဆံထုံးအတွင်းမှ ဗုဒ္ဓစွယ်တော်မြတ်အား အပြင်သို့ ပင့်ကာ သန့်ပြန့်သော သဲသောင်ပြင်၌ သဲပုံစေတီတည်ကာ

အခိုက်အတန့်အားဖြင့် ဥာပနာထားလိုက်၏။

မင်းသားနှင့်မင်းသမီးတို့ရှိရာသို့ ရဟန်းတော်တစ်ပါး ကြွရောက်တော်မူလာသည်။ အရှင်မြတ်၏ မျက်နှာတော်သည် ကြည်လင်သပ္ပါယ်လှ၏။ အသွားအလာ အဆုတ်အတက်ကအစ ဣရိယာပုတ်တိုင်း သိမ်မွေ့တော်မူသည်။ ဣန္ဒြေတော်များလည်း အလွန်ရင့်ကျက်တော်မူသည်။

မင်းသားက "အရှင်မြတ်ဘွဲ့တော်ကို သိခွင့်ရှိက သိပါရစေဘုရား" ဟုမေးလျှောက်ကြည့်ရာ "ပဏ္ဍုပာလရထေရ မည်ပေတယ်ဒကာ" ဟု မိန့်တော်မူသည်။ မင်းသားက "ဘယ်ကို ကြွမှာပါလဲဘုရား" ဟု မေးလျှောက်ကြည့်ရာ၊ မထေရ်က "လင်္ကာဒီပကို ကြွမယ်ဒကာ" ဟု မိန့်တော်မူ၏။

မင်းသားက "တပည့်တော်တို့နှင့် ခရီးအတူဖြစ်နေတဲ့အတွက် အလွန်ပဲဝမ်းသာ အားရမိပါတယ်ဘုရား" ဟုလျှောက်၏။ ပြောရင်းဆိုရင်းပင် ပင်လယ်တွင်း၌ သင်္ဘောတစ်စင်း မိမိတို့ဘက် လာနေသည်ကို တွေ့ရ၍ဝမ်းသာအားရဖြင့် မိမိ၏ အထက်ပိုင်းကိုယ်ဝတ်ကို အသင့်ရှာဖွေထားသော ဝါးရှည်ရှည်၌ ချည်ကာ အလံသဖွယ်ပြလိုက်ရာ သင်္ဘောသည် မင်းသားတို့ရှိရာသို့ တရွေ့ရွေ့လာလေ၏။

ထိုအခါ မင်းသားက နှမတော် "စွယ်တော်မြတ်ကို အရန်သင့်ပင့်ထားပါဘိ" ဟုဆိုရာ ဟေမမာလာက သဲပုံစေတီ အတွင်းသို့ လက်ဖြင့်နှိုက်၍ စွယ်တော်ကိုပင့်၏။ စွယ်တော်ကိုမတွေ့။ သေသေချာချာ အထပ်ထပ်ရှာသော်လည်းမတွေ့။ ဟေမမာလာ ရုတ်တရက် ဘာမျှမပြောနိုင်တော့။ မျက်လုံးအစုံမှာ မျက်ရည်များပါးပြင်ပေါ် တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာ၏။ ပြီးမှ ဟေမမာလာက ဤသို့ပြော၏။ "အရှင့်သား အကျွန်ုပ်တို့က ဒီနေရာ၌ပဲ သေသင့်ကြတော့တယ်။ အကျွန်ုပ်တို့အတွက် ဤဘဝ၌ ဆက်လက်အသက်ရှင်နေပေမဲ့ အဓိပ္ပာယ်မရှိတော့။ လင်္ကာဒီပသို့လည်းသွားဖွယ်မလိုတော့"ဟုဆို၏။

မင်းသားက ဘာကြောင့်လဲ နှမတော် ဟုမေးရာ "အရှင့်သား

နှမတော်တို့၏ ပေါ့ဆမှုကြောင့် စွယ်တော်မြတ်ကား ပျောက်ဆုံးသွားပြီ” ဟုပြော၏။

ထိုစကားကို အနီး၌ရှိသော ပဏ္ဏုဟာရမထေရ်က ကြား၍ “ဒါယကာ ဒါယိကာမတို့ သင်တို့ ပင့်ဆောင်လာကြသော ဗုဒ္ဓစွယ်တော်မြတ်ကို နဂါးတစ်ဦးက ပင့်ဆောင်၍သွားခဲ့သည်။ သောကပရိဒေဝ မဖြစ်ကြလင့်။ ငါပြန်လဲ၍ တောင်းယူပေးမည်” ဟုမိန့်တော်မူ၏။ အချိန်အနည်းငယ်မျှ ကြာသောအခါ အရှင်မြတ်၏လက်ထဲ၌ ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးတွေ့ရလေသည်။ ဟေမမာလာသည် ဝမ်းသာစွာဖြင့် စွယ်တော်မြတ်ကို အကြိမ်ကြိမ်ဦးခိုက်ကာ မိမိဆံထုံးအတွင်း ပြန်လည် ပူဇော်ထားလိုက်၏။

ဟေမမာလာက “ကျေးဇူးကြီးလှပါတယ်ဘုရား။ လောက၌ ရဟန္တာပုဂ္ဂိုလ်တို့ အထင်အရှားရှိနေသေးရာ ရဟန္တာပုဂ္ဂိုလ်ဟူသည် အရှင်တို့ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသာဖြစ်ပါလိမ့်မည်” ဟုလျှောက်ထား၏။ အရှင်မြတ်သည် ဆိတ်ဆိတ်သာနေတော်မူ၏။ အမှန်လည်း ထိုပဏ္ဏုဟာရမထေရ်ကား ရဟန္တာအရှင်မြတ်တစ်ပါးပါပေ။

မကြာမီ သင်္ဘောဆိုက်ကပ်လာ၏။ ရဟန္တာအရှင်မြတ်နှင့် မင်းသားမင်းသမီးတို့သည် သင်္ဘောနှင့်လိုက်ခဲ့ကြရာ ဗုဒ္ဓ စွယ်တော်မြတ်၏ အာနုဘော်ကြောင့် ရက်အနည်းငယ်မျှဖြင့် ဘေးမသီရန်မခဘဲ လင်္ကာဒီပကျွန်း။ ဇမ္ဗုကောလပဋ္ဋန မဟာတိတ္ထိသင်္ဘောဆိပ်သို့ ရောက်ခဲ့ကြလေသည်။

မင်းသားနှင့် မင်းသမီးတို့သည် ဇမ္ဗုကောလပဋ္ဋန မဟာတိတ္ထိ သင်္ဘောဆိပ်ကမ်းမှ အနုရာဓမြို့ရှိရာသို့ ဦးတည်ကာ လျှောက်လှမ်း လာခဲ့ကြ၏။ ကျေးရွာများရောက်သည့်အခါ အများတည်းခိုနိုင်သည့် ဇရပ်များတွင် ခေတ္တတည်းခိုကာ မြို့အပြင်၊ ရွာအပြင်သို့ရောက်သောအခါ၌မူ အရိပ်ကောင်းသည့် သစ်ပင်ကြီးများ၏ အရိပ်များတွင် ခိုနားခဲ့ကြသည့်တိုင် ခရီးကား ပန်းနေကြပြီးဖြစ်၏။ ရွာတစ်ရွာမှာ အထွက်၌မူ လှည်းမောင်းသူ

မှတစ်ပါး စီး၍လိုက်ပါလာသူ မရှိသော နွားလှည်းတစ်စီးကို တွေ့ရသဖြင့် မင်းသားက လှည်းမောင်းလာသူ အဘိုးအိုအား "အဘ အဘလှည်းယာဉ်ဟာ ဘယ်ကိုသွားမှာလဲ" ဟု မေးလိုက်ရာ လှည်းမောင်းသူက "အဘ အခု အနုရာဓကို သွားမယ်"ဟုဆို၏။

မင်းသားက "ဒီလိုဆိုရင် ကျွန်တော်နှင့် ကျွန်တော်ဇနီးတို့ အဘလှည်းယာဉ်နဲ့ အနုရာဓကို လိုက်ပါရစေ။ လှည်းယဉ်စီးခအဖြစ် ထိုက်တန်တဲ့ လက်ဆောင်ကိုလည်း အဘလက်ခံစေချင်ပါတယ်" ဟု ပြော၏။

လှည်းမောင်းသူက "လှည်းယဉ်စီးခက အရေးမကြီးပါဘူး ကွယ်။ လှည်းယဉ်ပေါ်မှာ စီးသူလည်းမပါ၊ ခရီးလည်းကြုံနေတာမို့ လိုက်နိုင်ပါတယ်။ လာ လာ လှည်းပေါ်တက်ကြ" ဟုဆိုသဖြင့် မင်းသားနှင့် မင်းသမီးတို့ လှည်းယာဉ်ပေါ်တက်လိုက်ခဲ့ကြ၏။

ဒန္တမင်းသားနဲ့ ဟေမမာလာမင်းသမီးတို့သည် လှည်းယာဉ်ဖြင့် လာကြစဉ် လမ်းတွင် မင်းသားက လှည်းမောင်းသူအား "အဘ အဘ အနုရာဓမြို့ကို ဘယ်သူက ဘယ်အချိန်ကစပြီး တည်ထောင်ခဲ့တယ်ဆိုတာ သိရင်ပြောပြပါလား" ဟု မေး၏။

အခုကိတ္တိသိရိမေဃဝဏ္ဏမင်းနန်းစိုက်နေတဲ့ အနုရာဓမြို့ဟာ အနုရာဓအေမတ် တည်ခဲ့တဲ့မြို့ပဲဟု ပြည့်စုံစွာပြောပြ၏။

ထိုအခါ ဒန္တမင်းသားက "အဘ ကျွန်တော်တို့သိထားတဲ့ လင်္ကာဒီပရှင် ဘုရင်ဟာ မဟာသေနမင်းဖြစ်ပါတယ်။ အခုအဘပြောတာ မဟာသေနမင်း မဟုတ်ပါလား" ဟုပြောရာ၊ လှည်းမောင်းသူက "မဟာသေနဘုရင်မင်းမြတ် နတ်ရွာစံခဲ့တာ ကိုးနှစ်တောင် ကြာခဲ့ပါပြီကော။ အသင်တို့ ဘယ်ကလာကြသလဲ" ဟု ဆို၏။

ထိုအခါ မင်းသားက "ကျွန်တော်တို့ မဇ္ဈိမဒေသက ဒီတိုင်းပြည်ကို အရောင်းအဝယ်ကိစ္စနှင့် ရောက်တာ ရက်ပိုင်းသာရှိပါသေးတယ်" ဟုပြောသာ ပြောလိုက်ရသည်။ မင်းသားရော မင်းသမီးပါ စိတ်ပျက်

အားငယ်မိကြ၏။ မိမိတို့ အဓိက အားကိုးအားထားပြုသော ပုဂ္ဂိုလ်ကြီးကား မရှိပြီးဖြစ်၍ အားငယ်မိကြခြင်းဖြစ်၏။

မင်းသားက လှည်းမောင်းသူအား "အဘ အခုရွှေနန်းရှင်ဟာဘယ်သူလဲ" ဟုမေးရာ လှည်းမောင်းသူက "မဟာသေနမင်းကြီး၏သားတော် ကိတ္တိသီရိမေဃဝဏ္ဏ (ကစ်ဆရိမေဝန်) မင်းတရားဟာ အနုရာဓရွှေနန်းကို စံမြန်းနေပါတယ်" ဟုပြောပြ၏။ စောစောကအနုရာဓရွှေနန်းတော်ကြီးသို့ ဦးတည်ထား သော ခရီးစဉ်ကို ပြောင်းကြရတော့မည်။ ဤသို့ဖြင့် စကားပြောလိုက်၊ စဉ်းစားလိုက်ဖြင့် လာခဲ့ကြရာ အနုရာဓနေပြည်တော်နားသို့ ရောက်လာကြ၏။

မင်းသားနှင့် မင်းသမီးတို့သည် လှည်းမောင်းသူအား တန်ဖိုးအသင့်အတင့်တန်သော ပဝါတစ်ပိုင်းကို လက်ဆောင်ပေးကာ ကျေးဇူးတင်စကားဆို၍ လှည်းပေါ်မှဆင်းကာ နေရစ်ခဲ့ကြ၏။ သစ်ပင်ရိပ်တစ်ခု၌ခိုနားကား မင်းသားက "နှမတော် မောင်တော်တို့ရဲ့ခမည်းတော်ဟာ နတ်ရွာစံ မဟာသေနမင်းနဲ့သာ ရင်းနှီးတော်မူတယ်။ လက်ရှိဘုရင် ကိတ္တိသီရိမေဃဝဏ္ဏနဲ့ ရင်နှီးတော်မမူဘူး လက်ရှိရွှေနန်းရှင်ရဲ့စိတ်ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ မသိဘူး။ ဒီတော့နန်းတွင်းကို ချက်ချင်းဝင်ကြဖို့ မသင့်သေးဘူး။ နှမတော် ဘယ်လိုသဘောရလဲ" ဟု မင်းသမီးကို မေး၏။

မင်းသမီးက "နှမတော် စဉ်းစားမိတာက ရဟန်းသံဃာတော်အရှင်မြတ်တွေဆိုတာ သနားကြင်နာတတ်တယ် အရင်ဆုံး မဟာဝိဟာရကိုသွားပြီး ဆရာတော်ကြီးကို နှမတော်ရဲ့ဖြစ်စဉ်ကို တင်ပြလျှောက်ထားမယ်။ စွယ်တော်ကိုလည်းပြမယ် ဆရာတော်ကြီးကမှတစ်ဆင့်ဘုရင်မင်းမြတ်ဆီ ဝင်ရောက်ခစားရရင် မကောင်းဘူးလား မောင်တော်" ဟု မင်းသားအား ပြော၏။

ဟေမမာလာမင်းသမီး၏ ပြောစကားကို သေသေချာချာနားထောင်ပြီး ဒန္တမင်းသားက "နှမတော်ပြောတာ အလွန် သင့်မြတ်

ပါပေတယ်၊ မောင်တော်တို့ အရင်ဆုံး ဒီနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ မဟာဝိဟာရကျောင်းကို သွားကြရအောင်” ဤသို့ပြောဆိုစဉ်ပင် သူတို့အနီးသို့ လူတစ်ယောက် လာနေသည်ကိုတွေ့ရာ ခေတ္တစောင့်ပြီး “အို မိတ်ဆွေ မဟာဝိဟာရကို ဘယ်ကသွားရပါသလဲ” ဟုမေးရာ လျှောက်လာသူက “အဆွေတို့ ဒီကနေရှေ့တည့်တည့်သွားပါ။ လမ်းဆုံးတွေ့တဲ့အခါ ညာဘက်ကို ချိုးလိုက်ပါ။ တော်တော်လေး သွားမိရင် မဟာဝိဟာရကျောင်းတိုက်ကြီးကို တွေ့ပါလိမ့်မယ်”ဟု ဆို၏။ ညွှန်ပြသူ၏စကားအတိုင်း လျှောက်၍လာခဲ့ကြရာ မဟာဝိဟာရ ကျောင်းတိုက်သို့ ရောက်ခဲ့ကြလေ၏။

မင်းသားနဲ့မင်းသမီးတို့သည် မဟာဝိဟာရသို့ရောက်သောအခါ သံဃရာဇာမထေရ်မြတ်ကြီးအား ကလိင်္ဂနိုင်ငံတော်မှ ဤအနုရာဓမြို့သို့တိုင်အောင် ပြေးခဲ့ရခြင်းအကြောင်း ပြေးခဲ့ရပုံအလုံးစုံတို့ကို လျှောက်ထား၏။ ပင့်ဆောင်လာခဲ့သော ဗုဒ္ဓစွယ်တော်မြတ်ကိုလည်းပြ၏။ မထေရ်မြတ်ကြီးသည် ဤနိုင်ငံသို့တိုင် သတင်းကြီးလှသော ဗုဒ္ဓလက်ဝဲအောက်စွယ်တော်မြတ်အား ဝမ်းသာအားရဖူးမျှော်၏။ မဟာဝိဟာရကျောင်းတိုက်ရှိ သံဃာတော်တို့အားလည်း ဖူးမျှော်စေ၏။ သတင်းကြားသိသော ဒါယကာ ဒါယိကာမများလည်း လာရောက်ဖူးမျှော်ကြ၏။

ဆရာတော်ကြီးက ကိတ္တိသိရိမေဃဝဏ္ဏ မင်းကြီးအား ကျောင်းတော်၌ ဗုဒ္ဓစွယ်တော်မြတ် ကြွရောက်ကိန်းဝပ်နေကြောင်း အသိပေးတော်မူ၏။ ရှင်ဘုရင်သည်အခြံအရံ အသင့်အတင့်မျှဖြင့် လာရောက်ဖူးမျှော်ကာ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်သွား၏။ နောက်ရက်၌ မင်းကြီးသည် စွယ်တော်မြတ်ကို နန်းတော်သို့ပင့်၏။ မထေရ်မြတ်ကြီး၏ အစီအစဉ်ဖြင့် ဒန္တမင်းသားနှင့် ဟေမမာလာမင်းသမီးတို့သည် ကိတ္တိသိရိမေဃဝဏ္ဏမင်းကြီးနှင့် တွေ့ခွင့်ရ၏။

မထေရ်မြတ်ကြီးက ကြိုတင်မိန့်ကြားထား၍ မင်းကြီးသည် သူတို့မောင်နှံအား ကရုဏာလွှမ်းသောအကြည့်ဖြင့် ကြည့်၏။ စွယ်တော်မြတ်ကို ဖူးမျှော်သော မင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်အား ဖူးတွေ့ရဘိသကဲ့သို့ အလွန်ရိုသေစွာ ငါးဖြာသောထိခြင်းဖြင့် ရှိခိုး၏။ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့်လည်း ပူဇော်၏။ ရက်အတန်ကြာသောအခါ ဘုရင်နှင့် မှူးမတ်တို့သည် စွယ်တော်မြတ်၌ သံသယရှိကြ၍ အမျိုးမျိုးစမ်းသပ်ကြပြီး စွယ်တော်အစစ်ဖြစ်ကြောင်း ဆုံးဖြတ်ကြ၏။ လင်္ကာဒီပသို့ ဗုဒ္ဓစွယ်တော်မြတ်သည် သာသနာတော်နှစ် ၈၄၄ တွင် ရောက်ရှိသည်။ စွယ်တော်မြတ်ရောက်ရှိကိန်းဝပ်တော်မူခြင်းသည် နန်းစံဆဲ ဘုရင်အတွက် ဘုန်းတန်ခိုးနှင့် ဂုဏ်သိက္ခာကို များစွာတိုးတက်စေသည်။

မင်းကြီးသည် စွယ်တော်မြတ်အား မိမိတို့တိုင်းပြည်၌ ထာဝရပျော်ပိုက်စွာဖြင့် ကိန်းဝပ်တော်မူပါရန်၊ ဘုရားတပည့်တော်အားလည်း သာသနဒါယကာဟု မှတ်သားတော်မူပါရန် လျှောက်ထား၏။ စိတ်ကူးအာရုံဖြင့်သာ ကြည်ညိုနေရသော ဗုဒ္ဓစွယ်တော်မြတ်အား မျက်ဝါးထင်ထင် ဖူးမြင်ခွင့်ရအောင် ပင့်ဆောင်လာသည့် ဒန္တမင်းသားနှင့် ဟေမမာလာ မင်းသမီးတို့၏ ကျေးဇူးကား မင်းကြီးနဲ့တကွ တစ်တိုင်းပြည်လုံးအပေါ် ကြီးမားလှပါကြောင်းလည်း ပြောဆို၏။

မင်းကြီးက မှူးတော်မတ်တော်တို့အား "မှူးတော်မတ်တော်တို့များ ဗုဒ္ဓ၏လက်ဝဲအောက် စွယ်တော်မြတ်ကို ဤလင်္ကာဒီပသို့ ပင့်ဆောင်လာသော ဤမင်းသား မင်းသမီးတို့၏ ကျေးဇူးကား တစ်တိုင်းပြည်လုံးအတွက် ကြီးမားလှပေသည်။ တို့တိုင်းပြည်၏ သာသနာတော်ဆိုင်ရာ၌ အမိအဖကဲ့သို့ အလေးအမြတ်ပြုထိုက်၏။ ဤမင်းသား မင်းသမီးတို့ အား မင်းသား မင်းသမီးတို့၏ အဆောင်အယောင် စည်းစိမ်ဖြင့် ချမ်းသာစွာနေထိုင်ကြပါစေ။ တို့တိုင်းပြည်အတွက် အလိုပြည့်စေသော ဤမင်းသား မင်းသမီးတို့အား အလိုတော်ပြည့်ကြပါစေ။ နိုင်ငံတော်

အရပ်ရပ် မြတ်သောဌာန မှန်သမျှတို့၌ ဒီမောင်နှံတို့ရဲ့ရုပ်သွင်ကို အများပြည်သူတို့ မြင်ဖူးကြရလေအောင် ရုပ်တု၊ ပန်းချီဆေးတို့ဖြင့် ထုဆစ်ရေးသား၍ ဂုဏ်ပြုကြပါဘိ” ဟု မိန့်တော်မူ၏။

ဒန္တမင်းသားနှင့် ဟေမမာလာမင်းသမီးတို့ကား ထင်မှတ်ထား သကဲ့သို့ မဟုတ်ဘဲ၊ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အားလုံး အဆင်ပြေလှသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဝမ်းသာပီတိ ဖြစ်နေကြ၏။

ထိုကိတ္တိသီရိမေဃဝဏ္ဏမင်းကြီး ပထမဆုံး ဆောက်လုပ် ကိုးကွယ်သော စွယ်တော်တိုက်မှာ ယခုအခါ အနုရာဓမြို့ ထူပါရုံ စေတီတော် အရှေ့ဘက် တစ်ဖာလုံခန့်အကွာတွင်ရှိ၏။

စွယ်တော်ကို ရိုးရာဓလေ့အရ ပုံ ပုလွေတို့ဖြင့် နေ့စဉ်ပူဇော်သည်။ ဇူလိုင်လ ဩဂုတ်လတို့တွင် ပွဲတော်ကျင်းပသည်။

ပင့်ဆောင်ခဲ့သူ ဒန္တမင်းသားနှင့် ဟေမမာလာကျေးဇူးကြောင့် ယခုတိုင် ဗုဒ္ဓ၏လက်ဝဲအောက်စွယ်တော်မြတ်သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့နန်းတော်ဟောင်းဝင်းအတွင်းရှိ ဒါလာဒမာလိဂါဝ စွယ်တော်တိုက်၌ လူနတ်ပြဟ္မာ သတ္တဝါတို့၏အကျိုးငှာ ကိန်းဝပ်အပူဇော်ခံတော်မူ လျက်ရှိပါပေသတည်း။

(ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာသီရိလင်္ကာ ကမ္ဘောဒီးယား
ခရီးစဉ်သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်၏စာအုပ်မှ)

## ဖူးမဝနိုင်ပြီ

**လူနတ်ပြဟ္မာ ဦးတင်သ**
**ဖူးမြင်မဝ ပီတိဝေ၊**
**ထူးလင်္ကာ သီရိမြေမှာ**
**တည်ရှိရှည်ကြာ ပရမေအလား။**

လက်ဝဲအောက်ခါတ် မြတ်စွယ်တော်သည်
နတ်နယ်လျှော်ဆီ စံစားနေဘိတကား။
သေခတ္တ(သခ်ဉ္စ) နှင့် ကန္ဒီကျော်သည်
ဌာန်မပဟီပေါ် ရှာမှုရှား။
စံမှီသနော် ကမ္ဘာတစ်လွှားမှာလ
စွယ်တော်ဘုရား ဂုဏ်အသရေ။
ဒန္တကုမ္မာသခင် တေဇအဖြာဖြာ သတင်းကြီးတဲ့
ဟေမမာလာမင်းသမီးတို့ ပင့်ခဲ့ရှာပါသလေ။
ကလိင်္ဂမှာ သီဟဠမြေကို
ဘာဂဝ့်အမွေ စွယ်တော်ကြွ၍
ရှယ်မြော်အမတ
ဦးချခိုင်သဒ္ဓါဝေ
ဖူးဝနိုင်ပါပေ။
ပူဇော်ထိုက်သည့် ပရမေ ဒါထာကို
မသွေအခါခါ ရှိဦးတင်သဖျာ့လေး။ ။

## ထူပါရုံစေတီ

ရဟန္တာရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်း ပရိသတ်တို့သည် မဟာမေဃဝန်ဥယျာဉ်၏ အခြားကုန်းမြင့်တစ်နေရာရောက်သောအခါ ဤနေရာကား ကကုသန်ဘုရား၏ ရေစစ်တော်၊ ကောဏာဂုံဘုရား၏ ခါးပန်းတော်၊ ကဿပဘုရား၏ ရေသနုပ်တော်များတည်ရှိရာ ဘုရားရှင်တို့ သီတင်းသုံးဖူးရာ နေရာကိုထူပါရုံစေတီတည်မည့် နေရာဖြစ်ကြောင်း ရှင်မဟိန္ဒက ဒေဝါနံပိယတိဿ မင်းနှင့် ပရိသတ်ကို မိန့်ကြား၏။

ဒေဝါနံပိယတိဿမင်းသည် အမြင့် သံတောင်သုံးဆယ်၊ လုံးပတ် တစ်ရာနှစ်ဆယ့်တစ်တောင်၊ တစ်မိုက်ရှိ ထူပါရုံစေတီကြီးကို တည်၏။ တာဝတိံသာ စူဠာမဏိစေတီထဲတွင် သီတင်းသုံးပြီးသာ၊

မြတ်စွာဘုရားသခင်၏ လက်ျာညှပ်ရိုးတော်ကို ရှင်မဟိန္ဒရဲ့တူ ရဟန္တာ သုမနသာမဏေက သိကြားမင်းထံသွားပြီး မင်းကကိုးကွယ်ချင်လို့ အလှူခံပါတယ်ပြောလို့ သိကြားမင်းက လှူလိုက်၏။ အဲဒီညှပ်ရိုးတော်ကို ထူပါရုံစေတီထဲတွင် ပူဇော်ထား၏။

ကကုသန်ဘုရား၏ ရေစစ်တော်၊ ကောဏာဂုံဘုရား၏ ခါးပန်းတော်၊ ကဿပဘုရား၏ ရေသနုပ်တော်များလည်း ထူပါရုံစေတီထဲတွင် ပူဇော်ထား၏။

ထူပါရုံစေတီသည် မဟာစေတီ၏ မြောက်ဘက် နှစ်ဖာလုံအကွာ မြို့တော်၏ တောင်ဘက်တံခါးမုခ်အနီးမှာ ရှိပါသည်။

## မဟာစေတီ

ရဟန္တာရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံပိယတိဿမင်းတို့ သည် မဟာမေဃဝန်ဥယျာဉ်သို့ ဆက်လက်ကြွတော်မူလျှင် မဟာစေတီ တည်မည့်နေရာသို့ ရောက်သောအခါ ဥယျာဉ်စောင့်မှတစ်ဆင့် မင်းကြီးဆက်ကပ်သော စကားပန်းနှစ်ဆုပ်ကို ကြဲဖြန့်တော်မူရာတွင်လည်း၊ ပို၍သည်းထန်စွာ လျှင်လှုပ် ပြန်၏။

အဲဒီနေရာဟာ ရှေးဘုရားရှင်သုံးဆူတို့ သမာပတ်ဝင်စားရာ မဟာစေတီတည်မည့် နေရာဖြစ်ကြောင်း မိန့်တော်မူ၏။

ဂေါတမဘုရားရှင်၏ ဓာတ်တော် တစ်ဒေါဏ (တစ်စရွတ်) ခန့် ကိန်းဝပ်ရာ သံတောင် ၁၂၀ ရှိ "ဟေမမာလီ" မည်သော မဟာစေတီကြီး ဖြစ်ပေါ်မည်ကိုလည်း မိန့်တော်မူ၏။

[ဒေါဏ = လေးပြည် = တစိပ် ဟုဆိုသော်လည်း မြန်မာနှစ်ပြည်နှင့် ညီမျှသည်။ သီဟိုဠ်တစ်ပြည်သည် နို့ဆီဗူးလေးလုံးသာဆန့်သည်။]

မင်းကြီးက သူကိုယ်တိုင်တည်ထားကိုးကွယ် လိုပါသည်ဟု လျှောက်တော့ "မြေးတော်ဒုဋ္ဌဂါမဏိအဘယ မင်းပြုလတ္တံ့"ဟု မိန့်တော်မူရာ မထေရ်မြတ်၏ ယင်းဗျာဒိတ်တော်ကို ကျောက်စာတိုင်

ရေးထူထားတော်မူပါသည်။

ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် တန်ဖိုးအနဂ္ဃထိုက်သော ကြေးပြာသာဒ်ကြီးအပြီးတွင် သံတောင်-၁၂၀ (ထီးတော်နှင့်တကွ -၁၃၇၊ ဖိနပ်အကျယ် သံတောင်-၆၆၆ နှင့်နှစ်မိုက်၊ အချင်း-၂၂၂ တောင် ၄-လက်မ)ရှိ မဟာစေတီတော်ကြီးကို ဆက်၍တည်ရန် စံနန်းတော်၌လျောင်းနေစဉ် စိတ်ကူးဖြင့် စီစဉ်ကြည့်နေ၏။

တိုင်းပြည်တွင်လည်း နှစ်နှစ်ကျော်စစ်ဖြစ်ရ၍ တိုင်းသူပြည်သားများ ရိက္ခာနွမ်းပါးသည်ကိုလည်း သိမြင်တော်မူပြီးဖြစ်၍ အခွန်အတုတ်လည်း မကောက်ယူလို၊ လုပ်အားဖြင့်လည်း မညှဉ်းဆဲလို။ သို့နှင့် ဦးစွာပထမ အုတ်ရရှိဖို့အရေးကိုပင် တရားသဖြင့် ပြည့်စုံပြီးမြောက်အောင် မည်သို့စီမံရမည်မသိ ဖြစ်နေ၏။ တိုင်းပြည်၌ ငွေကြေးရောလုပ်အားပါ ပင်ပန်းပြီးခါစ ဖြစ်နေ၏။

ထိုသို့ကြံစည်နေသည်ကို နန်းပြသာဒ်ရှိ ထီးချက်စောင့်နတ်သမီးသိ၍ သိကြားမင်းထံ သတင်းပို့လိုက်၏။ နောက်တစ်ရက် နံနက်တွင် အနုရာဓမြို့တော်နှင့် တစ်ယူဇနာ (ရှစ်မိုင်) ဝေးသော ဂမ္ဘီရမြစ်အနီး၌ ဖုတ်လုပ်ပြီးအုတ်များကို တွေ့ရှိရကြောင်း တောလိုက်မုဆိုးတစ်ဦး လာရောက်သံတော်ဦးတင်တာနဲ့ ဆုတော်ချလိုက်ပါသည်။

တစ်ဖန်အနုရာဓပတ်ဝန်းကျင် သုံးလေးယူဇနာရှိ အာစာရပိဋ္ဌိ၊ တမ္ဗပိဋ္ဌ၊ သုမနဝါပိ စသောရွာများမှ ပတ္တမြား၊ ပုလဲ၊ ငွေခဲ၊ ကြေးနီ၊ ရွှေချောင်းများ လှည်းအစီးပေါင်းများစွာဖြင့် တိုက်ယူလောက်အောင် မရှေးမနှောင်း အသီးသီးတွေ့ရှိသူများ သတင်းပို့လာကြလို့ ဆုတော်များချတော်မူပါသည်။

စေတီတည်ရန် အုတ်မှအစ ရတနာများရလာပုံမှာ အံ့ဩလောက်သကဲ့သို့ ကိုးကွယ်ဌာပနာရန် ဓာတ်တော်မွေတော်များ နဂါးပြည်စသည်မှ ရလာသည်မှာလည်း မဖြစ်စဖူးထူးကဲလှ၏။

အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းဆောက်လှူရာ

၅၄-ကုဋေကုန်ကျ၏။ နေ့စဉ် သံဃာ့ဝေယျာဝစ္စအတွက်လည်း များစွာကုန်ကျ၏။ ရောင်းပန်းဝယ်ပန်းမလှု၍ ကာလမကြာမီ စီးပွားရေးချို့ငဲ့လာ၏။ အမွေဓာတ် ဝင်လာခြင်းဖြစ်ပါသည်။ နောက်မိစ္ဆာဒိဋ္ဌိ အိမ်တံခါးစောင့်အား အလှူဒါနပိတ်ပင်စကားပြောလာ၍ နှင်ထုတ်လိုက်ရာ ထိုနတ်သည် သိကြားမင်းထံပြန်နေ ခွင့်ရရန် အသနားခံ၏။ သိကြားမင်းက သူဌေးကြီးဆုံးရှုံးသွားသော ရတနာများကို ပြန်ရအောင် အလုပ်ခိုင်းပါသည်။

(ဒါနစေတနာ ကံစီမံပုံကို သတိပြုပါ။)

ကုန်သည်များ ချေးငှါးယူထားပြီး မဆပ်ဘဲနေသော ၁၈-ကုဋေ၊ အစိရဝတီမြစ်ကမ်း၌ မြှုပ်ထားရာ ရေစားကမ်းပြို၍ ပင်လယ်ထဲမျောပါသွားသော ၁၈-ကုဋေ စုစုပေါင်း ၅၄-ကုဋေကို ထိုမိစ္ဆာဒိဋ္ဌိနတ်ကပင်ယူငင်၍ အခေါင်းချည်းသာဖြစ်နေသော သူဌေးကြီး၏ ဘဏ္ဍာကျီများတွင် ထည့်သွင်းပေးရ၏။

(ဧကနိပါတ် ခဒိရင်္ဂါရဇာတ် ဇာ၅ ၁-၂၄၃)

မဟာဝံသမှာ မင်းကြီး၏ မဟာစေတီတည်ခန်းဟာ အံ့သြဖွယ် အားကျဖွယ်ကောင်းလှပါသည်။

သိကြား၊ နတ်၊ ပြဟ္မာ အထူးသဖြင့် အရိယာသူတော်ကောင်းကြီးများကိုယ်တော်တိုင် တန်ခိုးကိုအသုံးပြုကာ ရတနာသိုက်များကို ဖော်ညွှန်းပေးခြင်း၊ နဂါးပြည်ရှိ ဓာတ်တော်မွေတော်များကို ပင့်ဆောင်ပေးခြင်း၊ မာရ်နတ်ရန်ကို ဟန့်တားပေးခြင်း၊ ဘုရားဖူးပရိသတ်များကို မိုးလေမမိအောင်လုပ်ဆောင်ပေးခြင်း စသည်ဖြင့် အားကျကြည်ညိုဖွယ်ကောင်းပါသည်။

**တစ်သန်းလေးသိန်း သုံးသောင်းကိန်း၊**
**မယိမ်းခြောက်ထောင်ဆွဲ၊**
**ဇမ္ဗူဒိပ်မှ သီဟဠမဟာစေတီဝယ်**
**တည့်စဉ်ကာလ ဖူးမြော်ကြ ကျမ်းပြမှတ်ကြကွယ်။**

**ထိုစည်းဝေးမှာ ရဟန္တာကျမ်းမှာ အဆိုနယ်၊**
**ကိုးဆယ့်ခြောက်ကုဋေ တွက်အရေ မှတ်လေကြည်ညိုဖွယ်၊**

မင်းကြီးမဟာစေတီတော်တည်စဉ်က အိန္ဒိယဇမ္ဗူဒီပါ ကျွန်းကျောင်းပေါင်း (၁၄) ကျောင်းမှကြွလာတဲ့ သံဃာတော်တို့သည် တစ်သန်းလေးသိန်း သုံးသောင်းနဲ့ ခြောက်ထောင်ရှိ၏။ မြန်မာနိုင်ငံ သထုံမြို့ ကေလာသကျောင်းတိုက်ကြီးမှ သူရိယဂုတ္တ မထေရ်ကြီး ဦးဆောင်ကာ ကိုးသောင်းခြောက်ထောင်သော ရဟန္တာအရှင်မြတ်ကြီးများ ကောင်းကင်ခရီးမှ ကြွရောက်တော်မူကြသည်ကို တွေ့ရပါသည်။
(မဟာဝံသ ၂၉-၄၃ သီဟိုဠ်ရေးဗုဒ္ဓသမိုင်း)

သာသနာတော်နှစ် (၃၇၂) ခုနှစ် ပန္နက်ချသည့် အချိန်မှ စ၍ အပြည်ပြည်ရှိ (တစ်ကမ္ဘာလုံးရှိ) အရိယာသူတော်ကောင်းကြီးများ ကောင်းကင်ခရီးဖြင့် ကြွလာချီးမြှောက်တော်မူကြရာ (၉၆) ကုဋေ ရှိတယ်လို့ဆိုပါသည်။

သံတောင် (၁၂၀) ရှိသော မဟာစေတီတော်ကြီးကား အုတ်ရိုးစီ၍ ပြီးသွား၏။ အင်္ဂတေ မလိမ်းကျံရသေး၊ ထီးတော်မတင်ရသေး၊ မင်းကြီးမှာသလွန်တော်မှ မထနိုင်၊ မပြောင်းနိုင်အောင် ရောဂါဖိစီးလာ၏။ ညီတော် သဒ္ဓါတိဿအား ဆက်လက်ဆောင်ရွက်ရန် မှာကြားသွား၏။

ညီတော်လည်း ထိုရောဂါမှလွန်မြောက်ရန် မမြင်တော့သဖြင့် နတ်ရွာစံခါနီး ကြည်ညိုသွားနိုင်ရန် အင်္ဂတေရွှေထီးအစား ပန်းချီသမားများ၊ အပ်ချုပ်သမားများကိုခေါ်၍ အဝတ်အသစ်များ ဖုံးအုပ်ခြယ်သစေကာ စေတီတော်ကြီးအား ရက်ပိုင်းမျှဖြင့်ပြီးအောင် ယာယီထည်ဖြစ် ပြင်ဆင်မွမ်းမံလိုက်သည်။ မင်းကြီးအားလည်း မဟာစေတီတော်ကြီး ပြီးစီးကြောင်းပြောဆိုပါသည်။

မင်းကြီးအားလည်း ထမ်းစင်သလွန်တော်ပေါ်၌ လဲလျောင်းလိုက်ပါစေ၍ မဟာစေတီဖူးမြော်ရန် ပို့ကြရ၏။ ညီတော်နှင့်မှူးမတ်များလည်း နောက်မှလိုက်ပါလျက် စေတီတော်ကြီးအား လက်ျာရစ်သုံးပတ်လှည့်၍ မင်းကြီးကို ပင့်ဆောင်ကြရာ မင်းကြီးလည်း သလွန်တော်ပေါ်၌လဲလျောင်းလျက် လက်အုပ်ချီ၍ ဖူးမြော်ရင်း လိုက်ပါလာခဲ့တယ်။ တောင်ဘက်မုခ်မြေပြင်၌ သလွန်တော်ကိုချပေးကြရာ လက်ယာဘက်ဖြင့် လျောင်းရင်း အာရုံပြုတယ်။ စေတီကြီးကား ပကတိ ထုံးသက်န်းရောင်သည် ရွှေရောင်ထက် ကြည်ညိုဖွယ်ဆောင်နေရာ ဖူးမြော်၍မဝနိုင်အောင် ရှိနေပါသည်။

စေတီရင်ပြင်တော် လေးဘက်လေးမုခ်လုံး အပြည့်ပြည့်မှ ရဟန္တာမထေရ်ကြီးများ (၉၆) ကုဋေ ရင်ပြင်အပြည့် ကြွလာကြ၏။ မင်းကြီးအား ရည်မှတ်၍ တရားကျမ်းဂန်များ အစုလိုက် အဖွဲ့လိုက် ရွတ်ဖတ်ပေးကြ၏။

“နောင်တော်ရဲ့ သာသနာ့ကျွန်၊ သံဃာကျွန် အလုပ်တွေကို ဆက်လက်လုပ်ဆောင်ရစ်ပါလေ ညီတော်. .၊ အလို. . ဘုရား၊ ဘုရား. .။”

မင်းကြီးသည် ညီတော်အား မှာကြားဆုံးမရင်း စကားရပ်သွားတယ်၊ အထူးအဆန်း တစ်စုံတစ်ရာ ကြားမြင်ရဟန်ရှိရကား မျက်စိကို အပေါ်သို့ စူးစိုက်ကြည့်လိုက်တယ်၊ တွေတွေကြီး ရှုစားတော်မူနေတယ်၊ နှုတ်ခမ်းများ ပြုံးရောင်သန်းလာတယ်၊ မင်းကြီးမှာ လက်ကာ၍လည်း ပြလိုက်တယ်၊ တစ်ခဲနက် ရွတ်ဖတ်သရဇ္ဈာယ်သံများ ချက်ချင်းရပ်သွားတယ်၊ မရွတ်ဖတ်ရန် လက်ကာပြခြင်းမဟုတ်ကြောင်း လျှောက်ခါမှ ဆက်၍ရွတ်ဖတ်ကြ၏။

ရှေ့နောက်မစပ်သော စကားများကို ပြောဆိုလျှောက်ထားနေသဖြင့် အနားရှိသူများ မင်းကြီးယောင်ယမ်း ပြောဆိုနေကြသည်ထင်ကြ၏။ ထိုသံသယကို ပြေပျောက်စေ၍ ပရိသတ်များလည်းသိသာစေရန်

မင်းကြီးကိုယ်စား မင်းကြီးဆန္ဒရှိရာ လက်ညိုးညွှန်ပြသည့်အတိုင်း အဘယမထေရ်က ကောင်းကင်ကို ပန်းကုံးတစ်ကုံး ပစ်မြှောက်၍ တင်ပေးလိုက်ရာ ထိုပန်းကုံးသည် ရထား (၆) စင်းတွင် တုသိတာရထား၌ ငြိစွပ်နေသည်ကို မြင်ကြရသည်။ ရထားမှ ကျိုးကျိုးကျည်ကျည်မြည်သံများလည်း ပရိသတ်များ ကြားရသည်။

မင်းကြီးသည် စေတီတော်ကို လက်အုပ်ချီရင်း ဝိညာဉ်ချုပ်သွား၏။ မကြာမီပင် မဟာစေတီရင်ပြင်တော်ရှိ ရဟန်းရှင်လူ ပရိသတ်ကြီးမှာ အုတ်အော်သောင်းနင်း တစ်ခဲနက်ပြောဆိုကာ အားလုံးကောင်းကင်ကို မော့ကြည့်ကြ၏။ တုသိတာနတ်ရထားမှ ဒုဋ္ဌဂါမဏိနတ်သားသည် လှပသော နတ်ဝတ်တန်ဆာများဆင်ယင်ကာ ကိုယ်ထင်ရှားပြလျက် စေတီနှင့် သံဃာတော်များအား ရှိခိုးဝတ်ပြုသွားသည်ကို ချီးကျူးအံ့သြ၍ နေကြသည်။

## တာဝတိံသာ စူဠာမဏိစေတီ

ဟိုရှေးက မစလဆိုတဲ့ရွာမှာ မဃဆိုတဲ့ လူငယ်တစ်ယောက် ရှိသည်။ သူက ရွာလယ်ခေါင်မှာရှိတဲ့ ရွှံ့ဗွက်နားက ကုန်းကမူလေးမှာ လူတွေစုဝေးထိုင်ကြ၏။ ထမင်းစားသောက်ပြီးတဲ့အချိန် နေဝင်ရီတရော သွားထိုင်ကြသည်။

သူကအရင်ဆုံး ရွာလယ်ခေါင်က ရွှံ့ဗွက်ညွှန်လွတ်တဲ့နေရာလေး ရောက်တဲ့အခါကျတော့ သူနေမယ့်နေရာလေးမှာ အမှိုက်တွေရှိတော့ အမှိုက်တွေကို ခြေထောက်ကလေးနဲ့ ယမ်းပြီးတော့ သူက အဲဒီနေရာ လေးမှာ ထိုင်လိုက်၏။

သန့်ရှင်းမသွားဘူးလား၊ သူက အဲဒီနေရာလေး ခြေထောက်နဲ့ ရမ်းဖယ်ပြီး ထိုင်လိုက်သည်။ နောက်တော့ ရွာထဲကလူတစ်ယောက် ထွက်လာပြီး ရွာလယ်ခေါင်မှာပဲ ကုန်းခေါင်ခေါင်လေး ရွှံ့ညွှန်ရှိတဲ့ နေရာလေးမှာ နေဝင်ရီတရော လာပြီးတော့ ထမင်းစားသောက်ပြီး

စကားစမြည်ပြောကြဆိုကြ ဆွေးနွေးကြ၏။

နောက်တစ်ယောက်ကတော့ အဲဒီ မဃဆိုတဲ့သူ လုပ်ထားတဲ့ နေရာလေးက သန့်ရှင်းနေတာ။ ဟိုနေရာလေးက မြက်တွေနဲ့၊ အမှိုက်တွေနဲ့ သစ်ရွက်တွေနဲ့ ရှုပ်နေတာ၊ သူက အဲဒါတွေ မရှင်းချင်ဘူးလေ။

အဲဒီတော့ မဃကို တွန်းဖယ်ပြီးတော့ မဃနေတဲ့ ပြောင်ပြောင် နေရာလေး ဝင်ထိုင်လိုက်သည်။ မဃက စိတ်မဆိုးဘူး။ "ဩော် ကောင်းတာဆိုတာ လူတိုင်းကြိုက်တာပါလား" ဆိုတဲ့ အဲဒီ ဖလော် ဆော်ဖိမျိုး အဲဒီအသိမျိုး သူဝင်သွားတာ။

ဟော အဲဒီအသိလေးနော်၊ ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး၊ စာတွေပေတွေသင်ပြီးတော့ ဒီလိုကြီးကြီးကျယ်ကျယ် ဆုံးမနာယူရတာ မဟုတ်ဘူး။

သူ အမှိုက်ရှင်းထားလို့ ပြောင်နေတဲ့နေရာလေး သူက ထိုင်လိုက်သည်။ သူ့ကို နောက်လာတဲ့သူက တွန်းပြီးတော့ သူ့ နေရာ ဝင်ထိုင်၏၊ စိတ်မဆိုးဘူး။

ဩော်. . . ကောင်းတာဆိုတာ လူတိုင်းကြိုက်တာပါလား ဆိုတဲ့ အဲဒီအသိလေးတစ်ခုရပြီးတော့ ကိစ္စမရှိဘူးလေ၊ နောက်တစ်နေရာ ခြေထောက်ကလေး၊ လက်ကလေးနဲ့ အမှိုက်ဖယ်ပြီးတော့ထိုင်ရတာ တစ်နေရာစာရှင်းရတာ ဘာမှ မခက်ဘူး။ ဘာမှ တာဝန်မကြီးဘူး။ အဲဒါနဲ့ နောက်တစ်နေရာစာလေး ရှင်းပြီးတော့ ထိုင်မယ်လုပ်ခါရှိသေး၊ နောက်တစ်ယောက် ဝင်ထိုင်သည်။ ရွှံ့ဗွက်လွတ်တဲ့ ရွာလယ်ခေါင်က နေရာလေး အကုန်လုံး စုဝေးပြီးတော့ လသာသာမှာ စကားပြောကြ ဆွေးနွေးကြ၏။

ကြည့်လိုက်တော့ သည့်ပြင်နေတာတွေက အမှိုက်သရိုက်တွေနဲ့ မြက်တွေနဲ့ဆိုတော့ ဟိုမဃလုလင် ရှင်းထားတဲ့နေရာလေး အတင်းလုပြီး ဝင်ထိုင်လိုက်သည်။

စိတ်မဆိုးဘူးဗျာ မောင်မဃက။

ဩော်. . . ကောင်းတာဆိုတာ လူတိုင်းကြိုက်တာပါလား၊ ငါဟာ လူတိုင်းကြိုက်တဲ့အလုပ်ကို လုပ်မိလျက်သားဖြစ်နေပြီ၊ နေရာကျတဲ့ငါ။

ဟော သဘောပေါက်သွားပုံလေး။

လူတိုင်းကြိုက်တဲ့ အလုပ်ကိုမှ ငါလုပ်မိလျက်သားဖြစ်နေပြီ၊ ငါနေရာကျလိုက်တာ၊ ငါရှင်းမယ်ဆိုပြီး ရှင်းလိုက်တာ၊ ရွာထဲက တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြတဲ့အခါကျတော့ သူ့ကိုတွန်းထိုးပြီးတော့ မနေရတော့ဘူး၊ အားလုံး သန့်သန့်ရှင်းရှင်း နေကြရမည်။

အဲဒီလိုလုပ်ပြီးတော့နောက် သူ့လမ်းစဉ်ကောင်းမှန်းသိကာ လူတွေကလိုက်ပြီး တစ်ခါတည်း ရွာလမ်းတွေဖောက်ကြ၊ သန့်ရှင်းရေးတွေလုပ်ကြ၊ ဇရပ်တွေ၊ တံတားတွေဆောက်ကြ၊ ရေတွင်းရေကန်တွေတူးဖော်ကြ၏။

ဒီလိုနဲ့ မဃလုလင်သည်-

မာတာ ပေတ္တိ ဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာ ပစာယိနံ၊
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရ ဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံနရံ၊
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။

**မိဘနစ်ဖြာ တစ်သက်တာ ဘယ်ညာထမ်းလျက် ပြုစုမယ်၊**
**အသက်ကြီးသူ ဂုဏ်ကြီးသူ ပြုငှါရိုသေပေးပါ့မယ်၊**
**မလိမ်မညာ ပြောချိုသာ ကွယ်ရာ သူ့အတင်း ရှောင် ပါ့မယ်၊**
**ရတနာသုံးပါး သားမယားနှင့် ရင်းဖျားမျိုးဆွေ ညှော်မိတ်ဆွေ မျှဝေသုံးပါမယ်၊**
**ဒေါသအမျက် ပြင်မထွက် ကိုယ်လက်နှုတ်များ ထိန်းပါ့မယ်၊**

မဃလုလင်သည် ဤခုနစ်ပါးကို ကျင့်သုံးလာခဲ့တဲ့အတွက်ကြောင့် အသက်၏ အဆုံး၌ သိကြားမင်း ဖြစ်လာခဲ့သည်။

**““ရွှယ်မူနဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ပြင်ပြို၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံ့သည်၊ စုံမြိုင်ပင်ရိပ်၊ ခမ်းမှာကို။””**

သိဒ္ဓတ္ထမင်းသားသည် သက်တော်နှစ်ဆယ့်ကိုးနှစ်သို့ ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော လေးမျိုးနိမိတ် နတ်ပြတဲ့အတွက်ကြောင့် ငါလည်းပဲ တစ်နေ့ဒီလို အိုရ၊ နာရ၊ သေရဦးမှာပဲ၊ မအို၊ မနာ၊ မသေခင် ရဟန်းပြုမှသင့်တော်မယ်လို့ သံဝေဂရကာ ဝါဆိုလပြည့် တနင်္လာနေ့မှာ တောထွက်ခဲ့ပါသည်။

အနော်မာသောင်ကမ်းရောက်သောအခါ ခေါင်းကဆံပင်ကို သံလျက်နှင့် ဖြတ်ပြီး-

“ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မှာဆိုလျှင် ဤဆံပင်သည် ကောင်းကင်၌ တည်စေသတည်း။” ဟု သိဒ္ဓတ္ထမင်းသားက ပစ်လွှတ်လိုက်တဲ့အခါ သိကြားမင်းသည် ပန်းတောင်းရွှေကလာပ်နှင့်ခံပြီး တာဝတိံသာသို့ ပင့်သွားပါသည်။

သိကြားမင်းသည် တာဝတိံသာသို့ ရောက်သောအခါ နတ်သားနတ်သမီးတွေနဲ့ တိုင်ပင်ပြီး သိဒ္ဓတ္ထမင်းသား၏ ဆံတော်ကို ကိုးကွယ်ဖို့ရန် စူဠာမဏိစေတီကို တည်ခဲ့ပါသည်။

(သူခိုးလက်မှ သူဝှက်လုသည်ဟူဘိသကဲ့သို့) ဒေါဏပုဏ္ဏားကြီး ဓာတ်တော်များကို ခွဲဝေပေးနေစဉ်ပင် သိကြားနတ်မင်းသည် “နတ်နှင့်တကွသော လူအပေါင်း၏ ယုံမှားကိုပယ်ဖျောက်ရန် အမှန်လေးချက် တရားနက်ကို ဟောမြွက်တော်မူကြောင်း ကောင်းမြတ်သော ဥပနိဿရည်း ပစ္စည်းစင်စစ်ဖြစ်သည့် မြတ်စွာဘုရား၏ လကျာ်စွယ်တော်မြတ်ကို အဘယ်သူသည် ယူအပ်လေသနည်း” ဟု ကြည့်ရှုလတ်သော် ဒေါဏပုဏ္ဏားကြီး ဦးရစ် (ခေါင်းပေါင်း)ကြား၌ ဝှက်ယူ၍ထားအပ်သည်ကို ထင်ရှားစွာ မြင်သိ၍ “ဤပုဏ္ဏားသည်လည်း လက်ယာစွယ်တော်မြတ်အား လျောက်ပတ်သော ပူဇော်မှုကို ပြုနိုင်လိမ့်မည်မဟုတ်၊ ထိုလက်ယာ

စွယ်တော်မြတ်ကို ငါ ပင့်ဆောင်ယူတော့အံ့။" ဟု ကြံစည်ဆင်ခြင်ကာ ခေါင်းပေါင်းကြားမှ လက်ယာစွယ်တော်ဓာတ်ကို ပင့်ဆောင်ယူ၍ ရွှေပန်းတောင်း၌ထားပြီးလျှင် နတ်ပြည်သို့ပင့်ဆောင်လျက် စူဠာမဏိ စေတီတော်အတွင်း ထည့်သွင်း၍ ပနာလေသည်ကို တိပိဋက ဆရာတော် ဦးဝိစိတ္တက ဗုဒ္ဓဝင်ပဉ္စမတွဲ (၅၃၃) ၌ ပြထား၏။

စူဠာမဏိစေတီကို မဖူးမီ ရှေးဦးစွာ ခေါင်းအုံးနှင့် စောင်များကို ဘုရားဖူးတဲ့အခါ နောက်မှီလို့ရအောင် နံရံမှာ ကပ်လျက်ထောင်ထားရ၏။ မှီထားရ၏။ စူဠာမဏိဘုရားကို ဆီမီးပူဇော်ပြီး အစောင့်အကြပ် နတ်ဒေဝါများကို မေတ္တာပို့ ခွင့်တောင်းတာလည်း ပြုလုပ်ရပါသည်။

စူဠာမဏိစေတီကို ဖူးမြော်လိုသော ယောဂီသည် အရှေ့ တည့်တည့်ရဲ့ မြောက်ဘက်ကပ်လျက် ဝါးလုံးထောင်သလို စိတ်အေးအေး ထားပြီး နိမိတ်ကိုပို့ရပါသည်။ စူဠာမဏိစေတီ၏ စိန်ဖူးတော်၊ ငှက်မြတ် နားတော်၊ ထီးတော်၊ စေတီက မြန်မာပြည်က ဘယ်စေတီနှင့်တူသလဲ၊ စေတီ၏အရောင်က ဘာရောင်လဲ စသည်ဖြင့် အသေးစိတ် ဖူးသွားပါ။

မြတ်စွာဘုရား၏ ဆံတော်ဖူးချင်တယ်၊ ဆံတော်ဖူးပြီးပါက မြတ်စွာဘုရား၏ စွယ်တော်ဖူးချင်တယ်ဟု စိတ်ညွတ်ပါ။ စုံအောင်ဖူးပါ။

## ပင်လယ်ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ

ပင်လယ်ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဟာ စူဠာမဏိစေတီ၏ မြောက်ဘက် တနင်္ဂနွေထောင့်တွင် တည်ရှိ၏။

မြတ်စွာဘုရား ခုနစ်ဝါမြောက်က မယ်တော်မိနတ်ဖြစ်သော သန္တုသိတနတ်သား အမှူးထား၍ နတ်ပြဟ္မာများ တရားဟောရန် တာဝတိံသာကို ကြွရောက်တော်မူ၏။

နတ်ပြည်ရောက်တော့ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ် ဘုရားသီတင်းမသုံးမီ-

"ကျောက်ဖျာကြီးသည်ကြီး၏၊ မြတ်စွာဘုရား၏ ခန္ဓာကိုယ်က

သေး၍ ဘုရားတက်ထိုင်လိုက်လျှင် ဘုရား၏ခန္ဓာကိုယ် မြုပ်သွားမည်” ဟု သိကြားမင်းစိတ်ထဲ အောက်မေ့မိ၏။

မြတ်စွာဘုရား တရားဟောခါနီး ကျောက်ဖျာပေါ် နှစ်ထပ် သက်န်းကို ဖြန့်ခင်းပြီးမှ တရားတက်ဟောပါသည်။ ကျောက်ဖျာနှင့် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တစ်ထပ်တည်း ဖြစ်နေတော့ သိကြားမင်း အံ့သြသွားသည်။

မြတ်စွာဘုရား ကြွတော်မူလာတယ်ဆိုတော့ စကြဝဠာ တိုက်တစ်သောင်းက နတ်ပြဟ္မာတွေ စုဝေးရောက်လာကြပြီး မြတ်စွာ ဘုရားကို ဖူးမြော်ကန်တော့ကြတာပေါ့၊ အလွန်တန်ခိုးကြီးပါတယ်ဆိုတဲ့ နတ်ပြဟ္မာတွေရဲ့ ရူပါရုံအဆင်းတွေဟာ မြတ်စွာဘုရားရှင်ရဲ့ အဆင်း တော်အောက်မှာ မှေးမှိန်နေကြပြီး နတ်ပြဟ္မာတွေရဲ့အဆင်းထက် မြတ်စွာဘုရားရှင်ရဲ့ အဆင်းက ထူးကဲသပ္ပါယ်တဲ့ ဝဏ္ဏသမ္ပတ္တိဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ဥပမာပြောရရင် ကြယ်တာတွေ ခြံရံပြီးတော့ တင့်တယ်စွာ ထွက်ပေါ်လာတဲ့ လမင်းကြီးလိုပါပဲ။

အင်္ကုရပေတဝတ္ထုပါဠိတော်မှာလည်း မြတ်စွာဘုရား တာဝတိံ သာ၌ အဘိဓမ္မာတရားဟောကြားတော်မူရန် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ထက်မှာ သီတင်းသုံးနေတော်မူသောအခါ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့ လာရောက်ဆည်းကပ်ကြရာတွင် အင်္ကုရနတ်သားမှာ တန်ခိုးကြီးသောနတ်များလာ တိုင်းလာတိုင်း နေရာဖယ်ကာ နောက်သို့ ဆုတ်၍ဆုတ်၍ မြတ်စွာဘုရားနှင့် (၁၀) ယူဇနာ ဝေးကွာသောအရပ်မှ ခစားရ၏။

ဣန္ဒကနတ်သားမှာမူကား ပထမလာရောက်နေရင်း နေရာမှ ဖယ်ရှားရခြင်းမရှိ၊ နေမြဲတိုင်းနေနိုင်၏။ ဤသို့ ဖြစ်ရခြင်းအကျိုးမှာ အင်္ကုရနတ်သားသည် အသက်တစ်သောင်းတမ်းမှာ ကာလရှည်လျားစွာ (၁၂)ယူဇနာရှည်လျားသော ဖိုခနောက်တန်းကြီးဖြင့် ချက်ပြုတ်ကျွေးမွေး

လျှုဒါန်းခဲ့သော ဒါနရှင်ကြီးဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်တွေမှာ သာမညပုထုဇဉ်ပုဂ္ဂိုလ်တွေသာ ဖြစ်ပါသည်။

ဣန္ဒကနတ်သားမှာမူကား အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ်ကို ဆွမ်းတစ်ဇွန်း၊ တစ်ယောက်မမျှသာ လောင်းဖူး၏။

ဤသို့ ဣန္ဒကနတ်သား၏ အလှူမှာဆွမ်းတစ်ဇွန်း၊ တစ်ယောက် မမျှ အနည်းငယ်မျှသာဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်က ရဟန္တာဖြစ်၍ မြင့်မြတ်သော ကောင်းမှုဖြစ်သောကြောင့် နေမြဲနေရာမှ မဖယ်မရှား နေနိုင်ပါသည်။

အင်္ကုရနတ်သားမှာကား အလှူဝတ္ထုပင်များသော်လည်း၊ အလှူခံပုဂ္ဂိုလ်တွေက သာမန်ပုထုဇဉ်များသာဖြစ်၍ ကုသိုလ်အာနုဘော် ကြီးမားသောကြောင့် တန်ခိုးကြီးသောနတ်များ လာတိုင်း လာတိုင်း နောက်သို့ဆုတ်၍ပေးရသည်ကို ဗုဒ္ဓဝင်ပထမအုပ်မှာ တိပိဋကရေ ဆရာတော် ဦးဝိစိတ္တကသာရာဘိဝံသက ရေးသားခဲ့ပါသည်။

မြတ်စွာဘုရားသည် တရားဟောရင်းနဲ့ လူပြည်ဆွမ်းခံချိန်ကို လှမ်းကြည့်၏။ ဆွမ်းခံချိန်ရောက်တော့ နိမ္မိတဘုရားကို ဖန်ဆင်းပြီး "နိမ္မိတဘုရား၏ သင်္ကန်းကိုင်ပုံ၊ သပိတ်ကိုင်ပုံ၊ အသံပြုပုံ၊ အသွင်ပြုပုံ တွေက ပကတိမြတ်စွာဘုရားနှင့် အတူတူဖြစ်စေသတည်း၊ ဤမည်သော တရားကိုဟောစေသတည်း" အဓိဋ္ဌာန်ထားခဲ့ပြီး သပိတ်၊ သင်္ကန်းကိုယူကာ အနောတတ္တရေအိုင်ကို ကြွသွား၏။

အနောတတ္တရေအိုင်ကိုရောက်တော့ နတ်တွေက နဂါးပြည်၌ ဖြစ်သော ဒန်ပူကို ကပ်ကြသည်။ မြတ်စွာဘုရားက ကိုယ်လက် သုတ်သင်ပြီး နတ်မင်းကြီးလေးယောက် လှူအပ်သော သပိတ်ကိုယူပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါသည်။

မြတ်စွာဘုရားသည် ဆွမ်းခံပြန် အနောတတ္တရေအိုင်ဘေးမှာ ဆွမ်းဘုန်းပေးပြီး နေ့အခါ စန္ဒကူးတောကို ကြွသွားပါသည်။

ဓမ္မသေနာပတိ သာရိပုတြာမထေရ်သည် မြတ်စွာဘုရား

စန္ဒကူးတောမှာနေသောအခါ ဝတ်ကြီးဝတ်ငယ် ပြုစုနေ၏။ မြတ်စွာဘုရားက "သာရိပုတြာ ဤမည်သောတရားကို ငါသည် တာဝတိံသာမှာ ဟောခဲ့တယ်" ဟု အရှင်သာရိပုတြာ မထေရ်ကို ပြန်လည်ဟောပြောပြသပါသည်။

မြတ်စွာဘုရားက တရားဟောနေရင်း လူ့ပြည်ကြွသွားပုံ တာဝတိံသာသို့ ပြန်ကြွလာပုံတွေကို တန်ခိုးကြီးတဲ့ နတ်တွေသိကြပါတယ်၊ တန်ခိုးနည်းတဲ့ နတ်တွေမသိကြပါဘူး။

ပကတိသော မြတ်စွာဘုရားနှင့် နိမ္မိတဘုရားတို့ဟာ ရောင်ခြည်တော်၊ အသံတော်၊ စကားတော်တွေဟာ အတူတူဖြစ်နေသည့်အတွက် တန်ခိုးနည်းတဲ့ နတ်တွေမသိကြပါဘူး။

**မာတရံ ပမုခံ ကတွာ၊ တဿ ပညာယ တေဇသာ၊**

**အဘိဓမ္မာ ကထာ မဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။**

မြတ်စွာဘုရားသည် မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုဿိတနတ်သားအမှူးထား၍ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ(၇)ကျမ်းကို တစ်သောင်းသော လောကဓာတ်မှ လာကြတဲ့ နတ်ပြဟ္မာတွေအား ဟောကြားခဲ့သည်။

ဝါတွင်းသုံးလ ရက်ပေါင်း (၉၀) အဘိဓမ္မာ (၇) ကျမ်း ဟောကြားပုံကား-

| | |
|---|---|
| ၁။ ဓမ္မသင်္ဂဏီကျမ်း | (၁၂) ရက်၊ |
| ၂။ ဝိဘင်းကျမ်း | (၁၂) ရက်၊ |
| ၃။ ဓာတုကထာကျမ်း | ( ၆ ) ရက်၊ |
| ၄။ ပုဂ္ဂလပညတ်ကျမ်း | ( ၇ ) ရက်၊ |
| ၅။ ကထာဝတ္ထုကျမ်း | ( ၈ ) ရက်၊ |
| ၆။ ယမိုက်ကျမ်း | (၂၀) ရက်၊ |
| ၇။ ပဋ္ဌာန်းကျမ်း | (၂၅) ရက်၊ |
| စုစုပေါင်း | (၉၀) ရက် ဖြစ်ပါသည်။ |

**ဓမ္မသီ ဝိဘင်္ဂ၊ ဒွါဒသရက်စီ။**
**ခြောက်ရက်ကြာ၊ ကျမ်းဓာတု ရယ်နဲ့၊ ပုဂ္ဂလခုနစ်ရက်၊ ဟောမြွက်ခဲ့သည်။**
**ကထာဝတ်၊ ရက်ရှစ်လီ၊ ဝီသပ၊ ယမိုက်ကျမ်း။**
**ပဋ္ဌဝီ၊ ပဋ္ဌာနရယ်နဲ့၊ လသုံးလီ၊ မယ်တော်မိကိုကွယ်၊ ဟောဘိရက်တမ်း။**
**(ဓမ္မာစရိယဦးဒွေးလှိုင်)**

## ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ

သိကြားမင်းပျော်စံရာ မြကျောက်ဖျာသည်ကား မဟာ သုဒ-သနမြို့တော်၏ အရှေ့မြောက် ပုဏ္ဍရိက ဥယျာဉ်တော်၌ ပင်လယ်ကသစ်ပင်၏ အနီးမှာရှိတယ်လို့ ဆို၏။

အဲဒီကျောက်ဖျာသည် လယ်ခေါင်ရန်းပွင့်အသွေးနီ ထွေးထွေးသော အဆင်းရှိ၏။ ထိုပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် နူးညံ့သိမ်မွေ့သောကြောင့် နတ်တို့သေနင်း သိကြားမင်းသည် ထိုကျောက်ဖျာပေါ်မှာ ထိုင်လိုက်တဲ့အခါ ကိုယ်ထက်ဝက်မြုပ်သွားပြီး သိကြားမင်းသည် နေရာမှ တစ်ဖန်ပြန်ထသောအခါ ယခင်အတိုင်း ပြန်ပြည့်လာတယ်လို့ ဆို၏။

ကျောက်ဖျာ၏ ပမာဏ

- ✳ အလျားအားဖြင့် ယူဇနာခြောက်ဆယ်ရှိ၏၊
  အနံအားဖြင့် ယူဇနာငါးဆယ်ရှိ၏၊
  အထူ(ထုအားဖြင့်) တစ်ဆယ့်ငါးယူဇနာ မြင့်၏၊

✳ **ခြောက်ဆယ်အလျား၊ အနံကား၊ မှတ်သားငါးဆယ်သာ၊**
**ဆယ့်ငါးအထု၊ မြဲမှတ်ရှု၊ ပဏ္ဍုကမ္ဗလာ။**

## ပင်လယ်ကသစ်ပင်

ထိုပင်လယ်ကသစ်ပင်၏ အရောင်အဝါကား သစ်ပင်၏

ထက်ဝန်းကျင် ယူဇနာငါးဆယ်တိုင်တိုင် ပျံ့နှံ့၍တည်၏။ သင်းပျံ့မွှေးကြိုင် အနံ့လှိုင်သည်ကား အောက်အကြောအရပ်သို့ ယူဇနာတစ်ရာတိုင်တိုင် မွှေးနံ့ကြိုင်၏။

ပန်းပွင့်များကိုလည်း အပင်ပေါ်သို့တက်၍ ဆွတ်ခူးရခြင်းလည်း မရှိတဲ့ ဆွတ်ခူးတတ်သည့် ကန္တနခေါ် လေတိုက်ခတ်ခြင်းကြောင့်ပင် အလိုလို ကြွေကျလာကြသည်။

ထိုအခါမှာ သမ္ပဋ္ဌိစ္ဆနခေါ် လေကလည်းပဲ မြေပေါ်သို့ ပန်းပွင့်တွေ မကျရလေအောင်ခံယူထားသတဲ့၊ တစ်ဖန် ပဝေသန ခေါ် လေကလည်းပဲ ပန်းပွင့်အားလုံးကို သုဓမ္မာဇရပ်အတွင်းဘက်သို့ လေဖြင့် ပင့်ပြီး သွင်းပေးသတဲ့။

၎င်းနောက် သမ္မဇ္ဇနခေါ် သန့်ရှင်းရေးရွက်ဆောင်ပေးတဲ့ တံမြက်လှည်းလေကလည်းပဲ သုဓမ္မာဇရပ်အတွင်းရှိ ပန်းမှိုက်ဟောင်းတွေကို သန့်ရှင်းအောင် ထုတ်စွန့်ပေးသတဲ့။

သန္တကခေါ် သော နေရာခင်းပေးရန်လေကလည်း ပွင့်သစ်စဖြစ်သော ပင်လယ်ကသစ်ပန်းများအား ကြိုးဖြင့်သီကုံး မွမ်းမံခြယ်လှယ်၍ ထားလေသတဲ့။

*** ယူဇနာဆင့်၊ တရာမြင့်၊ ထောက်ချင့်မွှေးကြိုင်စွာ၊**
**ဝန်းကျင်ငါးဆယ်၊ ပျံ့နှံ့ကြွယ်၊ ပင်လယ်ကသစ်မှာ၊**

**(မဟာဝဂ္ဂါဒိ အဋ္ဌကထာမှ)**

**ကမ္ဘာဦးက စပေါက်သော သစ်ပင်ကြီး(၇) ပင် ရှိရာဒေသများ**

၁။ ဇမ္ဗူဒိပ် တောင်ကျွန်း ဇမ္ဗူသပြေပင်၊
၂။ ဇမ္ဗူဒိပ် မြောက်ကျွန်း ပဒေသာပင်၊
၃။ ဇမ္ဗူဒိပ် အရှေ့ကျွန်း ကုက္ကိုပင်၊
၄။ ဇမ္ဗူဒိပ် အနောက်ကျွန်း ထိန်ပင်၊
၅။ ဂဠုန်ပြည် လက်ပံပင်၊
၆။ အသုရာပြည် သခွပ်ပင်၊

၇။ တာဝတိံသာ ပင်လယ်ကသစ်ပင်၊

**- သပြေတောင်ကျွန်း၊ ထိန်နောက်ကျွန်း၊ မြောက်ကျွန်းပဒေသာ။**

**- ကုက္ကိုရှေ့ကျွန်း၊ သခွပ်ထွန်း၊ ဆိုညွှန်းအသူရာ၊**

**- ဂဠုန်လက်ပံ၊ သိကြားထံ၊ မှတ်ရန်ကသစ်သာ၊**

**- မြင့်ဝန်းယူဇနာ၊ အတူသာ၊ တရာညီမျှစွာ၊**

**- ဆယ့်ငါးလုံးပတ်၊ ခွဆုံရပ်၊ ခြောက်ရပ်ငါးဆယ်ဖြာ၊**

မှတ်ချက်။ ။ ယခုသစ်ပင်ကြီးများသည် ကမ္ဘာဦးမှ စပေါက်သော သစ်ပင်ကြီးများဖြစ်သည်၊ လုံးပတ်အမြင့် အဝိုင်း ယူဇနာတို့သည် တညီတညွတ်တည်းဖြစ်နေ၏။

* **လူ့ပြည်တုံးမှာ ဘာဝနာ ပြင်းစွာအားထုတ်သူ၊**
**နတ်ပြည်ရောက်လာ သိနောက်ကြာ ဦးစွာမဂ်ကိုယူ။**
**ဝိပဿနာ ရှုသူမှာ သဒ္ဒါဖြစ်ပေါ်သည်၊**
**လက်ကိုဆွဲကာ ပုံပမာ နတ်ရွာသူပိုသည်။**

လူ့ပြည်တုန်းက တရားတွေကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်သည် ဒီဘဝတွင် တစ်မဂ်တစ်ဖိုလ် မရခဲ့ပါက နတ်ပြည်ရောက်တဲ့အခါ တာဝတိံသာ သုဓမ္မာဇရပ်ထဲတွင် တစ်လရှစ်ကြိမ် တရားပွဲရှိသည်၊ သိကြားမင်း၊ နတ်မင်းကြီးလေးပါး၊ ဓမ္မကထိကနတ်သားများ၊ တစ်ခါတရံ နတ်တွေ မအားတဲ့အခါ ဗြဟ္မာပြည်က ဗြဟ္မာကြီးများ တရားဆင်းဟော၏။ တရားဟောတဲ့နတ်၊ ဗြဟ္မာတွေရဲ့တရားသံကို ကြားရပြီးတော့လည်း တစ်မဂ်၊ တစ်ဖိုလ် ရနိုင်ပါသည်။

အာနာပါန ဝင်သည်တစ်စသည် တရားကိုမှတ်ပြီး နိမိတ်လာတဲ့ အချိန် တာဝတိံသာ စူဠာမဏိဘုရားကို ဖူးမြင်ရတော့ ယောဂီရဲ့သန္တာန်မှာ သဒ္ဒါတရားတွေ တဖွားဖွား ဖြစ်ပေါ်လာသည်၊ အသိသစ် အမြင်သစ် သဒ္ဒါတရားအသစ်တွေ တိုးပွားလာရသည်။ ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိ၊ ယနေ့မှစ၍ သေသည်အထိ ရတနာသုံးပါးကိုပဲ ကိုးကွယ်တော့မယ်ဆိုပြီး အရင်ကထက် သဒ္ဒါတရားတွေ အားကောင်း

လာ၏။

တစ်ခါတစ်ရံ ဘုရားဖူးနေရင်းနဲ့ ဘုရားပေါ်မှာ ခန္ဓာကိုယ် တစ်ကိုယ်ရောက်နေ၏။ အဲဒီခန္ဓာကိုယ်တစ်ကိုယ်က ရုပ်တရား၊ ဘုရားပေါ်မှာ ခန္ဓာကိုယ်ရောက်နေတာကို သိတာက နာမ်တရား၊ ဘုရားဖူးနေရင်းနဲ့ ဝိပဿနာဉာဏ်တင်လိုက်တော့ "ရုပ်၊ နာမ်ကွဲလျှင် သက္ကာယဒိဋ္ဌိစင်"အရ ဘုရားဖူးရင်းနဲ့ ရုပ်၊ နာမ်ကွဲပြီး သက္ကာယဒိဋ္ဌိ ပြုတ်သွား၏။ ယောဂီရဲ့သန္တာန်မှာ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်ပြီး ခိုင်မြဲလာပါသည်။

သေခါနီးကာလမှာ တရားရှုမှတ်၍ တရားနှလုံးသွင်းပြီး သေသွားမယ်ဆိုရင် နတ်ပြည်တော့ ရောက်နိုင်သည်၊ မြတ်စွာဘုရားက တရားမှတ်တဲ့ပုဂ္ဂိုလ်ကို လက်ကိုဆွဲပြီး နတ်ပြည်ပို့တာနဲ့ အတူတူပဲတဲ့။

နတ်အပေါင်းတို့၏ စည်းဝေးစရာညီလာခံ သုဓမ္မာ သဘင် မြေအပြင်မှာကား ဖန်ပြားတွေ ခင်းထား၏။ တိုင်အခြင်၊ ထုပ်လျှောက် စသည်တို့မှာ ကျောက်မျက်ရွဲရတနာ၊ မသာရဂလ်၊ ဥဿဖယား၊ ပတ္တမြားနီ၊ သန္တာကျောက်မျိုးတို့ဖြင့် ခြယ်လှယ်စီမံထားသည်မှာ ကံအားလျော်စွာ စတုသမုဒ္ဒာန်နတ်တို့ မပြုပြင်ထားဘဲ အလိုအလျောက် ပြီးစီးစေ၏။

**သုဓမ္မာသဘင်၏ပမာဏ**

| | |
|---|---|
| အလျား၊ အနံအားဖြင့် | = ယူဇနာသုံးရာ၊ |
| အဝန်းအားဖြင့် | = ယူဇနာကိုးရာ၊ |
| အမြင့်၊ အစောက်အားဖြင့် | = ယူဇနာငါးရာ ရှိတယ်လို့မှတ်။ |

* **သုဓမ္မာသဘင်၊ အမည်တွင်၊ မြေပြင်မှတ်ဖို့ရာ။**
**ယူဇနာအလျား၊ သုံးရာထား၊ စည်ကားသုဓမ္မာ။**
**အဝန်းကိုးရာ၊ မြင့်ငါးရာ၊ တည်ပါဝတီသာ။**

**ဝေဇယန္တာနန်းပြာသာဒ်ပမာဏ**

ဝေဇယန္တာဘုံနန်းပြာသာဒ်သည် သိကြားမင်း ပျော်စံရာဖြစ်သော ပြာသာဒ်ဖြစ်သည်၊ ထိုပြာသာဒ်သည် အဋ္ဌကထာ အလိုအားဖြင့် "အမြင့်ယူဇနာ တစ်ထောင်ရှိသည်။ ဋီကာအလိုအားဖြင့် အမြင့်ယူဇနာ ခုနစ်ရာ" ရှိပါသည်။

ဝေဇယန္တာနန်းပြာသာဒ်ကို ခြံရံ၍ထားသော အောင်လံတံခွန်ကြီး များကို စိုက်ထောင်ထားသည်မှာ အောင်လံတလူလူနှင့် ဝေဆာလှပနေ၏။

ထိုအောင်လံတိုင် အောင်လံရွက်တို့သည် ရတနာခုနစ်ပါးတို့ဖြင့် ခြယ်လှယ်ထား၏။ အောင်လံတော်ကြီး၏ ပမာဏကား အမြင့်ယူဇနာ အားဖြင့် သုံးရာ ရှိပါသည်။

**ဝေဇယန္တာရထားပမာဏ**

ဝေဇယန္တာရထား၏ ပမာဏမှာ ရထားဦးမှ နောက်ဆုံးအဖျား တိုင်အောင် ယူဇနာတစ်ရာ့ငါးဆယ်ရှိသည်။
ရှင်းလင်းဦးအံ့- ရထား၏ရှေ့ဦးက ရထားအိမ်အထိ ယူဇနာ ငါးဆယ် ရှိသည်။ အလယ်ရထားအိမ် ယူဇနာငါးဆယ်၊ နောက်စွန်းလည်း ယူဇနာငါးဆယ်၊ သုံးရပ်ပေါင်းလျှင် ယူဇနာတရာ့ ငါးဆယ်ရှိတယ်လို့မှတ်။

* **သုံးရာတံခွန်၊ ပလ္လင်မွန်၊ ဆုံးစွန်တစ်ယူဇနာ။**
**ထီးဖြူသုံးယူ၊ ပြာသာဒ်မူ၊ မြင့်ယူတထောင်သာ။**

ကဲ - ယနေ့ အနောက်မြောက်ထောင့်အရပ်ရှိ တာဝတိံသာ သုဓမ္မာဇရပ်နှင့် ဇရပ်ရဲ့တောင်ဘက်ကပ်လျက် ဝေဇယန္တာဗိမာန်ကိုဖူး။

## ဗြဟ္မာပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီ

"သုဒ္ဓါဝါသ ဘူးမရ" အရ ပုထုဇဉ်ပုဂ္ဂိုလ်များသည် သုဒ္ဓါဝါသ ငါးဘုံကို မဖြစ်ဘူးပါ။

သုဒ္ဓါဝါသဘုံကို အနာဂါမ်များမှ ဖြစ်ကြသည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသဘုံ မဖြစ်ဘူးသော်လည်း တရားနိမိတ်ဖြင့် ဖူးလို့ရ၏။

သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ရန် တောထွက်လာတယ်၊ အနော်မာသောင်ကမ်း ရောက်သောအခါ ခေါင်းကဆံပင်ကို သံလျက်နဲ့ ပယ်ပြီး ဃဋိကာရဗြဟ္မာမင်း ကပ်လှူသော သင်္ကန်းကိုဝတ်ရုံ၍ မင်းသား၏ ဝတ်လဲတော်များဖြစ်သော-

| | | | |
|---|---|---|---|
| ၁။ | ပုဆိုး၊ | ၆။ | ဖိနပ်၊ |
| ၂။ | အင်္ကျီ၊ | ၇။ | လက်စွပ်၊ |
| ၃။ | ရင်ဖုံး၊ | ၈။ | ကြယ်သီး၊ |
| ၄။ | မကိုဋ်၊ | ၉။ | လက်ကြပ်၊ |
| ၅။ | စလွယ်၊ | ၁၀။ | သံလျက် |

တို့ကို ဗြဟ္မာမင်း ပင့်ဆောင်သွားပြီး ဗြဟ္မာ့ပြည်ရောက်တော့ မင်းသား၏ ဝတ်လဲတော်တွေကို ဌာပနာထား၊ ပူဇော်ထားရန် ဒုဿစေတီကို တည်ခဲ့ပါသည်။

အိန္ဒိယ သံဝေဇနိယလေးဌာန၊ တာဝတိံသာ စူဠာမဏိစေတီ၊ ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီနှင့် အတွင်းထဲက ဌာပနာတွေ ဖူးမြင်ရသူတို့သည် ဘယ်လိုပုဂ္ဂိုလ်များ ဖူးမြင်ရသလဲလို့ ရှေးကပညာရှင်များ ရေးသားပုံက-

* **ဖွားတော်မူဒေသနင့် ခက်သစ္စသိရာ**
**ဓမ္မစက်ပဝတ္တာ၊ ဝင့်ခန္ဓာချွေချ၊**
**လေးဌာနဥတ္တမေ၊ စေတုက္ကေနိပါတ်ဖော်ပြ**
**သဒ္ဓါလုဒ္ဒဿနီ၊ မြတ်မသိဘာဂ၊**
**မှတ်အညီ သံဝေဂရစေဖို့၊ မှန်းလေလဌာနာ**
**သွားရောက်ကာ၊ ဖူးမြင်ရသူတို့**
**ထူးမြင့်လှ ပုဗ္ဗကမ္မေ မနသဿအန္တေတွင်**
**ဉာဏ်ကဝေ ပါရမီရင့်သူတို့**

**ကြာမမြင့် ဒုက္ခဝင်မှာ၊ မုချလွတ်မှာ၊**
**အနတ္တရ ထွင်ရှုရတနာကို ဆွတ်သဒ္ဓါ၊ ကြည်နူးလို့လေး။**

အိန္ဒိယသံဝေဇနိယ လေးဌာနကို ငွေကြေးနှင့်ရော၊ တရားနိမိတ်နှင့်ရော သွားဖူးလို့ရသည်။

နတ်ပြည်၊ ဗြဟ္မာပြည်ဘုရားတော့ ငွေကြေး ဘယ်လောက်ပေးပေး သွားဖူးလို့မရပါ။ ယောဂီရဲ့ နှာခေါင်းကလေးကို တန်ဖိုးရှိစွာ အသုံးချမှ ဖူးလို့ရပါသည်။

ဒီလိုဖူးမြင်ရတဲ့ ပုဂ္ဂိုလ်များသည် ရှေးဘဝကအားထုတ်ခဲ့တဲ့ ကံတွေပါလို့၊ ရှေးဘုန်း၊ ရှေးကံရှိလို့၊ ပါရမီဉာဏ်တွေရင့်လို့ ဖူးမြင်ရတာပါ။

မြတ်စွာဘုရားရဲ့ အမြတ်ဆုံးရတနာကို ဖူးမြင်ရလို့ ကြည်ညိုလွန်းလို့ မကြာခင်ဝဋ်ဆင်းရဲမှ လွတ်လိမ့်မယ်လို့ ရှေးက ပညာရှင်တွေ ရေးသားခဲ့ပါသည်။

တိပိဋက ဦးဝိစိတ္တသာရာဘိဝံသက ဗုဒ္ဓဝင်ပထမတွဲ ဒုတိယပိုင်း (နှာ-၂၈၈- ၂၈၉) တို့၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ဘုရားသမိုင်းတွင် သုဒ္ဓါဝါသဘုံမှ ရဟန္တာမဟာဗြဟ္မာကြီးသည် ပရိက္ခာရာရှစ်ပါးကို ဆောင်ယူခဲ့၍ အလောင်းတော်၏ မျက်မှောက်မြင်လောက်သောအရပ်၌ ထင်ရှားဖြစ်လာ၏။ အလောင်းတော်သည် ထိုပရိက္ခာရာရှစ်ပါးကိုမြင်၍ "အဘယ်အရာနည်း" ဟု မေးသည်တွင် ရဟန်းအသုံးအဆောင်များဖြစ်ကြောင်းကို ကြားရ၍ ကိုယ်တော်တွင် ဆင်ယင်ထားသော မင်းတန်ဆာတို့ကို ချွတ်တော်မူကာ ဘဏ္ဍာစိုးလက်သို့ အပ်နှင်းတော်မူပြီးနောက် လက်သုံးတော် သန်လျက်ဖြင့် ဆံတော်ကိုဖြတ်ပယ်၍ ကောင်းကင်သို့ ပစ်မြှောက်တော်မူလိုက်၏။

ထို့နောက် အလောင်းတော်သည် ဗြဟ္မာကြီး ဆက်လာသော သင်္ကန်းတို့ကိုဝတ်ရုံ၍ ပုဆိုး(ဝတ်လဲတော်) အစုံကို ကောင်းကင်ကို

ပစ်မြောက်လိုက်ပြန်ရာ သုဒ္ဓါဝါသပြဟ္မာကြီးက ခံယူ၍ သုဒ္ဓါဝါသဘုံမှာ တစ်ဆယ့်နှစ်ယူဇနာရှိသော ဒုဿစေတီကို တည်ထားသည်ဟုရေးသား တော်မူခဲ့သည်။

ကဲ ယနေ့ အရှေ့တည့်တည့်ရဲ့ တောင်ဘက်ကပ်လျက် ပြဟ္မာပြည်အကနိဋ္ဌဘုံရှိ ဒုဿစေတီကိုဖူး၊ အတွင်းထဲက ဌာပနာတွေကို လည်း တစ်ခုချင်းဖူးပါ။

ဒီနေရာမှာ တရားထိုင်တဲ့ယောဂီ ဒကာကြီး (ဒေါက်တာ အောင်ဇော်မြင့်) နဲ့ ယောဂီ (ဒေါ်စမ်းစမ်းဝင်း) ယောဂီဦးဖေသိန်းတို့ကိုယ်တိုင် ရေးသားလျှောက်ထားတဲ့ စာတမ်းသုံးစောင်ကို မူရင်းအတိုင်း ဖတ်ရှု နိုင်အောင် ထည့်ပေးထားသည်။ ဖတ်ကြည့်ပါဦး။



## ရွာအဝင်လမ်း

ဒေါက်တာ အောင်ဇော်မြင့်

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားနှင့် ဗောဓိ အေးငြိမ်းရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကေလာသတို့၏ ကျေးဇူးဂုဏ်ကို ရည်ကာ ဤဆောင်းပါးဖြင့် ပူဇော်ပါသည်ဘုရား. . .

ကန္တပဋ္ဌပတ္တိနည်းကို ထိမ်းသိမ်းစောင့်ရှောက်တော်မူပြီး ပြန်လည်သင်ကြားပေးတော်မူသော မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြီးမားလှပါသည်။ ကျွန်တော်သည် ဗောဓိအေးငြိမ်းရိပ်သာသို့ ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် နေ့တွင် အဒေါ်ဖြစ်သူ ဒေါ်လေးလေးမင်း၏ ကူညီမှုကြောင့်ရောက်ရှိပြီး စတင်တရားအားထုတ်ခဲ့ပါသည်။

## သဒ္ဓါတိုးသောမှတ်တိုင်များ

ရှုမှတ်၍ သမာဓိအားကောင်းလာသောအခါ နိမိတ်ဖြင့် ၇. ၄. ၂၀၀၅ နေ့စ၍ မြန်မာပြည်တွင် ဘုရားဖူးရင်း ပြင်ပရှုခင်းများပါတွဲ၍ တွေ့မြင်ရသောအခါ အံ့ဩမှု၊ ဝမ်းသာမှုနှင့်အတူ သဒ္ဓါတရားများ တိုးပွားခဲ့ပါသည်။ မြတ်စွာဘုရား ဓမ္မစကြာဟောကြားရာဌာနသို့ ဘုရားဖူးရာ သက်တော်ထင်ရှားမြတ်စွာဘုရား ပဥ္စဝဂ္ဂီ ၅ ဦးကို တရားဟောနေပုံကို ဖူးရပါသည်။ သီဟိုဠ် (သီရိလင်္ကာ)ရှိမြတ်စွာဘုရား၏ စွယ်တော်၊ ထူပါရုံစေတီဌာပနာရှိ ညှပ်ရိုးတော်၊ မဟာစေတီဌာပနာရှိ နဖူးသင်းကျစ်တော်၊ ရောင်ခြည်ကွန့်မြူးနေသောဓာတ်တော် စသည် တို့ကို မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ရသောအခါ ဝမ်းသာပီတိနှင့်အတူ သဒ္ဓါများတိုးပွားခဲ့ရပါသည်။ ၁၄-၄-၂၀၀၅ နေ့မှစ၍ တာဝတိံသာရှိ စူဠာမဏိစေတီတော်နှင့် မြတ်စွာဘုရား၏ ဆံတော်၊ စွယ်တော်၊ ဓာတ်တော်များ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ ပင်လယ်ကသစ်ပင်၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာနတ်နန်းတို့ကို ဖူးမျှော်ခဲ့ရပါသည်။ မြကျောက် ဖျာပေါ် မြတ်စွာဘုရား နတ်ဗြဟ္မာများကို အဘိဓမ္မာတရားဟောနေပုံဖူးရင်း မြတ်စွာဘုရား၏ မျက်နှာတော်ကို သေသေချာချာဖူးမြင်ရတော့ ပီတိများ တဖွားဖွားဖြစ်ကာ သဒ္ဓါများ ထပ်မံတိုးခဲ့ရပါသည်။

၁၈-၄-၂၀၀၅ နေ့တွင် ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီကို ဖူးမျှော်ရာ ဗြဟ္မာကြီးတစ်ပါးက ဝတ်လဲတော်အင်္ကျီနှင့် လုံခြည်တို့ကို ဖြန့်ပြပေးပါသည်။ သန်လျက်၊ ခြေနင်း၊ လက်စွပ်၊ ကြယ်သီးတို့ကို ဖူးတွေ့ရပါသည်။

၂၀-၄-၂၀၀၅ နေ့တွင် နဂါးပြည်ရှိ စေတီနှင့်မြတ်စွာ ဘုရား၏ စွယ်တော်၊ ဓာတ်တော်များကို ဖူးရပါသည်။

၂၁-၄-၂၀၀၅ နေ့တွင်မြောက်ကျွန်းသို့ နိမိတ်လွှတ်ရာ ပဒေသာပင်နှင့် မြောက်ကျွန်းရှိ အဆောက်အအုံများ၊ မြောက်ကျွန်းသူ မြောက်ကျွန်းသားများ ဓမ္မာရုံထဲတွင် စုပေါင်း တရားထိုင်နေပုံကို

တွေ့မြင်ခဲ့ပါသည်။

ဆရာတော်မှ ကျန်းမာရေးအတွက် ရောဂါများပျောက်ကင်းစေနိုင်သော နိမိတ်ဖြင့် အထက်အောက် စုန်ဆန်နည်းများ၊ ပါးထွက်နားထွက်နည်း၊ လှီးစားဖြတ်စားနည်းများ သင်ပြပေးတော်မူပါသည်။ ယောဂီများ ခံစားနေရသော ရောဂါများ ပျောက်ကင်းကြသည်မှာ လက်တွေ့ဖြစ်ပါသည်။ ဘုရားပေးသော တရားဆေးဖြစ်ပါသည်။ ခန္ဓာကိုယ်မှာ ရောဂါဝေဒနာများသာမက ကိလေသာရောဂါကိုပါ ပျောက်ကင်းနိုင်ပါသည်။

ကျွန်တော်သည် မြတ်စွာဘုရား၏ အမြတ်ဆုံးရတနာများ ဓာတ်တော်၊ မွေတော်များ၊ စူဠာမဏိစေတီ၊ ဒုဿစေတီတို့ကို ဖူးမြော်ရင်း သဒ္ဓါထက်သဖြင့် ပိုမို လေးလေးစားစား ရှုမှတ်၍ သမာဓိများပါ တိုးတက်ခဲ့ပါသည်။ ဝိပဿနာရှုသောအခါ များစွာအထောက်အကူ ရခဲ့ပါသည်။

## ပညာတိုးသောမှတ်တိုင်များ

ကမ္မဋ္ဌာန်းနည်းဖြင့် ဝိပဿနာရှုသောအခါတွင် လွယ်ကူ၍ ခရီးရောက်ကြောင်း သိမြင်လာပါသည်။ ရှုကွက်အလိုက် မိမိ၏ နိမိတ်တွင် သက်ဆိုင်ရာအကြောင်းအရာများကို ဖန်သားပြင်ပေါ်တွင် မြင်ရသကဲ့သို့ မြင်တွေ့ရပါသည်။ မိမိက မကြည့်လိုလျှင်လည်းရပါသည်။ အရှုခံအာရုံတွင် နှလုံးသွင်းမှတ်နေရုံသာဖြစ်သည်။ ခံရခက်သည့် နာကျင်သည့်ဝေဒနာများကို မိမိ၏သမာဓိအားဖြင့် ကောင်းစွာရင်ဆိုင်နိုင်ရုံသာမက ဝေဒနာ၏ သဘောကိုလည်း သိမြင်နိုင်ပါသည်။

မိမိ၏ရင်ချိုင့် ဟာဒယဝတ္ထုၙ စိတ်စိုက်ပြီး ရုပ် . . . ရုပ် . . . ရုပ်ဟု မှတ်ရုံနှင့် မိမိ၏ကျောရိုးကို စတင်တွေ့ရပါသည်။ ထို့နောက် အဆုတ်နှင့် နှလုံးတို့ပေါ်လာပြီး နိမိတ်မှာ နှလုံးအတွင်းသို့ ဝင်သွားပြီး သွေးဝင်ခန်း၊ သွေးလွှတ်ခန်း၊ ယင်းတို့အကြားရှိ အဆို့ရှင်များ နှလုံး

အတွင်းသွေးဝင်ပုံ၊ သွေးညှစ်ထုတ်ပုံအထိ မြင်တွေ့ခဲ့ပါသည်။ အဆုတ်နှင့် လေပြွန်များ ဖြာထွက်နေပုံ၊ ဗိုက်အတွင်းမှာ အသည်း၊ အူ၊ အူမကြီး၊ စသည့် ကလီစာများ တွေ့မြင်ရပါသည်။ နိမိတ်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ် စသည့် ဒွါရ ၉ ပေါက် အကုန်လုံးအတွင်းသို့ ဝင်ပြီး ကိုယ်တွင်းမှန်ပြောင်းဖြင့် ကြည့်နေသလိုပြပါသည်။ ပါးစပ်မှ ဝင်ပြီး အစာအိမ်၊ အူ၊ အစာဟောင်းအိမ်၊ အစာဟောင်းနှင့်အတူ ပိုးမွှားများအထိ မြင်ရပါသည်။

မိမိပေါင်ရင်းမှာ ဝေဒနာကိုစိုက်ရှုရင်း ပေါင်၏ထက်ပိုင်းပြတ်ပုံ၊ အရိုး၊ အကြော၊ အသားတို့ကို တွေ့မြင်ရပါသည်။ မိမိ၏ခန္ဓာကိုယ် အရိုးစုပုံနှင့် ကလလရေကြည်မှစ၍ သန္ဓေသားကြီးထွားပုံကိုလည်း တစ်ခုပြီးတစ်ခု တွေ့မြင်ရပါသည်။

နာမ်ကို သိမ်းဆည်းသောအခါ နာမ်တရား၏ ပေါ့ပါးသွက်လက်ပုံ၊ ကိုင်းညွှတ်တတ်ပုံ၊ ဝေဒနာအပေါ် ဝေဒနာတခြား၊ သိနေတာတခြား စသည်တို့ သိမြင်မှတ်သားရပါသည်။

ပစ္စယပရိဂ္ဂဟပိုင်း ရှုသောအခါ မိမိ၏အတိတ်ဘဝဖြစ်စဉ် ငါး ၂ ဘဝ၊ မိကျောင်းဘဝ၊ ဘဲ၊ လိပ်၊ နွား၊ သမင်၊ ရှေးမြို့ဟောင်းရဲ့ တိုက်ထဲမှာ အမျိုးသားဘဝ၊ စေတီစောင့်နတ်ဘဝ ထိုဘဝ၌ ဆင်းတုတော် အကြီးကြီးရှေ့ထိုင်၍ ဆုတောင်းနေပုံကို မြင်တွေ့ရသောအခါ သံဝေဂများစွာရခဲ့ပါသည်။ တရားထိုင်တိုင်း မြင်တွေ့နေရာ နောက်ပိုင်း တိရစ္ဆာန်များက မိမိကို မျက်လုံးလည်ရွဲကြီးများဖြင့် စိုက်စိုက်ကြည့်သွားပါသည်။ လက်ရှိဘဝ၏ အတိတ်ဖြစ်စဉ်က ငယ်ဘဝမှစ၍ လက်ရှိရန်ကင်းအေးငြိမ်းရိပ်သာ၌ တရားထိုင်နေချိန်အထိ ဖြတ်သန်းခဲ့သည်များကိုလည်း မြင်တွေ့ရပါသည်။

သမ္မသန ဉာဏ်စဉ်ပိုင်းရှုသောအခါ နိမိတ်သည် မျက်စိအတွင်းပိုင်းသို့ဝင်သွားပြီး တဖွားဖွား ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသော မျက်လွှာအကြည့်ပြင်ကို ပြပါသည်။ ပေါင်မှ ထုံကျင်ကိုက်ခဲသော

ဝေဒနာဖြစ်လာသောအခါ တစ်ကိုယ်လုံး ဖြန့်မှတ်ပါသည်။ ကိုယ်ပေါ်မှ ယားယံမှု စူးခနဲဖြစ်မှုတို့ကို စ၊ လယ်၊ ဆုံး ကြည့်ရင်း မျက်နှာ၊ လည်ပင်းနှင့် ရင်ဘတ်အပေါ်ပိုင်းတွင် ပျားအုံကဲ့သို့ ခန္ဓာတွင်ဖြစ်ပျက် ခံစားရပါသည်။

ဥဒယဗ္ဗယ ဉာဏ်ပိုင်းတွင် ရင်ချိုင့်ကိုစိုက်မှတ်ရင်း ဟဒယ ဝတ္ထု၏ လှုပ်ရှားမှုသည် ပုံမှန်အတိုင်း ဖြစ်လိုက်၊ မြန်လာလိုက်၊ ထင်ထင်ရှားရှားမြင်လာလိုက်၊ တစ်ချက်ချင်း တစ်ချက်ချင်း ပြင်းပြင်း ထန်ထန် လှုပ်ရှားလိုက်၊ တစ်ခါတစ်ရံ နူးညံ့သိမ်မွေ့လိုက် စသည် ခန္ဓာ၏ မမြဲမှုသဘော၊ ဆင်းရဲမှုသဘော၊ အစိုးမရသည့် သဘောတို့ကို တွေ့မြင်ခဲ့ရပါသည်။

ကျွန်တော်သည် ဝိပဿနာတရားကို ရှုမှတ်ရင်း ရွာအဝင်လမ်းကို တွေ့သောသူပမာ တစိုက်မတ်မတ်နှင့် ပုံမှန်အားထုတ်လျှင် တစ်နေ့တော့ ရွာထဲရောက်ရမည်ဟု ယုံပါသည်။

ဗောဓိအေးငြိမ်းရိပ်သာတွင် ၂ လနီးပါးခန့် သမထ ဝိပဿနာ ဘာဝနာတရားများကို အားထုတ်ခြင်းဖြစ်ရပ် အတွေ့အကြုံ ဗဟုသုတ များ၊ ခိုင်မြဲလာသောသဒ္ဓါတရား၊ သမာဓိတရားနှင့် ပညာတရားများသည် သံသရာဝဲဂယက်မှာ လွတ်မြောက်ကြောင်း တန်ဖိုးဖြတ်၍မရသော အသိပညာထူးများဖြစ်သည်ဟု ကျွန်တော် နှလုံးသွင်းမိပါသည်။

ဒေါက်တာ အောင်ဇော်မြင့်



## သံသရာခရီး တိုစေလို တရားရိပ်ကိုခို

ကျွန်မသည် ၂၀၀၄-ခု၊ အောက်တိုဘာလ ကျောင်းပိတ်ရက် သဒ္ဓမ္မရံသီရိပ်သာ၌ တရားဝင်စဉ် ၂၀၀၂ ခုနှစ်ထုတ် "မျှဝေခံစားဓမ္မရသ စာတမ်းများ"ကို ဆရာမကြီး ဒေါ်တင်အုန်းမြိုင်ထံမှ ဖတ်ရှုရသောအခါ မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား ကြည်ညို၍မဆုံး ဖြစ်ရပါတော့သည်။ မိမိကိုယ်တိုင်လည်း ရက် (၆၀) တရားစခန်းကို အမြန်ဆုံး ဝင်ချင်နေပါသည်။

ဘဘဦးဌေးလှိုင်၏ကွယ်လွန် (၁) နှစ်ပြည့် ဆွမ်းကျွေးတွင် ဆရာတော်ဘုရားကြီးကို ပင့်လျှောက်၍ ရန်ကုန်သို့ ကြွလာကြောင်း ဆရာဦးသန်းဝင်း (ညောင်ဦး) မှ ဖုန်းဆက်၍ ဆရာတော်ဘုရားကြီးအား သွားရောက် ဖူးမြော်ခဲ့ပါသည်။

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်သူ အထက(၃) ကြည့်မြင် တိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းချို၏ စီစဉ်ပေးမှုဖြင့် ၁၃၆၆-ခု၊ တန်ခူးလဆန်း(၁)ရက်နေ့မှ၊ ၁၃၆၇-ခု၊ ကဆုန်လကွယ်နေ့ အထိ ရက်(၆၀)တရားစခန်းကို ရန်ကင်းအေးငြိမ်းရိပ်သာ၌ ဝင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ မေတ္တာကြောင့် သိကြားမင်းကပါ မနေသာဘဲ နွေခေါင်ခေါင် တရားအားထုတ်နေကြတဲ့ ယောဂီများ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်အောင် မိုးများ မကြာခဏ ရွာပေး ရသည်မှာ အံ့သြဖွယ်ပါလား၊ တရားတန်ခိုးပါလား။

နိမိတ်ဖြင့် ဘုရားဖူးရသောအခါ ဖူးရသောဘုရားလည်း ရှိသည်၊ မဖူးရသော ဘုရားလည်းရှိသည်၊

မန္တလေးမြို့ ကုသိုလ်တော်ဘုရားကို ဖူးရာတွင် မိမိကိုယ်မှ တစ်ကိုယ်ထွက်သွားပြီး တံတိုင်းပေါက်မှဝင်၍ အုတ်စကြံလမ်းမုခ်အခုံး လေးမှ လျှောက်၍ဝင်သွားပြီး ဘုရားဖူးခြင်းကို ပီပြင်စွာတွေ့ရှိ ခံစားရပါသည်။

အလောင်းတော်ကဿပကို ဖူးရာတွင်လည်း ထို့အတူပင်

တောခရီးလမ်းဘေးတွင် ရေတသွင်သွင်စီးဆင်းနေသော စမ်းချောင်းများ၊ လမ်းကျဉ်းကလေးများကိုဖြတ်ပြီး ကျောက်ဂူကြီးကို စိတ်ညွှတ်၍ အလောင်းတော်ကို ဖူးရပါစေသားဟု ဆုတောင်းသောအခါ ထက်ခြမ်းကွဲပြီး ညာဘက်စောင်း၍ အနောက်မျက်နှာပြုမြောက်ဘက် ဦးခေါင်းထားသော ရွှေသလွန်တော်ပေါ်၌ ရွှေရောင်အဆင်းရှိသော အလောင်းတော်ကို ပီပြင်စွာ ဖူးမြင်ရပါသည်။

ပြဟ္မာ့ပြည် အကနိဋ္ဌာဘုံရှိ ဒုဿစေတီကြီးကို ဖူးလိုက်ရတော့ ကျွန်မရဲ့ရင်ထဲ အေးမြသွားတာပဲ၊ ဘောဂဝတီ နဂါးပြည်က စွယ်တော်ကိုလည်း ရှင်းရှင်းလင်းလင်း မြင်တွေ့ရသောအခါ တိရစ္ဆာန်ဖြစ်တဲ့ နဂါး-သတ္တဝါတွေတောင်မှ ဘုရားကို ကိုးကွယ်ဆည်းကပ်တယ်ဆိုရင် လူဖြစ်တဲ့ပုဂ္ဂိုလ်တွေ ဘုရားကို ကိုးကွယ်သင့်၊ ဆည်းကပ်သင့်တယ်လို့ ထင်ပါတယ်။ လှိုးစားဖြတ်စားလုပ်သောအခါ ဘယ်ဘက်ဒူးနာတာလည်း ပျောက်သွားပါသည်။

ဝိပဿနာရှုသောအခါ ခန္ဓာကိုယ်ကြီးမှာလည်း ရေနွေးအိုးပေါ် ထိုင်နေရသကဲ့သို့ ခံစားရပြီး ခြေထောက်များ ပေါင်ရင်းမှ လျှပ်စီးဆင်းသလို ကျင်၍ခံစားရပါတယ်၊ ဦးခေါင်းပေါ်မှ အင်မတန်လေးလံလှသော ဝန်ချီစက်ကြီးက ဖိချလိုက်သောအခါ ကိုယ်လုံးထဲကို ဦးခေါင်းတစ်ခုလုံး ဝင်သွားပြီး ပြားချပ်သွားကာ တင်ပလ္လင်ခွေထိုင်ပုံစံ ပြားပြားလေး ခန္ဓာကိုယ်ကို မြင်တွေ့ရသဖြင့် သတိသံဝေဂများ ရရှိခဲ့ပါသည်။

ဝိပဿနာဆက်ပွားသောအခါ ခန္ဓာကိုယ်အပေါ်စီးမှ အခြားမိမိရဲ့ ခန္ဓာကိုယ်အောက်တစ်ခုကို ကြည့်ပြီး ရှုမှတ်ရပါသည်။ နောက်ဆက်မှတ်ရင်း ခန္ဓာကိုယ်ကြီး ပျောက်သွားပါသည်။ တပည့်တော်အတိတ်ဘဝဟောင်းက မြင်းစီးယောကျ်ားတစ်ဦးဖြစ်ခဲ့ပြီး၊ စီးခဲ့သောမြင်းကို မြန်မြန်ပြေးစေရန် သံချွန်ပါသော နှင်တံဖြင့်မြင်း၏ ပေါင်ကိုတို့၍ တို့၍ပြုခဲ့သော ကံဟောင်းက ယခုဘဝတွင် တရားမှတ်တိုင်း၊ မှတ်တိုင်း ကျင်စက်နှင့်တို့သလို လျှပ်စစ်ဓာတ်စီးနေသလို ခြေထောက်များ

ဆွဲခါနာကျင်သည်ကို ခံစားရကာ သံဝေဂများရခဲ့ပါသည်။

ဘယ်ဘက်လက်ကောက်ဝတ် လက်ချောင်းလက်ဖဝါးများ မီးဖုတ်ထားသကဲ့သို့ ရောင်ကိုင်းလာပြီး ပုပ်ပွကာ အရိုးများ လက်မ၊ လက်ညှိုးမှတစ်ပါး ကျန်လက်ချောင်းများ ပြုတ်ကျသွားသဖြင့် ရုပ်၏ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရ ကိုယ့်အလိုသို့ မလိုက်ပုံတို့ကိုလည်း မြင်တွေ့ ခဲ့ရပါသည်။

ယခုနှစ် ရန်ကင်းအေးငြိမ်းရိပ်သာ၏ ရက်(၆၀)ခရီးမှာ တန်ဖိုးမဖြတ်နိုင်သော တရားအသိထူး တရားအမြင်ထူးများကို လွယ်ကူလျင်မြန်စွာ ထိုးဖောက်၍ ခန္ဓာ၏ဖြစ်ပျက်မှုတို့ကို ဉာဏ်အမြင် ရှင်းရှင်းနှင့် တကယ့်အရှိနဲ့ အသိကိုက်အောင် ထိုးထွင်းရှုမြင်ပြီး ဖြစ်ပျက်မုန်းလာသည်အထိ ရှုမှတ်ပွားများနိုင်လာပါသည်။

တရားထိုင်တိုင်း အရှိနှင့်အသိကို ကိုက်ညီအောင်၊ မြင်အောင် ကြည့်ရှုပြီး ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက်ဆုံးတဲ့နေ့ဟာ မဝေးတော့ပါဘူးလို့ နှလုံးသွင်းမိပါတယ်။ သံသရာခရီးကို တိုစေလိုက ရန်ကင်းအေးငြိမ်းရိပ်သာရဲ့ တရားစခန်းလေးကိုလည်း ကျွန်မလို တစ်ခေါက်တစ်ခါ အရောက်လာပြီး ခိုလှုံလှည့်ပါဦးလို့ ဖိတ်ခေါ်အပ်ပါသည်။ ယခုလိုတရားတွေ အမြင် သန်အောင်ပြသပေးသော ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော် ဦးကေလာသကိုလည်း အထူးကျေးဇူးတင်၍ နေ့စဉ်ရှိခိုးကန်တော့ပါသည်။

တရားစခန်းကို စောင့်ရှောက်ကြသော ပင်မကျောင်းဒကာ ဦးသိန်းအောင်+ဒေါ်ဆွေဆွေဝင်း၊ ဒေါ်မြစန်း၊ ဦးသန်းအောင်၊ ဦးပြုံး နှင့် ဝေယျာဝစ္စအဖွဲ့သားအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဒေါ်စန်းစန်းဝင်း (အ. ထ. ပြ)
အ. ထ. က. (၃) ကြည့်မြင်တိုင်
ရန်ကုန်။
ဖုန်း-၀၁-၂၂၀၃၈၀

## ဤခရီးဝေးသလား ရက်ခြောက်ဆယ်လာရ၏

တပည့်တော်သည် ရန်ကုန်မှ တရားလာအားထုတ်သူ ဦးဖေသိန်း ဖြစ်ပါသည်။ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ ဓမ္မရသ စာတမ်းနှင့် ဒသနပါရဂူကျမ်းတို့ကို ဖတ်ရှုအားကျမိရာမှ မြေဇင်း တောရဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်သို့ ခိုဝင်လာသူတစ်ဦး ဖြစ်ပါသည်။

တပည့်တော်သည် (၂၀-၈-၂၀၀၄)ရက် နေ့လယ် (၁၀း၃၀) နာရီတွင် မြေဇင်းတောရသို့ ရောက်ရှိခဲ့ပါသည်။ မြတ်ဘုရား၏ 'အရဟံ' ဂုဏ်တော်ကို သုံးရက်၊ မေတ္တာကမ္မဋ္ဌာန်းနှင့် မရဏာနုဿတိ ဘာဝနာကို တစ်ရက်စီ အစဉ်အတိုင်းပွားများပြီးနောက် အာနာပါနကို ရှုမှတ်ရပါသည်။

တရားတော်၏ တန်ခိုးအာနုဘော်အရှိန်ကြောင့် မြန်မာပြည်ရှိ စေတီများ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ စသည့် လူ့ပြည်ရှိ စေတီများအပြင် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်၊ သုဒ္ဓါဝါသဗြဟ္မာပြည်ရှိ ဒုဿစေတီတော်ကြီးတို့ကို တွင်းပြင်မကျန် ဖူးခဲ့ရပါသည်။ ထို့အပြင် ငရဲပြည်၊ ဘောဂဝတီ၊ နဂါးပြည်ရှိစွယ်တော်နှင့် မြောက်ကျွန်းတို့ကိုလည်း ဖူးမြော်ကြည့်ရှုခဲ့ပါသည်။

ဘုရားဖူးခဲ့ရသည့် အစီအစဉ်များမှာ(၁၉-၉-၂၀၀၄) ရက်နေ့ တွင် မြေဇင်းတောရအနီးတွင်ရှိ ရွှေသိမ်တော်၊ ဘုရားငါးဆူ၊ ကွမ်း တောင်ဘုရားများကို ဖူးတွေ့ရပါသည်။

(၂၀-၉-၂၀၀၄)ရက်နေ့တွင် ဝက်ရဲဘုရား၊ ရေဘုတလင်၊ မြသိန်းတန်ဘုရား၊ ကုန်းဘုတလင်၊ ရန်အောင်မြင်ဘုရားများ ဖူးတွေ့ ရပါသည်။

(၂၁-၉-၂၀၀၄) နေ့တွင် မုံရွာမြို့တွင်ရှိ ဆုတောင်းပြည့် ဘုရား၊ မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်၊ ရွှေဂူနီဘုရားများကို ဖူးတွေ့ကြည်ညိုရပါသည်။

(၂၂-၉-၂၀၀၄)နေ့တွင် စစ်ကိုင်းကောင်းမှုတော်ဘုရားကြီးနှင့် တောင်ရိုးတန်းရှိစေတီပေါင်းများစွာ ဖူးတွေ့ရပါသည်။

(၂၃-၉-၂၀၀၄) နေ့တွင် မန္တလေးမြို့ရှိ မဟာမြတ်မုနိနှင့် မြို့ပတ်ဝန်းကျင် ဘုရားများစွာနှင့် (၂၄-၉-၂၀၀၄)ရက်နေ့တွင် ရန်ကုန်မြို့ပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီးနှင့် အခြားဘုရားစေတီများစွာ ဖူးမျှော်ရပါသည်။

(၂၅-၉-၂၀၀၄)နေ့တွင် အိန္ဒိယပြည်ရှိ ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီ၊ ဓမ္မစကြာစေတီ၊ ကုသိနာရုံလျောင်းတော်မူပုံ၊ ဥရုဝေလတောင်ခါးပန်းဘေးတွင်ရှိ ဒုက္ကရစရိယကျင့်ရာ လှိုင်ဂူ၊ ဇေတဝန်ကျောင်းတော်ရာနှင့် သီရိလင်္ကာရှိ ထူပါရုံစေတီ၊ စွယ်တော်နှင့် မဟာစေတီများ ဖူးတွေ့ရပါသည်။

(၂၆-၉-၂၀၀၄)ရက်နေ့တွင် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကို ဖူးတွေ့ရပါသည်။ အလွန်ကြီးမားသော ရွှေစေတီဖြစ်ပါသည်။ အောက်ခံရင်ပြင်သည် မှန်ရောင်အပေါ် အစိမ်းရောင်ပြေးနေသည်။ စိန်ဖူးတော်သည် အလွန်ကြီးမားသော စိန်တုံးကြီးဖြစ်ပါသည်။ စွယ်တော်နှင့် ဆံတော်ကိုလည်း ဖူးတွေ့ရပါသည်။ ထို့နောက် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ ပင်လယ်ကသစ်ပင်၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာပြာသာဒ်များကို ဖူးတွေ့ရပါသည်။

(၁-၁၀-၂၀၀၄)ရက်နေ့မှ သုဒ္ဓါဝါသဗြဟ္မာပြည်ရှိ ဒုဿစေတီနှင့်ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား နောက်ဆုံးဝတ်ဆင်သုံးဆောင်သွားသော ဝတ်လဲတော်များ၊ ခေါင်းပေါင်း၊ သံလျက်များပါ ဖူးတွေ့ကြည်ညိုရပါသည်။

(၂-၁၀-၂၀၀၄)ရက်နေ့တွင် မြောက်ကျွန်းကို ဖူးတွေ့ခဲ့ပါသည်။ မြောက်ကျွန်းသူများသည် အလွန်ချောမောပါသည်။ အရပ်ခုနစ်ပေခန့်ရှိပါသည်။ အသားအရေ ပန်းနုရောင်ဖျော့ဖျော့ကဲ့သို့ဖြစ်ပြီး ယောက်ျားလေးများမှာ အရပ်ခုနစ်ပေလောက် ရှိပါသည်။ အသားအရေများမှာ

အဝါရောင်သန်းသလိုဖြစ်ပြီး အလွန်ခန့်ညားပြီး ကျက်သရေအလွန်ရှိပါသည်။

(၃-၁၀-၂၀၀၄)ရက်နေ့တွင် ငရဲပြည်နှင့် ဘောဂဝတီနဂါးပြည်ရှိ စွယ်တော်ကိုလည်း ဖူးတွေ့ကြည့်ရှုခဲ့ရပါသည်။

ထို့နောက်သမထပိုင်းပြီး၍ ဝိပဿနာ အကူးတွင်လည်း အံ့သြစရာများတွေ့ကြုံခဲ့ရပါသည်။ အထူးသဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပွားများသောအပိုင်းသို့ရောက်သောအခါ ယခင်အတိတ်ဘဝအကြောင်းများကို နောက်ကြောင်းပြန်၍တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပါသည်။ အရှင်ဘုရားများနှင့် ယောဂီသူတော်စင်အပေါင်းတို့ ဖတ်ရှုလွယ်အောင် လျှောက်ထားရမည် ဆိုပါလျှင်. . .

၁။ ဘုရားတစ်ဆူ၏ သာသနာတော်ဝယ် လူ(ယောကျ်ား) ဖြစ်ခဲ့ပါသည်။ ထိုဘဝတွင် တောကျောင်းတစ်ကျောင်း၌ ရက်ရှည်ဥပုသ်စောင့်ရင်း ကွယ်လွန်ခဲ့ပါသည်။ ထိုသို့သေဆုံးချိန်၌ မိမိ၏အလောင်းကို ကျန်သောယောဂီများက ဝိုင်း၍ လက်အုပ်ချီကာ ထိုင်နေကြပါသည်။ ငိုသောသူ တစ်ယောက်မှ မတွေ့ရပါ။

၂။ ထိုဘဝမှ ကွယ်လွန်၍ ဗြဟ္မာဘဝသို့ ရောက်ခဲ့ပါသည်။

၃။ ဗြဟ္မာဘဝမှ စုတေ၍ လူ့ပြည်၌ မြို့စားမင်းဖြစ်ခဲ့ရပြန်ပါသည်။ ၎င်းမြို့စားမင်းဘဝတွင် မိမိ၏နယ်သူနယ်သားများကို အမိန့်အာဏာဖြင့် မတရားခိုင်းစေ၍ လယ်ထွန်ခိုင်း၊ စပါးရိပ် ခိုင်းစေခဲ့ပါသည်။ ကျွဲ၊ နွား မရှိသောအိမ်များကို လူနှင့် လယ်ထွန်ခိုင်းခဲ့ပါသည်။ မိမိက လယ်ကန်သင်းရိုးပေါ်တွင်ရပ်လျက် လူများကို ကြိမ်လုံးများနှင့် လှမ်းရိုက်လေ့ရှိသည်။

၄။ မြို့စားဘဝမှကွယ်လွန်ပြီး ကျွဲဘဝသို့ရောက်ရှိခဲ့ပါသည်။ ကိုယ်ခံတဲ့အလှည့်ပေါ့။ မိုးလင်းတာနဲ့စ၍ အရိုက်ခံရပြီး ပင်ပင်ပန်းပန်းဖြင့် လယ်ထွန်ရကာ မိုးချုပ်သည်အထိ နားရက်မရှိသလောက်ပင် ဖြစ်ပါသည်။ နောက်ဆုံး မသေခင်နေ့အထိဖြစ်ပါသည်။ လှည်းဆွဲရတယ်၊

လှည်းကဗွက်နစ်နေတယ်၊ ဗွက်ကလည်း ဗိုက်ကိုတိုက်နေတယ်၊ ဘယ်လိုမှ မရုန်းနိုင်ဖြစ်နေတယ်၊ ကျွဲရှင်ကတော့ ရိုက်ပြီပေါ့။ နောက်ဆုံး မရုန်းနိုင်ရကောင်းလားဆိုပြီး ကျွဲရှင်က လှည်းပေါ်မှာရှိတဲ့ ဓားရှည်နဲ့ လှမ်းခုတ်တော့ ဘယ်ဘက်ပေါင်ကိုထိ၍နာတာနဲ့ တအားဆောင့်ရုန်း လိုက်တာ၊ လှည်းတံပိုးတခြား ကျွဲတခြားဖြစ်ကုန်တော့တယ်။ သွေးတွေ ကလည်းထွက်၊ နေကလည်းပူ၊ မောကလည်းမော၊ ခြေထောက်ကလည်း မထောက်နိုင်တော့ဘူး၊ ဒါနဲ့ သစ်ပင်တစ်ပင်အနားမှာ လဲနေတယ်၊ အသက်ထွက်တော့မယ်။ မျက်စိက မိုးပေါ်ဘက်ကို ကြည့်နေတယ်၊ ကံကောင်းတာလား ကယ်တင်ရှင်ပေါ်လာတာပဲ ပြောရမလားမသိဘူး၊ ကောင်းကင်မှာ ဈာန်ပြန်နေတဲ့ ဘုန်းကြီးတစ်ပါးကို တွေ့မိတယ်၊ အဲဒီမှာပဲ ကြည်ညိုတဲ့စိတ်နဲ့ အသက်ထွက်ခဲ့ရတယ်။

၅။ ကျွဲဘဝမှာသေပြီး လူလာဖြစ်တယ်။ ကိုယ်က လူငယ်တွေကို ဦးဆောင်ပြီး တံတားခင်းတယ်၊ ချောင်းကူးတံတားပေါ့၊ တံတားကို အမိုးကလေး၊ ထိုင်ခုံလေးနဲ့ ဆောက်လုပ်လှူဒါန်းခဲ့တယ်။ အဲဒီကုသိုလ်နဲ့ ကွယ်လွန်ခဲ့ပြန်ရော။

၆။ နတ်သားဖြစ်ခဲ့တယ်၊ ဗိမာန်နဲ့ အခြွေအရံတွေနဲ့ပေါ့၊ နတ်စည်းစိမ်တွေရစ်ပြီး စုတေပြန်ရော။

၇။ လူပြန်ဖြစ်ပြန်ရော၊ အဲ့ဒီအချိန်သာသနာမရှိဘူး။ ကိုယ်က တိတ္ထိလိုလို၊ အရည်းကြီးပုံစံလိုလိုပဲ ပုတီးအကြီးကြီး လည်မှာဆွဲလို့ ခေါင်းဆောင်ပေါ့၊ အင်္ကျီအဝတ်အစားလည်း မဝတ်ဘူး၊ ကိုယ့်တပည့် တွေကိုလည်း မိန်းမ၊ ယောကျ်ား တစ်ယောက်မှ အဝတ်အစားမဝတ်ရဘူး၊ အဲဒီကနေ ကွယ်လွန်တော့။

၈။ ဝက်ဖြစ်ပြန်ရော၊ တိရစ္ဆာန်၊ အကျင့်ကျင့်ခဲ့တာကိုး၊ ဖြစ်ပြီပေါ့၊ ဝက်ဖြစ်တော့ လမ်းဘေးနားက ရေမြောင်းကလေးမှာ အစာရှာစားရင်း ရသေ့သုံးပါးဆွမ်းခံနေတာ နေ့တိုင်းမြင်နေရတယ်။ အားလည်းကျမိတယ်၊ ရသေ့တွေကို လူတွေက စားဦးစားဖျားတွေ လောင်းလှူတယ်။ ငါ့ကျ

တော့ ရွံ့ဗွက်တွေနဲ့၊ ရသေ့ဖြစ်ရင် သိပ်ကောင်းမှာပဲလို့လည်းတွေးနေမိတယ်၊ ဒါနဲ့ ရသေ့ဆွမ်းခံရင်း ငြိမ်ငြိမ်ကလေးနေပြီး အရိုအသေပေးတဲ့ သဘောနဲ့ ကြည့်နေတယ်။ နောက် ရသေ့နောက်လိုက်ပြီး ကျောင်းမှာ သွားနေတယ်၊ ဒါနဲ့သေတော့။

၉။ လူဖြစ်ပြီး၊ ရသေ့ဝတ်တယ်၊ တောကျောင်းမှာနေပါတယ်၊ သူဌေးလင်မယားနှစ်ယောက် နေ့တိုင်းဆွမ်းလာပို့တယ်။ကျောင်း ဝေယျာဝစ္စလုပ်ပြီးပြန်တယ်၊ အဲဒီလင်မယားကိုကြည့်ပြီး ဩော် သူဌေး ဖြစ်ရင်ကောင်းတယ်၊ စားချင်တာစား၊ နေချင်သလို နေလို့ရတယ်ဆိုပြီး တွေးတွေးနေမိတယ်၊ တရားသိပ်အား မထုတ်ဖြစ်ပါဘူး၊ ဒါနဲ့ ကွယ်လွန်ပြန်ရော။

၁၀။ လူဖြစ်ပြန်၊ သူဌေးဖြစ်ပြန်ရော၊ သူဌေးဖြစ်တော့ ငွေကို အတိုးနဲ့ ချေးစားခဲ့တယ်၊ လယ်သမားတွေက ငွေချေးပြီးပြန်ဆပ်တော့ ကိုယ်က စာရင်းဇယားနဲ့ပြပြီး ငွေကိုယူတယ်၊ အဲဒီမှာ လယ်သမားတွေက "သူဌေးမင်း" စာရင်းများမှားနေမ လားမသိဘူး၊ ပိုက်ဆံကများနေသလိုပဲလို့ ပြောတော့၊ ကိုယ်က မင်းတို့လို စာမတတ်တဲ့ လယ်သမားမဟုတ်ဘူး၊ ဒါသူဌေးကွလို့ ပြောလေ့ရှိတယ်။ ဒါနဲ့ ကွယ်လွန်တော့-

၁၁။ လူဖြစ်တယ်၊ စာမတတ်ဘူး။ သူများလယ်ကို အခစားနဲ့ လုပ်ပေးရတယ်၊ ပင်ပန်းလိုက်တာ ဝစီကံကြောင့်ပေ့ါ လယ်ရှင်က တဖျစ်တောက်တောက်နှင့် နေ့တိုင်းပြောနေဆူနေတာပေ့ါ။ တစ်နေ့ လယ်ရှင်က "လယ်ထွန်တဲ့ပုံက သူ့ကိုယ်သူ လယ်ထွန်မင်္ဂလာဆင်းနေတဲ့ ဘုရင်များ မှတ်နေသလားမသိဘူး၊ နှေးတုံ့ နှေးတုံ့နှင့်" လို့ပြောတော့၊ သူက "ငါသာဘုရင်ဖြစ်လို့ကတော့ကွာ" လို့တွေးနေမိတယ်၊ ကံကောင်းချင်တော့ အဲဒီလယ်ကွက်ကိုဖြတ်ပြီး နေ့တိုင်းဆွမ်းခံနေတဲ့ တောကျောင်းက ရဟန်းတစ်ပါးရှိတယ်၊ သူလည်းကြုံတိုင်း ရဟန်းကို သူ့ထမင်းဘူးထဲက ထမင်းကို ဆွမ်းလောင်းတယ်၊ ဘုရင်ဖြစ်ရပါလို၏ လို့လည်း ဆုတောင်းနေတယ်၊ ဒါနဲ့ ကွယ်လွန်ပြန်ရော။

၁၂။ လူဖြစ်တယ်၊ နောက်ဘုရင်ဖြစ်တယ်၊ ဘုရင်ဖြစ်တော့ တစ်နေ့ တိုင်းခန်းလှည့်တယ်၊ ဆင်နဲ့လှည့်တယ်၊ တောတောင်တွေကို လိုက်ကြည့်ရင်း၊ တောင်ကုန်းတစ်ခုကိုရောက်တော့ ခဏအနားယူနေတုန်း မှူးမတ်တွေကိုပြောတယ်၊ ဒီတောင်ကုန်းတွေ မှာ စေတီတွေတည်လိုက်ရင် ငါ့ရဲ့အင်ပါယာတွေ တော်တော်ကျယ်သွားမယ်နော်လို့ ပြောနေတုန်း နောက်ကဘယ်သူ ဓားနဲ့ ခုတ်လိုက်သလဲမသိဘူး၊ ခေါင်းပြတ်ပြီး သေတော့တာ၊ ဒါနဲ့-

၁၃။ ပြိတ္တာဖြစ်ပြန်ရော၊ ပြိတ္တာကလည်း မီးသွေးတောင်လိုပဲ မည်းမည်းကြီး၊ ခြေတွေ၊ လက်တွေက တိုတိုကလေး မျက်လုံးက ပုစွန်မျက်လုံးလောက်ပဲရှိတယ်၊ သွားလာလို့မရဘူး၊ ဘယ်လောက်ကြာကြာခံရသလဲမသိဘူး၊ ကျွတ်ချိန်တန်တော့ ကိုယ့်ဘေးနားက ကာလသားတွေတစ်စု အလှူအတန်းပစ္စည်းတွေလည်း သယ်သွားကြတယ်၊ ကိုယ်ကကြည့်ပြီး သြော် . . . ကောင်းလေစွ ကောင်းလေစွလို့ သာဓုခေါ်နေမိတယ်၊ ဒါနဲ့သေတော့-

၁၄။ လူဖြစ်တယ်၊ နောက် ကာလသားခေါင်းဆောင် ဖြစ်တယ်၊ အလှူအတန်းတို့၊ ကထိန်တို့ဆိုရင် ကိုယ်ကရှေ့ကနေ ဦးရွှေရိုးအကနှင့် လှည့်ပြီး အလှူခံတယ်၊ ပြီးတော့ ဘုန်းကြီးကျောင်းသွားလှူတယ်၊ ဒီဘဝကနေ ကွယ်လွန်တော့ -

၁၅။ လူဖြစ်တယ်၊ နောက် ဘုန်းကြီးဖြစ်တယ်၊ ကျောင်းထိုင်ဘုန်းကြီးဖြစ်တယ်၊ အဲဒီအချိန်မှာ ရွာမှာကာလဝမ်းရောဂါ ဖြစ်တယ်၊ သေကြတာမှ အတုန်းအရုံးပဲ၊ ကိုယ်လည်းဖြစ်တယ်၊ အဲဒီဝမ်းရောဂါနှင့်ပဲ ပျံလွန်တော်မူတယ်၊ အဲဒီကနေ-

၁၆။ နွားဖြစ်ပြန်ရော၊ နွားဖြစ်တော့ ဘုန်းကြီးကျောင်းမှာ နေရတယ်၊ ကျောင်းနွားပေ့ါ၊ ပင်ပင်ပန်းပန်းမလုပ်ရဘူး၊ ကျောင်းမှာသူများတွေ မြက်ရှင်းနေရင် ကိုယ်ကဘေးကနေ မြက်တွေကို လိုက်စားတယ်၊ မြက်တောင်းကို ပါးစပ်နှင့်ကိုက်ပြီး ရွှေ့ပေးတယ်၊ လူတွေက နွားလိမ္မာ

လေးလို့ ပြောပြောနေတယ်၊ ဒါနဲ့သေတော့ ယခုဘဝမရောက်ခင် ၁၇။ လူဖြစ်တယ်၊ ပယောဂဆရာ၊ ဂိုဏ်းဆရာဘဝနဲ့ အသက်မွေးတယ်၊ သက်သတ်လွတ်စား၊ ပုတီးစိပ်တယ်၊ ယောဂီအဝတ်နဲ့နေတာများတယ်၊ ဒါနဲ့ကွယ်လွန်တော့ ယခုဘဝ ရောက်ခဲ့ရပါတယ်။

ယခုလို သမထဦးစီးသော ဝိပဿနာမျိုး ယခင်က မထိုင်ခဲ့ဘူးပါ၊ ကြားလည်းမကြားခဲ့ဘူးပါ၊ ဤကဲ့သို့ ဘုရားဖူးခြင်း၊ အတိတ်ဘဝကို ပြန်မြင်ခြင်းမှာလည်း ဘုရား၊ တရား၊ သံဃာတွေရဲ့ ဂုဏ်ကျေးဇူးတွေကြောင့်ပါ၊ ဆရာတော်ရဲ့ ကရုဏာအပြည့်နှင့် တန်ဖိုးရှိတဲ့တရားတွေ နာကြားခွင့်ရခြင်းဟာလည်း ဘဝအတွက်၊ သံသရာအတွက် အဖိုးမဖြတ်နိုင်တဲ့ အသိတွေ တိုးခဲ့ရပါတယ်၊ အလွန်တိုပြီး အလွန်ထိမိတဲ့ တရားစကားတွေပါ။

ဥပမာ-

"တန်ဖိုးရှိပါတယ်ဆိုတဲ့ လူတစ်ယောက်နဲ့ ကြက်တစ်ကောင် အတူတူသေခဲ့ရင် ဒီမသာနှစ်ခု ကြိုက်တာတစ်ခုယူပြီး အိမ်ပေါ်တင်လိုက်လို့ပြောရင် ဘယ်ဟာယူမလဲ"တဲ့၊ ရှင်းတယ်နော်၊ "ကြက်သေကိုပဲ ယူပြီး ချက်စားလိုက်ကြမှာ"တဲ့၊ "ကြက်သေလောက်တန်ဖိုးမရှိတဲ့ ခန္ဓာကိုယ်ကို သိပ်အလိုမလိုက်ကြနဲ့တော့" တဲ့ . . . ။

ဘယ်လောက်ကောင်းသလဲ၊ ဆရာတော်ရဲ့ နေ့စဉ်တန်ဖိုးရှိတဲ့ အဆုံးအမ တရားသံတွေဟာ ဘဝအတွက်၊ သံသရာအတွက် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဖို့ သတိပေးနေသလိုပါပဲ။


နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ အခုလို အချိန်ကောင်း အခါကောင်းမှာ ဘဝသံသရာနှင့်ချီပြီး အကျိုးပေးကောင်းမယ့် ဒီတရားကို လူတိုင်း အားထုတ်လိုက်ကြပါတော့လို့ပဲ မှာချင်ပါတယ်။

လောကီအလုပ်တွေလုပ်ခဲ့တဲ့ ဘဝတွေများပါပြီ။ ယခုလည်း လုပ်နေရသေးတယ်၊ နောင်လည်းလုပ်ရဦးမယ်၊ ဒီသံသရာက မကျွတ်နိုင်သေးသမျှ နောက်ဘဝ၊ နောက်ဘဝပေါင်းများစွာ လုပ်ရဦးမယ်၊

ဒီအလုပ်တွေ အကြောင်းမပြပါနဲ့တော့၊ ဒီရက်ခြောက်ဆယ်အတွက်နဲ့ ဘာမှ အကြောင်းမပြနဲ့တော့။ ဒီတရားကို စိတ်အေးအေးထားပြီး ရှုမှတ်လိုက်ပါလို့ပဲ တိုက်တွန်းရေးသားလိုက်ပါတယ်။

ကျေးဇူးတော်ရှင် မြေဇင်းတောရဆရာတော်ဘုရားကြီးနှင့် ဦးပဥ္စင်း ဦးမဏ္ဍလကို ဦးခိုက်လျက် . . .

ဦးဖေသိန်း
အခန်း(၁၀၁)၊ တိုက်(၁၁)၊
ပိတောက်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။



## လုံးစုံလင်းရာတဂ်သာ
## တတိယနည်း

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ဒုတိယနည်းသည် ခန္ဓာကိုယ် အပြင်ဘက်ကိုသွား၏။ တတိယနည်းသည် ခန္ဓာကိုယ် အတွင်းအပြင်ကို သွား၏။ တတိယနည်းရောက်တော့ အစ-အလယ်-အဆုံး သုံးချက်လုံး နိမိတ်သွားတာကို သိနေရမည်။

**ရှုမှတ်ပုံ**

ဝါယူဝါမှတ်လုပ်၊ နိမိတ်လာတဲ့အချိန် နိမိတ်ကို ခေါင်းပေါ် တင်ပြီး-

| | | |
|---|---|---|
| **ဆံဖျားအစ** | ရင်ဝအလယ် | ချက်တိုင်အဆုံး (အနုလုံ)၊ |
| **ချက်တိုင်အစ** | ရင်ဝအလယ် | ဆံဖျားအဆုံး (ပဋိလုံ)၊ |
| **ဆံဖျားအစ** | ရင်ဝအလယ် | ခြေဖျားအဆုံး (အပြန်အလှန်)၊ |
| **အထက်(၅)တောင်အစ** | ရင်ဝအလယ် | အောက်(၅)တောင်အဆုံး၊ (အပြန်အလှန်)၊ |

**အထက်(၁၀)တောင်အစ ရင်ဝအလယ် အောက်(၁၀)တောင်အဆုံး**
**(အပြန်အလှန်)၊**
**အထက်(၅၀)တောင်အစ ရင်ဝအလယ် အောက်(၅၀)တောင်အဆုံး**
**(အပြန်အလှန်)၊**
**အထက်(၁၀၀)တောင်အစ ရင်ဝအလယ် အောက်(၁၀၀)တောင်အဆုံး၊**
**(အပြန်အလှန်)၊**
**အထက်(၅၀၀)တောင်အစ ရင်ဝအလယ် အောက်(၅၀၀)တောင်အဆုံး၊**
**(အပြန်အလှန်)၊**
**အထက်(၁၀၀၀)တောင်အစ ရင်ဝအလယ် အောက်(၁၀၀၀)တောင်အဆုံး၊**
**(အပြန်အလှန်)၊**
**အထက်(၅၀၀၀)တောင်အစ ရင်ဝအလယ် အောက်(၅၀၀၀)တောင်အဆုံး၊**
**(အပြန်အလှန်)၊**
**အထက်(၁၀၀၀၀)တောင်အစ ရင်ဝအလယ်အောက်(၁၀၀၀၀)တောင်အဆုံး၊**
**(အပြန်အလှန်)၊**
**အထက်ဘဝဂ်အစ ရင်ဝအလယ် အောက်အာကာသအဆုံး။**

မှတ်ချက်။ ။ အထက်ကနေ အောက်ကိုသွားတဲ့အခါ "ရှည်ရှည် ရှူမည်" ဆိုပြီး ထွက်လေနှင့်သွားပါ။ အောက်ကနေ အပေါ်သို့ သွားတဲ့အခါ "ရှည်ရှည် ရှိုက်မည်" ဆိုပြီး ဝင်လေနှင့်သွားပါ။ တစ်ခါတစ်ရံ ဗိုက်ထဲသွားရသလို ဖြစ်တတ်ပါသည်။ ခန္ဓာကိုယ်တွင်း သွားတယ်ဆိုပြီး မကြောက်ပါနဲ့။

အထက်ပါဖော်ပြတာတွေကို မလုပ်မီကျက်လိုက်ပါ။ ရပြီဆိုမှ လုပ်ပါ။ ဆံဖျားအစကနေ (၅၀၀) ထိ လုပ်ပြီးလျှင် နားပါ။ (၁၀၀၀) လုပ်ခါနီးကျလျှင် မလုပ်ခင် နဂါးပြည်ဘုရားနှင့် စွယ်တော်ဖူးရန်အတွက် ဘောဂဝတီနဂါးပြည်ကို မေတ္တာပို့ ခွင့်တောင်းပါ။ ပြီးမှ အထက်(၁၀၀၀) အစကနေ စလုပ်ပါ။ (၅၀၀၀)ကျော်လျှင် ဘောဂဝတီ နဂါးပြည်ဘုရားတွေနှင့် စွယ်တော်ကိုဖူးပါ။

ဘုရားဖူးပြီးလျှင် ငရဲပြည်ကြည့်လိုက ကြည့်နိုင်ပါသည်။

ဘုရားရှင်က "ငါသည်ကား အဓွန့်ရှည်စွာ တည်တော်မမူရဘဲ(၄၅) ဝါ မျှဖြင့် ခန္ဓာတော်ချုပ်ငြိမ်း၍ ရုပ်သိမ်း စံဝင်တော်မူရ၏။ ငါ၏အဆုံးအမသာသနာတော်ကို ထိုမျှလောက်ဝန်းကျင် ဒိသာအရပ်မျက်နှာသို့ မဖြန့်ရသေး။ ထို့ကြောင့် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ငါဘုရား၏ မုံညှင်းစေ့ခန့်မျှပမာဏရှိသော ဓာတ်တော်ကိုပင် ပင့်ဆောင်ယူသွား၍ မိမိနေရာ၌ စေတီပုထိုး တည်ထားကိုးကွယ်ကာ ဆည်းကပ်သူအပေါင်းသည် ကောင်းမှုရှင်တို့၏ပျော်စံရာ နတ်ရွာလျှင် လဲလျောင်းရာဖြစ်စေသတည်း" လို့သက်တော်ရှိစဉ် မဖူးမြင်လိုက်ရသူများအား သနားတော်မူလှ၍ ကိုယ်တော်မှ အစိတ်စိတ်အားဖြင့် ဓာတ်တော်အများအပြား ဖြစ်လေအောင် အဓိဋ္ဌာန်ထားတော်မူခဲ့သည်။

**ဥဏှိသံ စတုရော ဒါဌာ၊ အက္ခကာ ဒွိဇ ဓာတုယော၊**

**အသမ္ဘိန္နာ ဣမေသတ္တ သေသာ ဘိန္နာဝ ဓာတုယော။**

မြတ်စွာဘုရားရှင်ရဲ့ မပြိုကွဲတဲ့ ဓာတ်တော်(၇)ဆူကား-

၁။ နဖူးသင်းကျစ်တော်၊

၂။ စွယ်တော်လေးဆူ၊

၃။ ညှပ်ရိုးတော်နှစ်ဆူ။

ဗုဒ္ဓရဲ့စွယ်တော်မြတ်လေးဆူတို့သည် သုတ်မဟာဝါ ပါဠိတော် ပရိနိဗ္ဗာနသုတ်အဆုံးမှာ

**ဧကာ ဟိ ဒါဌာတိဒိဝေဟိ ပူဇိတာ၊ ဧကာပန ဂန္ဓာရပုရေ မဟီယတိ ကာလိင်္ဂရညော ဝိဇိတေ ပုနေကာ၊ ဧကံပန နာဂရာဇာ မဟေတိ**- လို့ဆိုတဲ့အတိုင်း

## **စွယ်တော်လေးဆူမှာ**

၁။ တာဝတိံသာ စူဠာမဏိစေတီထဲ၌ တစ်ဆူ၊

၂။ နဂိုက ဂန္ဓာရတိုင်းခေါ် အခု အာဖဂန်နစ္စတန်တောင်ပိုင်း၌တစ်ဆူ။ (အဲဒါကို တချို့က တရုတ်ဘုန်းကြီးတွေ ယူသွား၏ဟုဆို၏)

၃။ နဂိုက မြန်မာပြည် အနောက်ဘက် ကလိင်္ဂတိုင်းဆိုတာ ရှိတယ်။ အဲဒီတိုင်းပြည်ပျက်တဲ့အခါ ဟေမမာလာမင်းသမီးနှင့် မင်းသားတို့သည် ထီးနန်းစည်းစိမ်ကိုစွန့်ပြီး စွယ်တော်ကိုယူကာ မြန်မာပြည်ထဲဝင်လာပြီး သီဟိုဠ်ဘက်ကိုသွားကာ ရှေးကသီဟိုဠ်ယနေ့သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ စွယ်တော်တိုက်ထဲတွင် ပူဇော်ထား၏။

၄။ ဘောဂဝတီနဂါးပြည် ဘုရားထဲတွင် စွယ်တော်တစ်ဆူကို ပူဇော်ထား၏။

## ပါးထွက်နားထွက်

**မျက်စိ၊ နား၊ နှစ်ဘက်ပါးရယ်တဲ့ တဝေဝေ၊**
**ချစ်တဲ့သူ အဖေ၊ အမေရယ်တဲ့၊**
**မြင်စေချင် ဤတရားကိုကွယ်၊**
**ပွားပြချင်တယ်**

လို့ အင်ချောင်ဆရာတော်ဘုရားကြီးက ရေးသားတော်မူ၏။

ဝါယူဝါမှတ်- မှတ်ပြီး နိမိတ်လာတဲ့အချိန် ကိုယ့်ရှေ့ တစ်တောင်လောက်ပို့ပြီး တစ်တောင်လောက် ကွေ့ယူကာ၊

ဘယ်ဘက်မျက်စိထွက် ညာဘက်မျက်စိဝင်၊
ညာဘက်မျက်စိထွက် ဘယ်ဘက်မျက်စိဝင်၊
ဘယ်ဘက်မျက်စိဝင် ညာဘက်မျက်စိထွက်၊
ညာဘက်မျက်စိဝင် ဘယ်ဘက်မျက်စိထွက်၊
ဘယ်ဘက်ပါးထွက် ညာဘက်ပါးဝင်၊
ညာဘက်ပါးထွက် ဘယ်ဘက်ပါးဝင်၊
ဘယ်ဘက်ပါးဝင် ညာဘက်ပါးထွက်၊
ညာဘက်ပါးဝင် ဘယ်ဘက်ပါးထွက်၊

ဘယ်ဘက်နားထွက် ညာဘက်နားဝင်၊
ညာဘက်နားထွက် ဘယ်ဘက်နားဝင်၊
ဘယ်ဘက်နားဝင် ညာဘက်နားထွက်၊
ညာဘက်နားဝင် ဘယ်ဘက်နားထွက်၊

မှတ်ချက်- ဤသို့စသည်ဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံး လုပ်နိုင်သည်။

## ရောဂါကင်းရေး တရားဆေးနှင့် လှီးစားဖြတ်စား

**ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ၊**
**ဓမ္မောသဓံ သမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။**

ဘိက္ခဝေါ၊ ရဟန်းတို့။ လောကေ၊ လောက၌။ ဝိဝိဓာဗဟူ၊ အထူးထူးအပြားပြား များကုန်သော။ ယေကေစိ ဩသဓာ၊ အကြင် ဆေးတို့သည်။ ဝိဇ္ဇန္တိ၊ ထင်ရှားမသွေ ရှိကြပေကုန်၏။ ဓမ္မောသဓံ သမံ၊ တရားနှင့်တူသော ဆေးမည်သည်။ နတ္ထိ၊ မရှိ။ ဧတံ၊ ထိုတရားတည်း ဟူသောဆေးကို။ ပိဝထ၊ သောက်သုံးကြပါ ကုန်လော။

**လောကကြီးမှာ၊ဆေးတွေဟာ၊ လွန်စွာပေါ်လှသည်။**
**တရားအလား ဆေးစွမ်းကား ဘယ်နားမရှိပြီ။**
**ရောဂါကင်းရေး တရားဆေး မနေးသောက်ရမည်။**

မြတ်စွာဘုရားက ရဟန်းတို့ လောကကြီးထဲမှာ ဆေးများစွာ ရှိသည်။ ဆေးတွေ ဘယ်လိုပင်များများ တရားနှင့်တူတဲ့ဆေးက ငါဘုရားသာသနာတော်မှာပဲရှိ၏။ အခြားနေရာတွေမှာ မရှိဘူး၊ ဒါကြောင့် တရားတည်းဟူသော ဆေးကို သောက်သုံးရမည်။

လောကကြီးမှာ ဆေးတွေများစွာရှိတယ်၊ "အိပ်မပျော်ဘူးလား၊ ရွှေပုပ္ပားသွေးဆေးကိုစား" စသည်ဖြင့် အမျိုးမျိုး ကြော်ငြာထားတဲ့ ဆေးများစွာရှိတယ်။ ဘယ်လိုပင် ဆေးများစွာရှိရှိ အကျဉ်းချုပ်လိုက်တော့-

၁။ သမားပေးတဲ့ဆေး၊

၂။ ဘုရားပေးတဲ့ဆေး- ဆိုပြီး နှစ်မျိုးပဲရှိ၏။

ယောဂီသူတော်စင်များရဲ့ ခန္ဓာကိုယ်ပေါ်မှာကျရောက်လာတဲ့ ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတွေ ကင်းပျောက်သွားအောင် နိုင်ငံခြား ဆေးဆရာသမားတော်ကြီး(ဆရာဝန်ကြီး)၊ တိုင်းရင်းဆေး သမားတော်ကြီးများက သင့်တော်တဲ့ ဆေးဝါးဓာတ်စာတွေ ပေးကြသည်။ အဲဒါကို သမားပေးတဲ့ဆေးလို့ ခေါ်သည်။

အဲဒီသမားပေးတဲ့ဆေးက အခိုက်အတန့် ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာကို ပျောက်ကင်းစေပါသည်။ ဘဝများစွာ သံသရာက ပါလာတဲ့ ကိလေသာဆိုတဲ့ ရောဂါကိုတော့ မပျောက်စေနိုင်ပါဘူး။

ဝင်သည် တစ်မှရှစ်ထိ ဘုရားပေးတဲ့ အာနာပါနဆေးကို စားလျှင်၊ သောက်လျှင်၊ မှတ်လျှင် ယောဂီများရဲ့သန္တာန်မှာ အခိုက်အတန့်ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာလည်း သက်သာနိုင်သည်၊ ဘဝများစွာ သံသရာကပါလာတဲ့ ကိလေသာရောဂါလည်း ပျောက်ကင်းစေနိုင်ပါသည်။

ယောဂီများအနေနဲ့ သမားပေးတဲ့ဆေးကိုစားသလို ဘုရားပေးတဲ့ တရားဆေးကို စားမယ်၊ သောက်မယ်၊ မှတ်မယ်ဆိုရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ ဖြစ်နိုင်၏။ နိဗ္ဗာန်ကိုလည်း ရစေနိုင်၏။

## ဘုရားပေးတဲ့ဆေးကို သောက်လို့ ရောဂါပျောက်ပုံသာဓက

မုံရွာမြို့ မဟာလယ်တီတိုက် ရတနာရွှေစည်ကျောင်းမှ အရှင်နန္ဒဝံသသည်ဆီးချို သွေးချိုဖြစ်ကာ သုံးနှစ်ရှိနေပါသည်။ ရောဂါရှိတော့ ပရိယတ္တိကိုလည်း လွတ်လွတ်ကျွတ်ကျွတ် မလုပ်နိုင်၊ အမြဲတမ်း အားငယ်စိတ်ပျက်နေရတယ်။ အစားအသောက်လည်း ရှောင်ရတယ်။ ခေတ်ပေါ်နိုင်ငံခြားဆေး၊ မြန်မာဆေးများကို စားသောက်ပါသော်လည်း သက်သာရုံပဲ တတ်နိုင်ပါတယ်။ ရှင်းရှင်းလင်းလင်း မပျောက်ခဲ့ပါ။

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဗောဓိအေးငြိမ်းရိပ်သာ ရက်(၆၀) တရားစခန်းပွဲကို ဝင်ထိုင်ပြီး တရားမှတ်လိုက်တာ ရောဂါ ပျောက်ဖို့ ရည်ရွယ်ချက်တော့ မရှိဘူးပေါ့။ တရားရဖို့ ရည်ရွယ်ချက်နဲ့ တရားဝင်တာ၊ တရားလည်းရ "သဗ္ဗကာယ ပဋိသံဝေဒီ သုံးချက်သိမှာ တတိယာ၊ လုံးစုံလင်းရာတဠ်သာ၊ တတိယနည်းရောက်တော့ ပဋိဘာဂနိမိတ်နှင့် ခန္ဓာကိုယ်တစ်ခု လုံး မှုန့်မှုန့်ညက်ညက်ကျေအောင် လှီးစားဖြတ်စား လုပ်လိုက်တော့ "အာရောဂျံ ပရမံလာဘံ" ဆိုတဲ့အတိုင်း ဆီးချို၊ သွေးချိုရောဂါလည်း ရှင်းရှင်းလင်းလင်း ပျောက်တဲ့လာဘ်ကြီး ရလိုက်သည့်အတွက် အတိုင်းမသိ ဝမ်းသာသွားပါသည်။

ဒါကြောင့် ဘုရားပေးတဲ့ ဆေးကိုသောက်လျှင် အခိုက်အတန့် ရောဂါလည်းပျောက်ပြီး၊ နိဗ္ဗာန်ကိုရစေနိုင်ပါသည်။

## လှီးစား ဖြတ်စားပြုလုပ်ပုံ

ဝါယူဝါမှတ်လုပ်၊ နိမိတ်လာတဲ့အချိန်၊ နိမိတ်ကို ပန်းကန် ပြားလောက်ကြီးပြီး ခေါင်းပေါ် တင်၊ ကြီးကြီးမရလျှင်လည်း ဒီအတိုင်း တင်ပါ။ အထက်ကနေ အောက်ကိုဖြတ်တဲ့အခါ ရှည်ရှည်ရှူမည်ဆိုပြီး ထွက်လေနှင့် ဖြတ်ပါ။

ခေါင်းပေါ် ကနေ လက်နှစ်လုံးလောက် ပိုက်စိပ်တိုက်ဖြတ်၊ လွှနှင့်ဖြတ်တာမျိုး မဟုတ်ပါ။ ( နိမိတ်လာတဲ့အချိန် စိတ်နဲ့ဖြတ်တာပါ။) အစဉ်အတိုင်းဖြတ်လာ၊ ခါးရောက်တော့နား၊ ဖြတ်ပြီးသားအပိုင်းက ဘယ်လိုနေလဲကြည့်၊ မဖြတ်ရသေးတဲ့ အပိုင်းက ဘယ်လိုနေလဲကြည့်၊ ကြည့်ပြီးလျှင် ခါးကနေ အောက်ပိုင်းအထိ ဆက်ဖြတ်သွား၊ ခြေဖျား ရောက်တော့နား၊ ဖြတ်ပြီးအပိုင်းက ဘယ်လိုနေလဲကြည့်ပါ၊ ကြည့်ပြီး မှတ်ထားပြီး ကမ္မဋ္ဌာန်းဆရာကို အမှန်အတိုင်းပြောပြပါ။

ပြီးတော့ ခြေဖျားကနေ စဖြတ်၊ ခါးရောက်တော့နား၊ ဖြတ်ပြီး သားအပိုင်းက ဘယ်လိုနေလဲ ကြည့်ပါ။

ကြည့်ပြီးမှ အပေါ်ကနေအောက်ကို ဖြတ်တဲ့အခါ "ရှည်ရှည် ရှူမည်"ဆိုပြီး ထွက်လေနှင့်ဖြတ်ပါ။

အောက်ကနေ အပေါ်ကိုဖြတ်တဲ့အခါ "ရှည်ရှည် ရှိုက်မည်" ဆိုပြီး ဝင်လေနှင့်ဖြတ်ပါ။

တစ်ကိုယ်လုံးဖြူသွားအောင်ဖြစ်စေ၊ ဖန်တုံးမှန်တုံးကဲ့သို့ ဖြစ်သွားအောင်ဖြစ်စေ၊ တစ်ကိုယ်လုံးပေါ့သွားအောင်ဖြစ်စေ ဖြတ်ပါ။ အချို့ပုဂ္ဂိုလ်များ တစ်ကိုယ်လုံးမဖြူဘဲ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပြတ်သွားလည်းရ၏၊ တစ်ကိုယ်လုံးပြတ်သွားလည်းရ၏၊ ရောဂါရှိတဲ့ နေရာ မွှေပါ၊ အထပ်ထပ် ဖြတ်ပါ။ သင့်စိတ်တိုင်း ကျဖြတ်ပါ။



**စမှာ ငြိမ်းအေးဘိ**

**(စတုတ္ထနည်း)**

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။

ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

"အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ သန္တောစေဝ ပဏီတောစ အသေစနကောစ သုခေါစ ဝိဟာရော ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေဓမ္မေ ထာနသော အန္တရဓာပေတိ ဝူပသမေတိ။"

ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိ၊ အာနာ ပါနဿတိကို။ ဘာဝိတော၊ ပွားများအပ်၏။ ဗဟုလီကတော၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်လေးပါးလုံး ကြိမ်ဖန်များစွာ ပွားများအပ်၏။

သန္ဒိဋ္ဌိကော၊ တစ်လထက်တစ်လ တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက် တစ်နာရီထက်တစ်နာရီ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ငြိမ်းအေးချမ်းသာလှပေ၏။

ပဏီတော၊ တင်းတိမ်ရောင့်ရဲလို့မရအောင် ကောင်းမြတ်လှ သဖြင့် ဝအောင်သုံးဆောင်ရသော တရားလည်း ဖြစ်ပါပေ၏။

အသေစနကော၊ အပိုတစ်စုံတစ်ရာ ပြုလုပ်ဖြည့်စွက် ဆောင်ရွက်စရာမရှိဘဲနဲ့ အလိုလို မြင့်မြတ်တဲ့တရားလည်း ဖြစ်ပါပေ၏။

သုခေါ၊ ကိုယ်ရောစိတ်ပါ ချမ်းသာပြီးနေတဲ့ တရားလည်း ဖြစ်ပါပေ၏။

ဥပ္ပန္နေပ္ပန္နေ၊ ဖြစ်ပေါ်လတ္တံ့ကုန်သော၊ ပါပကေ၊ ယုတ်မာ ကုန်သော။ အကုသလေ၊ အကုသိုလ်တရားတို့ကို၊ ထာနသော၊ ရုတ်တရက်ချက်ချင်း(ဝါ)တစ်ခဏချင်း၊ ဝူပသမေတိ၊ ငြိမ်းစေ၏။

**သုခေါစ ဝိဟာရော**

**တရားချိုနို့ သောက်စို့သူဟာ၊**

**လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးချမ်းသာ၊**

**သူမြတ်ဟောကြား တရားတော်ဟာ၊**

**နေ့စဉ်ပဲ့ပါ နိစ္စမွေ့လျော်ပါ။**

စတုတ္ထနည်းသည် ပထမနည်း၊ ဒုတိယနည်း၊ တတိယ နည်းတွေထက် အကောင်းဆုံးဖြစ်သည်။ ဤနည်းသည် ခန္ဓာကိုယ်ကို လှုပ်ယိမ်းတတ်၊ ယိုင်ခါတတ်၏။ တစ်ခါတစ်ရံ ကောင်းကင်ကို မြောက်တက်သွားသလို ဖြစ်တတ်သည်။

**"အာကာသေ လင်္ဃနာကာရ မပ္ပဏ္ဏဝိယ ဟောတိ"**

ဘယ်သူမှ ရုပ်ပျက်ဆင်းပျက် မြောက်မသွားသေးပါ၊ မကြောက် ပါနဲ့။

# ငြိမ်းစေမည်လုပ်ပုံ

ဤနည်းကို စလုပ်မည်ဆိုလျှင် သင်ထိုင်တဲ့ခုတင် အလယ်ခေါင်(သို့မဟုတ်)ပြုတ်မကျနိုင်တဲ့ နေရာမှာထိုင်ပါ။ ဝါယူဝါမှတ်လုပ်၊ နိမိတ်လာတဲ့အချိန်-

"ငြိမ်း --- စေ --- မည်" စိတ်ထဲကဆိုပြီး ရှေ့တစ်တောင်လောက် ပို့လိုက်ပါ။

"ငြိမ်း --- စေ--- မည်" စိတ်ထဲကဆိုပြီး ပြန်ယူလိုက်ပါ။

ဒီလိုနဲ့ ပို့လိုက် ယူလိုက် လုပ်ပါများလာတော့ နိမိတ်ကလေး ငြိမ်းသွားပျောက်သွားပါလိမ့်မည်။ တစ်ခါတစ်ရံ လေဝင်တာ ထွက်တာ မသိဘဲ နူးညံ့သိမ်မွေ့နေမည်။ ကောင်းလိုက်လေခြင်း၊ အရသာရှိလိုက်လေခြင်းဆိုပြီး ဒီလိုကောင်းတဲ့ အရသာကို လက်လွှတ်မခံပါနဲ့၊ ခဏခဏလုပ်ပါ။

စိတ်ကလေး ထွက်သက်ဝင်သက် ချုပ်သကဲ့သို့ဖြစ်ကာ ငြိမ်းသွားပါလိမ့်မယ်၊ ငြိမ်းဆိုတာ စိတ်ကလေးသိမ်မွေ့နူးညံ့သည်ကို ခေါ်တာပါ။

ထိုကြောင့် ဝိသုဒ္ဓိမဂ်၌"သန္တာ ဟောန္တိ ဝူပသန္တာ"ဟု မိန့်တော်မူပါသည်။

အနက်ကား- သန္တာ၊ ငြိမ်းကုန်သည်။ ဝူပသန္တာ၊ အထူးသဖြင့် ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ငြိမ်းသည်ထက်ငြိမ်း၊ သာ၍ငြိမ်းသည်ထက်ငြိမ်းအောင် ဘဝင်မှာ စိတ်စိုက်ထားပါ။ ပထမဖြစ်ခါစမှာ ထုံသလိုလို ကျင်သလိုလိုနှင့် စဖြစ်လာပါလိမ့်မည်။ ထုံတာ၊ ကျင်တာ မဟုတ်ပါ။ တဖြည်းဖြည်းပိုပြီး တည်ကြည်စွာထားပြီး စိတ်စိုက်ထားပေးပါ။ ကြာလျှင် မိမိ ခန္ဓာကိုယ်ကြီးသည် လှုပ်လို့မဖြစ်နိုင်အောင် တောင့်တင်းပြီး လေဖြင့်ပြည့်သော သားရေအိတ်ကြီးလို ဖိုးဝရုပ်ကြီးများလို ဖြစ်တတ်ပါသည်။

ထိုထက်“သန္တ ဝူပသန္တ သုခုမ သုခုမတရ သုခုမတမ ဟုတ္တာ ပဝတ္တန္တိ”လို့ ဆိုသည့်အတိုင်း ထွက်လေဝင်လေတို့သည် ငြိမ်သက်ခြင်း ‘သန္တ’၊ အထူးသဖြင့် ငြိမ်သက်ခြင်း ‘ဝူပသန္တ’၊ နူးညံ့ခြင်း ‘သုခုမ’၊ အထူးသဖြင့်နူးညံ့ခြင်း ‘သုခုမတရ’၊ အထူးသဖြင့် အလွန်နူးညံ့ခြင်း ‘သုခုမတမ’ ဆိုတဲ့ အခြေသို့ ရောက်ခဲ့လို့ရှိရင် တောင်လုံးကျွတ်လောင်သော မီးပုံအလယ်၌ နေရသကဲ့သို့ ဖြစ်တတ်သည်။ အချို့သော ယောဂီများ ခန္ဓာကိုယ်သည် မြပုခက်များ ထိုမှဤမှ လွဲခတ်သလို၊ အိုးထိန်းစက်လည်သလို၊ အထက်ပျံတက်သလို ဖြစ်တတ်သည်။ အဲဒါ စိတ်၏နူးညံ့ခြင်းကြောင့် ရုပ်လည်း ပေါ့ပါးခြင်း ဖြစ်သွားတာပါပဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ-

**“ကာယဒရထော ဝူပသန္တော ကာယောပိ စိတ္တမ္ပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာ ကာရမတ္တံဝိယ ဟောတိ။”** လို့ မိန့်တော်မူ၏။

အနက်။ ။ ကာယဒရထော၊ ကိုယ်၏ပူပန်ခြင်းသည်။ ဝူပသန္တော၊ ငြိမ်းလတ်သော်။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည်လည်းကောင်း။ လဟုကံ၊ ပေါ့သည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်သည်။ အာကာသေ၊ ကောင်းကင်၌။ လင်္ဃနာကာရ မတ္တံ ဝိယ၊ ခုန်လွှားပျံတက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဤဆိုခဲ့သော အခြေသို့ဆိုက်ခဲ့လျှင် အလွန်စိတ်တွေရွှင်ပြီး ဒီလိုဓမ္မပီတိနှင့် နေရလျှင် တစ်သက်လုံးနေချင်စမ်းပါဘိလို့ စိတ်များ ရောက်သွားတတ်တယ်။ မအောက်မေ့လိုက်ပါနဲ့။ ဒါဟာ ကာမနယ်မှ မလွတ်သေးပါ။

ထိုထက် မဟဂ္ဂုတ်ပီတိ လောကုတ္တရာပီတိတို့နှင့် နှိုင်းစာခဲ့လျှင် ဘာမှမပြောပလောက်သေးပါ။ ရှေ့စခန်း ရောက်အောင်သာ အားထုတ်ပါ။ ထို့ကြောင့် လယ်တီဆရာတော် ဘုရားကြီးက “ငြိမ်းစေမည်” ကို နိဗ္ဗာန်မှတ်ပြီး ရပ်တန့်နေတတ်သည်ဟု ဆိုပါသည်။

အချို့သော ယောဂီများမှာ ငြိမ်သက်သော သမာဓိအားကြီးရကား

တစ်ကိုယ်လုံး တစ်ကောင်လုံးပျောက်ပြီး အသက်လည်း မရှူတော့ဘူး (ဝါ) ရှူတယ်လို့မထင်ရဘူး၊ နှာက မှုတ်ထုတ်လိုက်ရင်ပဲ အရှိသားပဲ၊ ခေါင်းမရှိဘူးထင်လို့ စမ်းကြည့်ကြတယ်။ လက်တွေ၊ ခြေတွေ လှုပ်မရတော့ပါဘူးဟုအထင်ရှိပြီး ကိုယ့်ဟာကိုယ် လှုပ်ကြည့်တတ်တယ်။ ဤကဲ့သို့ ဖြစ်ခြင်းကို ဝိစေတဗ္ဗလို့ ခေါ်သည်။ စူးစမ်းဆင်ခြင်ယူရမည်။

ဝိသုဒ္ဓိမဂ်၌ "တေသု၊ ထိုကိုယ်စိတ်တို့သည်။ ဝူပသန္တေသု၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်သည်ရှိသော်၊ အဿာသ ပဿာသာ၊ ထွက်သက်၊ ဝင်သက်တို့သည်။ သုခုမာ၊ နူးညံ့ခြင်း ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ မေ၊ ငါ၏။ အဿာသ ပဿာသာ၊ ထွက်သက်ဝင်သက်တို့သည်။ အတ္ထိနုခေါ၊ ရှိလေသေးသလော။ နတ္ထိနုခေါ၊ မရှိရှာလေသလော။ ဣတိ၊ ဤသို့။ ဝိစေတဗ္ဗကာရပတ္တာ၊ စူးစမ်းရှာဖွေအပ်သည်၏ အဖြစ်တည်းဟူသော အခြင်းအရာသို့ ရောက်ခြင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။" လို့ မိန့်တော်မူ၏။

ငါတို့ ကမ္မဋ္ဌာန်းအားထုတ်စဉ်က ကြောက်တတ်သော ယောဂီတစ်ပါးဟာ ငြိမ်းစေမည်ရလာတဲ့အခါ လူမှာပူထူလာပြီး၊ လွန်စွာငြိမ်းမည့်အရိပ်နိမိတ်ရလာတဲ့အခါ တာရှည်စွာမထားဘဲ ဖျက်, ဖျက်ပစ်လိုက်တယ်ဟု သူပြောတယ်။ အရှင် ဘာကြောင့် ဖျက်တာလဲ သူများ ဒါမျိုးဖြစ်အောင် လွန်စွာအားထုတ်ယူရတာလို့ပြောတော့ ယခုလိုဖြစ်နေတုန်း ရွာပင်းတောင် သွင်းသွားမှာ ကြောက်လို့ဟုပြောဖူးတယ်။ စဉ်းစားမနေကြပါနဲ့၊ ဘာမှမဖြစ်ပါ။ မကြောက်နဲ့၊ ကြိုးစားပွားက အကျိုးများလိမ့်မယ်။

(ယောဂီပါရဂူ ကျင့်စဉ်ကျမ်းမှ)

## ဘယ်သူမယုံယုံ ငါ့ဘက်က ခင်သိန်းရှိတယ်

အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်း၌-

**ယဒါပန တံနိမိတ္တံစိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထမာဂတံ တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊ သာစ ဘာဝနာ သမာဓိယတိ။**

'မနောဒွါရဿအာပါတမာဂတံ'အရ စိတ်ထဲမှာ ထင်လာမြင်လာမယ်။ အဲဒီစိတ်ထဲမှာ ထင်တာမြင်တာကလည်း (စက္ခုနာ ပဿန္တဿေဝ၊ မျက်စိဖြင့်မြင်ရသကဲ့သို့)၊

ငယ်ငယ်က ဒီစာကို စာမေးပွဲအောင်ရုံပဲ ကျက်ခဲ့တာ၊ ဦးဌေးလှိုင်ဆို အသက်(၇၂)ထိ ဒီစာရဲ့အနက်အဓိပ္ပာယ်ကို သဘောမပေါက်ဘူးလို့ သူကိုယ်တိုင် တိတ်ခွေတစ်ခွေထဲမှာ ဝန်ခံထား၏။

ဦးပဥ္စင်းလည်း အသက်(၃၇)ထိ ဒီစာရဲ့ အနက်အဓိပ္ပာယ်ကို သဘောမပေါက်ဘူး၊ ဝန်ခံပါသည်။ ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ထံ တရားအားထုတ်လိုက်မှ ဒီစာရဲ့အနက်အဓိပ္ပာယ်ကို တူဝရီးနှစ်ယောက် သဘောပေါက်သွားကြသည်။ အင်မတန် တန်ဖိုးရှိပါလားဆိုတာ သိရ၏။

ယောဂီတစ်ယောက် တရားထိုင်သည်၊ နိမိတ်ကလည်း ထိုင်တိုင်းရနေမယ်၊ (သို့မဟုတ်) ရှစ်ကြိမ်ထိုင်က (၄)ကြိမ် ရနေမယ်ဆိုရင် တစ်တောင်နှစ်တောင် စသည်ပို့ပြီး ဘုရားဖူးခိုင်း၏။

နိမိတ်လာနေတဲ့အချိန် မိမိဖူးမယ့်ဘုရားဆီကို စိတ်ရောက်သွားရင် ဒါဟာစေတီပဲ၊ ဒီစေတီဟာ ရွှေရောင်ပဲ (သို့မဟုတ်) ထုံးရောင်ပဲဆိုတာမြင်ရ၏။ အဲဒီမြင်တာကလည်း (မနောဒွါရဿ အာပါ ထမာဂတံအရ) စိတ်ထဲကမြင်တာပဲ။ စိတ်ထဲကမြင်ရခြင်းသည်လည်း (စက္ခုနာပဿန္တဿေဝ) မျက်စိဖြင့်မြင်ရသလို မြင်တာဖြစ်သည်။

တစ်နေ့သောအခါ မောင်းထောင်မြေဇင်းတောရ ဆရာတော်

ဘုရားကြီး အကြံဖြစ်တော်မူ၏။ ဘယ်လို အကြံဖြစ်တုန်းဆိုတော့-

"ဘုတလင်မြို့၊ အလယ်စုရွာမှ မခင်သိန်းသည် အသက်သုံးနှစ်ထဲက မျက်စိနှစ်ကွင်းအလင်းမရရှာဘူး။ သူ့အတွက် ချမ်းသာတဲ့ဘဝရအောင် တရားမျက်လုံးတပ်ဆင်ပေးဦးမှပဲ။"ဟု အကြံဖြစ်တော်မူ၏။

ဒါနဲ့ ကျောင်းလာနေကျ ဦးလူခင်နှင့် ဦးသန်းအောင်တို့ကို ဦးကျော်ညာကို ပြောလိုက်၊ မင့်သမီး တရားထိုင်ဖို့ ကျောင်းကိုလွှတ်လိုက်လို့ မှာလိုက်သည်။

ဦးကျော်ညာသည် သူ့သမီးမခင်သိန်းကို ဘေးအကူအညီ မခင်ညိုနဲ့ တရားထိုင်ဖို့ ကျောင်းလာပို့၏။

ဆရာတော်က မခင်သိန်းနှင့် မခင်ညိုတို့ကို တရားပေးသည်၊ မခင်သိန်းလည်း တရားကို ကြိုးစားထိုင်သောအခါ နိမိတ်ရလာပါသည်၊ နိမိတ်ရလာတော့ ဘုရားဖူးခိုင်း၏။ ဘုရားဖူးတာ ယွန်းဆက်ကျောင်းရုပ်ပွားတော်ရှေ့ရောက်တော့ တစ်နာရီကြာ၏၊ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ပြီး မျက်ရည်ကျလာသည်။ ကျောင်းကြီးပေါ်က ရှေးဟောင်းရုပ်ပွားတော် လက်သန်းလောက်လေးတွေ မှန်ဗီရိုထဲထည့်ထားတာကိုလည်း ဖူးခဲ့ရသည်။

ဒါနဲ့ တရားစစ်တော့ မခင်သိန်း သူဖူးရတာတွေကို ဆရာတော်အား လျှောက်ပြသည်။

ဆရာတော်က- "ခင်သိန်း ရုပ်ပွားတော်ရှေ့ရောက်တော့ ဝမ်းသာတယ်ဆိုတာ ဘယ်လိုကြောင့်လဲ" ဟုမေး၏-

မခင်သိန်းက- "ဆရာတော်ဘုရား ဆရာတော်ညွှန်ကြားပြသလို့ နိမိတ်နှင့် ရုပ်ပွားတော်မှန်း၊ စေတီမှန်းမြင်ရ၊ ဖူးရလို့ ဝမ်းသာတာပါဘုရား။" လို့ လျှောက်ပြသည်။

ဆရာတော်က- "ခင်သိန်း၊ ဝမ်းနည်းတယ်ဆိုတာ ဘယ်လိုကြောင့်လဲ" ဟုမေး၏။

မခင်သိန်းက- "ဆရာတော်ဘုရား တပည့်တော်ရဲ့ဘဝဟာ အသက်သုံးနှစ်သမီးကတည်းက မျက်စိနှစ်ကွင်းအလင်းမရပါဘူး၊ မျက်စိနှစ်ကွင်း အလင်းမရ၍ ပကတိလူတွေမြင်ရသလို တရားမထိုင်ဘဲ မမြင်ရသောကြောင့် ကိုယ့်ဘဝကိုယ်ဝမ်းနည်းပြီး မျက်ရည်ကျတာပါဘုရား။"လို့ လျှောက်ပြ၏။

အဲဒီ မခင်သိန်း မြင်တာသည် (မနောဒွါရသဿ အာပါထ မာဂတံအရ) စိတ်ထဲက မြင်တာပဲ။ စိတ်ထဲက မြင်တာလည်း (စက္ခုနာ ပဿန္တသောဝ၊) မျက်စိဖြင့်မြင်ရသကဲ့သို့ မြင်ရတာဖြစ်သည်။

မခင်သိန်း တရားမျက်လုံးရ၍ ဘုရားဖူးရတော့ မခင်သိန်းလည်း ဝမ်းသာ၊ ဆရာတော်လည်းဝမ်းသာ ဆရာဒကာပြုံးလို့၊ ရွှင်လို့ပေါ့၊ ဒါနဲ့ ဆရာတော်ဘုရားကြီးက ဒကာ၊ ဒကာမတွေကို ဘယ်လိုအမိန့် ရှိတုန်းဆိုတော့-

"ငါ့တရားကို ဘယ်သူယုံယုံ၊ မယုံယုံ ငါ့ဘက်က ခင်သိန်း ရှိတယ်" လို့ပဲ ခဏခဏ ဒကာ ဒကာမတွေကို ပြောပြ၏။



## မြတ်စွာဘုရား သက်သေရှိမှ တရားဟောပုံ

လက္ခဏသံယုတ်ထဲမှာ ဟိုတစ်ချိန်က ဂိဇ္ဈကုဋ်တောင်မှာ ရှင်မောဂ္ဂလာန်နဲ့ရှင်လက္ခဏတို့ သီတင်းသုံးနေထိုင်ကြသည်။ တောင်ပေါ်ကနေဆင်းပြီး ဆွမ်းခံကြွလာတော့ ရှင်မောဂ္ဂလာန်က ပြုံးတော်မူ၏၊ "အရှင်ဘုရား ဘာလို့ပြုံးတာလဲ"လို့ ရှင်လက္ခဏက မေး၏၊ "ငါ့ရှင် ခုမမေးနဲ့ မြတ်စွာဘုရားရှင်ရှေ့ရောက်မှ မေး၊ ဝေဠုဝန်ကျောင်းတော်ရောက်မှ မေး"

အဲဒီလိုဆိုပြီးတော့ ရွာထဲဆွမ်းခံသွား၊ ဆွမ်းစား၊ မြတ်စွာဘုရားထံတော်မှောက်ရောက်၊ အဲဒီအခါမှာ ရှင်လက္ခဏက ထပ်မေး၊ ထပ်မေးတဲ့အခါမှာ-

"ငါ့ရှင်တို့ ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာတဲ့ တောင်ဝှမ်းလေးမှာ အရိုးစုပြိတ္တာကြီး ပြေးလွှားနေတာ သူ့ခမျာ ချမ်းချမ်းသာသာ မပြေးရဘူး၊ သိန်းစွန်ရဲတို့ ကျီးတို့က သူ့နောက်ကနေ လိုက်ပြီးတော့ ထိုးဆိတ်နေတဲ့အတွက် တဒီဒီအော်ပြီးတော့ ဆင်းရဲပင်ပန်းစွာ ပြေးလွှားနေရတယ်။ ဒီတိရစ္ဆာန် အရိုးစုကြီးကို မြင်ရလို့ ငါပြုံးနေတာ ငါ့ရှင်လက္ခဏ" လို့ ရှင်မောဂ္ဂလာန်က ပြောပြသည်။

ပြောတဲ့အခါ မြတ်စွာဘုရားရှေ့မှာ ပြန်ဖြေတဲ့အခါမှာ မြတ်စွာဘုရားက-

"စက္ခုဘူတာ ဘိက္ခဝေ မမသာဝကာ ဘဝန္တိ။"

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ စက္ခုဘူတာ၊ မျက်စိအမြင်ရှိလာကြကုန်သော။ မမသာဝကာ၊ ငါ့တပည့်သားတို့သည်။ ဘဝန္တိ၊ ထွက်ပေါ်လာကြပါပကောလား။

မြတ်စွာဘုရား အားရနှစ်သက်တော်မူ၏။ "ငါဘုရားဖြစ်စကတည်းက ဒီသတ္တလောကကြီးထဲမှာ ဒီလိုထူးဆန်းတဲ့ သတ္တဝါတွေရဲ့ဖြစ်ရပ် ငါဘုရားမြင်တော်မူတယ်" လို့ မိန့်ကြားတော်မူ၏။

"ငါဘယ်သူ့မှ မဟောဘူး၊ မယုံမှာစိုးလို့၊ မြတ်စွာဘုရားတောင်မှသက်သေရှိမှ ဟောတာကွ၊ အဲဒါကြောင့် ငါမပြောတာ၊ အခုတော့ ငါ့ဘက်က သက်သေထူမယ့် လူတွေများလာပြီ၊ မင်းတို့ ငါ့တရားကို ပြောလိုကပြောနိုင်တယ်၊ နားထောင်မယ့် လူကိုလည်းကြည့်၊ သဒ္ဓါတရားရှိမှပြောကြ၊ သဒ္ဓါတရားရှိမယ့် လူကိုမှ ပြောကြ" လို့ မြေဇင်းတောရဆရာတော်ကြီးက ခြွင်းချက်နဲ့ ခွင့်ပြုခဲ့ပါသည်။

ပွားများအားထုတ်၍ သံသရာမှ ထွက်မြောက်ကျွတ်လွတ်ရာ
နိဗ္ဗာန်သို့ ရောက်စေသော သမထ-ဝိပဿနာ စွယ်စုံရ

## အာနာပါနဿတိ ဝင်လေထွက်လေနှင့်
## အကြိမ်အရေအတွက် ဇယား

(၁)နာရီ ဝင်လေ(၃၆၀)၊ ထွက်လေ(၃၆၀)= ပေါင်း(၇၂၀)

**(ခုနစ်ရာ့နှစ်ဆယ်)၊**

(၁)ရက် (ရှေးနာရီ-၆၀) ဝင်လေ၊ ထွက်လေ(၄၃၂၀၀)

**(လေးသောင်း သုံးထောင့်နှစ်ရာ)၊**

(၁)လ ဝင်လေ၊ ထွက်လေ(၁၂၉၆၀၀၀)

**(ဆယ့်နှစ်သိန်းကိုးသောင်းခြောက်ထောင်)၊**

(၁)နှစ် ဝင်လေ၊ ထွက်လေ(၁၅၅၅၂၀၀၀)

**(ဆယ့်ငါးသန်းငါးသိန်း ငါးသောင်းနှစ်ထောင်)၊**

(၅)နှစ် ဝင်လေ၊ ထွက်လေ(၇၇၇၆၀၀၀၀)

**(ခုနှစ်ဆယ့်ခုနစ်သန်း ခုနစ်သိန်းခြောက်သောင်း)၊**

(၁၀)နှစ် ဝင်လေ၊ ထွက်လေ(၁၅၅၅၂၀၀၀၀)

**(တစ်ရာငါးဆယ့်ငါးသန်း ငါးသိန်းနှစ်သောင်း)၊**

(၁၅)နှစ် ဝင်လေ၊ ထွက်လေ(၂၃၃၂၈၀၀၀၀)

**(နှစ်ရာသုံးဆယ့်သုံးသန်း နှစ်သိန်းရှစ်သောင်း)၊**

(၂၀)နှစ် ဝင်လေ၊ထွက်လေ (၃၁၁၀၄၀၀၀၀)

**(သုံးရာတစ်ဆယ့်တစ်သန်းလေးသောင်း)၊**

(၂၅)နှစ် ဝင်လေ၊ ထွက်လေ (၃၈၈၈၀၀၀၀၀)

**(သုံးရာရှစ်ဆယ်ရှစ်သန်းရှစ်သိန်း)၊**

(၃၀)နှစ် ဝင်လေ၊ ထွက်လေ (၄၆၆၅၆၀၀၀၀)

**(လေးရာခြောက်ဆယ့်ခြောက်သန်း ငါးသိန်းခြောက်သောင်း)၊**

(၃၅)နှစ် ပင်လေ၊ ထွက်လေ (၅၄၄၃၂၀၀၀၀)

(ငါးရာလေးဆယ့်လေးသန်း သုံးသိန်းနှစ်သောင်း)၊

(၄၀)နှစ် ဝင်လေ၊ ထွက်လေ (၆၂၂၀၈၀၀၀၀)

**(ခြောက်ရာနှစ်ဆယ့်နှစ်သန်း ရှစ်သောင်း)၊**

(၄၅)နှစ် ဝင်လေ၊ ထွက်လေ (၆၉၉၈၄၀၀၀၀)

**(ခြောက်ရာကိုးဆယ့်ကိုးသန်း ရှစ်သိန်းလေးသောင်း)၊**

(၅၀)နှစ် ဝင်လေ၊ ထွက်လေ (၇၇၇၆၀၀၀၀၀)

**(ခုနစ်ရာခုနစ်ဆယ့်ခုနစ်သန်း ခြောက်သိန်း)၊**

(၅၅)နှစ် ဝင်လေ၊ ထွက်လေ (၈၅၅၃၆၀၀၀၀)

**(ရှစ်ရာငါးဆယ့်ငါးသန်းသုံးသိန်း ခြောက်သောင်း)၊**

(၆၀)နှစ် ဝင်လေ၊ ထွက်လေ (၉၃၃၁၂၀၀၀၀)

**(ကိုးရာသုံးဆယ့်သုံးသန်း၊ တစ်သိန်းနှစ်သောင်း)၊**

(၆၅)နှစ် ဝင်လေ၊ ထွက်လေ (၁၀၁၀၈၈၀၀၀၀)

**(သန်းတစ်ထောင့်တစ်ဆယ်၊ ရှစ်သိန်းရှစ်သောင်း)၊**

(၇၀)နှစ် ဝင်လေ၊ ထွက်လေ (၁၀၈၈၆၄၀၀၀၀)

**(တစ်ထောင့်ရှစ်ဆယ့်ရှစ်သန်း၊ ခြောက်သိန်းလေးသောင်း)၊**

(၇၅)နှစ် ဝင်လေ၊ ထွက်လေ (၁၁၆၆၄၀၀၀၀၀)

**(တစ်ထောင့်တစ်ရာခြောက်ဆယ့်ခြောက်သန်း၊ လေးသိန်း)၊**

(၈၀)နှစ် ဝင်လေ၊ ထွက်လေ (၁၂၄၄၁၆၀၀၀၀)

**(တစ်ထောင့်နှစ်ရာလေးဆယ့်လေးသန်း၊တစ်သိန်းခြောက်သောင်း)၊**

(၈၅)နှစ် ဝင်လေ၊ ထွက်လေ (၁၃၂၁၉၂၀၀၀၀)

**(တစ်ထောင့်သုံးရာနှစ်ဆယ့်တစ်သန်း၊ ကိုးသိန်းနှစ်သောင်း)၊**

(၉၀)နှစ် ဝင်လေ၊ ထွက်လေ (၁၃၉၉၆၈၀၀၀၀)

**(တစ်ထောင့်သုံးရာကိုးဆယ့်ကိုးသန်း၊ ခြောက်သိန်းရှစ်သောင်း)၊**

မှတ်ချက်။ ။ ဒေါက်တာမင်းလွင် (အရာတော်မြို့)တွက်ချက်၍ ပညာဒါနပြုပါသည်။

## ဝိမုတ္တိခေတ်လွှလာဖြစ် အခွင့်သာခိုက်ရအောင်လိုက်

မြတ်စွာဘုရားရှင် ထားတော်မူခဲ့သော သာသနာ ငါးထောင်သည်-

၁။ ဝိမုတ္တိယုဂခေတ်၊

၂။ သမာဓိယုဂခေတ်၊

၃။ သီလယုဂခေတ်၊

၄။ သုတယုဂခေတ်၊

၅။ ဒါနယုဂခေတ် ဟု ခေတ်ငါးမျိုးပြားသည်။

ထိုတွင်-

၁။ ဘုရားပရိနိဗ္ဗာန်စံသောနေ့မှစ၍ သာသနာနှစ်ငါးရာကို ရဟန်းရှင်လူတို့၏ စိတ်ဓာတ်တွင် ပရမတ်တရားကိုသာ အယူများ၊ အားထုတ်သူများ၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ရန် ဝိပဿနာကမ္မဋ္ဌာန်းတရားတို့၌ သဒ္ဓါ၊ ဝီရိယ၊ မယုတ် ကြိုးစားအားထုတ်သူများသဖြင့် မဂ်ဖိုလ်ရောက်သူ ပေါ်များသောခေတ်ကာလကို ဝိမုတ္တိယုဂခေတ် ဟုခေါ်သည်။

၂။ နောက် သာသနာနှစ်ငါးရာ (၅၀၀ မှ ၁၀၀၀ ထိ)ကို ရဟန်းရှင်လူတို့၏ စိတ်ဓာတ်တွင် ပညတ်-ပရမတ်နှစ်ရပ်စလုံး အယူများ၊ အားထုတ်သူများ၍ မြေရှိုးမိုးပျံ စျာန်တန်ခိုး၊ အဘိညာဉ်ရခြင်းခေတ်ကာလကို သမာဓိယုဂခေတ်ဟု ခေါ်သည်။

၃။ နောက် သာသနာနှစ်ငါးရာ(၁၀၀၀မှ ၁၅၀၀ထိ)ကို ရဟန်းရှင်လူတို့၏ စိတ်ဓာတ်တွင် ပညတ်တရားကိုသာ အားထုတ် လိုက်စား၍၊ စာရိတ္တ-ဝါရိတ္တစသော ကိုယ်ကျင့်တရား သီတင်းသီလကိုသာ ကျင့်သုံးဆောက်တည်ခြင်းများသောခေတ်ကာလကို သီလယုဂခေတ်ဟုခေါ်သည်။

၄။ နောက် သာသနာနှစ်ငါးရာ(၁၅၀၀မှ ၂၀၀၀ထိ) ကို ရဟန်းရှင်လူတို့၏စိတ်ဓာတ်တွင် ပညတ်တရားကိုသာ အယူများ၊ အားထုတ်လေ့လာသူများ၍ စာပေကျမ်းဂန်ပိဋကတ် ဓမ္မက္ခန်ပရိယတ္တိကို

သင်အံလေ့ကျက် ဆောက်ရွက်ခြင်းကိုသာ အားထုတ်ခြင်းများသော ခေတ်ကာလကို သုတယုဂခေတ်ဟု ခေါ်သည်။

၅။ နောက် သာသနာနှစ်ငါးရာ(၂၀၀၀ မှ ၂၅၀၀ ထိ) ကို ရဟန်းရှင်လူတို့၏ စိတ်ဓာတ်တွင် ပညတ်တရားကိုသာ အယူများ၊ အားထုတ်လေ့လာသူများ၍ အလှူဒါနစွန့်ကြဲပေးကမ်းခြင်းသာ ပြုလုပ်ခြင်းများသော ခေတ်ကာလကို ဒါနယုဂခေတ်ဟု ခေါ်သည်။

မှတ်ချက်။ ။ သာသနာတော်သည် ငါးရာကို တစ်ခေတ်သတ်မှတ်၏။ ၂၅၀၁ ခုနှစ်မှ ငါးရာတက်က ၃၀၀၀ ထိ သာသနာတော်နှစ်သည် ဝိမုတ္တိယုဂခေတ်ထဲ တစ်ပြန်ပတ်လည်လာ၏။ အစဦးဆုံးခေတ်ကို ပြန်ရောက်လာ၏။

ယခု သာသနာနှစ်-၂၅၅၀ (၁၃၆၈-ခုနှစ်)သည် ဝိပဿနာ တရားကြိုးစားအားထုတ်သူများပြားပြီး၊ မဂ်ဖိုလ်ရရှိနိုင်သည့် အခွင့်ကောင်း ဝိမုတ္တိယုဂခေတ်သို့ တစ်ပတ်ပြန်လည်လာသဖြင့် များစွာ ကံကောင်းသည် ဟုဆိုရမည်။

'မောယံ ကာလံ နခေပယေ'၊

**အချည်းနှီး အချိန်မကုန်ကြစေနှင့်၊**

'မာ ဝေါ ခဏံ ဝိရာခေထ'

**အခွင့်ကောင်းတွေ လက်လွတ်မဆုံးရှုံးစေနှင့်၊**

**အခွင့်သာတုန်း၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် မရှိပြီ၊**
**အခွင့်သာဆဲ၊ မခဲချင်လျှင်၊ အလွဲနှင့်ပြင် မရှိပြီ၊**
**အခွင့်သာနိက်မှာ၊ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင်မရှိပြီ၊**

(လယ်တီဆရာတော်)

**ဘောဇဉ်မြိုက်ခဲ၊ ဓမ္မပွဲလျှင်၊**
**လက်ထဲပုံသေ၊ ဆိုက်ရောက်နေလျက်၊**
**ရှောင်သွေနလုံး၊ ကိုယ်မသုံးသော်၊**
**အရှုံးကိုယ့်ပြင်၊ ရှိမြဲမို့လော၊**

(မင်းကွန်းဆရာတော်)



## ဝိပဿနာ (ဒုတိယပိုင်း)

# တန္တြနည်းတရားအားထုတ်ပုံ

လယ်တီဆရာတော်ဘုရားကြီးက-

- ဒါနလောက်သာပြည့်စုံကာဖြင့်
  လေးဝအပါယ် လွတ်ပြီကွယ်ဟု
  စိတ်ဝယ်ရွှင်ပြ နှစ်သိမ့်ပ
  အားရပြီးတော့ မနေနဲ့
- သီလလောက်သာ ပြည့်စုံကာဖြင့်
  လေးဝအပါယ် လွတ်ပြီကွယ်ဟု
  စိတ်ဝယ်ရွှင်ပြ နှစ်သိမ့်ပ
  အားရပြီးတော့ မနေနဲ့။
- သမထလောက်သာ ပြည့်စုံကာဖြင့်
  လေးဝအပါယ် လွတ်ပြီကွယ်ဟု
  စိတ်ဝယ်ရွှင်ပြ
  အားရပြီးတော့ မနေနဲ့။
  ဝိပဿနာ ဘာဝနာ ပြည့်စုံပါမှ
  လေးဝအပါယ် လွတ်ပြီကွယ်ဟု
  စိတ်ဝယ်ရွှင်ပြ နှစ်သိမ့်ပ
  အားရ၍သာ နေရမည်။
- ကျွတ်တန်းဝင်မျှော် များသူတော်တို့
  ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၌
  ကြုံရလူဖြစ် ဝိမုတ္တိခေတ်ကို
  ရောက်လစ်ခုခါ ဝိပဿနာကို
  ခါခါပွားဖို့ မမေ့နဲ့။

ဘုရားဖူးတဲ့ သမထကုသိုလ်က တစ်သိန်းနှင့် တန်ဖိုးဖြတ်လို့ ရမယ်ဆိုရင် ဝိပဿနာကုသိုလ်က သိန်းရာထောင်မက တန်ဖိုးရှိသည်။

( ဓမ္မာစရိယ ဦးဌေးလှိုင်)

**အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။**

အနိစ္စ အစရှိသော အစွမ်းဖြင့် အထူးထူးအပြားပြားကုန်သော တေဘူမကတရားတို့ကို ရှုတာမှတ်တာကို ဝိပဿနာလို့ ခေါ်၏။

ဖြစ်ခြင်း၊ ပျက်ခြင်းအမြဲနှိပ်စက်နေတဲ့ ရုပ်နာမ်နှစ်ပါးကို ပညာဖြင့်ရှုတာ ကြည့်တာကို ဝိပဿနာခေါ်သည်။

ခန္ဓာကိုယ်ပေါ်မှာ ပေါ်ရာပေါ်ရာ သတိပဋ္ဌာန်လေးပါးဖြင့် ရှုမှတ်တာကို ဝိပဿနာလို့ခေါ်သည်။

## ရူပပရိဂ္ဂဟ = ရုပ်ကိုသိမ်းဆည်းခြင်း

**တတော ယထာနာမ ပုရိသော အန္တောဂေဟေ**

**သပ္ပံ ဒိသွာ တံ အနုဗန္ဓမာနော တဿ အာသယံ ပဿတိ၊**

**ဧဝမေဝ အယမ္ပိ ယောဂါဝစရော တံနာမံ ဥပပရိက္ခန္တော**

**က္ကာဒံနာမံ ကိံ နိဿာယ ပဝတ္တာတီတိ ပရိယေသမာနော**

**တဿ နိဿယံ ဟာဒယရူပံ ပဿတိ။**

တတော တသ္မိံကာလေ၊ ထိုသို့ နာမ်ရုပ်ကို သိမ်းဆည်းရာ၌။ ယထာနာမ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောက်ျားသည်။ အန္တောဂေဟေ၊ အိမ်တွင်း၌။ သပ္ပံ၊ မြွေကို။ ဒိသွာ၊ မြင်၍။ တံ၊ ထိုမြွေကို။ အနုဗန္ဓမာနော၊ အစဉ်တစိုက်လိုက်လတ်သည်ရှိသော်။ တဿ၊ ထိုမြွေ၏။ အာသယံ၊ အောင်း ရာ နေရာကို။ ပဿတိယထာ၊ မြင်၏သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယမ္ပိယောဂါဝစရော၊ ဤယောဂါဝစရ သည်လည်း။ တံနာမံ၊ ထိုနာမ်ကို။ ဥပပရိက္ခန္တော၊ ဉာဏ်ဖြင့် ကပ်၍ ရှုအပ်သည်ရှိသော်။ က္ကာဒံနာမံ၊ ဤနာမ်သည်။ ကိံ၊ အဘယ်တရားကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်သနည်း။ က္ကတိ၊ ဤသို့။ ပရိယေသမာနော၊ ထက်ဝန်းကျင်မှ ရှာလတ် သော်။ တဿ၊ ထိုနာမ်၏။ နိဿယံ၊ မှီရာဖြစ်သော။ ဟာဒယရူပံ၊ ဟာဒယဝတ္ထုရုပ်ကို။ ပဿတိ၊ မြင်၏။

ဝိသုဒ္ဓိ ၄ - ၂ - ၂၂၂

ဝိပဿနာ ရှုတဲ့အခါ နာမ်၏မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်ကို မြင်သောကြောင့် မိမိရဲ့စိတ်ကို စိတ်ကလေးရှုံးစိုက်ရာဌာနချုပ်ဖြစ်တဲ့ ရင်ချိုင့်ဟဒယနှလုံး၌ထားလျက် (ဇဝံရူပံ၊ ဇဝံရူပံ) ရုပ်-ရုပ် ဟု ရှုရမည်။ ပွားရမည်။

ဥပမာ။ ။လောက၌ “ကျောင်း” ဟုဆိုသဖြင့် တိုင်၊ ထုပ်၊ အခြင်၊ အမိုး၊ အကာ အကုန်ပါသွားသကဲ့သို့၊ “မြို့” ဟုဆိုသဖြင့် ရပ်ကွက်၊ ကျေးရွာ၊ ဌာနဆိုင်ရာ အကုန်ပါသွားသကဲ့သို့၊ ရုပ်ဟုဆိုသဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စသည်ပါသွားသည်။ ဒါကြောင့် ရုပ် - ရုပ် လို့ရှုရမည်။

“ပင့်ကူပမာ တရားရှာ” ဆိုသည့်အတိုင်း ပင့်ကူတို့သည် အလယ်ခေါင်မှာနေပြီး ဘေးမှာ သားကောင်ပေါ်လာလျှင် သားကောင်ရှိရာကို လိုက်ဖမ်းစားသောက်သည်။ ဘေးကိုလည်း ဖြန့်ကြည့်သည်။ ဘယ်မှသားကောင်မတွေ့မှ အလယ်ခေါင် ပြန်လာသလို၊ တရားရှုမှတ်တဲ့ ယောဂီဟာလည်း ဒီအတိုင်းပါပဲ၊ စိတ်ကလေးရှုံးစိုက်ရာ ရင်ချိုင့်ဟဒယနှလုံးမှာ ရုပ် - ရုပ်လို့ရှုရင်း ခန္ဓာကိုယ်မှပေါ်သမျှကို လိုက်ရှုပါ၊ ကြည့်ပါ။

ဥပမာ။ ။ခါးဟုဆိုအပ်သော ရုပ်တရား၌ ဒုက္ခဝေဒနာ လာကပ်လို့ ခါးနာသည်ဆိုကြပါစို့။

အသားဟုခေါ်သော ရုပ်တရားက နာသလား၊
အရိုးဟုခေါ်သော ရုပ်တရားက နာသလား၊
အကြောဟုခေါ်သော ရုပ်တရားက နာသလား၊
အရေဟုခေါ်သော ရုပ်တရားက နာသလား၊
ပိုးကောင်ကိုက်သလို နာသလား၊
အပ်နှင့်ထိုးဆွသလို နာသလား၊
သွေးလေမလျှောက်လို့ နာသလား၊
အကြောတင်နေလို့ နာသလား၊

ကိုယ်နိမိတ်ထိုးပြရာ ညွှန်ပြရာကို သေသေချာချာကြည့်ပါ။ ရှုပါ၊ ဉာဏ်က ဘာကြောင့်နာတယ်ဆိုတာကိုသိလာပါလိမ့်မည်။

နာတဲ့နေရာနှင့် နီးစပ်ရာကိုလည်း ယှဉ်ကြည့်ပါ။ နာလွန်းအားကြီးလျှင် တစ်ကိုယ်လုံးဖြန့်ကြည့်ပါ။ ပေါ်သမျှဝေဒနာတို့သည် တိုးသွားသလား၊ လျော့သွားသလား၊ ပျက်သွားသလား သေချာကြည့်ပါ။

သဗ္ဗညုမွန်၊ ဗုဒ္ဓညွှန်ပြ၊ နည်းမှန်ကျအောင်၊ ကျင့်ဆောင်ပါ၍၊ ရလာကေန်၊ သမာဓိမျက်မှန်၊ လွန်ဖိုးတန်ဖြင့်၊ နာမ်နှင့် ရုပ်ပျက်၊ ရှုလျက်ကုသိုလ်၊ များထိုထိုကို၊ လိုချင်ချိန်ရ၊ ထူးမြတ်လှစွာ၊ ဖြစ်သည့်တာကြောင့်၊ ဗုဒ္ဓကျေးဇူး၊ အထူးရည်သန်၊ ဖန်ဖန်ရိုကျိုး၊ ရှိခိုးပါသည်ဘုရား။

**""မြင်သမာဓိ ရှုဝိပဿနာ ဉာဏ်နှစ်ဖြာ ခွဲကာသိမှတ်ပါ။""**

သမာဓိမျက်မှန်ဖြင့် ဘာကြောင့် နာတယ်ဆိုတာကိုမြင်ပြီး ဉာဏ်ကသိလာပါလိမ့်မယ်။

"ကြည့်တိုင်းမြင် ရှုတိုင်းပျက်" ဟူသည် နောက်ပိတ်ဆုံး ပျက်စီးပြိုကွဲကျေပျက် သွားပါလိမ့်မယ်။ အချို့ဝေဒနာတွေ ကြည့်လိုက်တာနဲ့ ပျက်သွားပါသည်။

"တစ်ကိုယ်လုံးတုန် ထက်အောက်စုန် ရှုတုန်အနိစ္စ" ဟု ညောင်လွန့်ဆရာတော် ရေးသားတော်မူခဲ့သည်။

ဝေဒနာတစ်ခုပေါ်လာလျှင် နာတဲ့နေရာလည်း ကြည့်လိုက်၊ ကျန်တဲ့ခန္ဓာကိုယ်အထက်ပိုင်း အောက်ပိုင်းတွေလည်း နာသေးလားလို့ ပြန်ကြည့်ပါ၊ ရှုပါ။ ဘယ်မှမတွေ့မှ ရင်ချိုင့် ဟဒယနှလုံး၌ ပေးထားတဲ့ သင်ခန်းစာပေးထားတဲ့ တရားကိုမှတ်ပါ။

တရားမှတ်ခိုင်းတာ ဝေဒနာရှာခိုင်းတာမဟုတ်ပါ၊ ခန္ဓာကိုယ်မှာ ဝေဒနာမပေါ်ဘဲနဲ့ မျက်နှာပေါ်မှာ ရွတရွတပေါ်က ပေါ်တဲ့နေရာကြည့်ပါ။ တိုးလာသလား လျော့သွားသလား ပျက်သွားသလား သေချာကြည့်ပါ။

ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှ အထက်ပါအတိုင်းကြည့်ပါ။

ဘာဝေဒနာပေါ်မှာပါလိမ့်၊ မမျှော်ပါနဲ့။ ပေါ်မှ ယောဂီရဲ့ နိမိတ်ထိုးပြမှ ကြည့်ပါ။

ရုပ္ပတီတိ ရုပ္ပံ = ဖောက်ပြန်တတ်လို့ ရုပ်ခေါ်သည်။
အေးလို့လည်း ဖောက်ပြန်တတ်သည်။
ပူလို့လည်း ဖောက်ပြန်တတ်သည်။
ဆာလို့လည်း ဖောက်ပြန်တတ်သည်။
မှက်၊ ခြင်၊ မြွေကင်းစတာတွေကိုက်လျှင်လည်း ဖောက်ပြန်တတ်သည်။

ဖေဏပိဏ္ဍူပမံ ရူပံအရ = ရုပ်တရားသည် ရေမြှုပ်စိုင်နှင့် တူ၏လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ဂင်္ဂါမြစ်ရေဟာ အချင်းချင်းတိုက်မိပြီးဖြစ်ပေါ်လာတဲ့ ရေမြှုပ်ဆိုင်ကို မျက်စိအမြင်ရှိတဲ့ယောကျ်ားဟာ ကမ်းနားကနေရပ်၍ အဖန်တလဲလဲကြည့်၏။ အနှစ်သာရကိုမမြင်ရဘူး။ ရေမြှုပ်ဟာ အစုတ်အစုတ် အပေါက်အပေါက်ရှိသလို ယောဂီရထားတဲ့ ရုပ်တရားဟာလည်း ခံတွင်းပေါက်၊ နှာခေါင်းပေါက် စတဲ့ ဒွါရခြောက်ပါးရှိ၏။

ရေမြှုပ်အတွင်း၌ အထူးထူးသော ပိုးမျိုးတို့၏ တည်နေရာ သားဖွားရာ သုသာန်သင်္ချိုင်းပြုရာ ကျင်ကြီးကျင်ငယ်စွန့်ရာ နားခိုရာဇရပ်ဖြစ်သကဲ့သို့၊ ယောဂီရထားတဲ့ ရုပ်တရားကြီးဟာလည်း ပိုးမျိုးရှစ်ဆယ်တို့ရဲ့ တည်နေရာဇရပ်နှင့် သေဆုံးရာ သင်္ချိုင်းကုန်းနှင့် အလားသဏ္ဍာန်တူ၏။

ရေမြှုပ်ဟာ ဖြစ်ခါစမှာလည်း ပျက်စီးခြင်းသို့ရောက်၏။ ထန်းသီးပမာဏရှိတဲ့အခါမှာလည်း ပျက်စီးခြင်းသို့ရောက်၏။

ထို့အတူ ယောဂီရထားတဲ့ ရုပ်တရားဟာလည်း အမိဝမ်းတွင်း ကလလရေကြည်တည်တဲ့အခါမှစပြီး ပျက်စီးခြင်းသို့ ရောက်တာလည်း မရေမတွက်နိုင်ဘူး။

အမြုပ်ဖြစ်သောအခါ-----

သားတစ်ဖြစ်သောအခါ-----

ခက်မငါးဖြာဖြစ်သောအခါ-----

စက္ခုပသာဒစသည်ဖြစ်သောအခါ-----

အမိဝမ်းတွင်းမှ မဖွားမီ-----

အမိဝမ်းတွင်းမှ ဖွားပြီး တလ-တနှစ်စသည်နေပြီး ပျက်စီးရတာတွေလည်း မရေမတွက်နိုင်ဘူး။

ရေမြုပ်သည် ဗလဝါမုခဝဲသို့ ရောက်သည်ရှိသော် ပျက်စီးရသလို ရုပ်တရားကလည်း အနှစ်တရာသို့ ရောက်သည် ရှိသော် ပျက်စီးရမြဲဖြစ်သည်။

ရုပ်တွေပျက်စီးတာ မြစ်ရေယာဉ်လို ဆီမီးလျှံလိုပါပဲ။

**အယံခေါ်မေကာယော ရူပီ စာတုမဟာဘူတိကော**

**မာတာပေတ္တိကာသမ္ဘဝေါ ဩဒနကုမ္မာသူပစယော**

**သေယျထာပိမဟာရာဇ ......**

သာမညဖလသုတ် (ဒီ ၁-၇၂)

မြတ်စွာဘုရားက 'မြတ်သောမင်းကြီး၊ တစ်လံမျှသာရှိတဲ့ ဤကိုယ်ကောင်ကြီးသည် မြေ-ရေ-လေ-မီးဟူသောဓာတ်ကြီး လေးပါးကြောင့်ဖြစ်၏။ မိဘတွေကြောင့်ဖြစ်၏။ တစ်လံမျှရှိတဲ့ ခန္ဓာကိုယ်ကြီးကို ထမင်းတွေထည့်ပေးရ၊ အစားအသောက်တွေ ထည့်ပေးရ၊ ပြုစုပေးရ၊ ဆုပ်နယ်ပေးရ၊ ပြုပြင်ပေးရ၏' ဟု ဟောတော်မူ၏။

ဝိပဿနာမှန်သမျှ ရင်ချိုင့်၌ ပေးထားတဲ့တရားကိုပွားရမည်။

# နာမပရိဂ္ဂဟ = နာမ်ကိုသိမ်းဆည်းခြင်း

ဇဝံနာမံ၊ ဇဝံနာမံ။ ဇဝံ ဤသည်ကား။ နာမံ၊ နာမ်တည်း။ (သို့မဟုတ်) 'သိသည်-သိသည်' ဟု ပွား။

နာမပရိဂ္ဂဟ၌ သိသည် သိသည်ဟုဆိုရာ ဘာတွေ သိတာလဲ ဆိုရင် ရူပပရိဂ္ဂဟ၌ ပြခဲ့သော ခန္ဓာကိုယ်ပေါ် မှာ ဝေဒနာပေါ် တဲ့နေရာ၊ ရွတရွတပေါ် တဲ့နေရာ၊ ပူတဲ့နေရာ၊ အေးတဲ့နေရာ-စသည်ဖြင့် အထူးထူးပေါ် သမျှကို အာရုံပြု၍ ပေါ် သမျှကို ကိုယ်သိနေတာတွေကို 'သိသည်-သိသည်' ဟု ပွားပါ။

ဝေဒနာသည် ရေပွက်နှင့်တူ၏။ မိုးရွာတဲ့အခါ ဂင်္ဂါမြစ်ရေသည် ဟိုနေရာက ပွက်လာလိုက်၊ ဒီနေရာက ပွက်လာလိုက်ဖြစ်သလို သင်တို့ရရှိထားတဲ့ ခန္ဓာကိုယ်မှာလည်း ဟိုနေရာက ဝေဒနာပေါ် လာလိုက်၊ ဒီနေရာက ဝေဒနာပေါ် လာလိုက် မျိုးစုံပေါ် တတ်သည်။ ဒါကြောင့် မြတ်စွာဘုရားက ဝေဒနာသည် ရေပွက်နှင့်တူတယ်လို့ ဟောတော်မူ၏။

စစ်တိုက်တဲ့အခါ-

၁။ ရန်သူနှင့် သူသေကိုယ်သေ ရင်ဆိုင်တိုက်တာက တစ်နည်း၊
၂။ ချောင်းသတ်တာက တစ်နည်း၊
၃။ ပြောက်ကျားတိုက်တာက တစ်နည်း -
နည်းပရိယာယ် သုံးမျိုးရှိသလို၊

ဝေဒနာပေါ် လာတဲ့အခါ-

၁။ နာတဲ့နေရာကိုတိုက်ရိုက်ကြည့်တာကတစ်နည်း၊
၂။ နာတဲ့နေရာဘေးကနေ ယှဉ်ကြည့်တာကတစ်နည်း၊
၃။ နာတဲ့နေရာကြည့်လိုက်၊ ခန္ဓာကိုယ် အထက်ပိုင်းကြည့်လိုက်၊ အောက်ပိုင်းကြည့်လိုက့်နဲ့ တကိုယ်လုံးဖြန့်ကြည့်တာက တစ်နည်း- အဲဒီလိုနည်းသုံးပါးနဲ့ ကြည့်ရပါသည်။

တစ်ခါတစ်ရံ သိသည် သိသည်ဟု မှတ်နေရင်းနဲ့ သမာဓိစွမ်းအားထက်သန်လာရင် မျက်စိကိုမှိတ်ထား၊ အဝတ်နဲ့ ပိတ်စည်းထားပေမယ့် ကိုယ့်ခန္ဓာကိုယ်ကို ထင်ထင်ရှားရှား မြင်လာပါသည်။

မြင်ရတဲ့ကိုယ်ခန္ဓာသည် အပြင်ဘက်တစ်နေရာမှာ မဟုတ်ဘဲ မူလပကတိတည်ရှိတဲ့ နေရာမှာ ရှိမြဲအတိုင်း မြင်နေရတာဖြစ်ပါသည်။

ကိုယ်ခန္ဓာရုပ် လက်၊ ခြေ၊ နှာခေါင်းစသည်တွေဟာ ပင်ကိုမူလရှိမြဲနေရာမှာ မဟုတ်ဘဲ၊ အပြင်ဘက်တစ်နေရာမှာ ရောက်ရှိနေတာကို မြင်ရရင် ဒီလိုမြင်နေရတဲ့ ကိုယ်ခန္ဓာရုပ်တွေရဲ့ ပင်ကို မူလရှိမြဲနေရာကို ယောဂီတဘက်နဲ့ စည်းထားပေမယ့် စိုက်ကြည့်လိုက်ရင် ကိုယ်ခန္ဓာရုပ်တွေကို ပင်ကိုမူလနေရာမှာ မြင်ရ၏။

ပင်ကိုခြေထောက်ရဲ့ဘေးနားမှာ အပိုခြေထောက်တစ်ချောင်းကိုလည်း အရိပ်ပမာမြင်နေရ၏။ ဒီအခါမှာ ပင်ကိုခြေထောက်ကို မြန်မြန်စိုက်ကြည့်လိုက်ရင် မိမိရဲ့ပင်ကိုခြေထောက်ကိုသာ မြင်နေရပြီး၊ အရိပ်ခြေထောက်ဟာ ပျောက်ကွယ်သွားပါသည်။

ကိုယ်မျက်နှာချင်းဆိုင် နေရာမှာရှိနေပြီး ကိုယ့်ကို ပြန်ကြည့်နေတဲ့ မျက်လုံးကိုလည်း မြင်နေရသည်။ ယောဂီဟာ ကိုယ့်ပင်ကိုမျက်လုံးရှိမြဲနေရာကို စိတ်အာရုံက ပဋိဘာဂ မျက်မှန်နိမိတ်ဖြင့် ကြည့်နေရင် ကိုယ့်မျက်လုံးကို ပုံမှန်အတိုင်းမြင်နေရ၏။ ကိုယ်တွေ့မကြုံသူတွေက ယုံတမ်းစကားထင်ပေမယ့် ဒါဟာသမာဓိ အမြင်ကိုယ့်နိမိတ်ထိုးပြတဲ့ နေရာကို မြင်တာပါ၊ တရားသဘောတွေပါ၊ ဆန်းကြယ်ပါသည်။

## အမြင်မတူကြ

ကိုယ့်ရုပ်ခန္ဓာတစ်ကိုယ်လုံးမြင်တဲ့ ယောဂီဟာတစ်ဦး၊ နှစ်ဦးပါပဲ။ ဝမ်းဗိုက်တဲက ကလီစာတွေအစရှိတဲ့ အစိတ်အပိုင်းတစ်ခုခုကို ပကတိအသားအတိုင်းမြင်ကြတဲ့ ယောဂီတွေက ပိုများပါ

တယ်။ တချို့ယောဂီတွေက ကိုယ့်ခန္ဓာအရိုးကိုသာ မြင်ကြပါသည်။ ဒီလို ကိုယ့်ရုပ်ခန္ဓာ အမြင်မြဲလာရင် ဥပစာရသမာဓိ- ဥပစာရစျာန် ရနေပြီလို့ သိနိုင်ပါသည်။

## ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ များခြင်းအကြောင်း

ဤဝတ္ထုရုပ်မည်သည် နာမ်ခန္ဓာတို့၏ မှီရာတည်း။ နာမ်ခန္ဓာတို့သည်လည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ် တစ်တွက်ကာလအတွင်းတစ်ခု၌ ကုဋေတစ်သိန်းမကဖြစ်၍ ချုပ်ကုန်၏။ ထိုနာမ်ခန္ဓာမှီသော ဝတ္ထုရုပ်၊ ရုပ်ခန္ဓာတို့သည်လည်း ကုဋေငါးထောင်မကဖြစ်၍ ချုပ်ကုန်၏။ နာမ်ခန္ဓာ(၁,၀၀၀,၀၀၀, ၀၀၀,၀၀၀) ကုဋေတစ်သိန်းချုပ်ခဲ့လျှင် ရုပ်ခန္ဓာ(၅၈,၈၂၇,၅၂၉, ၄၁၁) ငါးထောင်ရှစ်ရာရှစ်ဆယ်နှစ်ကုဋေသုံးသန်းငါးသိန်း နှစ်သောင်းကိုးထောင်လေးရာတစ်ဆယ်တစ်ခုလောက် ချုပ်ရ ရှာပြန်၏။ ယိုနာမ်ခန္ဓာများတိုင်းများတိုင်း ရုပ်ခန္ဓာများလှ၍ မရေမတွက်နိုင်လောက်အောင်ဖြစ်၍ ပျက်သည်ကိုမြင်ရ၏။

**ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။**

လက်ဖျစ် တစ်တွက်တွင် စိတ္တက္ခဏ ပေါင်းကုဋေ တစ်သိန်းဖြစ်တယ် ပျက်တယ်လို့ဆို၏။

### လက်ဖြစ်တစ်တွက် စိတ္တက္ခဏေ အပေါင်းရေ ကုဋေ တစ်သိန်းဟူ၊

အဲဒီလို နာမ်ခန္ဓာများတိုင်းများတိုင်း ရုပ်ခန္ဓာများလှ၍ ရေတွက်ပိုင်းခြားဂဏန်းထားခြင်းငှာ မတတ်နိုင်လောက်အောင်ဖြစ်၍ လက်ဖျစ်တစ်တွက်အတွင်း ကာလ၌ဖြစ်သော စိတ္တက္ခဏကား စပါးတင်းပေါင်း ၈၀၅၉ တင်း၊ ၆ ပြည် (ရှစ်ထောင်ငါးဆယ့်ကိုးတင်း၊ ခြောက်ပြည်) မျှလောက်သောစပါးစေ့တို့နှင့် ဥပမာနှိုင်းယှဉ်ပြီး ရှင်နာဂသိန် ပြတော်မူခဲ့သည်။ (ယောဂီပါရဂူကျမ်း)

# အကာန်းနှင့်အကျိုးစပ်မှ လိုရာပြီးသလို နာမ်နှင့်ရုပ်စပ်မှ လိုရာအာရုံထင်ပုံ

နာမ်၊ ရုပ်နှစ်ပါးတို့တွင် နာမ်သည် တန်ခိုးအာနုဘော်ကင်း၏။ မိမိကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်ဖြင့်ဖြစ်ခြင်းငှာ မတတ်နိုင်၊ စကားမပြောနိုင်ရှာ၊ မစွမ်းနိုင်ရှာ၊ မခဲနိုင်၊ မသောက်နိုင်၊ စကားမပြောနိုင်၊ မဆိုနိုင်၊ ဣရိယာပုတ်ကို မပြုပြင်နိုင်၊ မပြောင်းနိုင်၊ မရွှေ့နိုင်ဘူး။

ရုပ်ကလည်း တန်ခိုးအာနုဘော်ကင်း၏၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်ဖြင့်ဖြစ်ခြင်းငှာ မတတ်နိုင်ရှာ၊ မစွမ်းနိုင်ဘူး။ ထိုရုပ်၏ ခဲလိုစားလိုသောအဖြစ်မရှိ၊ သောက်လိုသော အဖြစ်မရှိ၊ စကားပြောဆိုလိုသောအဖြစ်မရှိ၊ ဣရိယာပုတ်ကို ပြုလို ပြင်လို၊ ပြောင်းရွှေ့လိုသောအဖြစ်လည်း မရှိဘူး။

အမှန်ကတော့ နာမ်ကိုမှီပြီး ရုပ်ဖြစ်သည်၊ ရုပ်ကိုမှီပြီး နာမ်ဖြစ်သည်။ နာမ်ကခဲလို စားလိုသောအခါ ရုပ်ကခဲရသည်၊ စားရ သည်။ နာမ်က သောက်လိုသောအခါ ရုပ်ကသောက်ရသည်၊ နာမ်က စကားပြောဆိုလိုသောအခါ ရုပ်ကစကားပြောရ သည်၊ နာမ်ကသွားလို၊ ရပ်လို၊ ထိုင်လို၊ လျောင်းလိုသောအခါ ရုပ်က သွားရသည်၊ ရပ်ရသည်၊ ထိုင်ရသည်၊ လျောင်းရသည်။

## အကာန်းအကျိုး ဥပမာ

သူကန်းသည် အကျိုးကို "အဟံ ခေါ ဘဏေ သက္ကောမိ ပါဒေဟိ ပါဒကရဏီယံ ကာတုံ" = အိုချစ်ဆွေ ကျွန်တော်က ခြေဖြင့် သွားလာမှုကိစ္စအဝဝကို ပြုနိုင်ပါသည်။ သို့ပေမယ့် ကျွန်တော်မှာ ဆိုစရာလေး တစ်ခုရှိနေတာက "နတ္ထိစမေ စက္ခူနိ ယေဟိသမဝိသမံ ပဿေယျန္တိ = မျက်စိက ဟန်မကျ၍ လမ်းကောင်း လမ်းမှန်ကိုတော့ မမြင်နိုင်တဲ့အတွက် မသွားနိုင်ဘူးဗျာ" လို့ ဝမ်းနည်းကြေကွဲဖွယ် ပြောရှာသတဲ့။

အဲဒီအခါ အကျိုးကလည်း သူ၏ဖြစ်ပုံ စနစ်စုံကို မနေသာ၍ သနားစဖွယ် အားငယ်ငယ်ဖြင့် သူကန်းကို ပြောရှာသတဲ့။ "အဟံ ခေါ ဘဏေ သက္ကောမိ စက္ခုနာ စက္ခုကရဏီယံ ကာ တုံ" အို ချစ်ဆွေ ကျွန်တော်က မျက်စိဖြင့် မြင်မှုကိစ္စအဝဝကို မြင်နိုင်ပါတယ်၊ သို့ပေမယ့် ကျွန်တော့်မှာ ဆိုစရာလေးတစ်ခု ကျန်နေတာက "နတ္ထိစမေ ပါဒါနိ ယေဟိ အဘိက္ကမေယျံဝါ ပဋိက္က မေယျံဝါ" ခြေကအဟုတ် မဟုတ်လို့ ရှေ့သွားလို့ နောက်ဆုတ်လို့၊ တယ်နေရာမကျဘူး၊ အဆင်မပြေပါဘူး" လို့ အားငယ်ဝမ်းနည်းသံဖြင့် ပြန်ပြောရှာသတဲ့။

သူကန်းဟာ ငါတို့နှစ်ဦးပေါင်းစပ်ခြင်း၏ အစွမ်းဖြင့် လိုရာ အရပ်သို့ရောက်ခြင်းကိစ္စ ပြီးမြောက်တော့မှာပါလားဟု နှစ်သက်ရွှင်လန်း ဝမ်းသာသည်ဖြစ်ပြီး အကျိုးကို ပခုံးပေါ် တင်ပြီး ထမ်း၏။ အကျိုးက သူကန်းရဲ့ပခုံးထက်၌ ထိုင်ပြီး "ဝါမံ ပုဉ္စ ဒက္ခိဏံ ဂဏှ" အိုချစ်ဆွေ ညာခြေလှမ်းလော့ (ဝါ) ညာဘက်ကို သွားပါ။

ချစ်ဆွေ "ဒက္ခိဏံ ပုဉ္စ ဝါမံ ဂဏှ" အိုချစ်ဆွေ ဘယ်ခြေ လှမ်းလော့ (ဝါ) ဘယ်ဘက်ကိုသွားပါ၊ စသည်ဖြင့် လမ်းညွှန် လမ်းပြ ပြောကြားနေသတဲ့။

အကန်း၊ အကျိုးနှစ်ဦသားတို့တွင် သူကန်းသည်လည်း တန်ခိုးအာနုဘော်ကင်း၏၊ မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော တန်ခိုးအာနုဘော်ဖြင့် မိမိ၏ အစွမ်းအစသတ္တိဖြင့်မသွားနိုင်၊ အကျိုးသည် လည်းတန်ခိုးအာနုဘော်ကင်း၏၊ မိမိ၏အစွမ်းသတ္တိဖြင့် မသွားနိုင်ဘူး။

အကန်း၊ အကျိုးတို့၏ အချင်းချင်းတစ်ယောက်သည် တစ်ယောက်ကိုမှီ၍ သွားခြင်းသည် မဖြစ်တာမဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့၊ ဤအတူပဲ နာမ်သည်လည်း တန်ခိုးအာနုဘော် ကင်း၏။ မိမိ၏အစွမ်းသတ္တိဖြင့် မသွားနိုင်ဘူး။ ရုပ်ကလည်း တန်ခိုးအာနုဘော် ကင်း၏၊ မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ တန်ခိုးအာနုဘော်အစွမ်းဖြင့် မဖြစ်နိုင်၊ ထိုထိုသို့သော ကြိယာတို့၌ မဖြစ်နိုင်ဘူး။

အဲဒီ ရုပ်နာမ်နှစ်ပါးတို့ရဲ့ အချင်းချင်း တစ်ပါးသည်တစ်ပါးကို မှီ၍ဖြစ်ခြင်းသည်လည်း၊ မဖြစ်တာမဟုတ်၊ ဖြစ်၏။ တည်ခြင်းသည်လည်း မတည်တာမဟုတ်၊ တည်၏။

အဲဒီလို(ဝိပဿနာပါရဂူကျမ်း)မှာဆိုထား၏။

တရားထိုင်တဲ့အခါ တစ်နေရာရာက ပူလာတဲ့သဘော ပေါ်တယ်ဆိုကြပါစို့။

ပူတာသည် ယောက်ျားလည်းမဟုတ်၊
ပူတာသည် ဘုန်းကြီးလည်းမဟုတ်၊
ပူတာသည် ကိုရင်လည်းမဟုတ်၊
ပူတာသည် မိန်းမလည်းမဟုတ်၊
ပူတာသည် ငါလည်းမဟုတ်။

ပူတာသည် တေဇောဓာတ် ရုပ်ပရမတ္ထတရားပဲ၊ ပူတယ်လို့ သိလိုက်တဲ့ သိသည်သိသည်လို့ ရှုမှတ်လိုက်တဲ့ သိစိတ်ကလေးကလည်း ဘုန်းကြီး၊ ဦးပဉ္စင်း၊ ကိုရင်၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ ဘာတစ်ခုမှ မဟုတ်ဘူး၊ နာမ်တရားပဲ။ မှတ်တိုင်း၊ မှတ်တိုင်း၊ မြင်တိုင်း၊ မြင်တိုင်း၊ ရုပ်နှင့်နာမ်၊ နာမ်နှင့်ရုပ်၊ ဒါပဲတွေ့ရမည်။

ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ-

"နာမရူပတော ဥဒ္ဓံ အညော သတ္တောဝါ ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိ " လို့ ဟောထား၏။

နာမရူပတော-နာမ်၊ ရုပ်နှစ်ပါးထက်။ ဥဒ္ဓံ၊ အလွန်။ အညော၊ နာမ်၊ ရုပ်နှစ်ပါးမှ တစ်ပါးသော။ သတ္တောဝါ၊ သတ္တဝါ သည်လည်းကောင်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဒေဝေါဝါ၊ နတ်သည် လည်းကောင်း၊ ဗြဟ္မာဝါ၊ ဗြဟ္မာသည် လည်းကောင်း၊ နတ္ထိ၊ မရှိပါပေ။

ရုပ်တရား၊ နာမ်တရားမျှသာရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာဆိုတာမရှိဘူး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာဆိုတာ လောကဝေါဟာရ ခေါ်ဝေါ်ရုံအမည်ပညတ် လောက်မျှပါပဲ၊ တကယ်ရှိ

အဟုတ်ရှိတာက ရုပ်တရားနှင့် နာမ်တရားသာ ရှိသည်။

အဲဒီရုပ်တရားနဲ့ နာမ်တရားတွေသည် တသံသရာလုံးက ပျောက်ကွယ်လာ၏၊ ရုပ် နာမ်ကို ရုပ်၊ နာမ်မှန်း မသိဘူး၊ ပုထုဇဉ် ပုဂ္ဂိုလ်တွေက ဒီရုပ်နာမ်ကို ငါထင်သူထင် ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါထင်ကြ၏။ ပညတ်တွေက ဖုံးကွယ်ပြီး ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်သဘောလေးပါးက တိမ်မြုပ်ပျောက်ကွယ်နေ၏။

**တရားပျောက်တော့ ဘယ်မှာရှာမလဲ?**

"ပစ္စုပ္ပန္နမှိ ဝေါဟာရေ သကေ ကာယမှိ ဝိန္ဒထ" (မိလိန္ဒ ၃၇၈) လို့ ဟောထားသောကြောင့် တရားရှာတော့ ကိုယ်မှာရှာရမယ်။

ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမတွေရဲ့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့ ရှာကြည့်တော့ ရုပ်တရားနှင့်နာမ်တရားပဲရှိ၏။

**"အဒဿနတော အာယန္တိ ဘဂ္ဂါ ဂစ္ဆန္တိအဒဿနံ"**

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်။ အဒဿ နတော၊ မမြင်ရာအရပ်မှ။ အာယန္တိ၊ လာကုန်၏။

တရားထိုင်တဲ့အခါ အေးတဲ့ရုပ်ကလေးသည် ရှေ့ကလာတာလား၊ အနောက်ကလာတာလား၊ တောင်က လာတာလား၊ မြောက်က လာတာလား၊ အထက်က ကျလာတာလား၊ အောက်က တက်လာတာလားလို့ ပြောလို့မဖြစ်ဘူး ၊ မမြင်ရာအရပ်ကနေ ရောက်လာ၏။

ဘဂ္ဂါ၊ ပျက်စီးပြီးကျ ရုပ်နာမ်ဓမ္မတို့သည်။ အဒဿနံ၊ မမြင်ရာအရပ်သို့။ ဂစ္ဆန္တိ၊ သွားကြလေကုန်၏။

အေးတဲ့ရုပ်ကလေးပေါ် လာပြီး ပျောက်သွားတာ၊ ပျောက်သွားတော့ သူက အရှေ့ကိုသွားတာလား၊ အနောက်ကို သွားတာလား၊ တောင်ကိုသွားတာလား၊ မြောက်ကို သွားတာလား၊ အထက် တက်သွားတာလား၊ အောက်ဆင်းသွားတာလား၊ ပြောလို့မဖြစ်ဘူး၊ မမြင်ရာအရပ်ပြန်သွား ရောက်သွားတာ၊ လာတော့လည်း မမြင်ရာ

အရပ်ကနေလာ၏၊ ပျောက်သွားတော့လည်း မမြင်ရာအရပ်ကို ပျောက်သွား၏။

အေးတယ်လို့ သိလိုက်တဲ့သိစိတ် နာမ်တရားကလည်း အရှေ့က လာတာလား၊ အနောက်ကလာတာလား၊ တောင်ကလာတာလား၊ မြောက်ကလာတာလား၊ အထက်က ကျလာတာလား၊ အောက်ကတက်လာတာလားလို့ ပြောလို့မဖြစ်ဘူး၊ မမြင်ရာ အရပ်ကနေရောက်လာပါသည်။

အေးတယ်လို့သိလိုက်တဲ့ သိစိတ်နာမ်တရားကလည်း ပျောက်သွားသောအခါသူက အရှေ့အရပ်ကိုသွားတာလား၊ အနောက်အရပ်ကိုသွားတာလား၊ တောင်အရပ်ကို သွားတာလား၊ မြောက်အရပ်ကို သွားတာလား၊ အထက်တက်သွားတာလား၊ အောက်ဆင်းသွားတာလားပြောလို့ မဖြစ်ဘူး၊ မမြင်ရာ အရပ်မှာ ပျောက်သွား၏။

ဒါကြောင့် ရုပ်နာမ်တွေဟာ မမြင်ရာအရပ်ကလာပြီး မမြင်ရာအရပ်ကိုပြန်သွား၏။

**"နာမရူပ၊ မှတ်ရပုံမှာ၊ ပေါ့သူမှာလွယ်၊ ခက်မယ်စူးစိုက်၊ စိတ်လိုက်မသိ၊ မထွက်ဘိဆို၊ စိတ်ကူးပိုကာ၊ ရုပ်နာမ်ပါခွဲ၊ ပေါ်ဆဲမှတ်စေ၊ ယားနေလျှင်မှတ်၊ ကုတ်ချင်တတ်၏၊ ပြောင်း လတ်ဘယ်ညာ၊ အမှတ်ပါစေ၊ ဝေဒနာပြင်း၊ သည်းခံရင်းသာ၊ ရှုမှတ်ပါဆို၊ အပိုလုပ်မှတ်၊ ရှောင်စေအပ်၏၊ မှတ်လိုက်ကောင်း ဆို၊ နှစ်မျိုးလုံးပင်၊ တွေ့မြင်အာရုံ၊ ညွတ်တိုင်းစုံ၏၊ မျိုးစုံဝေဒနာ၊ မှတ်ရာအာရုံ၊ တွဲစုံလာကပ်၊ အမှတ်တခြား၊ (ဖောင်တစ်ခြား)၊ သိတာတစ်ခြား ထင်ရှားစ" ယောဂီ။**

(မဟာစည်ဆရာတော် ဦးဇဋိလ ဆောင်ပုဒ်လင်္ကာ)

ရူပပရိဂ္ဂဟ နာပရိဂ္ဂဟကို ရင်ချိုင့်၌ စိတ်ကိုထားပြီး မှတ်နေသော်လည်း မှတ်ရတာပေါ့တော့တော့ဖြစ်နေခြင်း၊ စိတ်ကူးပိုခြင်း၊ ပေါ် သမျှကို ကြည့်နေရခြင်းတို့ဖြစ်သည်။ ယားတဲ့ ဝေဒနာပေါ် သော

အခါ ကုတ်ချင်တတ်ခြင်း၊ မှတ်တာကြာ၍ ပြောင်းထိုင်လိုလျှင် မိမိ ရောက်တဲ့သင်ခန်းစာ တရားအမှတ်နဲ့ ပြောင်းထိုင်ရမည်။

ဥပမာ။ ။ သိသည်သိသည် တရားအမှတ်နှင့် ပြောင်းထိုင်ရခြင်းတို့ ဖြစ်သည်။

တစ်ခါတစ်ရံ တရားမှတ်နေသောအခါ ဝေဒနာတွေ ပြင်းထန်စွာ တွေ့ရတတ်သည်။ ဝေဒနာတွေ့တဲ့အခါ "သည်းခံရင် နိဗ္ဗာန်ရောက်တယ်" သည်းခံပြီးတော့မှတ်ပါ။ ခဏခဏပြင်တဲ့ အပိုအလုပ်တွေကို ရှောင်ပါ။ တရားသည် တစ်ခါတစ်ရံ မှတ်ကောင်းသည်။ တစ်ခါတစ်ရံမှတ်၍ မကောင်းပါ။ ပေါ်သမျှတွေ့၊ မြင်သမျှအာရုံတွေကို မိမိစိတ်က ညွှတ်နေ၏။ သိနေ၏။ နံရံကို ရွှံ့ပေါက်ကလေးပစ်လိုက်သောအခါ ရွှံ့ပေါက်ကတခြား နံရံကတခြားဖြစ်သလို ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှကို လိုက်ကြည့်တော့ ပေါ်သမျှသည် ရုပ်တရားဖြစ်၏။ ပေါ်သမျှကို သိနေခြင်းသည် နာမ်တရားဖြစ်၏။

ဥပမာ။ ။ တရားမှတ်နေလျှင် အေးတဲ့သဘောကို ခန္ဓာကိုယ်အပေါ်ပိုင်းမှ ပေါ်လာ၏။ အေးတဲ့သဘောသည် ရုပ်တရားဖြစ်၏။ အေးတဲ့သဘောကို သိနေခြင်းသည် နာမ်တရားဖြစ်၏။

## စောင်းသံပမာ ရုပ်နာမ်နှစ်ပြား ဖြစ်ပျက်ဟန်

စောင်းကိုတီးရင် တီးအပ်သောစောင်းမှဖြစ်တဲ့ အသံဖြစ်ပေါ်သည်မှ ရှေး၌အစိုင်အခဲအပေါင်းအစုဟူသည်မရှိ၊ ဖြစ်ဆဲအသံသည်လည်း အစိုင်အခဲအပေါင်းအစုမှ လာသည်မဟုတ်။ ချုပ်ဆဲသောအသံ၏လည်း အရပ်ဆယ်မျက်နှာသို့ သွားခြင်းကပ်ခြင်း မည်သည်မရှိ၊ ချုပ်ပြီးသော အသံသည်လည်း တစ်စုံတစ်ခုသောအရပ်၌ ပေါင်းစုစုဝေးပြီးမတည်ဘူး။ အမှန်စင်စစ်မှာတော့ စောင်းသမားရဲ့အသံဖြစ်ခြင်းအား လျော်ကပ်သော စောင်းတီးခြင်း လုံ့လ၊ အသံတွေဟာ ရှေးကမရှိ၊ ယခုမှ ဖြစ်လာတာ၊ ဖြစ်ပြီး၍အရှည်မတည်၊ ရုတ်တရက်

ချက်ချင်း ချုပ်ပျောက်ပျက်စီးသွားကြသည်။

အဲဒီလိုပဲ ရုပ်နာမ်တရားတို့သည်လည်း ရှေးကမရှိ၊ ယခုမှ ဖြစ်လာပြီး အရှည်မတည်၊ ရုတ်တရက်ချက်ချင်း ချုပ်ပျောက်ပျက် စီးသွားကြသည်။ ဒါကြောင့်မြတ်စွာဘုရားက-

**အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာပိ နိရုဇ္ဈရေ၊**
**နိစ္စံ နဝါဝ သင်္ခါရာ၊ ဝိဏ္ဏာသဒ္ဒ သမူပမာ။**

သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။ အနုပ္ပန္နာ၊ စုဆောင်းသိမ်းဆည်းဖြစ်ပြီး မဟုတ်ကုန်ပဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ အကြောင်းကိုစွဲ၍ ရုတ်ခနဲဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာပိ၊ အကြောင်း အားလျော်စွာ ဖြစ်ပေါ်ကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ နိစ္စံနဝါဝ၊ ခဏမစဲ အမြဲဖြစ်လျက် အသစ် စက်စက်တို့သာတည်း။ ဝိဏ္ဏာသဒ္ဒသမူပမာ၊ စောင်းကြိုးစောင်းခွက် တီးမှုတ်ချက်ကြောင့် ပေါ်ထွက်ပျောက်ဟန် စောင်းသံနှင့် တူလေကုန်စွ တကား။

ဒါကြောင့်-

"ဧဝံ သဗ္ဗေပိ ရူပါရူပိနော ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တိ" လို့ ဟောတော်မူ၏။

ဧဝံ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံကုန်သော။ ရူပါရူပိနော၊ ရုပ်နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အဟုတွာ၊ ရှေးက မရှိကုန်၍။ သမ္ဘောန္တိ၊ ယခုမှဖြစ်ကြကုန်၏။ ဟုတွာ၊ ယခုမှ ဖြစ်ကုန် ပြီး၍။ ပဋိဝေန္တိ၊ အရှည်မတည် တဖြုတ်ဖြုတ်ချုပ်ပျောက် ကြကုန်၏။

## ပစ္စယပရိဂ္ဂဟ= အကြောင်းကိုသိမ်းဆည်းခြင်း

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ အတိတ် အကြောင်းတရား(၅)ပါးတို့ 'ပြုပြင်သည်၊ ပြုပြင်သည်' ဟု ပွား။

**အဝိဇ္ဇာ သင်္ခါရုဂ္ဂဟာဏောန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ။**

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဟု အတိတ် အကြောင်း တရားငါးပါးရှိ၏။ အဘိဓမ္မတ္ထသင်္ဂဟ။

**ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ စတ္တာရိရူပ သမုဋ္ဌာနာ နိနာမ။**

ရုပ်ဖြစ်ကြောင်းတရားလေးပါးတွင် ကံ, စိတ်, ဥတု, အာဟာရတို့ ပါဝင်၏။

ဤတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ အတိတ် အကြောင်းတရားငါးပါး 'ပြုပြင်သည်၊ ပြုပြင်သည်' ဟု ပွားရ၏။

**သော အာဒိတောဝ ဣတိ ပဋိသဉ္စိက္ခတိ၊ နတာဝိဒံ နာမရူပံ အဟေတုကံ သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ဧကသဒိသဘာဝ ပတ္တိတော၊ န ဣဿရာဒိ ဟေတုကံ၊ နာမရူပတော ဥဒ္ဓံ ဣဿရာဒီနံ အဘာ ဝတော။**

သော၊ ထိုယောဂီသည်။ အာဒိတောဝ၊ အစဦးသာလျှင်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ ဣဒံနာမရူပံ၊ ဤနာမ်ရုပ်သည်။ တာဝ၊ ရှေးဦးစွာ။ အဟေတုကံ၊ အကြောင်းမရှိ သည်။ န၊ မဟုတ်။ သဟေတုကမေဝ၊ အကြောင်းရှိသလျှင်ကတည်း။

ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၊ ဗဟိဒ္ဓသန္တာန်၌။ ဧကသဒိ သဘာဝပတ္တိတော၊ တစ်ခုတည်း ကဲ့သို့တည်သည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်လည်းကောင်း။ သဗ္ဗဒါစ၊ ခပ်သိမ်းသော အခါ၌ လည်း။ ဧကသဒိသဘာဝ ပပတ္တိတော၊ လည်းကောင်း။ သဗ္ဗေသဉ္စ၊ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားလည်း။ ဧကသဒိသဘာဝ ပတ္တိတော၊ လည်းကောင်း။ နာမရူပံ၊ နာမ်ရုပ်သည်(ထည့်)။

ဣသရာဒိဟေတုကံ၊ ဣသရနိမ္မာန ဝိသမ ဟေတု၊ စသော အကြောင်းရှိသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ နာမရူပတော၊ နာမ်ရုပ်မှ။ ဥဒ္ဓံ၊ အလွန်။ ဣသ ရာဒီနံ၊ ဣသရစသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

ထိုနာမ်ရုပ်နှစ်ပါးသည် အကြောင်းမရှိသည်မဟုတ်၊ အကြောင်း နှင့်တကွဖြစ်၏ဟူလိုသော်။ ၎င်းနာမ်ရုပ်နှစ်ပါး၏ အကြောင်းကား အဘယ်တရားတို့နည်းဟု စူးစမ်းလတ်သော် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရဟူသော ဟေတု အကြောင်း၊ ပစ္စယအကြောင်း၊ ပဋိစ္စ အကြောင်းအားဖြင့် အကြောင်းရင်းကြီးသုံးပါးကို မြင်လေ၏။ ထိုသုံးပါးတို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဤလေးပါးတို့ကား ဇနကဖြစ်၍ ဟေတုအကြောင်း မည်၏။ အာဟာရသည် ဥပထမ္ဘက ဖြစ်၍ ပစ္စယအကြောင်းမည်၏။

အစိတ်အားဖြင့်ကား ထိုဟေတုအကြောင်း လေးပါးတို့ တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သုံးပါးတို့သည် အမိနှင့် တူသည်ဖြစ်၍ ဥပနိဿယဟေတုအကြောင်းမည်၏၊ ကံသည် အဖနှင့်တူသည်ဖြစ်၍ ဇနကဟေတုအကြောင်းမည်၏။ ပစ္စယ အကြောင်း၌ အာဟာရသည် နို့ထိန်းနှင့် တူသည်ဖြစ် သန္ဓာရက ပစ္စယအကြောင်းမည်၏။

ဤကား ပဋိသန္ဓေအခါ ပစ်ချတတ်သော ကံကြောင့်ဖြစ်သော ရုပ်တို့၏ ဟေတုပစ္စယ အကြောင်းတို့တည်း။

ထိုရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟတို့၌ ယုံကြည်ပိုင်းခြား၍ သိမ်းဆည်းခဲ့သော ရုပ်နာမ်နှစ်ပါးတို့သည် အလိုအလျောက်ဖြစ်သည် လည်းမဟုတ်၊ ပြဟ္မာဝိဿနိုးစသော တန်ခိုးကြီးသောသူတို့ ဖန်ဆင်း၍ ဖြစ်သည်လည်းမဟုတ်၊ စင်စစ်မှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရတည်းဟူသော အကြောင်းတရားငါးပါးကြောင့် ဖြစ်သည်။

ဖြစ်ပုံမှာ- တခုခုသော ကုသိုလ်ကောင်းမှုကို အားထုတ်စဉ်မှာ ဖြစ်ရမည့် ဒုက္ခတရားတို့ကို မသိမမြင်ခြင်းကြောင့် မိမိတို့၏ ပတ္ထနာ

ဆန္ဒအတိုင်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဟူသော အကြောင်းတရား လေးပါးကြောင့် အမိဝမ်းတိုက်၌ ပဋိသန္ဓေနေရသည်။ ထို့နောက် အမိစားသောက်သော အစာအာဟာရ သည် ချက်ကြိုးမှလျှောက်၍ သားသန္ဓေကို အားပေးသဖြင့် ကြီးပွားလာသောကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရတည်းဟူသော အကြောင်းတရားငါးပါး ကြောင့် ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်လာရသည်။

ဤရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်လာခြင်း၏ အကြောင်းတို့ကို ပိုင်းခြားဝေဖန်၍ ဧကန်သိအောင် နှလုံးသွင်းလျက် သိမ်းဆည်းရန် ဆရာတော်ဘုရားကြီးက ပစ္စယပရိဂ္ဂဟကို ပေးလိုက်သည်။

(ဆဝသဿဒီပနီ၊စာ၁၈၀)

ကဗဠီကာရာဟာရဟုဆိုအပ်သော အာဟာရကြောင့် ဖြစ်သောရုပ်သည် အကြင်အခါ၌ အမိသည် စားသောက်အပ်သော အစာမှဖြစ်သော ဩဇာရုပ်ကို ပဋိသန္ဓေနေသောသူသည် ကျေးဇူးကို ခံနိုင်သဖြင့် အမိ၏ဝမ်းရေးနှင့်စပ်သော ချက်ကြိုးဖြင့် ယူနိုင်၏။ ထိုအခါကစ၍ သုဒ္ဓဋ္ဌကကလာပ်တစ်စည်း၊ တစ်စည်းအားဖြင့် တိုးပွား လတ်သော်(၅၁)စည်းသော ကလာပ်တို့အားဖြင့် ဆောင်၍ စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်သော စိတ်နှင့် ဥပါဒ်ပြိုင်၍ ချုပ်ရှာလေ၏။

ဤစကား၌ ချက်ကြိုးဖြင့်ယူနိုင်၏ ဟူရာဝယ် -

**"ဗကောဿဝါ ဒွိန္နံဝါ သတ္တာဟာနံ ဂတကာလေ ပတိဋ္ဌာတိ"**

ဟူသောဝိဘင်း (အဘိ၅-၂-၂၃)ကို ထောက်၍ နှစ်သတ္တာဟ၊ သုံးသတ္တာဟသို့ ရောက်မှယူနိုင်၏။

(ယောဂိပါရဂူ စာ-၁၆၉)

**"အကြောင်းငါးတန် ရှိရိုးမှန် သူတို့ဉာဏ်ကြီးပဲ၊**
**ဘဝသံသရာ ရှည်ရတာ သူတို့ဉာဏ်ကြီးပဲ၊**
**ခရီးကရှည် အရှုံးတွေ စားရေးကသိုး အဖော်ကဆိုး။"**

ဘဝသံသရာတစ်လျှောက်လုံး ကျင်လည်ရတာ ဘယ်သူကြောင့်လဲလို့ လက်သည်တရားခံရှာလိုက်တော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ ဒီအတိတ်အကြောင်း ငါးပါးကို သွားတွေ့၏။

* **အိပ်မပျော်သောသူအတွက် တစ်ညတာခရီးဟာ ရှည်လျားသည်၊**
* **ခရီးပင်ပန်းသောသူအတွက် တစ်ယူဇနာခရီးဟာရှည်လျားသည်၊**
* **တရားအားမထုတ်တဲ့လူမိုက်အတွက် သံသရာခရီးဟာ ရှည်လျားသည်၊**

လို့ ဓမ္မပဒမှာ ဟောကြားထား၏။

"ပုထုဇ္ဇနော ဥမ္မတ္တကော" အရ ပုထုဇဉ်ဟာ အရူးပဲ၊ သတ္တဝါတွေ စားဝတ်နေရေးအတွက် ဒါန၊ သီလ၊ ဘာဝနာက ဖြေရှင်းပေး၏။

တစ်ခါတစ်ရံ ဒါန၊ သီလ၊ ဘာဝနာမလုပ်ဖြစ်ရင် စားရေးက သိုးသွားတယ်၊ စားဝတ်နေရေး အဆင်မပြေဘူး၊ ဟင်းများ၊ ထမင်းများသိုးသွားလျှင် စားမရတော့သလို ဒါန၊ သီလ၊ ဘာဝနာ မလုပ်ဖြစ်ရင် စားဝတ်နေရေးခက်ခဲသည်။

သတ္တဝါတွေကို ရောက်ရာဘဝ ပျော်အောင်၊ စိတ်ညစ်အောင် လုပ်တာ ဘယ်သူလဲလို့ တရားခံရှာတော့ တဏှာကိုသွားတွေ့၏၊ ဒီတဏှာအဖော်ဟာ "ဦနော လောကော အတိတ္တော တဏှာဒါသော" ဘယ်လောက်ပင် ကိုယ်လိုချင်တာရရ၊ ရောင့်ရဲတယ်လို့မရှိဘူး၊ တင်းတိမ်တယ်လို့မရှိဘူး၊ တဏှာခိုင်းသမျှ လုပ်နေရတာပဲ။

"ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်" အရ ဤကမ္ဘာမှာ တဏှာကအုပ်ချုပ် ဘုရင်လုပ်နေ၏၊ ဘယ်သတ္တဝါ မဆို တဏှာခိုင်းသမျှ လုပ်နေရတာပဲ၊ ဒါကြောင့် ဒီတဏှာသည် အင်မတန် ဆိုးဝါး၏။

**ပစ္စယတွင်၊ အာရုံထင်လာ၊ ဝေဒနာကို၊ သေချာမှတ်ပေး၊ မပျောက်သေးခင်၊ သစ်ပေါ်ချင်တတ်၊ လိုက်မှတ်မကုန်၊ မှတ်ကောင်းကြုံ၍၊ တင်တုံ့ကျေးရှုး၊ မှတ်နိုင်းဦးလေ၊ အမှတ်တွေသွက် (ဖောင်းပိန်တွေသွက်)၊ မြန်ပျောက်ပျက်က၊ ထိုင်ဘက်နှင့်ထိ၊ ဖြန့်မှတ်ကြည့်ဆို၊ အဆန်းကိုတ၊ မတွေ့ရသူ၊ ငြီးငွေ့မှုလျှင်၊**

**အတူတူပြော၊ မှတ်သောအခါ၊ သိက္ခာသုံးပင်၊ ပြည့်စုံမြင်စေ၊ ကြက်သီးတွေထ၊ ပီတိဇပင်၊ မီးသွင်ပြိုးပြက်၊ မြင်လျက်စိတ်ဦး၊ အသိထူးလာ၊ ကြောင်းကျိုးပါ၊ သိကာနေတတ်၏။**

(မဟာစည်ဆရာတော်ဦးဇဋိလဆောင်ပုဒ်လင်္ကာ)

ပစ္စယပရိဂ္ဂဟကို မှတ်နေသောအခါ ခန္ဓာကိုယ်ပေါ်မှ ဝေဒနာတို့သည် ဘာကြောင့်နာသနည်းဟု သေချာကြည့်သော်လည်း အရင်နာတာမှ မပျောက်သေးခင် နောက်ထပ်အသစ် ဝေဒနာတို့သည် ပေါ်လာတတ်၏။ လိုက်၍ကြည့်သော်လည်း မကုန်နိုင်ဘူး။ ပေါ်သမျှသည် အပျောက်မြန်အပျက်မြန်၏။ တရားမှတ်နေရင်းနဲ့ ညာဘက်လက်ပြင်ကြောနာလျှင် ညာဘက်လက်ပြင်ကြောသာ နာသလား။ ဘယ်ဘက်လက် လက်ပြင်ကြောကော ဘယ်လိုနေသေးတုံး နောက်ကြောတွေကော ဘယ်လိုနေသေးတုံးဆိုပြီး "တစ်ကိုယ်လုံးတုံ ထက်အောက်စုံ အကုန်ဖြန့်ကြည့်ပါ။" အရ ခန္ဓာကိုယ်တစ်ကိုယ်လုံး ဖြန့်ကြည့်ပါ။ ဘယ်မှ မတွေ့မှ ရင်ချိုင့်ပြန်လာပြီး ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆက်ပွားရမည်။

တရားမှတ်နေခြင်းသည် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟုဆိုအပ်သော သိက္ခာသုံးပါးနှင့် ပြည့်စုံ၏။ ကြက်သီးမွေးညှင်းများ ထနေခြင်းသည် ပီတိ၏ သဘောပင်ဖြစ်၏။ တရားမှတ်နေရင်းပေါ်သမျှသည် အကြောင်းတရား ဖြစ်၏။ ပေါ်သမျှကို သိနေခြင်းသည် အကျိုးတရားဖြစ်၏။

ဥပမာ။ ။တရားမှတ်နေလျှင် မိမိရှေ့မှာ မိမိခန္ဓာကိုယ် တစ်ကိုယ်ပေါ်လာ၏။ အဲ့ဒီခန္ဓာကိုယ်သည် အကြောင်းတရားဖြစ်၏။ မိမိရှေ့မှာ မိမိခန္ဓာကိုယ်ပေါ်နေပါလားလို့ သိနေခြင်းသည် အကျိုးတရားဖြစ်၏။

ဒီပစ္စယပရိဂ္ဂဟဉာဏ်ကို ရှုရင်းနဲ့ တစ်ခါတစ်ရံ အတိတ်ဘဝတွေလည်း ပေါ်တတ်သည်၊ တစ်ခါတစ်ရံ ရှေ့နာမပရိဂ္ဂဟတွင်၊ တစ်ခါတစ်ရံ နောက်အဒ္ဓါနပရိဂ္ဂဟစသည်တွင် အတိတ်ဘဝတွေ

ပေါ်တတ်သည်။

ဥပမာ။ ။ တရားအားထုတ်နေရင်းနဲ့ လူ့ဘဝတွေ့တယ် ဆိုပါစို့၊ လူ့ဘဝမဖြစ်ခင်က ဘယ်ဘဝဖြစ်သလဲဆိုတာ သေချာညွှတ်ကြည့်ပါ။ တွေ့ပါလိမ့်မယ်၊ သိပါလိမ့်မယ်၊ မြေဇင်းတောရဆရာတော် ဘုရားကြီးကတော့ မကြည့်ခိုင်းပါဘူး၊ သံဝေဂဉာဏ် ဖြစ်ပွားအောင် ကြည့်ရင် ကောင်းပါသည်။

ဒီနေရာမှာ တောင်ကြီးမြို့က ယောဂီမတစ်ဦးရဲ့အမြင်ကို သာဓကအနေနဲ့ ပြောပြချင်ပါသည်။ တရားစခန်းသိမ်းပွဲတုန်းက သူကိုယ်တိုင် တင်ပြလျှောက်ထားချက်ပါ။

## အတိတ်ဘဝများစွာနဲ့ တောင်ကြီးမြို့က မယော်ယော်ဆွေး

ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော် ဘုရားကြီးနှင့် ဟောဖော်ညွှန်ပြ သွန်သင်ဆုံးမပေးခဲ့ တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ကမ္ဘဋ္ဌာနာစရိယ ဆရာတော်ဦးကေလာသအား အမှူးထား၍ ရဟန်း၊ ယောဂီ၊ လူယောဂီနှင့် ကြွရောက်လာကြသော ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့ ဘုရား။

ဘုရားတပည့်တော် တတိယအကြိမ် ရက်(၆၀)တရားစခန်း သိမ်းပွဲ၌ ဝိပဿနာပိုင်းဆိုင်ရာကို လျှောက်ထားခွင့်ပြုတော်မူပါဘုရား။

ရက်(၃၀)သမထ ထူထောင်ခဲ့သော အကျိုးတရားတွေကြောင့် ဝိပဿနာပိုင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ ဆိုတဲ့ အတိတ်ကပြုလုပ်ခဲ့တဲ့ အကြောင်းတရားတွေကြောင့် အခုပစ္စုပ္ပန်မှာ နေရတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ ဖြစ်စဉ်တွေကို ကိုယ်ရှေ့တီဗွီ မှာကြည့်ရသလို ထွက်လေ၊ ဝင်လေကို သတိကလေးနဲ့ စောင့်ကြည့်နေရုံကလေးနဲ့ အထူးအားမစိုက်ရဘဲ လွယ်လင့်တကူ မြင်ခဲ့ရပါတယ်ဘုရား။

သမထထူထောင်ခဲ့တဲ့ အကျိုးတရားတွေဟာ ဝိပဿနာအစပိုင်း ရှုမှတ်လိုက်ကတည်းက ခန္ဓာအတွင်းပိုင်း ကလီစာတွေကို အတွဲလိုက်

တွေ့ခဲ့ရပါတယ်ဘုရား။ ဗိုက်ထဲမှာရှိနေတဲ့ အနေအထားပါမကျန် တွေ့ခဲ့ရပါတယ်ဘုရား။

လည်ပင်းကနေ အောက်အထိဖောက်ပြီး အပေါ်စီးကနေ ဗိုက်ထဲက ကလီစာတွေကို လှမ်းမြင်ရပါတယ်ဘုရား၊ ရှုထောင့်အစုံကနေ တပည့်တော်ရဲ့ အတွင်းပိုင်း ရုပ်တရားကြီးကို ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်းကြီးကို မြင်ခဲ့ရပါတယ် ဘုရား။

နောက်ရက်တွေမှာလည်း ဝမ်းတွင်းအတွင်းပိုင်းနံရံတွေမှာ အရိအခွဲတွေနဲ့ မညီမညာ တည်ရှိနေပုံကိုလည်း မြင်တွေ့ခဲ့ရပါတယ် ဘုရား။

သွေးကြောတွေယှက်ဖြာနေတဲ့ ဦးနှောက်ကိုလည်း မြင်ခဲ့ရပါတယ် ဘုရား။ ဘာမှမက်မောတွယ်တာစရာ မရှိတဲ့အပြင် ရွံမုန်းစရာ ကောင်းပြီး နောက်ထပ်ခန္ဓာကိုယ်အသစ် မလိုချင်တော့တဲ့ အသိတွေ ဖြစ်မိပါတယ်ဘုရား။

'ငါပဲ' လို့ ဘယ်လိုမှ တွေးလို့မရအောင် ရုပ်တရားနာမ်တရား သက်သက်ကြီး၊ ရုပ်ကလာပ်စည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်ခန္ဓာကြီးပဲ ဆိုတဲ့ အသိဉာဏ်ရခဲ့ပါတယ် ဘုရား။

ဝမ်းတွင်းပိုင်းတွေက ရွံမုန်းစရာကောင်းသလို၊ လှပါတယ်လို့ ထင်နေတဲ့ အပေါ်ယံအရေပြားရဲ့ အပေါ်ကအပေါက် တစ်ပေါက်စီမှာ မွေးညှင်းတစ်ပင်စီကို မှန်ဘီလူးနဲ့ပြသလို ထင်ထင်ရှားရှားကြီးကိုလည်း မြင်ခဲ့ရပါတယ် ဘုရား။

အဲဒါကို မြင်ပြန်တော့လည်း လိုချင်စရာ၊ နှစ်သက်စရာဆိုလို့ အပ်ပေါက်တစ်နေရာ ချစရာတောင် မရှိတော့ပါဘုရား။

အပေါ်ယံ အရေပြားတွေ မီးရှို့သလို ကြည့်တိုင်းကြည့်တိုင်း တွန့်တက်သွားပြီး အရေပြားအောက်က အသားပေါ်မှာ ကပ်နေတဲ့ သွေးကြောတွေကိုလည်း တွေ့ခဲ့ရပါတယ်ဘုရား။ ဖြစ်ပျက်မနား ရုပ်နာမ်တရားတွေဆိုတာ ဒါပါလားဆိုပြီး ငြီးငွေ့ရွံမုန်းမိပါတယ်ဘုရား။

အရေပြားကနေစပြီး အသားတလွှာချင်းစီ ကွာကျပြီး နောက်ဆုံး အရိုးစုပဲကျန်တာကိုလည်း တွေ့ခဲ့ရပါတယ် ဘုရား။

ခန္ဓာကိုယ်အတွင်းပိုင်းထဲကနေ ဗုံးပေါက်ကွဲသလိုမျိုး ပေါက်ကွဲထွက်ပြီး ခန္ဓာအပြင်က အသားတွေစုတ်ပြတ်ပြီး ဖွာလန်ကျဲနေတာကိုလည်း တွေ့ခဲ့ရပါတယ် ဘုရား။

ပိုးလောက်တွေ အပြည့်တွယ်နေတဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီးကိုလည်း ပြန်တွေ့ခဲ့ရပါတယ်ဘုရား။ ကိုယ့်အသုဘ ကိုယ်ရှုရသလိုမျိုး ပါပဲဘုရား။

ခန္ဓာကိုယ်ကြီးဟာ ကြည့်တိုင်းကြည့်တိုင်း ရှုတိုင်းရှုတိုင်း ဘာမှ မက်မောစရာမရှိတဲ့အပြင် ရုပ်တရားရယ်၊ သိသိနေတဲ့နာမ်တရားရယ် နှစ်မျိုးပဲရှိပါလားဆိုတာ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့သိခဲ့ရပါတယ်ဘုရား။

သမထဝိပဿနာရှုပွားခြင်းရဲ့ အကျိုးကျေးဇူးကြောင့် ထပ်ပြီး သံသရာလည်ရမှာ ကြောက်စေတဲ့ သံဝေဂတရားတွေ အများကြီးရစေတဲ့ အတိတ်ဘဝကို ပြန်မြင်တွေ့ခဲ့ရပါတယ် ဘုရား။

တပည့်တော်ဟာ အတိတ်က မိန်းမဘဝနှစ်ဘဝ ဖြစ်ခဲ့တာ မြင်ပါတယ်ဘုရား၊ မိန်းမတစ်ဘဝက သီလရှင်ဆရာလေးပါ ဘုရား၊ မိန်းမတစ်ဘဝက အဲဒီမှာပဲ သစ်ပင်အကြီးကြီးတစ်ပင် ပိလို့သေပြီး၊ နောက်ထပ်တစ္ဆေ(ပြိတ္တာ)ဘဝကို ပြန်မြင်ခဲ့ရပါတယ် ဘုရား။

'ဝက်ဘဝက တစ်ဘဝ'

'ဝက်ဝံဘဝက တစ်ဘဝ' မြင်ခဲ့ရပါတယ်ဘုရား။

ရေထဲကငါးဘဝကတော့ မရေမတွက်နိုင်အောင်ကို တအံ့တသြ မြင်ခဲ့ရပါတယ် ဘုရား။

အတိတ်ဘဝကို မြင်ပြီးတော့ နောက်ထပ်ထပ်ပြီး သံသရာလည်ရမှာ၊ ခန္ဓာတွေ ထပ်ပြီးဖြစ်ရမှာ ပိုပြီးတော့ ကြောက်မိပါတယ်ဘုရား။

ဘဝသံသရာအဆက်ဆက် မရေမတွက်နိုင်ဖြစ်ခဲ့၊ ခံစားခဲ့ရတာ

တွေဟာ မဆုံးနိုင်မှန်း ကိုယ်တွေ့သိမြင်ခဲ့ရပါတယ် ဘုရား။

အချို့ဟာတွေကတော့ စကားနဲ့ပြန်ပြောပြဖို့ ခက်ခဲလှပါတယ်၊ ကိုယ်တိုင်ကိုယ်ကျ တရားထိုင်ပြီးမှ သိနိုင်ပါတယ်ဘုရား။

အခုလိုလက်ရှိခန္ဓာကိုလည်း မမက်မောတော့ပဲ ငြီးငွေ့မှုတွေ၊ သံသရာထပ်ပြီးလည်ရမှာ ကြောက်တဲ့အသိတရားတွေ ရလာတာဟာ သမထဝိပဿနာ ရှုပွားမှုရဲ့ အကျိုးကျေးဇူးရလဒ်တွေပဲ ဖြစ်ပါတယ် ဘုရား။

တပည့်တော်တို့တတွေ လိုချင်တဲ့နိဗ္ဗာန်ဟာ တကယ်တော့ မဝေးပါဘူး၊ သို့သော် ဆုတောင်းနေရုံကလေးနဲ့လည်း ဘယ်တော့မှ မရောက်နိုင်ပါဘူးဘုရား။

လူတိုင်းခန္ဓာရထားတဲ့အတွက် လူတိုင်းနိဗ္ဗာန်လမ်းညွှန် မြေပုံရထားပြီးသားတွေ ဖြစ်ပါတယ်ဘုရား၊ ကိုယ်ရထားတဲ့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်မှုကိုသာ တကယ့်အရှိနဲ့အသိ ကိုက်နေအောင် သတိကပ်ပြီး ရှုမှတ်ပွားများသွားကြဖို့ပဲ လိုပါတော့တယ် ဘုရား။

ဖြစ်ပျက်မှုကို မြင်အောင်ရှုပြီး ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက်ဆုံးပြီး မြတ်နိဗ္ဗာန်ကို အရောက်လှမ်းနိုင်ကြပါစေ---။

ကံကောင်းထောက်မ ရလာတဲ့ဘဝမှာ ဝိပဿနာဉာဏ် အမြင်ဖြင့် ရှုမှတ်ပွားများရင်း ဘဝတန်ဖိုးရှိအောင် အားထုတ်နိုင်ကြပါ စေလို့ ဆုမွန်ကောင်း တောင်းရင်း ဘုရားတပည့်တော်၏ ကုသိုလ် အဖို့ကို မျှဝေမှုပြုပါတယ်ဘုရား။

ငယ်ငယ်ထွေး (B.sc)၊ ၂၈-နှစ်
ည/၃၈၆၊ မင်းလမ်း၊
ညောင်ပင်သာရပ်ကွက်၊
တောင်ကြီးမြို့။

# အဒ္ဓါနပရိဂ္ဂဟ = အခွန့်ကိုသိမ်းဆည်းခြင်း

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ အတိတ် အကြောင်းတရားငါးပါးသည် ပြုပြင်၍ဖြစ်ဆဲ၊ ပြုပြင်၍ဖြစ်ဆဲဟု ပွားပါ။

ဤအကြောင်းငါးပါး၊ အကြောင်းသုံးပါးတို့နှင့်တကွ ဖြစ်စေအပ်သော ရုပ်နာမ်နှစ်ပါးသည် ယခုအခါပစ္စုပ္ပန်ဘဝ ဤခဏ၌ ဖြစ်သကဲ့သို့ ရှေးရှေးသော အတိတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်ခဲ့ဖူးလေပြီ။ နောင်လာလတ္တံ့ အနာဂတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူဖြစ်လတ္တံ့ ဟူ၍ ပိုင်းဖြတ်ယုံကြည်စွာ နှလုံးထား၍ အတိတ်ကာလ၊ အနာဂတ်ကာလနှစ်ပါးကို ပစ္စုပန်ကာလ၌ ပေါင်း၍ "ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဖြစ်ဆဲဖြစ်ဆဲ" ဟု အခွန့်ကို သိမ်းဆည်းအပ်၏။

အဝိဇ္ဇာသည် ရှေးရှေးသော အမှတ်မဲ့ တစ်ခုခုသောဘဝ၌ ကာမ၊ ရူပ၊ အရူပတို့ကို မတပ်မက်အပ်သော တရားစုဖြစ်ပါလျက်နှင့် ဒါန၊ သီလ၊ ဘာဝနာတို့ကိုပြုပြီး မစားအပ်သောအဆိပ်ကို စားအပ်၏ ဟု ထင်မှားသော ယောကျ်ားမိုက်ကဲ့သို့ နောက်နောင်ဖြစ်လတ္တံ့သော လူ၊ နတ်၊ ဗြဟ္မာတို့၏ သန္တာန်၌ ကေန်ကပ်ငြိသော ဇာတိ၊ ဇရာ၊ မရဏစသော ဘေးကြီးတို့ကို မှန်ကန်စွာ ယုံကြည်ပိုင်းဖြတ်၍ မသိတတ်သော တရားသည် အဝိဇ္ဇာမည်၏။

ထိုထိုလူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ရအပ်သောရုပ်တရားတို့ကို ငါသည်ရပါမူ ဩော်ကောင်းလေစွ၊ ကောင်းလေစွနှလုံးပြု၍ ဒါန၊ သီလ၊ ဘာဝနာတို့ကိုပြုပြီး သင်မုန်းသွား၌ ထားအပ်သော ပျားရည်ကိုလျက်လိုသော သူမိုက်ကဲ့သို့၊ နောက်နောင်၌ဖြစ်လတ္တံ့သော လူ၊ နတ်၊ ဗြဟ္မာတို့၏ သန္တာန်၌ ကေန်ကပ်ငြိသော ဇာတိ၊ ဇာရာ၊ မရဏဘေးကြီးတို့ကို မှန်ကန် စွာမသိဘဲ အာသာငင်ငင် တပ်မက်ခြင်းသည် တဏှာမည်၏။

အဆက်ဆက်တပ်မက်ခြင်းသည် ဥပါဒါန်မည်၏။

ထိုထိုလူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ရအပ်သောရုပ်တရားတို့ကို ငါသည် ရပါမူ သြော်ကောင်းလေစွ၊ ကောင်းလေစွ နှလုံးပြု၍၊ ၎င်းကုသိုလ်တို့၏ အကျိုးအားဖြင့် လူ၊ နတ်တို့၏ သမ္ပတ္တိကို ရရစေသတည်းဟု မိမိ၏ စေတနာဖြစ်စေခြင်း၊ ကာမဂုဏ်၏ အရသာကိုခံစားလိုသော ယောက်ျားမိုက်သည် ဘီလူးမတို့ လှည့်ပတ်အပ်သော ရူပါရုံ၌ အာသာငင်ငင်တပ်မက်ခြင်း၊ မငြင်းမဆန် သူနိုင်ငံ၌ အစားခံလိုက်ရသကဲ့သို့ ဇာတိ - ဇရာ - မရဏ၏ အာရုံ၌ အာသာငင်ငင်တပ်မက်ခြင်းသည် ကံမည်၏။

ထိုထိုလူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ရအပ်သောရုပ်တရားတို့ကိုရပါမူ သြော်ကောင်းလေစွ၊ ကောင်းလေစွနှလုံးပြု၍ ဒါန၊ သီလ၊ ဘာဝနာတို့ကိုပြုပြီး၍ လာလတ္တံ့သောဘေးကြီးတို့ကို မကြည့်မရှု မိမိရရအားကျပါးကျ အစာကိုမက်သောငှက်ခါးသည် အစာကိုသာမြင်၍ ညောင်စေ့ကျော့ကွင်းဘေးကို မမြင်သကဲ့သို့ အာသဝနှင့်တကွ အားထုတ်ဆောင်ရွက်တတ်သော တရားသည် အာဟာရမည်၏။ (ဘာဝနာပါရဂူမှ)

**တေဘုမ္မကံ၊ ဝဋ်သုံးတန်၌၊ ဒုက္ခသစ္စာ၊ ဖြစ်ကြောင်းရှာသော်၊ တဏှာသမုဒယ၊ သူ့ကြောင့်ပြခဲ့၊ ဒုက္ခဘုံတွေ့၊ ကြုံပလေ့တည်း၊ နန်းမြေရိပ်စံ၊ ရွှေနိဗ္ဗာန်ကား၊ စကြန်သုခ၊ ချမ်းသာလှတဲ့၊ နန်းမခေမာ၊ ရောက်ကြောင်းရှာသော်၊ ရှစ်ဖြာမဂ္ဂင်၊ ဒုန်းပြန်နင်း၍၊ မဂ်လျှင်အမတာ၊ မြတ်ခွင်သာသို့၊ ကပ်ခါအေးကြုံ၊ ဘေးတွေကုန်သည်၊ တေဘုမ္မက၊ လွတ်စေသော်။**

မှတ်ချက်။ ။ရူပပရိဂ္ဂဟ-နာမပရိဂ္ဂဟ-ပစ္စယပရိဂ္ဂဟ-အဒ္ဓါန ပရိဂ္ဂဟ ဤလေးပါးကို ပုဗ္ဗကိစ္စဟုခေါ်သည်။

# ဉာဏ်စဉ်များ

## ဉာဏ်စဉ်နှင့်ပတ်သက်၍

ဝိသာခါဒါယိကာမကြီး၊ သံကိစ္စ-သောပါကသာမဏေတို့သည် ခုနစ်နှစ်အရွယ်က အရိယာဖြစ်ကြသည်။ ဤအရွယ်ကလေးတွင် အဘယ်မှာ ဉာဏ်စဉ်ဆယ်ပါး လိုက်သိနေမည်နည်း။ မသိပါသော်လည်း စိတ်အစဉ်ဖြစ်ပြီး မဂ်စိတ်ဖိုလ်စိတ်တွေ ဖြစ်သွားသည် မဟုတ်ပါလော။ ထို့ကြောင့် မဂ်စိတ်ဖိုလ်စိတ် ခေါ်တဲ့ လောကုတ္တရာ စိတ်ဖြစ်ဖို့ကသာ အဓိကလိုရင်း အရေးကြီးဆုံးမှတ်ကြ တပည့်တို့၊ ဉာဏ်ဆယ်ပါးရထားလျှင် ဘယ်ဉာဏ်ရောက်ပြီဟု မှန်းပြီးသိရ၏။

သို့ပါသော်လည်း ဥဒယဗ္ဗယဉာဏ်နှင့် ဘင်ဉာဏ်သာလျှင် သေချာစွာသိနိုင်သည်၊ အထက်သင်္ခါရုပေက္ခာဉာဏ်များ သိဖို့ရန် အလွန်ခဲယဉ်းသည်။ ဖြစ်ဖူးသူများမှာ ဂေါတြဘူဉာဏ်၊ အနုလောမဉာဏ် တို့ကို သိနိုင်သည်။ ဂေါတြဘူဉာဏ်ဟု အမည်မသိသူများလည်း သူ့သဘာဝအတိုင်း ဖြစ်သွား၏။

ဉာဏ်စဉ်ဆိုတာ သမာဓိ အချိန်ဒီဂရီနှင့် ဝိပဿနာရင့်ကျက် သောအခါ အလိုလို တိုး၍တက်၍ ဖြစ်သွားပါလိမ့်မည်၊ အားထုတ်သူက အမည်မသိပေမယ့် ဉာဏ်စဉ်တွေ ရှုမိလျက်သားဖြစ်ပါလိမ့်မည်၊ မရောက်ဖူးသောဒေသ သွားတဲ့အခါ လမ်းကရွာတွေကို တွေ့ပေမယ့် အမည်ကို မသိသကဲ့သို့ မှတ်လေ။

(ယောဂီပါရဂူကျင့်စဉ်ကျမ်း၊ စာ-၁၀၇)

## ဉာဏ်စဉ် ၁၀–ပါး

၁။ သမ္မသနဉာဏ်၊
၂။ ဥဒယဗ္ဗယဉာဏ်၊
၃။ ဘင်ဉာဏ်၊
၄။ ဘယဉာဏ်၊
၅။ အာဒီနဝဉာဏ်၊
၆။ နိဗ္ဗိဒါဉာဏ်၊

၇။ မုဉ္စိတုကမျတာဉာဏ်၊ ၈။ ပဋိသင်္ခါဉာဏ်၊
၉။ သင်္ခါရုပေက္ခာဉာဏ်၊ ၁၀။ အနုလောမဉာဏ်၊

## ၁။ သမ္မသနဉာဏ်ပွားပုံ

**အနိစ္စရှုပွားနည်း**

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ အတိတ်အကြောင်း တရားငါးပါး ပြုပြင်၍ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလို ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် အမြဲမရှိ အနိစ္စ-အနိစ္စ-အနိစ္စ ဟုပွားပါ။

(ဤသို့ရှုခြင်းဖြင့် လက္ခဏာယဉ်သုံးပါးလုံးပြီး၏။)

**ဒုက္ခရှုနည်း**

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-အာဟာရအတိတ် အကြောင်းတရား ငါးပါးပြုပြင်၍ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလို ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်၍နေသော ကြောင့် အလွန်တရာမှ ဆင်းရဲလှပါတကား။

ဒုက္ခ - ဒုက္ခ - ဒုက္ခ။

**အနတ္တလက္ခဏာရှုပွားနည်း**

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-အာဟာရအတိတ် အကြောင်းတရား ငါးပါးပြုပြင်၍ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလို ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် အနှစ်သာရမရှိ၊ အလိုသို့မလိုက်၊ အစိုးမရ၊ ကိုယ်မဟုတ်။

အနတ္တ - အနတ္တ - အနတ္တ။

### လက္ခဏာယာဉ်သုံးပါး သမ္မသနဉာဏ်

တေဘူမကေ သင်္ခါရေသု၊ ပဉ္စတော လက္ခဏတ္တယံ၊
သမ္မသနနာမံဉာဏံ၊ ဇာတံ ပဌမယောဂိနော။

တေဘူမကသင်္ခါရေသု၊ ကာမ-ရူပ-အရူပတွင်ပါဝင်သမျှ သင်္ခါရတို့၌၊ လက္ခဏတ္တယံ၊ မမြဲနိုင်လစ် ကြောက်မက်ဖွယ်အဖြစ်နှင့် အနှစ်မဲ့သား လက္ခဏာယာဉ်သုံးပါးကို။ ပဿတော၊ နည်းအဖုံဖုံ ကုန်အောင်စုံမျှ တလုံးလဲလဲ စွဲမြဲထင်အောင် ဆင်ခြင် ကြည့်ရှုသော။ ပထမယောဂိနော၊ ပထမလျှင် အစထွင်၍ အစဉ်ကြိုးကုပ်အားထုတ်သောပုဂ္ဂိုလ်၏။ သမ္မသန နာမံဉာဏံ-သမ္မသန အမည်ရလျက် သင်္ခါရတွင်း ဉာဏ်အလင်းသည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာလေသတည်း။

**သမ္မသန၊ မှတ်ရတမျိုး၊ တိုး၍ကောင်းတတ်၊ မှတ်သောခါဝယ်၊ ပေါ်တာတွေကို (ဖောင်းပိန်တယ်ကို)၊ စလယ်အဆုံး၊ သုံးပါးလုံးပင်၊ ရိပ်ရိပ်မြင်လာ၊ ဆတ်ခါထစ်ထစ်၊ သုံးလေးဖြစ်၏၊ ပေါ်သစ်အာရုံ၊ အဖုံဖုံပျောက်၊ အကောင်းရောက်က၊ လောဘတကြီး၊ အားထုတ်နည်းကြောင့်၊ ပျင်းပြီးလာလို၊ ဟာကျဲဆိုလတ်၊ မှတ်စေအပ်၏၊ စိတ်ဓာတ် ထွက်များ၊ တရားသာပင်၊ မှတ်ဖို့သင်ရာ၊ ယိမ်းယိုင်ကာလေး၊ တင်းကြပ် အေးစူး၊ ဖြစ်ထူးကိုယ်လုံး၊ ထင်ဆုံးဝေဒနာ၊ စိတ်ပါပါမှတ်၊ ယမ်းတတ် ခေါင်းခြေ၊ လက်ခြေမျက်နှာ၊ ဖူးပေါက်တာထင်၊ မှတ်ပျောက်ပင်တည်း၊ ရိုးလျှင်ပျင်းတတ်၊ မှတ်သည့်အခါ၊ သိတာချင်းတူ၊ ပျောက်အနိစ္စ၊ ဒုက္ခအနတ္တာ၊ ရှင်းပြရာ၏၊ ကွေးတာနှင့်ဆန့်၊ လေးငါးခန့်မြင်၊ စကြံ်ထို့တူ၊ အချုပ်မူကား၊ ရှုသူစိတ်ထဲ၊ မမြဲအနိစ္စ၊ ဒုက္ခ အနတ္တာ၊ ထင်မြင် လာ၏။**

(မဟာစည်ဆရာတော် ဦးဇဋိလ ဆောင်ပုဒ်လင်္ကာ)

သမ္မသနဉာဏ်ကိုမှတ်နေသောအခါ ခန္ဓာကိုယ်ပေါ်ရှိ ပေါ်သမျှကို ကိုယ့်နိမိတ်က ထိုးပြတဲ့နေရာကို အစ, အလယ်, အဆုံး သုံးပါးလုံးမြင်ရ၏။ (ဥပါဒ်၊ ဌီ၊ ဘင်သုံးပါးလုံးမြင်ရ၏) ဥပမာ။ ။ တရားမှတ်နေရင်းနဲ့ ရင်ချိုင့်သည် စ၍နာလာ၏။ (ဥပါဒ်) ရင်ချိုင့် နာတာကို စိုက်ကြည့်နေသောအခါ ရင်ချိုင့်သည် ပြိုကွဲသွား၏။ (ဌီ)

ပြိုကွဲသွား၍ အစိတ်စိတ်အမွှာမွှာ တဖွဲဖွဲ တသဲသဲ ပျက်စီးသွား၏။ (ဘင်) ခန္ဓာကိုယ်ပေါ်မှ ပေါ်သမျှတို့သည် အဖုံဖုံပျောက်သွား၏။ မှတ်ကောင်း၍ လောဘကြီး အားထုတ်ခြင်းကြောင့် ပျင်းလာ၏။ မှတ်ရတာ ဟာတာတာ ကျဲတဲတဲ ဖြစ်လာ၏။ စိတ်သည် အပြင်ထွက်တာများ၏။ ဘယ်လိုပင် ပျင်းပျင်း ဘယ်လိုပင် ဟာဟာ ဘယ်လိုပင် စိတ်အပြင်ထွက်ထွက် မိမိတရားကိုပင် မိမိရရမှတ်ပါ။

တရားမှတ်နေသောအခါ ခန္ဓာကိုယ်ကြီးသည် ယိမ်းယိုင်တတ်၏။ ယိမ်းယိုင်တော့ ဆင်းရဲတဲ့ ဒုက္ခသဘောသိရ၏။ ကိုယ့်အလိုသို့ မလိုက်တဲ့ အနတ္တသဘောသိရ၏။ ယိမ်းယိုင်တာပျက်သွားလျှင် အနိစ္စသဘောသိရ၏။ ဤသည်ပင် သမ္မသနဉာဏ်၏ သဘောတည်း။

တီဗွီဖန်သား၊ ပမာထား၍၊ တို့များခန္ဓာ၊ ရှုကြည့်ပါက၊ မှန်စွာတရား၊ သိကာသွား၏။

**ဖန်သားပြင်ပေါ်၊ စောင့်ကြည့်သော်က၊ ထင်ပေါ်လာငြား၊**
**အရုပ်များကို၊ ရှုစားနေစဉ်၊ ပေါ်ပျောက်မြင်၏။**
**ခန္ဓာကိုယ်ပေါ်၊ စောင့်ကြည့်သော်က၊ ထင်ပေါ်လာငြား၊**
**ပေါ်တာများကို၊ ရှုစားနေစဉ်၊ ဖြစ်ပျက်မြင်၏။**
**ဖြစ်ပျက်မြင်က၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်သိပါသည်၊**
**သေချာ စူးစိုက်ကြည့်ဖို့တည်း။**

## သမ္မသနဉာဏ်နှင့် မန္တလေးမြို့က မသီတာ

ယောဂီ မသီတာသည် စတုတ္ထအကြိမ်တရားစခန်းကို ဝင်ရောက်အားထုတ်၏၊ သမထ-ဝိပဿနာအားကောင်း၏။

မသီတာဟာ သမ္မသနဉာဏ်ကို မှတ်နေရင်းနဲ့ မျက်နှာပြင်ပေါ်ကို မိုးစက်မိုးပေါက်တွေမှန်နေသလို အေးစက်စက်နဲ့ ဖွဲဖွဲကလေးဖြစ်နေတာကိုတွေ့ရသည်၊ ခန္ဓာကိုယ်မှာလည်း တင်းတင်းကျပ်ကျပ်နဲ့ စူးစူးရှရှလေးဖြစ်နေတာကို သိရသည်၊ တင်ပဆုံကွင်းကလည်း

ပြင်းပြင်းပြပြနဲ့ အောင့်နေတာကိုတွေ့ရသည်၊ အဲဒီအရာအားလုံးကို သိမ်းကျုံးမှတ်လိုက်တော့ ငြိမ်သက်သွားသည်၊ ငြိမ်သက်နေရာမှ သိမ်သိမ်မွေ့မွေ့လေး ဖြစ်ပျက်နေတာကိုလည်း သိရ၏။

ခန္ဓာကိုယ်တွင်းကို လေထိုးပိုက်နဲ့ ထိုးသွင်းနေသလို ခန္ဓာကိုယ် အောက်ပိုင်းမှစပြီး တဖြည်းဖြည်း တင်းတင်းပြီး ဖောင်းဖောင်းလာ၏။ မီးပုံးပျံကြီးလို ခန္ဓာကိုယ်ကြီးက လှုပ်စိလှုပ်စိနဲ့ ဘယ်ညာယိမ်းထိုးနေ၏။ တဖြည်းဖြည်း အဆမတန် တင်းကားလာပြီး ပေါက်ကွဲတော့မလိုဖြစ်နေရာမှ ပြန်ပြီးကျုံ့ကျုံ့ဝင်သွား၏။ ကျုံ့လွန်းမကကျုံ့ဝင်ပြီး သေးသေးလေး ဖြစ်နေရာမှ အစက် အပျောက်ကလေးလိုဖြစ်ပြီး ပျောက်ကွယ်သွားပါသည်။

အခုလို အစ၊ အလယ်၊ အဆုံး သုံးပါးလုံး မြင်ရသောအခါ ဝမ်းသာသွားသည်၊ မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော ကိုယ့်အလိုသို့ မလိုက်တဲ့သဘောကို ဒိဋ္ဌသိရတော့ ပိုပြီးဝမ်းသာသွားပါသည်။

အဲဒီလိုဖြစ်ပျက်ကို သိရုံမျှနှင့် ဆင်းရဲတဲ့သဘော အစိုးမရတဲ့ သဘောတို့ကို အလိုလိုသိလာတတ်သောကြောင့် ဓမ္မသင်္ဂဏီဋီကာ ၌လည်း---

ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ဣမသ္မိံ ဉာဏေ၊ ဤဝိပဿနာဉာဏ်၏အရာ၌။ အနိစ္စလက္ခဏာ ဒဿန မေဝ၊ အနိစ္စ လက္ခဏာကို မြင်ခြင်းသည်သာလျှင်။ ပဓာနံ၊ လိုရင်းပဓာန သဘာဝ သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုအနိစ္စ လက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်ရသော်သာလျှင်။ဣတရာနိ၊ ဤမှ ကြွင်းသော လက္ခဏာတို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။

မေဃိယ၊ ချစ်သားမေဃိယ။ တေန၊ ထို့ကြောင့်။ အနိစ္စ သညိနော၊ အနိစ္စသညာထင်လာသော ပုဂ္ဂိုလ်အား။ အနတ္တ သညာ၊ အနတ္တဟုထင်လာမှုသည်။ သဏ္ဍာတိ၊ အလိုလိုတည်လာ၏၊ အနတ္တ သညိနော၊ အနတ္တသညာ ထင်လာသည် ရှိသော်။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသော မာနကင်းပြတ်ခြင်း သို့။ ပါပုဏာတိ၊ ရောက်လေ၏လို့

မိန့်ဆိုတော်မူ၏။

ဤသို့ ပါဠိလာရှိအတိုင်း မမြဲတဲ့သဘောတွေကို အထူးသဖြင့် များစွာသိမြင်လာပြီးလျှင် ဒုက္ခနှင့် အနတ္တသဘောတွေကိုပါ အလိုလို သိမြင်လာပြီးသားဖြစ်လာရပါသည်။ ဤမမြဲတဲ့ သဘောတွေသည် မမြဲတဲ့သဘောတွေဖြစ်သည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်မှန်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း မဟုတ်မှန်း၊ အစိုင်အခဲ အထည်ဒြပ်သဏ္ဌာန် မဟုတ်မှန်း၊ အမာခံ အနှစ်သာရဟူ၍ မြူမှုန်ခန့်မျှ မရှိမှန်း၊ အတ္တမဟုတ်မှန်း၊ သူ့အလိုအလျောက် ဉာဏ်ရှင်းသွား၏။

တရားဆိုတာ အဲဒီလို ကိုယ်တိုင်အားထုတ်ပြီး၊ ကိုယ်တိုင် ခံစားသိရှိမှ အဖိုးတန်၏။

## ၂။ ဥဒယဗ္ဗယဉာဏ်ပွားပုံ

အကြောင်းတရားတွေ သူ့အလိုလိုဖြစ်ပေါ်၍လာသောကြောင့် ရုပ်နာမ်တရားတွေ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလိုဖြစ်၍ နေပါတကား။

အကြောင်းတရားတွေ သူ့အလိုလိုပျက်၍နေသောကြောင့် ရုပ်နာမ် တရားတွေ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလိုပျက်စီး၍ နေပါတကား။

အမြဲမရှိ - အနိစ္စ - အနိစ္စ - အနိစ္စ ဟုပွားပါ။

**တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏာတော ပဋ္ဌာယ ယာဝါနုလောမာ တိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိ ပဇ္ဇန္တဿ နဝဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနာမ။**

(အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်း)

ပန- မဂ္ဂမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမှတစ်ပါး ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိကိုဆိုအံ့။ တထာပရိဗန္ဓဝိမုတ္တဿ၊ ထိုသို့သော အခြင်း

အရာဖြင့် ဩဘာသအစရှိသော ဆယ်ပါးသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့မှလွတ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ဥဒယဗ္ဗယဉာဏတော၊ အဖြစ်အပျက်ကို သိသော ဉာဏ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊နုလောမာ၊ သစ္စာနုလောမဉာဏ် တိုင်အောင်။ တိလက္ခဏံ၊ လက္ခဏာယဉ်သုံးပါးကို။ ဝိပဿနာ ပရမ္ပရာယ၊ ဝိပဿနာအဆင့်ဆင့်အားဖြင့်။ ပဋိပဇ္ဇန္တဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ နဝဝိပဿနာဉာဏာနိ၊ ကိုးပါးသော ဝိပဿနာ ဉာဏ်တို့သည်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနာမ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

တရားကျင့်တဲ့ ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် အနိစ္စ - ဒုက္ခ - အနတ္တ လက္ခဏာ သုံးပါးကို မြင်အောင်ရှုပါ။

မှတ်ရုံသာမှတ်နေတဲ့အခါ အလင်းရောင်တွေကိုလည်း တွေ့ရ တတ်သည်။ ဝမ်းမြောက်ဝမ်းသာတာမျိုးကိုလည်း တွေ့ရ တတ်သည်။ ဒီလိုစတဲ့ အရသာထူးလေးများကို တွေ့ရတော့ ပင်ပန်းဆင်းရဲမှုများ ပျောက်ကင်းပြီး၊ ချမ်းချမ်းသာသာ၊ လွယ်လွယ်ကူကူနှင့် ရှုမှတ်လို့ ကောင်းနေ၏။ တည်ငြိမ်မှု ကလည်းရ ချမ်းသာမှုကလည်းဖြစ် လွယ်ကူမှုကလည်းရှိတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အာရုံရောမှတ်စိတ်ပါ အတွဲလိုက်ဖြစ်ပေါ် ပျောက်ပျက်နေတာကို ထင်ထင်ရှားရှား တွေ့ရပါ လိမ့်မည်။ အဲဒီလိုဖြစ်မှုပျက်မှုကို လွယ်ကူစွာသိတာက နုသောဥဒယဗ္ဗယ ဉာဏ်။

ဒီအခါမှာ ရှုမှတ်ရင်းပင် အလင်းရောင်စတဲ့ အထူးအထွေ များကို စဉ်းစားအားရ သဘောကျနေတာက လမ်းမှားပဲ၊ မှတ်ရုံသာ မပြတ်မှတ်နေမှ လမ်းမှန်ပဲ၊ မပြတ်မှတ်နေမှ ဉာဏ်တက်မယ်လို့ လမ်းမှန်လမ်းမှားကို ပိုင်းခြားဝေဖန်ကာ ဉာဏ်အမြင် စင်ကြယ်တာက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ဒီလို ရှုမှတ်တဲ့အခါ ပေါ်မှု၊ ပျောက်မှု၊ ဖြစ်မှု၊ ပျက်မှုကို

မှတ်ချက် တိုင်းမှာ ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား မြင်ရ၊ သိရ တာက ရင့်သော ဥဒယဗ္ဗယဉာဏ်။

ရင့်သော ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ်အထိ အကျင့်လမ်းစဉ် အသိအမြင် စင်ကြယ်တာက ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။

ဤရုပ်တုံး၊ ရုပ်ခဲကြီးကို ကြည့်နေပါလျက် အတွင်းသား ပရမတ်ကလေးတွေကို မြင်နေရသည်ဆိုတာတော့ သဘောကျလောက်ပြီဟု ထင်ပါသည်။ ရုပ်တုံး၊ ရုပ်ခဲပျောက်ပြီးဖြစ်ပျက်တာကိုပဲ သိနေရင်ကျေနပ်တော့။ မကျေနပ်ရင်လည်း ဥပမာပြဦးမယ်။

ဥပမာ။ ။ အလွန်တရာလှလိုသော လူတစ်ယောက်သည် မိမိကိုယ်ကိုတန်ဆာဆင်၍ မှန်ကြည့်သောအခါ ရှေးဦးစွာ မှန်သားပါမှန်တစ်ခုလုံးကို မြင်ရသည်၊ မှန်ကိုမြင်ပြီးနောက် ချက်ချင်းပင်မှန်ထဲက မိမိအရိပ်ကို မြင်မယ်။ အရိပ်ကိုမြင်သောအခါ မိမိ၏ မျက်နှာနှင့် ဦးခေါင်းကို အလှပြုပြင်ရမယ်။ ဤကဲ့သို့ ပြုပြင်နေသောအခါ တစ်စထက်တစ်စ ပို၍ပို၍ သေသေချာချာ ပြုပြင်ပါလိမ့်မည်။

သေချာစူးစိုက်ပြီး ပြုပြင်တဲ့အခါ မျက်လုံးမျက်ခုံး၊ နဖူးဆံမှစ၍ မိမိမျက်နှာကိုသာ မြင်၍မြင်၍နေပါမယ်။ မှန်ကြီးကို သတိမရဘဲ နေမယ်။ ကြည့်ပါများလျှင် မိမိမျက်နှာစင်ကြယ်နေတာကို တွေ့ရမယ်။ မှန်ကိုမမြင်ရ၊ မှန်ကိုလွန်သွားတယ်လို့ ဆိုရမည်။

ဒုတိယဥပမာ။ ။ ဖန်ဘူးကြီးတစ်ခုတည်းမှာ လှပတင့်တယ် ရှုချင်ဖွယ်ကောင်းတဲ့ ရေသတ္တဝါကလေးတွေကို ရေအပြည့်ထည့်၍ လွှတ်ထားပြီး ကြည့်ပါများတော့ ရေသတ္တဝါကလေးတွေ အဖို အမ အငယ်အကြီး မျိုးတူးပျော်ပါး ရှုပ်ယှက်ခတ်သွားလာနေတာတွေ့ရမယ်။ ဖန်ဘူးနှင့် ရေပျောက်၍ ရေသတ္တဝါကို မြင်မည်။

ဒီလိုပဲ ဤကိုယ်ကောင်ကြီးမှာလည်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်နှစ်ပါးရှိသည်။ (သမာဓိပဋိဘာဂနိမိတ် မျက်မှန်)ဖြင့်ကြည့်မှ ပိုမြင်နိုင်သည်။ ဖြစ်ပျက်မြင်လျှင် ဥဒယဗ္ဗယဉာဏ်လို့ခေါ်ပါသည်။

## နိမိတ်သုံးပါး

နိမိတ်သည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်ဟု သုံးပါးရှိပါသည်။ ထိုတွင် -

၁။ အစတွင်တွေ့ရသော စတည်အခြေပျိုးလာသော နိမိတ်သည် ပရိကမ္မနိမိတ်မည်၏။

၂။ တစ်တောင်နှစ်တောင် စသည် ပို့လိုက် ယူလိုက်ရသော နိမိတ်သည် ဥဂ္ဂနိမိတ်မည်၏။

၃။ ဘုရားများကို ဖူး၍ရသော၊ အကြီးအသေးခိုင်း၍ရသော အမြဲတည်ရှိနေသော နိမိတ်သည် ပဋိဘာဂနိမိတ်မည်၏။

လယ်တီဆရာတော်ဘုရားကြီးက-

၁။ သမထမှာ ပရိကမ္မနိမိတ်ထင်မြင်အောင် အားထုတ်မှု ရုပ်နာမ် ဓမ္မ၌ တကြိမ်တစ်ခါမျှပင် ထင်မြင်ရသော ဝိပဿနာအမှုသည် အဆန်ပမာဏတည်ရှိသော မျိုးစေ့နှင့်တူ၏။

၂။ သမထတွင် ဥဂ္ဂဟနိမိတ်ထင်မြင်အောင် အားထုတ်မှုဝိပဿနာ၌ သမ္မသနဉာဏ် တကြိမ်တစ်ခါမျှပင် ထင်မြင်မှုသည် ထိုထက်အောင်မြင် ရှင်သန်သော မျိုးစေ့နှင့်တူ၏။

၃။ သမထတွင် ပဋိဘာဂနိမိတ်ထင်မြင်အောင် အားထုတ်မှု ဝိပဿနာ၌ ဥဒယဗ္ဗယဉာဏ် တစ်ကြိမ်တစ်ခါမျှပင် ထင်မြင်မှုသည် ထိုထက် အလွန်အောင်မြင်ရင့်သန်သော မျိုးစေ့နှင့်တူ၏ လို့ဆိုသည်။

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံပျက်ပုံကို။ အပဿံ၊ အိမ်မက်တွင်မျှ မမြင်ရဘူးပဲ။ ဝဿသတံ၊ အနှစ်တရာလုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုသူ၏။ ဇီဝိတာ၊

အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံပျက်ပုံကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက် ရှည်နေရခြင်းသည်။ သေယျော၊ မြတ်သေး၏။

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါပဲ၊
တရာအသက်၊ ရှည်သည်ထက်လည်း၊
ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊
အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊
တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊
လောက လူ့ရွာ၊ ကောင်းမြတ်သာသည်၊
မြတ်စွာဗုဒ္ဓ၊ မိန့်ခွန်းတည်း။

(မဟာစည်)

ဥဒယဗ္ဗယ၊မှတ်ကသွက်သွက်၊မြန်ထက်ကောင်းတာ၊ဝမ်းသာစွာပြော၊ ကောင်းသဘောမှာ၊ ပေါ်လာကိုယ်နှင့်၊ ကြားမှတ်သင့်တာ၊ မိစွာမှတ်နိုင်၊ တည့်ပိုင်ပိုင်ပင်၊မထင်မရှား၊အာရုံများလည်း၊ရထားတွဲများ၊ခုတ်၍သွားသို့၊ ဘေးနားရိပ်ရိပ်၊ မှတ်စိတ်ကမြန်၊ ပြိုင်ချိန်း ဟန်နယ်၊ ပန်ကာလည်သို့၊ မှတ်ဘွယ်ရှိက၊ မကျန်ရပင်၊ မှတ်ရင်းပင်ရှု၊ တခုစီဖြစ်၊ ပျောက်လစ်မြန်စွာ၊ ကောင်းလှပါ၍၊ တဏှာမာန၊ ဒိဋ္ဌိကစွဲ၊ ထူးကဲတရား၊ ရနေလားထင်၊ မဆက်ချင်လျော့၊ ကန်တော့ယုံကြည်၊ ပေါ်သမျှမှတ် (ဖေါင်းစသည်မှတ်)၊ ဝိပဿဉာဏ်ပါ၊လက္ခဏာသုံးပါး၊ဖြစ်နိုင်သားဟု၊ မှတ်ရှုကောင်းဆဲ၊ ဖျဉ်းခနဲစိမ့်၊ ယိမ်ငြိမ့်လှိုက်ကြွ သတိကလစ်၊ ရှိန်ရှိန်ဖြစ်လာ၊ လင်းရောင်ပါမြင်၊ အေးပေါ့ လျင်မြန်၊ နူးညံ့ ခိုင်သင့်၊ ဝန်ခံလင့်၏၊ မှတ်သင့်ရာမှာ၊ ငေးကာစွဲတတ်၊ နိမ်ဟောအပ်ပေ၊ကျောက်မြက်တွေပယ်၊ကောက်သူနယ်လာ၊မိန်းမသားပင်၊ ရချင်ခဏ၊သဒ္ဓါရတည်း၊မေ့ရတာကြုံ၊ပီတိဟုံနှင့်၊တဖုံပေဿဒ္ဓာ၊လွန်ရာသမာဓိ၊ ထိမိဒ္ဓဝင်၊ ပဿဒ်ကြဉ်ထား၊အကြောင်းများလှ၊ ဖြစ်စပျောက်ဆုံး၊ သိမ်းကျုံးရှင်းလင်း၊ သိမြင်ခြင်းသည်၊ ဉာဏ်ရင်း ဥဒယဗ္ဗယတည်း။

(မဟာစည်ဆရာတော်ဦးဇဋိလဆောင်ပုဒ်လင်္ကာ)

ဥဒယဗ္ဗယဉာဏ်ကိုမှတ်နေသောအခါ ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှကို မိမိရရ ပိုင်ပိုင်နိုင်နိုင် ကြည့်နိုင်၊ မှတ်နိုင်၏။ ခန္ဓာကိုယ်ကြီးသည် ပန်ကာလည်သလို ဖြစ်လာ၏။ အဲဒီလို ဖြစ်လာတော့ ဆင်းရဲတဲ့သဘော မိမိအလိုသို့ မလိုက်တဲ့သဘော နောက်ပိတ်ဆုံး ပန်ကာလည်တာ ပျောက်သွားတဲ့ အနိစ္စသဘောကို သိရမြင်ရ၏။

ကျောက်တွေကောက်သော အမျိုးသမီးသည် အဖိုးမတန်တဲ့ ကျောက်တွေကိုပယ်ပြီး အဖိုးတန်တဲ့ကျောက်ကို ကောက်ရမှာဖြစ်သလို ယောဂီသည်လည်းပဲ ခန္ဓာကိုယ်ပြင်ပ ဗဟိဒ္ဓပေါ်တာတွေကို လိုက်ကြည့်မနေဘဲနဲ့ ပဋိဘာဂနိမိတ် သမာဓိမျက်မှန်သည် ထိုးပြည့်ဖွန်ပြသော ခန္ဓာကိုယ်တွင်း အဇ္ဈတ္တတွေကိုပဲကြည့်နေပါ။ ဘာမှမတွေ့မှ ရင်ချိုင့်ပြန်လာပြီးမှတ်ပါ။ တစ်ခါတစ်ရံ ပီတိသဘောကြောင့် မေ့တာတွေလည်း ဖြစ်၏။ သမာဓိလွန်ကဲလျှင် အိပ်ငိုက်တတ်၏။ ကိုယ်၏ငြိမ်းချမ်းခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်း ပဿဒ္ဓိကိုကြဉ်ထားပါ။ ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှ အကြောင်းအရာတွေသည် အများကြီးဖြစ်၏။ ပေါ်သမျှ အကြောင်းအရာများကို အစအဆုံးဖြစ်စ် ပျောက်ဆုံးသိမ်းကျုံးသိမြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ်၏ သဘောတည်း။

ဒီဥဒယဗ္ဗယဉာဏ်သည် ဤကိုယ်ကြီးထဲမှာ တွေ့ရ၏။ ယခုမှ တွေ့ရ၏။ အရင်က မတွေ့ရဘူး၊ အရင်ကမရှိဘဲယခုမှ ရောက်လာပြီး ဘယ်ကရှိရသလဲ၊ ဘယ်ကလာပြီး ရောက်ရသလဲလို့ ထင်ဖွယ်ရှိသည်။

ဥဒယဗ္ဗယဉာဏ်ဟာ အရင်ကလည်း အသစ်ဖြစ်လိုက် အဟောင်းဖြစ်လိုက်၊ အဟောင်းပျက်လိုက်၊ အသစ်ဖြစ်လိုက်နှင့် အစဉ်မပြတ် ဖြစ်ပျက်လျက်ရှိနေတာပဲ။ ယခုလည်း ဖြစ်ပျက်၍ပင် ရှိနေ၏။ ဘယ်ကမှလည်း မလာ၊ ဘယ်ကိုမှလည်းမသွား၊ အပ်ဖျားပေါ် မုံညင်းစေ့ချသကဲ့သို့ ဤနေရာပင်ဖြစ်ပြီး ဤနေရာမှာပင် ပျက်သွား၏။

ဒါကြောင့် မဟာနိဒ္ဒေသပါဠိတော်မှာ ဒီလိုဟောတော်မူထားပါသည်။

**အနိစ္စာနဂတာ ဘဂ္ဂါ၊ ပုဉ္စော နတ္ထိ အနာဂတော၊**

**နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။**

ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ချင်းပင်ချုပ်ပျောက်ကြကုန်သော ရုပ်နာမ်တရားနှစ်ပါးတို့သည်။ အနိစ္စာနဂတာ၊ ငြိမ်းလေပြီးသည့် ဆီမီးပမာ သိုမှိုးရာမရှိသောအဖြစ်သို့ ရောက်ကြကုန်လေပြီ။ အနာဂတော၊ မဖြစ်သေးမီ အနာဂတ်ကာလ၌။ ပုဉ္စော၊ လာ၍ဖြစ်ဖို့ရာ အစုအပုံသည်။ နတ္ထိ၊ မရှိနှင့်လေ။ ယေပိ၊ ထိုပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ်တို့သည်လည်း။ နိဗ္ဗတ္တာ။ ဖြစ်ပေါ်လာကြကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကြကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ်တို့သည်လည်း။ အာရဂ္ဂေ၊ အပ်သွားပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ အစဉ်အပြတ်တင်အပ်ချအပ်သော မုန်ညှင်းတို့နှင့် တူသောပမာရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကြကုန်၏။

## စကြာမင်းစည်းစိမ်နှင့် ရဟန်းစည်းစိမ်

အညီအမျှအားရှိကြကုန်သော ဤသမ္မောဓိအင်္ဂါ ၇-ပါးတို့နှင့် ပြည့်စုံသော အခါ၌ စကြာမင်းတို့၏ အင်္ဂါရတနာ ၇-ပါး နှင့် ပြည့်စုံသော လေးကျွန်းသေဋ္ဌနင်း စကြာမင်းကြီးသည် လူ့လောကတွင် အတုမရှိသော စည်းစိမ် ချမ်းသာကြီးကို ခံစားရသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း သာသနာတော်စီးပွားတွင် လောကသုံးပါး၌ အတုမရှိသော သမဏစည်းစိမ်ကို ခံစားရသည်ကိုရည်ရွယ်၍ ဓမ္မပဒပါဠိတော်၌-

၁။ **သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊**

**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**

၂။ **ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊**

**လဗ္ဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။**

လို့ ဟောတော်မူတယ်။

၁။ သုညာဂါရေ၊ ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်း၌။ ပဝိဋ္ဌဿ၊ ဝင်၍တည်နေသော။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ ဝိပဿတော၊ အထူးထင်မြင်ရသည်ဖြစ်၍။ သန္တစိတ္တဿ၊ ငြိမ်းချမ်းသောစိတ်ရှိသော။ ဘိက္ခုနော၊ ယောဂီရဟန်းအား။ အမာနုသီ၊ လေးကျွန်းသေဋ္ဌနတ်၊ စကြာမင်း၏ စိတ်ပျော်မွေ့ခြင်းထက် လွန်ကဲသော။ ရတိ၊ ရွှင်ပျော်ချမ်းမြေ့စိတ်ပျော်မွေ့ခြင်းသည်။ ဟောတိ၊ ဖြစ်လေ၏။

၂။ ယတော ယတော၊ အကြင်အကြင် ကိုယ်ခန္ဓာ၌။ ခန္ဓာနံ၊ ရုပ်နာမ်ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်မှု၊ ပျက်မှုကို။ သမ္မသတိ၊ သုံးသပ်၏။ အမတန္တံ၊ အမြိုက်ချမ်းသာအစုကို။ ဝိဇာနတံ၊ သိနိုင်ကြကုန်သော ယောဂီ ပုဂ္ဂိုလ်တို့အား။ တတော တတော၊ ထိုသို့သုံးသပ်ရာတိုင်း သုံးသပ်ရာတိုင်းမှ။ ပီတိပါမောဇ္ဇံ၊ နှစ်သက် ရွှင်လန်းဝမ်းမြောက် ခြင်းကို။ လဗ္ဘတိ၊ ရနိုင်လေသတည်း။

လူ့မင်း၊ နတ်မင်း၊ သိကြားမင်းတို့၏ လောကီစည်းစိမ်ခံစားဆဲအခါ၌ မြိန်ယှက်နှစ်သက်ခြင်းသည် သမ္မောဓိအင်္ဂါ ညီညွတ်ပြည့်စုံ၍ ဝိပဿနာသုခကို ခံစားရသော ယောဂီပုဂ္ဂိုလ်၏ မြိန်ယှက်နှစ်သက်ခြင်းကို အဂ်တ် ၂၅၆-ပုံစိတ်သော်လည်း တစ်စိတ်မျှ မမီဘူးတဲ့။ သမ္မောဓိအင်္ဂါ ၇-ပါးတို့၏ အရသာသည် ဤမျှလောက်ကြီးကျယ်၏။ ဒါကြောင့် "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"လို့ ဟောတော်မူ၏။

သဗ္ဗရသံ၊ အလုံးစုံသော လောကီချမ်းသာ အရသာ ဟူသမျှကို။ ဓမ္မရသော၊ ဓမ္မချမ်းသာအရသာသည်။ ဇိနာတိ၊ လွှမ်းမိုးနိုင်၏။

(လယ်တီဒီပနီ ပထမတွဲ)

ဥဒယဗ္ဗယဉာဏ် တီရဏပရိညာ စခန်းသို့ရောက်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိခေါ်သည်။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါသူတစ်ပါး

ယောက်ျား၊ မိန်းမ မဟုတ်မှန်းသိလာ၏။ ရုပ်နာမ်သာအစစ်ဖြစ်မှန်း ရှင်းရင်းကြီး၊ ဘွင်းဘွင်းကြီး ပေါ်လာ၏။ ယုံမှားသံသယ ကင်းသွားသဖြင့် အပါယ်မလားနိုင် စူဠသောတာပန်ဖြစ်ပြီလို့ ဆိုရပါသည်။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဣမိနာ ပန ဉာဏေန၊ ဤဥဒယဗ္ဗယ ဝိပဿနာဉာဏ် ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာ တော်၌။ လဒ္ဓဿာသော၊ ရအပ်သောသက်သာရာရှိသည်ဖြစ် ၍။ နိယတဂတိကော၊ မြဲသောဂတိလားရာ ရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ဟောတိ၊ ဖြစ်၏။

## ဥဒယဗ္ဗယဉာဏ်သည် အိမ်ရှေ့မင်းသား

ရုပ်နာမ်အဖြစ်အပျက်ကို စိတ်စိုက်ပြီးနေတဲ့အခါ စိတ်တည်ငြိမ်နေတဲ့အခါ တသဲသဲ တရိပ်ရိပ်ဖြစ်ပျက်နေသော ရုပ်ကိုကြည့်ကာ "အနိစ္စ၊ အနိစ္စ" ဟု ရှုပါ၊ ပွားပါ။ အကယ်၍ ယူစရာ မရ အောင်ပျက်ပုံကို ရှုရင်းရှုရင်း ခန္ဓာကိုယ်ကြီးကို အပ်တွေနှင့် ဝိုင်းဆွနေသလို တစ်ကိုယ်လုံး ပူလောင်လာသလို ဖြစ်လာခဲ့လျှင် ဒုက္ခထင်သည်ဟုမှတ်ပါ။ ဒုက္ခ တရားလည်း မမြဲရကား အနိစ္စလို့ ရှုပေးပါ။

ရုပ်နာမ်တို့၏ တစ်လောကလုံး ဆိတ်သုဉ်းနေပုံ၊ ခန္ဓာကိုယ်ကြီးဟာမရှိတော့ဘဲ အကြည်ခါတ်၊ အကြည်တုံး၊ အကြည်ခဲကြီး ဉာဏ်ထဲမှာထင်ခဲ့လျှင် ဃနကျေပျောက်ပြီး အနတ္တဆိုက်နေပြီလို့ သိမှတ်နိုင်ပါသည်။ ဘာထင်ထင် အနိစ္စသာရှုပွားပေးပါ။ အားမလျှော့နှင့်။ မုချ သောတာပန်ဖြစ်ရမယ်၊ ဖြစ်လိမ့်မယ်လို့ စိတ်ပြဋ္ဌာန်းချက် ထားပြီးကြိုးစားပါ။

ဒီဥဒယဗ္ဗယစခန်းဟာ ဘာနှင့် လောကဥပမာတူသလဲဆိုရင် ရုပ်နာမ်တို့၏ တသဲသဲ၊ တဖွားဖွား၊ တလှုပ်လှုပ်၊ တရိပ်ရိပ်တွေ ကြည့်ပြီး ဖြစ်တာလဲမြဲ၊ ပျက်တာလဲမမြဲဟု မျက်စိဖြင့်မြင်ရသလို စိတ်မှာ တကယ်ထင်လာလျှင် အဲဒီပုဂ္ဂိုလ်မှာ "အိမ်ရှေ့ မင်းသားစခန်း ရောက်ခဲ့ပြီလို့ဆိုရမယ်" ၎င်းအိမ်ရှေ့မင်းသားကြီးဟာ နန်းတက်ရမှု မခက်တော့ဘူး။

ထို့အတူ ဖြစ်ခြင်း၊ ပျက်ခြင်းကို ကြိုးစားပြီး သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့်ဝီရိယ ညီမျှအောင်အားထုတ်မိလျှင် တစ်ခဏချင်းဖြစ်ဖြစ် ရက်ပိုင်းလောက်နှင့်ဖြစ်ဖြစ်၊ လပိုင်းလောက်နှင့်ဖြစ်ဖြစ် မုချဧကန် နိဗ္ဗာန်တည်းဟူသော ငြိမ်းအေးမှုကြီးကို ခံစားရတော့မယ်လို့ မှတ်ပါ။ အဲဒီလို ယောဂီပါရဂူကျင့်စဉ်ကျမ်းမှာ ရေးထားတာတွေ့ရပါသည်။

ဉာဏ်စဉ်တွေထဲမှာ ဥဒယဗ္ဗယဉာဏ်သည် လိုရင်းဖြစ်၏၊ ဒီကန္နီနည်းကို အားထုတ်မည်ဆိုပါက ဥဒယဗ္ဗယဉာဏ် တစ်ခုကိုသာ ပွားနေပါ။ ကျန်တဲ့ဉာဏ်စဉ်တွေ ရှုပြီးသားဖြစ်ပါသည်။

**တေဘူမက သင်္ခါရေသု၊ ပဿတော ဥဒယဗ္ဗယံ၊**
**ဥဒယဗ္ဗယနာမံ ဉာဏံ၊ ဇာတံ ဒုတိယ ယောဂိနော။**

တေဘူမကသင်္ခါရေသု၊ ကာမ၊ ရူပ၊ အရူပတွင် ပါဝင်ကြ တောင်း သင်္ခါရအပေါင်းတို့၌။ ဥဒယဗ္ဗယံ၊ ဖြစ်လျှင် ချက်ချင်း ပျက်ပုံ အခင်းကို။ ပဿတော၊ တုတ်ခြစ်ရေတက် မိုးရေပွက်နှင့် အပ်ထက် မုန်ညင်း နေထွက်နှင်းသို့ မယွင်းပုံပြု အဖန်ဖန်ရှုသော။ ဒုတိယ ယောဂိနော၊ ဒုတိယအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုပ် အားထုတ်သောပုဂ္ဂိုလ်၏။ ဥဒယဗ္ဗယနာမံ ဉာဏံ၊ ဥဒယဗ္ဗယအမည်ရသည့် သင်္ခါရတွင်း ဉာဏ်ရောင်အလင်း သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်လာပေသတည်း။

# ၃။ ဘင်္ဂဉာဏ်ပွားပုံ

အကြောင်းတရားတွေ သူ့အလိုလိုပျက်၍သွားသောကြောင့် ရုပ်နာမ်တရားတွေ တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် သူ့အလိုလို ပျက်စီး၍နေပါတကား။

အမြဲမရှိ အနိစ္စ - အနိစ္စ - အနိစ္စ ဟုပွားပါ။

ဒီလိုဘင်္ဂဉာဏ်ကို ရှုနေရင်း သမာဓိကောင်းလာသောကြောင့် ဖြစ်ပျက်တွေ တံလျှပ်ကဲ့သို့မြန်၍လာသည်။ နူးညံ့ သိမ်မွေ့၍လည်း သွားသည်။ ဒီအခါ အပျက်မြန်လွန်းသောကြောင့်တစ်ကြောင်း၊ နုသွားသောကြောင့်တစ်ကြောင်း ဖြစ်အစွန်း ပျက်အစွန်း နှစ်ပါးစလုံး မထင်တော့ဘဲ အပျက်ချည်းသာ ထင်နေတော့၏။

ဥပမာ။ ။ ခြောက်သွေ့လှစွာသော ဂျုံမှုန့်တွေကို နေပူထဲ၌ ပုံထားသောအခါ လေတိုက်၍လာလျှင် နူးညံ့သိမ်မွေ့လှစွာသော အမှုန့်ကလေးတွေသည် ပြို၍ပြို၍ ဖွာဖွာ ဖွာဖွာနှင့် ကျနေသလို ဖြစ်လာတတ်သည်။ အဲဒါ အဖြစ်ကိုမထင် အပျက်ကိုသာ ထင်နေသောကြောင့် ဘင်္ဂဉာဏ်ခေါ်ပါသည်။

တစ်ခါတစ်ရံ အပျက်တွေက အလွန်လျင်မြန်၏။ အပျက်ကလည်းကြမ်း၏၊ ဘယ်လောက်ကြမ်းသလဲဆို ရေပြင်ပေါ် မိုးရွာချသကဲ့သို့ ထင်ရသည်။

ဒါကြောင့် ဝိသုဒ္ဓိမဂ်၌-

ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိ အမြင်ရှိသော။ ပုရိသော။ ယောက်ျားသည်။ ပေါက္ခရဏီ တီရေဝါ၊ ရေကန်၏ကမ်းနား၌လည်းကောင်း။ နဒီတီရေဝါ၊ မြစ်ကမ်းနား၌ လည်းကောင်း။ ထိတော၊ ရပ်လျက်တည်လျက်။ ထူလဖုသိတကေ၊ ကြီးစွာသောမိုးပေါက်ရှိသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည် ရှိသော်။ ဥဒကေပိဋ္ဌေ၊ ရေပြင်၌။ မဟန္တမဟန္တာနိ၊ များစွာများစွာ

ကုန်သော။ ဥဒကပုဗ္ဗုဠကာနိ၊ ရေပွက်တို့ကို။ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍ဖြစ်၍။ သီဃံ သီဃံ၊ လျင်စွာလျင်စွာ။ ဘိဇ္ဇမာနာနိ၊ ပျက်ကုန်သည်တို့ကို။ ပဿေယျ ယထာ၊ မြင်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ သော၊ ထိုယောဂီသည်။ သဗ္ဗေသင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ် သင်္ခါရ တို့သည်။ ဘိဇ္ဇန္တိဘိဇ္ဇန္တိ၊ လျင်စွာပျက်ကုန်၊ ပျက်ကုန် သည်တကားဟူ၍။ ပဿတိ၊ ရှုမြင်၏။

ဤကဲ့သို့ ရေပြင်ပေါ် မိုးရွာချသကဲ့သို့ဆိုတာ ဥဒယဗ္ဗယ တုန်းကလည်း တွေ့ရတာပါပဲ။ သို့ရာတွင် အနှေးအမြန် အစိပ်အကျဲ လောက်သာကွာတာပါပဲ။ ဒီအခါကျတော့ ခန္ဓာကိုယ်ကြီး၏ မမြဲတဲ့ သဘောတရားတို့ကို ဥဒယဗ္ဗယတုန်းက ထင်မြင်ပြီးသား ဖြစ်လေရာ ဘင်္ဂဉာဏ်ကျတော့ "အင်း ကြာလေကြာလေ မမြဲလေပါတကား၊ မမြဲ ချည်းပါကလား၊ ပျက်တာချည်းပါကလား" လို့ သန္နိဋ္ဌာန်ချ အသည်းစွဲပြီး မှတ်သွားတော့တာပဲ။

ဒီအခါ ဟိုတုန်းကမြဲသည်ဟု ထင်နေသော အထင်တွေကို လုံးလုံးစွန့်လိုက်တော့သည်။ မမြဲဟု တရစပ် ထင်နေတော့သည်။ ဆင်းရဲတာလည်း ပို၍ပို၍ ထင်နေတော့သည်။ အစိုးမရတာလည်း ပို၍ထင်လာသည်။

ဤအခါမျိုးကျလျှင် သုခသညာ၊ အတ္တသညာကိုလည်း စွန့်လိုက်တော့၏။ ငါ၏ ကိုယ်ကောင်ကြီးနှင့်တကွ (၃၁) ဘုံသားတို့ သည် နိစ္စ၊ သုခ၊ အတ္တ၊ သုဘမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဖြစ်တယ်လို့ အထင်အမှတ်ယူတော့၏။

ဥဒယဗ္ဗယတုန်းကထက် ပို၍စိတ်ပြောင်းသွားသည်။ စိတ် ပြောင်းသွားသောအခါ မိမိ၏ ရုပ်နာမ်သင်္ခါရတရားကြီးကို ကြောက် စရာကြီးပဲ၊ ဘေးကြီးပဲလို့ထင်လာတော့သည်။ မြွေပွေးကို ခါးပိုက် ပိုက်ထားရသကဲ့သို့ ထင်လာ၏။ မြွေပွေးကိုနင်းမိသော သူနှင့်တူ၏။ ကြပ်ကြပ်ရှုလေ ကြပ်ကြပ် အပျက်ထင်လေ၊ ကြပ်ကြပ် အပျက်ထင်လေ၊

ကြပ်ကြပ် ဘေးကြီးပဲဟုထင်လေ ဖြစ်လာ၏။

နောက်ပြီး စိတ်နှလုံး မသာယာဖြစ်ကာ စိတ်ညိုးနွမ်းလာသည်။ မိမိခန္ဓာကိုယ်ကြီးသည်ကား အနှစ်မရှိ အပြစ်ချည်းပဲရှိပါကလားဟု အတပ်သိသောအခါ မိမိခန္ဓာကိုယ်ကြီးကို ရှုရင်းရှုရင်း မနှစ်သက် မပျော်ပိုက်နိုင်ဘဲ ပျင်းမုန်းငြီးငွေ့၍ နေတော့သည်။ ဘင်္ဂဉာဏ်ဖြစ်ပြီ ဆိုမှဖြင့် ဘယဉာဏ်-နိဗ္ဗိဒါဉာဏ်တို့သည် တစ်ဆက်တည်း တစ်ရှိန်တည်း ဖြစ်လာတော့သည်။ အသံသာ ကွဲတယ် အဓိပ္ပာယ်တူ၏၊ အပေါ့အလေး အတိမ်အနက်သာ ကွာသည်။ ကြပ်ကြပ်ရှုလေ ကြပ်ကြပ်ငြီးငွေ့လေ ဖြစ်လာ၏။

ဤကဲ့သို့ ငြီးငွေ့နေလျှင်ဘာကိုမျှ မတပ်မက်တော့ဘူး၊ သေရမည်ကိုတောင် သဘောကျမိနေ၏။

အဲဒီလို ပျင်းမုန်းငြီးငွေ့နေသောအခါ သပ္ပိတိက တဏှာကို စွန့်သည်၊ စက်ဆုပ်ဖွယ်လို့ထင်လာသည်၊ စက်ဆုပ်ဖွယ်ထင်သောကြောင့် မိမိသူတပါး၌ တပ်မက်သောရာဂကိုစွန့်လိုက်၏။

ရှေးတုန်းက မြတ်စွာဘုရား တရားဟောနေတုန်း အနူတစ်ယောက် ဟာ တရားနာရင်း သောတာပန်ဖြစ်သွားသည်။ သောတာပန်ဖြစ်မှန်း သိကြားမင်းသိတော့ စိတ်ကို စမ်းခြင်းဖြင့်
"အို သုပ္ပဗုဒ္ဓ - သင့်အနူနာကြီးကို ပျောက်အောင်ကုပေးမယ်၊ ရှင်ဘုရင်လုပ်မလား" လို့ မေး၏။

မေးတော့ အနူကလည်း သောတာပန်ဖြစ်ခါစ၊ ယခုလို လောကကြီးအပြစ်တွေကိုမြင်နေတုန်း ငြီးငွေ့နေတုန်းဖြစ်သောကြောင့် ရှင်ဘုရင် စည်းစိမ်လောက်လေးတဲ့ တာဝန်ကြီးကိုထမ်းရမှာ ကြောက် လန့်စက်ဆုပ်နေ၏၊ မလိုချင်ဘူးဆိုပြီး သိကြားမင်းကိုတောင် အပြစ် တင်သတဲ့၊ အနူ၏ ပယ်ခြင်းကား ငြီးငွေ့လွန်းသောကြောင့် ပယ်နိုင်တာ၊ ယခုလည်း ဝိပဿနာတရားကို အဆက်မပြတ် အားထုတ်သူများ ဤကဲ့သို့ ဖြစ်တတ်ကြသည်။

**ဘာဝဒိဋ္ဌိပ္ပဟာနံ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ သဒါယုတ္တာပယုတ္တတာ ဝိသုဒ္ဓိဇီဝိတာ ဥဿုက္ကပ္ပဟာနံ ဝိဂတဘာယတာ ခန္တိသောရစ္စ ပဋိလာဘော၊ အရတိရတိသဟနတာ။**

၁။ ဘာဝဒိဋ္ဌိပ္ပဟာနံ၊ ဘဝသည်မြဲ၏ဟူသော သဿတဒိဋ္ဌိ အယူကို ပယ်ရခြင်းလည်းတစ်ပါး၊
၂။ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ အသက်၌တပ်သော နိကန္တိကို စွန့်ခြင်းတစ်ပါး၊
၃။ သဒါယုတ္တာပယုတ္တတာ၊ အခါခပ်သိမ်း ဘာဝနာနှင့် ယှဉ်ခြင်းလည်း တစ်ပါး၊
၄။ ဝိသုဒ္ဓိဇီဝိတာ၊ စင်ကြယ်သော အသက်မွေးခြင်း ရှိသည်လည်း တစ်ပါး၊
၅။ ဥဿုက္ကပ္ပဟာနံ၊ အမှုကြီးငယ်တို့၌ လုံ့လမပြုခြင်းလည်းတစ်ပါး၊
၆။ ဝိဂတဘာယတာ၊ ကြောက်လန့်ခြင်းကင်းသည်လည်းတစ်ပါး၊
၇။ ခန္တိသောရစ္စ ပဋိလာဘော၊ သည်းခံခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်းတို့နှင့် ပြည့်စုံသည်လည်းတစ်ပါး၊
၈။ အရတိ ရတိသဟနတာ၊ ကုသိုလ်၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းတို့ကို နှိမ်နင်းနိုင်ခြင်းလည်းတစ်ပါး၊

ဣတိအယံ၊ ဤသည်ပင်လျှင်၊ အဋ္ဌာနိသံသာ-ရှစ်ပါး သော အကျိုးတို့တည်း။

**ဒိဋ္ဌိပယ်ဖျက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မညှာ၊ ဘာဝနာတက်ကြွ၊ အာဇီဝဖြောင့်၊ ကြောင့်ကြပယ်စွန့်၊ ကြောက်ရွံ့မသိ၊ ခန္တီအားဖြည့်၊ တရားမွေ့၏၊ အလေ့သူတော်၊ တရားပျော်လျက်၊ ငါးဖော်အာရုံ၊ ရေးကပုံလို၊ မခုံမမင်၊ တရားခင်သည်၊ ဘင်္ဂညာဏ်ရည်ရှစ်မျိုးတည်း။**

(ဓမ္မာစရိယဦးဌေးလှိုင်ဆောင်ပုဒ်)

ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ။

နော အဇာနတော နော အပဿတော။

ကိဥ္စ ဘိက္ခဝေ ဇာနတော ကိံ ပဿတော အာသဝါနံ ခယော ဟောတိ။

ခန္ဓဝဂ္ဂသံယုတ်-ပုပ္ဖဝဂ်(ဝါသိဇဋ္ဌသုတ်)

* ဣတိ ရူပံ၊ ဇာနတော သက္ကာယဒိဋ္ဌိပြုတ်၊
* ဣတိ ရူပဿ သမုဒယော၊ ပဿတော ဥစ္ဆေဒဒိဋ္ဌိပြုတ်၊
* ဣတိ ရူပဿ အတ္ထင်္ဂမာ၊ ပဿတော သဿတဒိဋ္ဌိပြုတ်၊

(ဣတိ ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏံ)(နည်းတူပြီး)

* ရုပ်နာမ်လောက သိမြင်က ပြုတ်ကျသက္ကာယ၊

ဥဒယဗ္ဗယ သိမြင်က ပြုတ်ကျဥစ္ဆေဒ၊

ဘင်ဉာဏ်မှ သိမြင်က ပြုတ်ကျသဿတ။

**ဒိဋ္ဌိပယ်ဖျက်**

ဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ - ဥစ္ဆေဒဒိဋ္ဌိ - သဿတဒိဋ္ဌိလို့ သုံးပါးရှိ၏။ ရုပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ရုပ်ပဲနာမ်ပဲလို့သိတော့ သက္ကာယဒိဋ္ဌိကို ပယ်ဖျက်ပြီးသား ဖြစ်သွားသည်။

တရားထိုင်နေရင်းနဲ့ ရှေ့မှာ မိမိခန္ဓာကိုယ်တစ်ကိုယ် စပေါ်လာတာ သိမြင်သောအခါ ဥစ္ဆေဒဒိဋ္ဌိကိုပယ်ဖျက်ပြီးသား ဖြစ်သွားသည်။ မိမိရှေ့က ခန္ဓာကိုယ် တစ်ကိုယ်ကို ကြည့်ရင်းကြည့်ရင်း အရိုးစုဖြစ်ပြီး ပျက်စီးသွားတာမြင်တော့ သဿတဒိဋ္ဌိကို ပယ်ဖျက်ပြီးသား ဖြစ်သွားသည်။ ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှ ဤအတိုင်းချည်းပဲ။

## ကိုယ်အသက်ကို ငဲ့ကွက်မညှာသော အရှင်တိဿ

တရားအားထုတ်ပါများလာတော့ ကိုယ်အသက်ကို သေချင်သေပစေ၊ ဒီဘဝတရားမရလျှင် မဖြစ်ဘူး၊ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲနဲ့ ရက်ရက်စက်စက် အားထုတ်သွားတဲ့အတွက်ကြောင့် ရဟန္တာဖြစ်သွားပုံ သာဓက တစ်ခုတင်ပြပါမည်။

ဒီနေရာတွင် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ သာဝတ္ထိပြည်သား စူဠတိဿ၊ မဟာတိဿဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရှိသည်။ မဟာတိဿဆိုတဲ့ သူကြွယ်ဟာ ကုဋေ(၄၀) သော ရွှေ ငွေ၊ ဥစ္စာတွေကို ညီဖြစ်သူ စူဠတိဿအား စွန့်လွှတ်ပြီး ရဟန်းပြုသွားသည်။ ရဟန်းပြုပြီးနောက် ရွာမရှိသော တောအရပ်တွင် ရဟန်းတရားကို ကြိုးစားအားထုတ်နေပါသည်။

ထိုအခါစူဠတိဿရဲ့ဇနီးဖြစ်သူ ခယ်မတော်က အရှင်တိဿ သာသနာတော်မှာမပျော်၍ လူထွက်ခဲ့ရင် အမွေခွဲဝေရမည်ကို စိုးရိမ်သောကြောင့်-

"အမောင်ခိုးသားတို့ သွားကြကုန်၊ ထိုတောထဲမှာ တရားအားထုတ်နေတဲ့ အရှင်တိဿကို သတ်ပေးကြပါကုန်" လို့ပြောဆိုပြီး ငါးရာသော ခိုးသားဓားပြတွေကို စေလွှတ်ပါသည်။

အဲဒီခိုးသားဓားပြတွေလည်း အရှင်တိဿရှိရာ တောထဲသွားပြီး အရှင်တိဿကို "ဝိုင်း - - ဟေ့၊ ဝိုင်း - - ဟေ့" ဆိုပြီး ထွက်မပြေးနိုင်အောင် ဝိုင်းထားကြပါသည်။

ဒီအခါ အရှင်တိဿက "အို ဥပါသကာတို့ သင်တို့ တတွေ ဘာကြောင့် လာကြပါသလဲ" လို့ မေးမြန်းပြောဆို၏။

ဒီတော့ ခိုးသားဓားပြများက "အရှင်ဘုရား တပည့်တော်တို့သည် အရှင်ဘုရားအား သတ်ရန်လာကြတာပါလို့" ဖြေဆိုလျှောက်ထားကြသည်။

ဒီအခါ အရှင်တိဿမထေရ်က "ဥပါသကာတို့၊ ငါပေးတဲ့ အာမခံကိုယူပြီး ငါ့အား ယနေ့တစ်ညဉ့်မျှ အသက်ချမ်းသာခွင့်ကို ပေးကြပါကုန်" လို့ မိန့်ကြားတော်မူ၏။

ဒီတော့ခိုးသားဓားပြများက "အို အရှင်ရဟန်း ဒီတောထဲမှာ ဘယ်သူက အရှင်ဘုရားရဲ့ အာမခံသူဖြစ်မှာလဲ ဘုရား" လို့ပြောဆိုလျှောက်ထားကြပါသည်။

ဒီအခါ အရှင်တိဿမထေရ်ဟာ ကျောက်တုံးကြီးတစ်တုံးကို ယူ၍ ပေါင်ရိုးနှစ်ချောင်းကို ရိုက်ချိုးပြီးနောက် "ဥပါသကာတို့ ငါဒီ အရပ်ကနေ ဘယ်ကိုမျှ ထွက်မသွားနိုင်ဘူး၊ ဒီလောက် အာမခံထား တယ်ဆိုရင် သင့်တော်လောက်ပြီလား" လို့ မေးမြန်းပြောဆိုပါသည်။

အဲဒီတော့မှ ခိုးသားဓားပြတွေလည်း အရှင်တိဿအား သနားလည်း သနားသွားကြပုံရ၏။ သူ့အရပ်ကနေ ဘယ်ကိုမျှ ထွက် မပြေးနိုင်ဘူးဆိုတာကိုလည်း ယုံကြည်စိတ်ချသွားကြ၏။

ခိုးသားဓားပြများသည် အရှင်တိဿမထေရ်အနီးမှ နောက်သို့ ဆုတ်ခွာသွားကြပြီး မနီးမဝေးစကြံလမ်းဦးတွင် အမှိုက်မီးကို အလင်း ရောင်ပြုလုပ်ပြီး နံနက်လင်းအချိန်ကို စောင့်စားရင်း အိပ်စက်နေကြ၏။

အရှင်တိဿမထေရ်လည်း ခိုးသားဓားပြတွေနှင့် ကင်းပြီး ကာယဝိဝေက ဆိတ်ငြိမ်မှုကိုလည်းရ၊ ဆင်းရဲအထွေထွေကိုဖြစ်စေ တတ်တဲ့ ပူလောင်နှိပ်စက်တတ်တဲ့ ကိလေသာမကင်းစင်သေးဘဲနဲ့ ဒီအတိုင်းသေသွားရင် ရှေ့ဘဝသစ်၊ ခန္ဓာသစ်တွေဆက်ပြီး ဒီလိုပင် ဆင်းရဲဒုက္ခတွေ ရှည်နေမယ်ဆိုတာကို ပြင်းစွာကြောက်ရွံ့ထိတ်လန့်တဲ့ သံဝေဂစိတ်တွေလည်း သူ့သန္တာန်မှာ ဖြစ်ပွားလာသည်။

ဒါနဲ့ ခန္ဓာကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲနဲ့ ရက်ရက်စက်စက် အားထုတ်တာ အာရုံတက်ခါနီးမှာ ရဟန္တာဖြစ်သွား၏။

ဒါကြောင့် ယောဂီတွေလည်း တရားအားထုတ်တဲ့အခါ ခန္ဓာကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲနဲ့ ရက်ရက်စက်စက် အားထုတ်ဖို့၊ အချိန်မှန်မှန် ဇွဲရှိရှိ အားထုတ်ဖို့ လိုအပ်ပါသည်။

## ဘာဝနာတက်ကြွနှင့် မူဆယ်မြို့ကဦးဘအေး

အေးမေတ္တာထမင်းဆိုင်မှ ကိုအုန်းမောင်၊ မအေးရီတို့ တရုတ် ပြည်ကိုသွားတဲ့အခါ ဦးဘအေးကို ရန်ကင်းတောင် ရန်ကင်းအေးငြိမ်းရိပ်သာ တရားစခန်းဝင် ယောဂီများအကြောင်း ဖော်ပြထားတဲ့ ဓမ္မရသ

စာအုပ်ပေးခဲ့သည်။ စာအုပ်ကို ဖတ်ကြည့်မိသောအခါ တရားအားထုတ်ချင်သည့် စိတ်စေတနာ သဒ္ဓါတရားတွေ ထက်သန်လာ၍ မန္တလေးကို ဆင်းလာပြီး စတုတ္ထ အကြိမ်ရက်(၆၀) တရားစခန်းကို ဝင်ရောက်အားထုတ်ခဲ့သည်။ အစပိုင်းတော့ တရားအားထုတ်ရတာ အေးအေးဆေးဆေးပဲ၊ ဝါယောလေပေးလိုက် ထထိုင်လိုက်နဲ့ ဒီလိုနေလာခဲ့၏။

ဒုတိယနည်း ဘုရာဖူးခန်းရောက်လာသောအခါ မမြင်ဘူးမရောက်ဘူးတဲ့ ဘုရားတွေဖူးရ၍ သဒ္ဓါတရားတွေ တအားဖြစ်လာခဲ့၏၊ သဒ္ဓါတရားတွေ တအားဖြစ်လာတော့ စေတီပုထိုးတွေ ဘုရားရုပ်ပွားတော်တွေ ကြည်ကြည်လင်လင် ပီပီပြင်ပြင် မြင်ရဖူးရ၏။ (၇-၁-၂၀၀၅) ရက်နေ့ ည(၈း၃၀)နာရီလောက်တွင် ဆရာတော်အမိန့်ရှိသည့်အတိုင်း ရန်ကုန်ရွှေတိဂုံစေတီကို အလင်းနိမိတ်လွှတ်၍ ဖူးမြော်ကြည့်ပါသည်။

ရွှေတိဂုံစေတီဘုရားကြီးကို ကောင်းစွာတွေ့ရာ ပထမထိပ်ဆုံးမှ စိန်ဖူးတော်ကိုဖူးပါသည်။ နောက် ငှက်မြတ်နားဖူးပြီး အောက်သို့ဆက်ဖူးရာ ခေါင်းလောင်းလေးများ တွေ့ရပါသည်။ ခေါင်းလောင်းတစ်လုံးတွင် စာမြင်၍ ဖတ်ကြည့်ရာ (ပဒခေါင်) ဟု ရေးထိုးထားတာ မြင်ရပါသည်။

၎င်းခေါင်းလောင်းလေးများကြားမှ ဘုရားကြီး ရွှေပြားပေါ်တွင် စာများတွေ့ရ၍ သေသေချာချာ ဖတ်ကြည့်မိရာ -

**"ဒေါက်တာခင်လေးငယ် -သားများ**
**ကိုကိုကြီး + ကိုကိုလတ် + ကိုကိုလေး**
**မိသားစုများကောင်းမှု၊**
**နတ်လူသာမုခေါ်စေသော် . . . "**

ဟုဖတ်၍ရသည်ကို ဆရာတော်အား အားရဝမ်းသာစွာ လျှောက်ပြ၏။

ကျောင်းတွင် ဆောင်ရွက်လျက်ရှိသော ယောဂီဟောင်း ဒေါက်တာခင်လေးငယ်ကိုမေးကြည့်ရာ ဦးဘအေး ဖတ်ရသည်ဆိုသော

စာသားများအတိုင်း ရွှေပြားမှာ ရေးထိုးလှူဒါန်းထားပါကြောင်း မှန်ကန်သည်ကို ဦးဘအေးအား ဆရာမကြီးက ပြန်လည်ပြောပြ၏။ တရားအားထုတ်ရတာ အင်မတန်ပျော်လာ၏။ အမြဲတမ်း တက်ကြွနေ၏။ တရားကို ကြိုးစားပြီးထိုင်၏။

ဝိပဿနာရောက်တော့လည်း ရှေ့မှာခန္ဓာကိုယ်တစ်ခု သူ့ပုံပေါ်လာကာ မီးခိုးငွေ့တွေထွက်ပြီး ခြေထောက်ကနေစ၍ တဖြည်းဖြည်း အပေါ်ကိုတက်ပြီး မီးလောင်တာ အရိုးစုချည်းကျန်တာကို မြင်ရသည်။ ခန္ဓာရဲ့မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော ကိုယ့်အလိုသို့ မလိုက်တဲ့သဘောကို တွေ့ရ၍ တရားအားထုတ်ရတာ တက်ကြွနေပါသည်။

**အာဇီဝဖြောင့်**

တရားထိုင်ပါများလာလျှင် လူကုန်ကူးခြင်း၊ လက်နက်ကုန်ကူးခြင်း၊ အသားကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး၊ အရက်ကုန်ကူးခြင်း၊ အဆိပ်ကုန်ကူးခြင်း ဤငါးမျိုးရောင်းဝယ်လုပ်လို့ ဘယ်လောက်ကြီးပွားကြီးပွား မလုပ်ချင်တော့ဘူး။ ဤငါးမျိုး မလုပ်သောအခါ အသက်မွေးဝမ်းကြောင်းစင်ကြယ်လာ၏။

## ကြောင့်ကြပယ်စွန့်တဲ့ မန္တလေးမြို့ကဦးမြင့်နိုင်

ဦးမြင့်နိုင်လည်း ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ တရားတိတ်ခွေများကိုနာပြီး တရားအားထုတ်ချင်စိတ် တဖွားဖွားဖြစ်ပေါ်လာပါသည်။ တတိယအကြိမ် ရက်(၆၀)တရားစခန်းကို ဝင်ရောက်အားထုတ်ဖို့ ကြိုးစားသော်လည်း စီးပွားရေးကိစ္စနဲ့ မအောင်မြင်ခဲ့ဘူး။

စတုတ္ထအကြိမ်ရောက်မှ တရားလာအားထုတ်သည်။ တရားအားထုတ်ခါစ "အိမ်မှာ ငါမရှိရင် စီးပွားရေး၊ လူမှုရေး အဆင်ပြေမှ ပြေပါ့မလား၊ တရားကလည်း သမထရော ဝိပဿနာပါ အဆင်ပြေမှ ပြေပါ့မလား" လို့ စိုးရိမ်မှုတွေ ကြောင့်ကြမှုတွေဖြစ်လာခဲ့သည်။

တရားအားထုတ်၍ ရက်အတော်ကြာလာသောအခါ လွန်ခဲ့တဲ့(၂)နှစ်လောက်က အိမ်တစ်လုံးကို ဗေဒင်ယတြာမျိုးစုံနဲ့ ရောင်းပါသည်။ ရောင်းမထွက်ဘူး။

ရန်ကင်းအေးငြိမ်းရိပ်သာကို တရားဝင်အားထုတ်လိုက်မှ မမျှော်လင့်ပဲ ဆုမတောင်းရပဲ အိမ်တလုံးရောင်းထွက်သွားသည်။ (၄၂)သိန်းမြတ်တယ်လို့ ဇနီးသည်က အားရဝမ်းသာနှင့် လာရောက်ပြောပြ၏။

တရားအားထုတ်လိုက်တော့ လောကီစီးပွားရေး၊ လူမှုရေးကလည်း အဆင်ပြေ၏။ သမထရော ဝိပဿနာပါ အမြင်သန်၏။ စိုးရိမ်စရာ ကြောင့်ကြစရာမလိုပဲ ကြောင့်ကြမှုကို ပယ်စွန့်နိုင်၏။

## ကြောက်ရွံ့မှုသိတဲ့ မန္တလေးမြို့ကမခင်မျိုးချစ်

မခင်မျိုးချစ်သည် တတိယအကြိမ်ရက် (၆၀) တရားစခန်းကို ဝင်ရောက်အားထုတ်၏။ တရားအားထုတ်သောအခါ တစ်ယောက်တစ်ခန်းနေရ၍ တစ်ခါမှ တစ်ယောက်တည်း မနေဖူးလို့ ကြောက်ရွံ့နေ၏။

ကမ္မဋ္ဌာန်းဆရာတော်လမ်းညွှန်တဲ့အတိုင်း တရားမထိုင်မီ မေတ္တာပို့ခြင်း၊ တရားထိုင်ပြီးသောအခါ အမျှဝေခြင်းများကို တရားထိုင်တိုင်း ထိုင်တိုင်းလုပ်လိုက်တော့ ကြောက်ရွံ့တဲ့စိတ်တွေ ပျောက်သွားသည်။ ဘာမှလည်း မနှောင့်ယှက်၍ မကြောက်ရတော့ဘူး။

တစ်နေ့သောအခါ မမြင်ရတဲ့သတ္တဝါတွေက နံနက်စောစော "ခင်မျိုးချစ်ရေ ထ" လို့တောင် နှိုးသေးသည်။ ကိုယ့်ကို ဒုက္ခမပေးတဲ့အပြင် မိတ်ဆွေအဖြစ်နဲ့ တရားထိုင်ဖို့ရာ ကူညီကြ၏။ ခင်မျိုးချစ်တစ်ယောက် ကြောက်ရွံ့စိတ်မရှိဘဲနဲ့ တရားကို ဆက်လက်ကြိုးစားအားထုတ်နိုင်ခဲ့သည်။

## ခန္တီအားဖြည့် တရားမွေ့တဲ့မန္တလေးမြို့က ဦးမြင့်သန်း

ဦးမြင့်သန်းလည်း ရန်ကင်းအေးငြိမ်းရိပ်သာတွင် တရားလာအားထုတ်၏။ တရားအားထုတ်ရတာ (၁၀)ရက်လောက်ကြာတော့ နဂိုက ခါးနာဝေဒနာ ပြန်ပေါ်လာသည်။ သွားတာတောင်မှ တောင်ဝှေးနှင့် သွားရ၏။

ငါတော့ "သေချင်သေသွားပစေ၊ တရားမရလျှင် ရိပ်သာက မပြန်ဘူး" ဆိုပြီး ခါးနာဝေဒနာကိုအရှုံးမပေးပဲ သည်းခံပြီး တရားမှတ်သည်။ (၂)ရက် (၃)ရက်လောက် တောင်ဝှေးနှင့် သွားရသေး၏။ (၄)ရက်မြောက်ရောက်တော့ ခါးနာဝေဒနာပျောက်သွား၏။ သွားတဲ့အခါ တောင်ဝှေးမလိုတော့ဘူး။ သမထနှင့် ဝိပဿနာ အလွန်အားကောင်းသည်။

တစ်နေ့သောအခါ သူ့သမီးကြီးနဲ့ မြေးမို့မို့တို့ ကျောင်းရောက်လာကြသည်။ မြေးမို့မို့၏ ရင်ဘတ်၊ လည်ချောင်း၊ ပါးစပ်တွင် အဖုများပေါက်နေကြောင်း၊ ရင်ဘတ်မှ အဖုအကျိတ်သည် အလွန်နာကြောင်း၊ အဆင့်မြင့်စာမေးပွဲ ဖြေရန်ရှိ၍ မေတ္တာ ပို့ပေးရန် သနားစဖွယ်လာပြောသည်။

အဲဒီည တရားထိုင်သောအခါတွင် ကမ္မဋ္ဌာန်းဆရာညွှန်ကြားသည့်အတိုင်း သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား မေတ္တာပို့ခြင်း အမျှဝေခြင်း ပြုလုပ်ပြီး မြေးမလေး၏ တိုက်ခန်းသို့ နိမိတ်ပို့လွှတ်လိုက်သည်။ မြေးမလေး၏ အိပ်ရာကို ခေါင်းရင်းမှစပြီး နိမိတ်ဖြင့်ကြည့်သည်။ နိမိတ်အလင်းတန်းသည် ဦးခေါင်းမှ ခန္ဓာကိုယ်အတွင်းဝင်သွား၏။

အံ့သြစရာကောင်းတာက ပါးစပ်၊ လည်ချောင်းနှင့် ရင်ဘတ်နေရာများတွင် အနက်အစက်ပျောက်များတွေ့ရသည်။ ရောဂါဝေဒနာရှိသောနေရာတွင် နိမိတ်ဖြင့်မွှေလိုက်သောအခါ ယင်းအနက်အစက်ပျောက်များ ပျောက်ကွယ်သွားပြီး ဖြူဖွေးသွား၏။ တရားစစ်သောအခါ ကမ္မဋ္ဌာန်းဆရာအား ထိုအတိုင်း လျှောက်ထား၏။

နောက်နေ့တွင် မြေးမလေးထံမှ ရောဂါဝေဒနာပျောက်ကင်းကြောင်း သတင်းကောင်းလာပို့သည်။ ဤသို့ဖြစ်ရသည်မှာ

ခန္တီအားဖြည့် တရားမွေ့တဲ့အတွက် မိမိ၏ခါးနာတာလည်း ပျောက်၊ မြေးမကလေးရဲ့ ဝေဒနာလည်းပျောက်ခြင်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကြောင့်ပဲ ဖြစ်တယ်ဆိုတာ ထင်ရှားပါသည်။

## ငါးဖော်အာရုံ ရှေးကပုံလို မခုံမင်တဲ့ ရန်ကုန်မြို့က ဒေါ်အေးကြိုင်

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဒေါ်အေးကြိုင်သည် တစ်ရုံးထဲနေ မမြင့်မြင့်အေးထံမှ ဓမ္မရသစာအုပ်ကို ဖတ်ရပြီး တရားအားထုတ်ချင်စိတ် တဖွားဖွားဖြစ်ပေါ်လာသည်။ ဒါနဲ့ စတုတ္ထအကြိမ်ရက်(၆၀)တရားစခန်းကို လာရောက်အားထုတ်၏။ သမထရောဝိပဿနာပါ အလွန်ကောင်းသည်။

တရားအားမထုတ်ခင် ရှေးကဆို တီဗွီ၊ ဗီဒီယို၊ စလောင်းတွေနဲ့ အချိန်ကုန်၏၊ လက်ဘက်ရည်ဆိုင် စားသောက်ဆိုင်ထိုင် တာတောင်မှ တီဗွီ၊ ဗီဒီယိုစလောင်းရှိတဲ့ဆိုင်မှာထိုင်၏၊ မြို့ထဲ ရွာထဲကမှ ပျော်စရာ၊ ရိပ်သာတွေ တရားစခန်းတွေက ပျင်းစရာလို့ ထင်ခဲ့သည်။

အခု ရန်ကင်းအေးငြိမ်းရိပ်သာကို (၂) လ တရားအားထုတ်လိုက်တော့ စိတ်တွေပြောင်းသွားသည်၊ အာရုံငါးပါး တွေကို ရှေးကလို မခင်တွယ် မမက်မောတော့ဘူး။ ကိုယ်ဖူးချင်တဲ့ ဘုရားအာရုံ၊ ခန္ဓာရဲ့ ဖြစ်ပျက်ကိုမြင်တဲ့ တရားအာရုံတွေကိုပဲ ခင်မင်သည်၊ တွယ်တာသည်၊ တရားနဲ့နေရတာမှ ပျော်တယ်၊ တရားကမှ ကိုယ့်ဘဝကိုကယ်မှာ၊ တရားကမှ ကိုယ့်ဘဝကို မြင့်အောင်မြှင့်ပေးမှာ၊ ဒါကြောင့် တရားကိုပဲ ခင်သည်။ ငါးပါးအာရုံ ကာမဂုဏ်တွေကို ခင်မနေကြနဲ့။

## ရေပွက်ပုံဟန် ငါ့ရုပ်နာမ်

**သင်္ခါရာ မေ ပုဗ္ဗုဠူပမ၊ ဘိဇ္ဇရေ ဘိဇ္ဇရေ ခဏံ၊**

**ပဿေ့တွေဝံ ဘင်္ဂဉာဏံ၊ ဇာတံ တတိယယောဂိနော။**

ဣမေ သင်္ခါရာ၊ ဤရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။

ပုဗ္ဗင်္ဂဝ၊ ရေအိုင်အထက် မိုးရေပွက်တို့ အပျက်လျှင်မြန် ပုံဟန်အတူသာလျှင်။ ခဏာ၊ ရုတ်တရက်မျှ တစ်ခဏချင်း။ ဘိဇ္ဇ ရေ ဘိဇ္ဇရေ၊ အဆက်မပြတ် တပျက်တည်း ပျက်တတ်ကုန်စွာ တကား။ ဧဝံ ပဿတော၊ ဤကဲ့သို့လျှင် အပျက်မြင်အောင် ဆင်ခြင်ပွားများ၍နေသော။ တတိယယောဂိနော၊ တတိယ အဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ်အားထုတ်သော ပုဂ္ဂိုလ်၏။ ဘင်ဉာဏံ၊ အဖြစ်တွေပျောက် အပျက်လောက်မျှ မျက်မှောက်မြင်ဟန် ဘင်ဉာဏ်သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာပေသတည်း။

**ဘင်ဉာဏ်ရှု၊ မှတ်ပြုကောင်းဆဲ၊ ဖျဉ်းခနဲနေ၊ ခေါင်းခြေဆီမှ၊**
**ဖုံးအုပ် ချလို၊ ညိုညိုဟင်းကြည်၊ ကျဲသည်အာရုံ၊ မှတ်ပုံ ပေါ့ရုံ၊**
**တစ်ဖန်မှတ်ချက်၊ လွန်ပြန်လျက်မှ၊ ပြတ်ပျက်ပေါ့ကျဲ၊**
**ကိုယ်ကောင်လည်းပျောက်၊ မှတ်စိတ်ရောက်လာ၊ ကြည့်တာ မမြင်၊**
**စူးဝင်သည့်နယ်၊ မှတ်ကောင်းလွယ်လည်း၊ ပျင်းဘွယ်တွေ့ဘိ၊**
**နားနေမိ၏၊ မျက်စိမှုန်မွဲ၊ အိပ်လဲမပျော်၊ မူးသော်မူးလာ၊ နားမှာစီစီ၊**
**မြင်သည်ဟူက၊ ပျက်တွေမျှပင်၊ ကြားစတွင်လည်း၊ပြတ်စဲရိပ်ရိပ်၊**
**စိတ်အသိပါ၊ ကုန်ဆုံးမှာပျက်၊ သိချက်စုံညီ၊ ဤယောဂီအား၊**
**မှာထားခြောက်ဒွါ၊ ပေါ်ရာရာကို၊ ရုံခါဖြန့်ချင့်၊ မှတ်စေသင့်၏။**

(မဟာစည်ဆရာတော်ဦးဇဋိလဆောင်ပုဒ်လင်္ကာ)

ဘင်ဉာဏ်ကိုရှုမှတ်နေသောအခါ ခေါင်းမှ ခြေဖျားထိ ဖျဉ်းခနဲ တစ်ကိုယ်လုံး ဖုံးအုပ်ချသလို ဖြစ်တတ်၏။ မှတ်ရတာလည်း ကျဲတဲတဲ ပေါ့တော့တော့ ဖြစ်တတ်၏။ တရားမှတ်နေရင်းနဲ့ ခန္ဓာကိုယ်ရုပ်တရားကြီးသည် ပျောက်သွား၏။ မှတ်သည့်စိတ် နာမ်တရားလေးကြည့်လိုက်တော့ မမြင် ပျောက်သွား၏။ သဗ္ဗေ သင်္ခါရာ အနိစ္စာအရ ရုပ်တရားလည်း မမြဲ နာမ်တရားလည်း မမြဲ ပါလား။ ကိုယ်တိုင်ရှုကြည့်မှ သိရမြင်ရ၏။ မှတ်ကောင်းသော်လည်း

ပျင်း၍ နားနေမိ၏။ မျက်စိမှုံခြင်း၊ အိပ်၍မပျော်ခြင်း၊ မူးလာခြင်းများ ဖြစ်တတ်၏။ မကြောက်ပါနှင့် တရားဖြုပ်လိုက်လျှင် အကောင်းဖြစ်သွား၏။ နားထဲမှာ စီစီ အသံတွေလည်း ကြားနေရ၏။ ကြားနေရတဲ့ ရုပ်တရားနှင့် သောတဝိညာဉ်စိတ်တို့လည်းပျက်စီးသွား၏။ ယောဂီသည် ပေါ်သမျှကို ဖြန့်ကြည့်ပါ။ ဘာမှမတွေ့လျှင် ရင်ချိုင့်ပြန်လာပြီး မှတ်ပါ။

## ၄။ ဘယဉာဏ်ပွားပုံ

အကြောင်းတရားတွေပျက်၍ သွားသောကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော ရုပ်နာမ်တို့သည် ဘေးကြီး ပါတကား၊ ကြောက်စရာကြီးပါတကား။

"အမြဲမရှိ အနိစ္စ - အနိစ္စ - အနိစ္စ" ဟု ပွားပါ။

အကြင်ယောဂီသည် ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ခယဝယ ဘေဒနိရောဓ ဟုဆိုအပ်သော ပျက်ခြင်းအာရုံကိုသာလျှင် အာရုံပြု၍ မှီဝဲခြင်း၊ ပွားများခြင်းဖြင့် အကြိမ်များစွာပွားများသည်ကို ပြုလတ်သော် အလုံးစုံသော ယောနိ ဂတိ ဝိညာဏဋ္ဌိတိဟု ဆိုအပ်သော တေဘူမက သင်္ခါရတို့၌ ချမ်းသာစွာ အသက်မွေး၍နေရန် တစ်မုဟုတ္တ တစ်ခဏချင်း ချမ်းသာခွင့်ကို မမြင်ရ၍ ကြောက်တတ်သောယောကျ်ားသည် ခြင်္သေ့ သစ်ကျား သားစားကျူးသော ဘီလူးမ စသည်တို့၏ နေရာကိုရောက်လတ် သကဲ့သို့ မိမိ၏ အတိတ်အာရုံ၌ဖြစ်သော ရုပ်နာမ်တရားတို့၏ ချုပ်ပြီး ခြင်း၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်တရားတို့၏ ချုပ်ပြီးခြင်း၊ ဖြစ်လတ္တံ့သော ရုပ်နာမ်တရားတို့၏ ချုပ်လတ္တံ့သည်ကို ဧကန်မုချ မြင်ရသည်ရှိသော် ရပ်တည်မရ မင်းဒဏ်သင့်၍ အသတ်ခိုင်းသော သားသုံးယောက်၏ မိခင်သည် သုသာန်တစဝယ် သတ်ပြီးသားဖြစ်သော သားကြီးကိုရှု၍ ကြောက်ရွံ့ခြင်း၊ သတ်မည်ဆဲဆဲဖြစ်သော သားလတ်ကိုရှု၍ ကြောက်ရွံ့ ခြင်း၊ သတ်လတ္တံ့သော သားငယ်ကိုရှု၍ ကြောက်ရွံ့တုန်လှုပ်ခြင်း ရှိသကဲ့သို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်ဓမ္မသင်္ခါရ

တို့၌ လွန်စွာကြောက်ရွံ့တတ် သောဘုရားသည် ဘယဉာဏ်မည်၏။

**ဘယဉာဏ်မှာ၊ ပေါ်သမျှမှတ် (ဖောင်းပိန်တာမှတ်)၊**
**ပျောက်ပျက်တတ်ရာ၊ ကြောက်၍လာဘိ၊**
**ဆွေညာမိဘ၊ တ၍တမျိုး၊**
**တိုး၍အားငယ်၊ ငိုလွယ်ဝမ်းနည်း၊**
**မှတ်နည်းဖြင့်သာ၊ လွန်စေရာ၏၊**
**များစွာတွေးရှု၊ ဆင်ခြင်မှုကို၊**
**မပြုရှောင်ကြည်၊ တွင်တွင်အားပေး၊**
**ကြောက်ပြေရေးသာ၊ ဟောပြောပါလော့။**

(မဟာစည်ဆရာတော်ဦးဇဋိလဆောင်ပုဒ်လင်္ကာ)

ယောဂီသည် ဘယဉာဏ်ကို မှတ်နေသောအခါ ပေါ်သမျှ အကြောင်းအရာတို့သည် ပျောက်ပျက်သွား၍ ကြောက်၍လာ၏။ ဆွေမျိုးမိဘတွေကိုတ၍ အားငယ်ဝမ်းနည်း ငိုချင်တဲ့စိတ်တွေ ပေါ် ပေါက်လာ၏။ အားငယ်တဲ့စိတ် ငိုချင်တဲ့စိတ်တွေ ပေါ်ပေါက်လာတဲ့အခါ မိမိဘယဉာဏ်ကို မှတ်ခြင်းဖြင့်သာ လွန်စေရာ၏။ ဟိုစဉ်းစား ဒီစဉ်းစား ဟိုတွေးဒီတွေးတဲ့စိတ်တွေ ရှောင်ကြဉ်ပါ။ ယောဂီသည် ပါရမီကောင်း၍ နိမိတ်ရှိနေသောကြောင့် ခန္ဓာ၏ဖြစ်ပုံပျက်ပုံကို မျိုးစုံတွေ့ရ၏။ မိမိအိမ်မှာရှိတဲ့ စိန်တွေ ရွှေတွေ ငွေတွေထက် အင်မတန်တန်ဖိုးရှိ၏။ ဆက်၍ ကြိုးစားပါ ဤသည်ပင် ဘယဉာဏ်၏ သဘောတည်း။

## ဘယဉာဏ်နှင့် ဘုတလင်မြို့မှ မဝင်းမာ

မဝင်းမာသည် သမထရောဝိပဿနာပါ ကောင်း၏၊ တစ်နေ့ သောအခါ ဝိပဿနာတရားထိုင်နေရင်း “အမလေးတော် ကျွန်မ ခြေထောက်ကြီး ပြတ်သွားပါပြီ လာကြပါဦး” လို့ အော်ပြီး ငိုပြော၏။ ဘေးက ယောဂီများလည်း ကြားရ၏။

ဘုန်းကြီးက ယောဂီများ တရားထိုင်မထိုင် သွားကြည့်ရင်းနဲ့ ငိုသံကြားလို့သွားမေးသည်။ တရားထိုင်တုန်း သူ့ခြေထောက်ပြတ်တာကိုမြင်ရ၍ ကြောက်ပြီးငိုကြောင်း လျှောက်ပါသည်။

တရားထိုင်တုန်းက ကိုယ်လက်အင်္ဂါပြတ်တာကို တွေ့ရ၍ တရားဖြုတ်လိုက်လျှင် အကောင်းပကတိရှိကြောင်း၊ ဘာမှကြောက်စရာမလိုကြောင်း၊ ကိုယ့်မှာနိမိတ်ရှိလို့ ဒီလိုမြင်ရတာသည် စိန်တွေ၊ ရွှေတွေ၊ ငွေတွေထက် အဖိုးတန်ကြောင်းကို ဘုန်းကြီးကပြောပြလိုက်သည်။ မယုံလျှင် ကိုယ့်ခြေထောက်ကို ကိုယ်ပြန်ကြည့် ဆိုပြီး ကြည့်ခိုင်း၏။ သူ့ ခြေထောက် ဘာမှမဖြစ်ဘဲ တွေ့ရတော့မှ ဝမ်းသာသွားသည်။

တရားထိုင်နေရင်း ခြေထောက်များပြတ်သွားတာကို မြင်ရသောအခါ ခန္ဓာကိုယ်အောက်ပိုင်းတွင် ပြတ်သလား၊ အပေါ်ပိုင်း အလယ်ပိုင်းတွေပြတ်သလားလို့ ဖြန့်ကြည့်ပါ၊ ဘာမှ ကြောက်စရာမလိုပါ၊ ဘာမှမတွေ့မှ ပေးထားတဲ့ သင်ခန်းစာအတိုင်း ရင်ချိုင့်ကို စိတ်စိုက်ပြီး မှတ်ပါ။

## သည်ပုတ်ထဲက သည်ပဲ (ဘယညာဏ်)

**နိရုဒ္ဓါတီတသင်္ခါရာ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ၊**

**အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေ ပိ ဘာယိတဗ္ဗကာ။**

အတီတေသင်္ခါရာ၊ အတိတ်ဘဝ ရှေးကာလ၌ ဖြစ်ကြအများ သင်္ခါရတရားတို့သည်။ နိရုဒ္ဓါ၊ ငါ၏သန္တာန် အဖန်ဖန်ဖြင့် မှန်မှန်ပျက်ပြုန်း ကုန်ဆုံးကြလေကုန်ပြီ။

ပစ္စုပ္ပန္နာ စ၊ ယခုလက်ငင်းတွေ့ကြုံ အဖုံဖုံပွား သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ၊ နှမ်းအိုးကင်းထက် နှမ်းတွေကျက်သို့ ရုတ်တရက်အနေ ချုပ်ပျက်ကြလေကုန်၏။

အနာဂတာ၊ နောက်နောင်ဘဝ နောက်ကာလ၌ ဖြစ်ကြရံသင့် အဆင့်ဆင့်ပွား သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇိဿန္တိ၊ သည်ပုတ်ထဲက

သည်ပဲအနေ ချုပ်ပျောက်ရလေကုန်လတ္တံ့။

သဗ္ဗေပိ၊ ယခုရှေ့နောက် ငါ့ထံရောက်လျက် ချုပ်ပျောက်ပျက်ပြုန်း ရုပ်နာမ်အားလုံးတို့သည်ပင်။ ဘယိတဗ္ဗကာ၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းတို့ချည်းပါတကား။

## ၅။ အာဒီနဝဉာဏ်ပွားပုံ

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော ရုပ်နာမ်တို့သည် အပျက်ကြီးပါတကား၊ ရန်သူကြီးပါတကား။

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ ဟုပွားပါ။

ထိုသို့ ရုပ်နာမ်သင်္ခါရတို့၌ ပျက်ခြင်းတည်းဟူသော ဘေးကို မြင်သည်ဖြစ်၍ အဖန်တလဲလဲ မှီဝဲအပ်သော ယောဂီအား တေဘူမက ဖြစ်သော ယောနိ-ဂတိ-ဝိညာဏဋ္ဌိတိတို့၌ မှီခိုရာပုန်းအောင်းရာ ကိုးကွယ်ရာကို မထင်ခြင်းသည်ဖြစ်ခဲ့၏ အဘယ်ကဲ့သို့နည်းဟူမူ-

ချမ်းသာစွာ အသက်ရှည်လိုသော ကြောက်တတ်သော ယောက်ျားအား မွေ့လျော်စွာနေလိုသော်လည်း သားရဲသစ်ကျားတို့ ထူပြောသော တောအုပ်ကို မဝင်ဝံ့သကဲ့သို့လည်းကောင်း၊ မိမိ ဦးခေါင်းကို ဖြတ်တော့အံ့ဟု ချီအပ်သော သန်လျက်ရှိသော ရန်သူကို မြင်သကဲ့သို့လည်းကောင်း၊ ဤ ယောဂါဝစရသည် ပျက်ခြင်းကိုရှု၍ ကြောက်အပ်သော အဖြစ် ဖြင့်ထင်ကုန်လတ်သော် ထက်ဝန်းကျင်သော တေဘူမကတရား မှ ပြည့်စုံခြင်းကင်းသော၊ သာယာအပ်သည်၏ အဖြစ်ကင်းသော အပြစ်ကိုသာလျှင် အဖန်ဖန်မြင်၏။

ထိုသို့မြင်အပ်သောဉာဏ်သည် ရုပ်နာမ်တရားတို့၏ အပြစ်ကို မြင်ရကား အာဒီနဝဉာဏ်မည်၏။

## အာဒီနဝဉာဏ်၅-ပါးဝင်အောင် ရှုပွားဟန်ကား

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခံ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

ဥပ္ပါဒဉ္စ၊ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း။ ပဝတ္တဉ္စ၊ ဖြစ်ပွားခြင်းကိုလည်းကောင်း။ နိမိတ္တဉ္စ၊ သင်္ခါရနိမိတ်ကိုလည်းကောင်း။ အာယူဟနဉ္စ၊ အားထုတ်ခြင်းကိုလည်းကောင်း။ ပဋိသန္ဓိဥ္စ၊ ပဋိသန္ဓေကိုလည်းကောင်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤအမြင်သည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် ဘဝသစ်၏ လက်မွန်အစ ကလလရေကြည်တည်ခြင်းအစဖြစ်သော ဥပါဒ်သည်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟူသော မီးသုံးပါး၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဟုဆိုအပ်သော ဒုက္ခသုံးပါး၊ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဟုဆိုအပ်သော ဘေးသုံးပါးတို့သည် အမြဲမပြတ် ဖိစီးနှိပ်စက်အပ်သောကြောင့် အပြစ်ကြီးပါတကား ရန်သူကြီးပါတကား။

ဘဝသစ်၏ လက်မွန်အစ ဥပါဒ်မှ အခြားမဲ့ဖြစ်သော အမိဝမ်းတွင်းမှစ၍ မွေးဖွားလာပြီးလျှင် သေသည့်ကာလတိုင်အောင် အဆက်ဆက်ဖြစ်၍နေသော ပဝတ္တိရုပ်နာမ်သည်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟူသော မီးသုံးပါး၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဟုဆိုအပ်သော ဒုက္ခသုံးပါး ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဟုဆိုအပ်သော ဘေးသုံးပါးတို့သည် အမြဲမပြတ် ဖိစီးနှိပ်စက်အပ်သောကြောင့် အပြစ်ကြီးပါတကား ရန်သူကြီးပါတကား။

ရုပ်နာမ်တို့၏ အရိပ် ဦးခေါင်း၊ ခြေလက် အင်္ဂါကြီးငယ်ဟုဆိုအပ်သော ဤခန္ဓာကိုယ်နိမိတ်သည်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟူသော မီးသုံးပါး ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဟုဆိုအပ်သောဒုက္ခသုံးပါး၊ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဟုဆိုအပ်သော ဘေးသုံးပါးတို့သည် အမြဲမပြတ် ဖိစီးနှိပ်စက်အပ်သောကြောင့်

အပြစ်ကြီးပါတကား ရန်သူကြီးပါတကား။

နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း၏အကြောင်း ကုသိုလ်သင်္ခါရကို အားထုတ်ခြင်းသည်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟုဆိုအပ်သော မီးသုံးပါး၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဟုဆိုအပ်သော ဒုက္ခသုံးပါး၊ ဇာတိဘေး - ဇရာဘေး - မရဏဘေးဟုဆိုအပ်သော ဘေးကြီးသုံးပါးတို့သည် အမြဲမပြတ် ဖိစီးနှိပ်စက်အပ်သောကြောင့် အပြစ်ကြီးပါတကား ရန်သူကြီးပါတကား။

နောင်တစ်ဖန်စပ်၍ ပဋိသန္ဓေနေရခြင်းသည်လည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟုဆိုအပ်သော မီးသုံးပါး ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဟုဆိုအပ်သော ဒုက္ခသုံးပါး၊ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဟုဆိုအပ်သော ဘေးကြီးသုံးပါးတို့သည် အမြဲမပြတ် ဖိစီးနှိပ်စက်၍နေသောကြောင့် အပြစ်ကြီးပါတကား ရန်သူကြီးပါတကား၊ ဤသို့လည်း အာဒီနဝဉာဏ် ၅-ပါး ဝင်အောင်၊ မြင်အောင် ရှုဆင်ခြင်အပ်၏၊ ရှုဆင်ခြင်ပါလေ ယောဂီအပေါင်းသူတော်ကောင်းတို့-

ဤသို့ အာဒီနဝဉာဏ် ၅-ပါး မြင်အောင်ရှု၍ မြင်ထင်လာသော ယောဂီတို့သည်-

**အနုပ္ပါဒံ အပ္ပဝတ္တံ၊ နိမိတ္တံ သုခန္တိ စ။**

**အနာယူဟာနံ အပ္ပဋိသန္ဓိံ၊ ဉာဏံ သန္တိ ပဒေ ဣဒံ။**

အနုပ္ပါဒဉ္စ၊ မဖြစ်ပေါ်ခြင်းကိုလည်းကောင်း။ အပ္ပဝတ္တဉ္စ၊ မဖြစ်ပွားခြင်းကိုလည်းကောင်း။ အနိမိတ္တဉ္စ၊ သင်္ခါရနိမိတ်ကင်းခြင်းကိုလည်းကောင်း။ အနာယူဟနဉ္စ၊ အားမထုတ်ခြင်းကိုလည်းကောင်း။ အပ္ပဋိသန္ဓိံစ၊ ပဋိသန္ဓေမနေခြင်းကိုလည်းကောင်း။ သုခန္တိ၊ ချမ်းသာဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤအမြင်သည်။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်မည်၏-ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြတ် မိန့်အပ်သည်နှင့်အညီ လက်မွန်စ၍ဖြစ်သော ဥပါဒ်မရှိခြင်းသည် ချမ်းသာပါတကား၊ အဆက်ဆက်ပွား၍ ဖြစ်ခြင်းဟုဆိုအပ်သော ပဝတ္တိရုပ်နာမ် မဖြစ်ခြင်းသည်

ချမ်းသာ ပါတကား၊ ရုပ်နာမ်၊ အရိပ်ခန္ဓာကိုယ် နိမိတ်မရှိခြင်းသည် ချမ်းသာပါတကား၊ နောင်တစ်ဖန် ပဋိသန္ဓေနေကြောင်း ကုသိုလ်သင်္ခါရကို အားထုတ်ရာ မရှိခြင်းသည် ချမ်းသာပါတကား၊ နောင်တစ်ဖန် ပဋိသန္ဓေနေရခြင်း  မရှိခြင်းသည် ချမ်းသာပါတကား ဤသို့လည်း သန္တိပဒဉာဏ် ၅-ပါးကို ထင်မြင်လာကြကုန်၏။

ထိုအာဒီနဝဉာဏ် ၅-ပါး၊ သန္တိပဒဉာဏ် ၅-ပါးဟုဆိုအပ်သော ၁၀-ပါးသော ဉာဏ်တို့ဖြင့် ထင်လာမြင်လာသော လိမ္မာသော ယောဂီပုဂ္ဂိုလ်တို့သည်-

**ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ၊**

**ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသဉာဏေ ပဇာနာတိ၊**

**ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတီတိ။**

ဣဒံ အာဒီနဝဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဉ္စသုထာနေသု၊ ငါးပါးသော အရာတို့၌။ ဇာယတိ၊ ဖြစ်၏။ ဣဒံ သန္တိပဒ ဉာဏံ၊ ဤသန္တိပဒဉာဏ်သည်။ ပဉ္စသုထာနေသု၊ ငါးပါးသောဌာနတို့၌။ ဇာယတိ၊ ဖြစ်၏။ အာဒီနဝဉာဏံ၊ အာဒီနဝ ဉာဏ်ကို။ ပဇာ နန္တော၊ အပြားအားဖြင့် သိသောပုဂ္ဂိုလ်သည်။ ဒသဉာဏေ၊ ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ဒွိန္နံ ဉာဏာနံ၊ နှစ်ပါးသောဉာဏ်တို့ကို။ ကုသလတာ-ကုသလ တာယ၊ လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊ အထူးထူးသောဝါဒတို့၌။ ဝါ၊ အယူဝါဒတို့ကြောင့်။ န ကမ္ပတိ၊ မတုန်မလှုပ်။

ဤပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်အညီ အထူးထူးသော အယူဝါဒ အထူးထူးသော ဒိဋ္ဌိတို့ကြောင့် မတုန်မလှုပ်နိုင်ကြကုန်၊ မတုန်လှုပ်ကြောင်းကိုလည်း  သိရှိတော်မူကြပါကုန်။  ဤအာဒီနဝဉာဏ်ကို ထင်မြင်လာရခြင်းသည် ဤဆိုအပ်ပြီးသော အကျိုးတို့ကို ခံစားရခြင်းကြောင့် အားထုတ်ချင်ဖွယ်ကောင်းလေစွ၊ ထင်မြင်လာအောင်လည်း အားထုတ်ကြပါကုန် ပညာရှိအပေါင်း ယောဂီသူတော်ကောင်းတို့။

(အင်ချောင်ဆရာတော်၏ စရိယမဂ္ဂပါရဂူ၊စာ-၅၄၇ မှ)

**အာဒီနဝ၊ မှတ်ရသွက်သွက်၊ ထူးကောင်းလျက်ပင်၊**
**ကောင်းမမြင်လာ၊ ဘယ်ဟာတစ်ခု၊ ကောင်းဟုမထင်၊**
**မှတ်မြင်သမျှမကောင်းကြပေ၊ ဒါတွေမရှိ၊**
**လွန်ကောင်း၏ဟု၊ ငြိမ်းငြိုးပြောတတ်၊ မှတ်စေအပ်၏။**

ယောဂီသည် အာဒီနဝဉာဏ်ကို မှတ်နေသောအခါ ခန္ဓာကိုယ်ပေါ်မှာ ပူတာတွေလည်း ပေါ်ပြီးပျက်စီးသွား၏။ အေးတာတွေကလည်း အေးပြီး ပျက်စီးသွား၏။ ရှေ့မှ မိမိခန္ဓာ ကိုယ်တစ်ကိုယ်ပေါ်လာပြီး ပျက်စီးသွား၏။ ထိုအခါ ယောဂီ သည် မိမိခန္ဓာကိုယ်ကို အပြစ်မြင်လာ၏။ ခန္ဓာကိုယ်ပေါ်မှာ ပေါ်သမျှတို့သည် တစ်ခုမှမကောင်းကြဘူး။ ဒါတွေမရှိလျှင် ကောင်းမှာပဲဟု ငြိမ်းငြိုးပြောတတ်၏။ ဤသည်ပင် အာဒီနဝဉာဏ်၏သဘောတည်း။

## ၆။ နိဗ္ဗိန္ဒဉာဏ်ပွားပုံ

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီးနေသော ရုပ်နာမ်တို့သည် ပျင်းစရာကြီးပါတကား၊ ငြီးငွေ့စရာကြီးပါတကား။

"အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ" ဟုပွားပါ။

ယောဂီသည် ဤသို့အလုံးစုံသော ရုပ်နာမ်ဓမ္မသင်္ခါရ တို့၌ ရှေးကံကြောင့် ဖြစ်ခြင်းရှိသော ရုပ်နာမ်အပေါင်းတို့၏ ပေါင်း၍တည်လာခြင်း အစရှိသောအဖြစ်တို့ကို မြင်သည်ရှိသော် တေဘူမကဖြစ်သော ယောနိဂတိ စသည်တို့၌ ပျက်စီးခြင်းနှင့် တကွဖြစ်သော သင်္ခါရတရား အပေါင်း၌ လွန်စွာငြီးငွေ့သော နိဗ္ဗိဒါဉာဏ် အဖြစ်သို့ရောက်၏။

အဘယ်ကဲ့သို့နည်းဟူမူ-

ဟင်္သာကိုးသောင်းတို့၏အရှင် ဓတရဋ္ဌ ရွှေဟင်္သာမင်းသည် စက်ဆုပ်အပ်သောဒွန်းစဏ္ဍားရွာ တံခါးဝ၌ ခဏမျှမပျော် ခုနစ်ဖော်သော

ရေအိုင်၌သာလျှင် နှစ်ခြိုက်မွေ့လျော် ပျော်နိုင်ဘိသကဲ့သို့လည်းကောင်း၊ တောသုံးတောင်ကိုအစိုးရသော ခြင်္သေ့မင်းကို နှောင်သွင်း၍ထားဘိသကဲ့သို့လည်းကောင်း၊ ကိုယ်လုံးကျွတ် ဖြူစင်သော ဆဒ္ဒန်ဆင်မင်းကို ပြည်တွင်း၌ ဝစွာကျွေး၍ မွေးမြူထားပါသော်လည်း တစ်ခဏမျှ မပျော်ဘိသကဲ့သို့လည်းကောင်း- ထို့အတူ ရွှေဟင်္သာမင်း စသည်တို့နှင့်တူသော ယောဂီသည်လည်း တေဘူမကသင်္ခါရတို့၌ လွန်စွာငြီးငွေ့လှ၍ လက္ခဏာရေးတို့ဖြင့် အေးမြငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ကို ဧကန်ကိုင်းရှိုင်း သက်ဝင်ပျော်ရှာဘိ၏။

(ယောဂီပါရဂူ၊ စာ-၃၃၂)

**နိဗ္ဗိဒါမှာ၊ ရှင်းကားပြတ်သား၊ မှတ်ကောင်းငြားလည်း၊ စိတ်ထဲ ရွံမုန်း၊ နစ်လုံးမရွှင်၊ ပျင်းခြောက်ပင်ဆို၊ မမှတ်လိုပဲ၊ နေလဲမရ၊ ငြီးငွေ့လှသား၊ စကားမဆို၊ မတွေ့လိုလူ၊ အချို့မူကား၊ ဉာဏ်သုံးပါးမှ၊ တစ်ပါးနှစ်ပါး၊ ပြောတတ်ငြား၍၊ ချို့ကားသာမန်၊ ထူးဟန်မပြ၊ မှတ်ရကောင်းပေ၊ ထူးထွေမဖက်၊ တိုးတက်မရှိ၊ သိမ်မွေ့ဘိတုံ၊ မှတ်ဟုံလျင်မြန်၊ ပြောနေ ဟန်ရှ၊ နှိုင်းချိန်မှုမှာ၊ အားငယ်ကာနေ၊ သိမ်မွေ့လေ၍၊ နည်းနေစကား၊ များနှင့်မရော၊ ရှေ့ကျော်ပြောက၊ ရောက်ပြီးဆလော့။**

(မဟာစည်ဆရာတော်ဦးဇင်္ဂလဆောင်ပုဒ်လင်္ကာ)

ယောဂီသည် နိဗ္ဗိန္ဒဉာဏ်ကို မှတ်နေသောအခါ စိတ်ထဲက မိမိကိုယ်ကို ရွံမုန်းလာ၏။ မှတ်နေရခြင်းသည် နှလုံး မရွှင်ဘူး ပျင်းခြောက်ခြောက် ဖြစ်လာ၏။ မမှတ်မိလို့လည်းမဖြစ် ငြီးငွေ့နေ၏။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောလိုဘူး။ မတွေ့လိုဘူး။ ဘာမှအထူးအထွေမတွေ့သော်လည်း မိမိတရား ကို မိမိမှတ်ပါ။ မှတ်ပါများလျှင် စိတ်ကလေးသည် အားငယ်လာ ၍ သိမ်မွေ့လာ၏။ တစ်ယောက်နှင့် တစ်ယောက် ရောရော နှောနှောမနေချင်ပါ။ စကားမပြောချင်ပါ။ စကားနည်း၍ တရား မြဲသွား၏။ ဤသည်ပင် နိဗ္ဗိန္ဒဉာဏ်၏သဘောတည်း။

## နိဗ္ဗာန်ဉာဏ်နှင့်ရန်ကုန်မြို့ကပါမောက္ခတစ်ဦး

တစ်ခါတုန်းက ပါမောက္ခတစ်ဦး ရိပ်သာလာပြီး တရားအား ထုတ်သည်။ တရားမှတ်နေရင်းနဲ့ ပျင်းတာငြီးငွေ့တာ ရိပ်သာမှာ မနေချင်လောက်အောင် ပျင်းလာတာနဲ့ နံနက်စောစော(၃)နာရီ လောက်မှာ ကိုယ့်အထုပ်ကလေးဆွဲပြီး ရိပ်သာကလူတွေ မထသေးခင် ထွက်လာခဲ့သည်။

ကားမှတ်တိုင်ရောက်တော့ ကားစောင့်ရင်းနဲ့ အချိန်နှမျောလို့ တရားမှတ်နေလိုက်သောအခါ ပျင်းတဲ့စိတ်ငြီးငွေ့တဲ့ စိတ်တွေပျောက်ပြီး တရားကမှတ်လို့ကောင်းနေ၏။ တရားကိုပဲ မှတ်ချင်စိတ် တဖွားဖွား ဖြစ်ပေါ်လာပြီး ကားကလည်း မလာသေးတာနဲ့ ရိပ်သာထဲပြန်ဝင်၍ ကိုယ့်နေရာကို ပြန်နေလိုက်သည်။ သူ့ရဲ့ကုသိုလ်ပါရမီ အထုံရှိနေတော့ အဖျက်စိတ်ဝင်လာပေမယ့်လည်း နှလုံးသွင်းမှန်ကန်မှုကြောင့် တရား ဆက်ရှုနိုင်တာလို့ ဆိုရမှာဖြစ်သည်။

ဥပမာ။ ။လူတစ်ယောက်ဟာ တစ်နေ့ထမင်းသုံးထပ် ပုံမှန် အချိန်မှန်စားတယ်ဆိုရင် ထမင်းဆာဆာ မဆာဆာ ထမင်းစားချိန်ကျ စားသလို၊ တရားအားထုတ်တဲ့ ယောဂီဟာလည်း ပျင်းပျင်း မပျင်းပျင်း ငြီးငွေ့ငွေ့ မငွေ့ငွေ့၊ ပျော်ပျော် မပျော်ပျော်၊ မမှတ်ချင်မှတ်ချင်၊ တရားမှတ်ချိန်ကျ မှတ်ပါ၊ ဇွဲမလျှော့ပါနဲ့၊ မှတ်ပါများလျှင် ပျင်းတဲ့စိတ်၊ ငြီးငွေ့တဲ့စိတ်တွေကို လွန်သွားပါ သည်၊ ယောဂီရဲ့ဝီရိယနဲ့ သတိတရားက နိုင်သွားပါသည်။

## ၇။ မုဉ္စိတုကမျတာဉာဏ်ပွားပုံ

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော ရုပ်နာမ်တို့မှ လွတ်ပါမူကား ကောင်းလေစွ၊ ဖဲသွားရပါမူကား ကောင်းလေစွ။

"အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ" ဟုပွားပါ။

(ဤဉာဏ်ကိုနိဗ္ဗာန်ဝင်တံခါးမကြီးဖြစ်၍ပထမသင်္ခါရုပေက္ခာဟုခေါ် သည်။)

ဤသို့ နိဗ္ဗိဒါဉာဏ်ဖြင့် အလုံးစုံသော တေဘူမကသင်္ခါရ ဟုဆိုအပ်သော ယောနိ၊ ဂတိစသည်တို့၌ အလွန်ငြီးငွေ့ခြင်း ရှိသော ယောဂီအား ထိုတေဘူမကတရားတို့တွင် တစ်ခုသော ရုပ်တရား၊ နာမ်တရား၌လည်း ငြိတွယ်ခြင်းမရှိ၊ အလုံးစုံသော တေဘူမက သင်္ခါရတရားအပေါင်းမှ လွတ်လိုခြင်း ထွက်မြောက် လိုခြင်းဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ-

ကွန်မိသောငါး၊ မြွေဖမ်းအပ်သောဖား စသည်တို့၌ လွန်စွာ လွတ်လိုကုန်သကဲ့သို့တည်း။

(ယောဂိပါရဂူ)

**မုဥ္စိတုကမျ၊ ပိုးကောင်ရှုနယ်၊ပရွက်တွယ်သို့၊ ကိုဝယ်အံ့မှု၊**
**ရှာကမတွေ့၊ ဟိုရွှေ့ဒီပြောင်း၊ နေမကောင်းပေ၊**
**စိတ်နေကျဉ်းကျပ်၊ ပြေးလိုတတ်ပေါ်၊ မပျော်ခန်းတွင်၊**
**ယားချင်စူးအောင့်၊ ဝမ်းပူတောင့်ကာ၊ သွားချင်ပါဆတ်၊**
**မှတ်ရကြာကြာ၊ တဖြာကိုပျောက်၊ သိစိတ်ရောက်လျက်၊**
**ဖျဉ်းဖျဉ်းတက်လာ၊ စိတ်မှာသိမ်မွေ့၊ ပျောက်ပျက်တွေ့ရ၊**
**သင်္ခါရနယ်၊ ဘုံသုံးသွယ်မှ၊ လွတ်လိုလှ၏။**

(မဟာစည်ဦး ဇင်္ဂိလ ဆောင်ပုဒ်)

ယောဂီသည်မုဥ္စိတုကမျတာဉာဏ်ကို မှတ်နေသောအခါ ခန္ဓာကိုယ်ပေါ်မှာ ပုရွက်ဆိတ်များ တက်သကဲ့သို့ ရွတရွတ တက်တတ် တွယ်တတ်၏။ ယောဂီသည် သည်းမခံနိုင်လျှင် လက်နှင့်ကိုင်ကြည့်မိ၏။ တကယ်တမ်းကိုင်ကြည့် ရှာကြည့်တော့ မတွေ့ရပေ။ တရားမှတ်နေရ ခြင်းသည် စိတ်တွေကြဉ်းကြပ်၏ နေရာထိုင်ရမှတ်ရသော်လည်း

မပျော်ပါ။ ရိပ်သာမှထွက်ပြေးချင်တဲ့စိတ်တွေ ပေါ်လာ၏။ ဟိုနေရာက ယားလိုက် ဒီနေရာ ကယားလိုက် အပ်နှင့်ထိုးလိုက်သလို စူးခနဲ အောင့်၏။ ဝမ်းထဲ ကလည်း ပူလာ၏။ ထသွားချင်တဲ့စိတ်တွေပေါ်လာ၏။ မိမိတရားကို ကြာကြာလေးမှတ်ပေးလိုက်ပါ တရားမှတ်နေသော အခါ ခန္ဓာကိုယ်ရုပ်တရားကြီးသည် ပျောက်သွား၏။ သိတဲ့စိတ် မှတ်သိစိတ် နာမ်တရားလည်း ဖျဉ်းဖျဉ်းနှင့် တက်လာကာ စိတ်မှာ သိမ်မွေ့ပြီး ပျောက်သွား၏။ မဟာသမုဒ္ဒရာထဲက ရေတစ်ဇွန်းကို သောက်ကြည့်ပါ။ ရေတစ်ဇွန်းသည် ငံလျှင် သမုဒ္ဒရာတစ်စင်းလုံးရှိ ရေများသည် အငံကြီးဖြစ်သလို တစ်ခုသောရုပ်တရားသည် မမြဲဘူး ဆိုလျှင် အလုံးစုံသော ရုပ်တရားတို့သည် မမြဲဘူး။ တစ်ခုသော နာမ်တရားသည် မမြဲဘူးဆိုလျှင် အလုံးစုံသော နာမ်တရားတို့သည် မမြဲဘူး။

ဒါကြောင့် ဘုရားက "ဧကေသ ဓမ္မဿ၊ တစ်ခုသောတရား၏။ အနိစ္စာ၊ အမြဲမရှိသည်၏ အဖြစ်ကို ဒိဋ္ဌာ၊ မျက်ဝါးထင်ထင် တွေ့မြင် ရသည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာ။ အမြဲမရှိပါ ကုန်" ဟုဟောတော်မူ၏။ ကွန်မိသောငါးသည် ကွန်မှလွတ်ဖို့
ရာ အလိုရှိသလို ယောဂီသည် ကာမဘုံ ရူပဘုံ အရူပဘုံ ဟုဆိုအပ်သော ဘုံသုံးပါးမှ လွတ်လိုခြင်းသည် မုဉ္စိတုကမျတာ ဉာဏ်၏ သဘောတည်း။

## မုဉ္စိတုကမျတာဉာဏ်နှင့် မန္တလေးမြို့ကဦးညွန့်စံ

ဦးညွန့်စံသည် ၁၃၆၅-ခုနှစ် နတ်တော်-ပြာသိုလ်လတွင် ဒုတိယအကြိမ် ရက်(၆၀)တရားစခန်း တရားလာ အားထုတ်သည်။ တရားထိုင်နေတုန်း မျက်နှာရှေ့၌ ရွတရွတတွေ ပုရွက်ဆိတ် တက်လာသလိုဖြစ်လာသည်။ တကယ့်ပုရွက်ဆိတ် တွယ်နေတယ် တက်နေတယ်ထင်ပြီး မနေနိုင်၊ သည်းမခံနိုင်တော့ လက်နဲ့ကိုင်

ကြည့်မိသောအခါ ဘာမှ မတွေ့ရဘူး။

ဒါနဲ့ တရားစစ်တော့ ကမ္မဋ္ဌာန်းဆရာကိုပြောပြသည်၊ ဆရာက ရွတရွတ ပုရွက်ဆိတ်တွယ်သလို တက်သလိုဖြစ်သောအခါ သည်းခံမှတ်ဖို့ မုဉ္စိတုကမျတာဉာဏ်ရဲ့ အကြောင်းကို ရှင်းပြမှသာလျှင် သဘောကျ ဝမ်းသာသွား၏။ ယောဂီတိုင်းနီးပါး ဒီသဘောလေးတွေ မကြာခဏ တွေ့တတ်ကြပါသည်၊ မနေနိုင် မထိုင်နိုင်လို့ ခန္ဓာကိုယ်လှုပ်ရှားလိုက်တဲ့အခါ အမှတ်သတိကို မလွတ်ဖို့လိုပါသည်။ အဲဒါ အဓိကပါပဲ။

**သံသရာမှလွတ်ထွက်လိုဟန် မုဉ္စိတုကမျဉာဏ်**

**ဘယတော ပဋ္ဌာနေနေဝ၊အာဒီနဝံ စ ဇာနတော၊**

**နိဗ္ဗိန္ဒတော သင်္ခါရေသု၊ ဇာတာ မုဉ္စိတုကမျတာ။**

သင်္ခါရေသု၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားနှစ်ပါးတို့၌။ ဘယတောပဋ္ဌာနေနေဝ၊ ကြောက်ဘွယ်ခမန်း ဘေးဘျမ်းဟု စေ့ငု ဆင်ခြင်ထင်မြင်နေခြင်းကြောင့်သာလျှင်။ အာဒီနဝံ၊ ပြော၍ မကုန် ပြစ်မျိုးစုံကို။ ဇာနတောစ၊ သိမြင်သော ဉာဏ်ထက်သန်သောသူလည်း ဖြစ်ပေထသော။

ယောဂိနော၊ ငါးကြိမ်ခြောက်ကြိမ် ဉာဏ်ဝရဇိန်ဖြင့် အရှိန်ထက်မြက် ဆက်လက်အားထုတ်သော ပုဂ္ဂိုလ်၏ မုဉ္စိတုကမျတာ၊ မုဉ္စိတုကမျတာဉာဏ်သည်။ ဇာတာ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာပေသတည်း။

## ၈။ ပဋိသင်္ခါဉာဏ်ပွားပုံ

ရှေ့က (ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုဉ္စိတု ကမျတာ) တို့ကို အဖန်ဖန် ပြန်လည်သုံးသပ် ရှုပွားရသောဉာဏ်။

**(က) ဥဒယဗ္ဗယဉာဏ်**

အကြောင်းတရားတွေ ဖြစ်ပျက်၍နေသောကြောင့် သူ့

အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည်-

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ။

**(ခ) ဘင်္ဂဉာဏ်**

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည်-

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ။

**(ဂ) ဘယဉာဏ်**

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် ဘေးကြီးပါတကား ကြောက်စရာကြီးပါတကား။

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ။

**(ဃ) အာဒီနဝဉာဏ်**

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် အပြစ်ကြီးပါတကား၊ ရန်သူကြီးပါတကား။

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ။

**(င) နိဗ္ဗိန္ဒာဉာဏ်**

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် ပျင်းစရာကြီးပါတကား၊ ငြီးငွေ့စရာကြီးပါတကား။

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ။

## (စ) မုဉ္စိတုကမျတာဉာဏ်

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့မှ လွတ်ပါမူကား ကောင်းလေစွ၊ ဖဲသွားရပါမူ ကောင်းလေစွ။

အမြဲမရှိ အနိစ္စ- အနိစ္စ- အနိစ္စ ဟုပွားပါ။

ယောဂီသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတို့ဖြင့် သင်္ခါရ တရားတို့ကို အားနည်းအောင်ပြု၍ ရှုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူ ငါးဆောင်းအုပ်သော ယောကျ်ားသည် အဆောတလျင် ရေ၌ ဆောင်းကိုလွတ်၍ အုပ်သည်ရှိသော် မြွေနဂါးကိုအုပ်မိလျက် ငါးဟုထင်မှတ်၍ လက်ဖြင့် ဆောင်းဝမှ ထုတ်၍ မြွေနဂါးမှန်းသိ၍ ငြီးငွေ့ကြောက်ရွံ့ရကား ထိုမြွေနဂါးဘေးမှ လွတ်လိုလှ၍ မိမိ၏ထိပ်ထက်၌ ခေါင်းပေါ်၌ နှစ်ပတ်သုံးပတ်လည်စေ၍ မြွေနဂါးကိုစွန့်ပစ်ပြီးလျှင် ကမ်းသို့တက်၍ မြွေနဂါးဘေးမှ လွတ်ပြီ၊ လွတ်ပြီကွဟု မိမိလာလမ်းကို ကြည့်ရှုလျက် တည်ဘိသကဲ့သို့တည်း။

ဤဥပမာ၌ မြွေနဂါးကို ငါးဟုထင်မှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ငါ့ရုပ်၊ ငါ့နာမ်ဟု မှတ်ခြင်းကို ဥပမာ ဥပမေယျယှဉ်ရမည်။ လည်ကို ကိုင်၍ ကြည့်ရှုသောအခါ မြွေနဂါးမှန်းသိမြင်သကဲ့သို့ ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်း ဆင်းရဲနှိပ်စက်ခြင်းကိုယ်မဟုတ်ခြင်း ရှုသကဲ့သို့ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၌ ဥပမေယျ ယှဉ်ရမည်။ မြွေ နဂါးကို ကြောက်သကဲ့သို့ ရုပ်နာမ်ကိုကြောက်ခြင်း၊ ဘယဉာဏ်၊ မြွေနဂါး၏ အပြစ်ကိုမြင်သကဲ့သို့ ရုပ်နာမ်၏ အပြစ်ကိုမြင်သောအာဒီနဝဉာဏ်၊

မြွေနဂါးကို ငြီးငွေ့သကဲ့သို့ ရုပ်နာမ်ကိုငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်၊ မြွေနဂါးကို "သွားရောလဟဲ့" ဆိုပြီး လွှတ်ပစ်လိုက်သကဲ့သို့ ရုပ်နာမ်ခန္ဓာသင်္ခါရမှ လွတ်လိုတာ, ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ ဟုဆိုအပ်သော ဘုံသုံးပါးမှ လွတ်လိုတာ မုဉ္စိတု ကမျတာဉာဏ်၊

မြွေနဂါးကို မိမိဦးခေါင်းပေါ် တင်ပြီး အားနည်းအောင် နှစ်ပတ် သုံးပတ်လည်စေသကဲ့သို့ ရုပ်နာမ်ဓမ္မတွေ အားနည်းအောင် တရားမှတ်နေတာ ပဋိသင်္ခါဉာဏ် ဥပမာယှဉ်ရမည်။

(ယောဂိပါရဂူ စာ-၃၃၅)

**ပဋိသင်္ခါ၊ ဉာဏ်အရာကား၊ လေးလာခြေလက်၊ ကြားချက်အသံ၊ ကျယ်လာဟန်ထင်၊ကိုယ်တွင်ပေါ်အောက်၊မီး၌ရောက်သို့၊ဝမ်းလှောက်လဲပူ၊ ရင်ပူတင်းကြပ်၊လေထိုးတက်လာ၊ဝေဒနာများ၊မှတ်သားမခံ၊အပျောက်မြန်ထူး၊ အားပေးဦးလော့။**

(မဟာစည်ဆရာတော်ဦးဇဋိလဆောင်ပုဒ်လင်္ကာ)

ပဋိသင်္ခါဉာဏ်ကို မှတ်နေသောအခါ ခြေတွေလည်း လေးလာ၏။ မီးအိုးကင်းထဲနှမ်းတွေလှော်သလို တဖျောက် ဖျောက်နှင့် ခန္ဓာ၏ ဖြစ်ပုံပျက်ပုံများ ကျယ်ကျယ်လောင်လောင် ကြားနေရ၏။ ခန္ဓာကိုယ်ကြီးသည် မီးအောက်ရောက်နေသကဲ့သို့ ဝမ်းထဲကလည်း ပူရင်ထဲကလည်းပူ တစ်ကိုယ်လုံးပူလောင်လာ၏။ စိတ်ကိုလည်း ရင်ဝမှာ မြဲမြဲထား။ ရုပ်ကိုလည်း ဖင်မြဲမြဲထားပြီး တစ်ကိုယ်လုံး မီးလောင်ကျွမ်းသည်အထိ သည်းခံပြီးမှတ်ပါ။ ဖွဲမလျှော့ပါနဲ့။ လေတွေကလည်း ထိုး တက်လာ၏ ဝေဒနာများကလည်း အမှတ်မခံ အကြည့်မခံဘဲ ချက်ချင်းတမ်းပျက်သွား၏။ ဤသည်ပင် ပဋိသင်္ခါဉာဏ်၏ သဘောတည်း။

အထူးမှာထားချက်။ ။ အချို့သောယောဂီများ ဝိပဿနာ ရှုသောအခါ တစ်ကိုယ်လုံး မီးလောင်သလို တဟုန်းဟုန်းနှင့် မီးသံများကြားရအောင်ဖြစ်လာတတ်သည်၊ မဖြစ်စဖူး ဖြစ်၍ ကြောက်တတ်သည်၊ မကြောက်လေနှင့်၊ သဘာဝကြောင့် တရားထူးကြီး ဖြစ်လာသည်၊ မဖျက်လေနှင့်၊ ပို၍ရှုလျှင် မင်္ဂများ ကျသွားတတ်သည်။

- **အနိစ္စဆင်ခြင် ချုပ်ပျက်မြင် ကြည်လင်သဒ္ဓါပွားရသည်။**
- **ဒုက္ခဆင်ခြင် ဘေးကြီးမြင် စိတ်တွင် ငြိမ်းအေးလာရသည်။**

* **အနတ္တဆင်ခြင် သုညထင် ဉာဏ်ပညာတွေ တိုးရသည်၊**
* **တရားမမြင် ဘုရားရှင် မြင်ရသည်မမည်၊**
* **တရားမြင်မှ ဘဝင်ကျ ဘဝအမြင်ရှင်းတော့သည်၊**

(မဟာစရိယဦးဌေးလှိုင်လက်ာ)

## ၉။ သင်္ခါရုပေက္ခာဉာဏ်ပွားပုံ

**ခြောက်ဉာဏ်ပေါင်းပွားနည်း**

၁။ အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော မချစ်မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ရုပ်နာမ်တို့သည် ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်၍နေသောကြောင့် အလွန်တရာမှ ဆင်းရဲလှပါ တကား၊ ဒုက္ခ - ဒုက္ခ။

၂။ အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော မချစ်မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ရုပ်နာမ်တို့သည် အမြဲမရှိ၊ အနိစ္စ - အနိစ္စ။

၃။ အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် လျစ်လျူရှုအပ်သော ကြောက်စရာကောင်းသော ရုပ်နာမ်တို့သည် အမြဲမရှိ အနိစ္စ- အနိစ္စ။

၄။ အကြောင်းတရားတွေ သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် လျစ်လျူရှုအပ်သော အပြစ်ကြီးသော ရုပ်နာမ်တို့ သည် အမြဲမရှိ အနိစ္စ - အနိစ္စ။

၅။ အကြောင်းတရားတွေ သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် လျစ်လျူရှုအပ်သော ပျင်းရိငြီးငွေ့စရာကောင်းသော ရုပ်နာမ် တို့သည် အမြဲမရှိ အနိစ္စ - အနိစ္စ။

၆။ အကြောင်းတရားတွေ သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် လျှစ်လျူရှုအပ်သော လွတ်ငြိမ်းပါမူ ကောင်းသော၊ ဖယ်သွားရပါမူ ကောင်းသော ရုပ်နာမ်တို့သည် အမြဲမရှိ အနိစ္စ--- အနိစ္စ။

ဖြစ်ခြင်းပျက်ခြင်း နှိပ်စက်၍နေသောကြောင့် အလွန်တရာမှ ဆင်းရဲလှပါ တကား၊ ဒုက္ခ--- ဒုက္ခ။

ငါ့ကိုယ်မဟုတ် သုဥ်း၍ နေပါတကား၊ အနှစ်သာရမရှိ အလိုမလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ--- အနတ္တ။

## သင်္ခါရုပေက္ခာဉာဏ် (အတိုချုပ်ပွားနည်း)

အကြောင်းတရားတွေ ပျက်၍နေသောကြောင့် သူ့ အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ပျက်စီး၍နေသော မချစ်မမုန်း နှလုံးမမူ လျှစ်လျူရှုအပ်သော ရုပ်နာမ်တို့သည် ငါ့ကိုယ်မဟုတ် သုဥ်း၍နေပါတကား။ ငါ့ဥစ္စာမဟုတ် သုဥ်း၍ နေပါတကား။

အမြဲမရှိ အနိစ္စ --- အနိစ္စ။

ဖြစ်ခြင်းပျက်ခြင်း နှိပ်စက်၍နေသောကြောင့် အလွန် တရာမှ ဆင်းရဲလှပါ တကား၊ ဒုက္ခ --- ဒုက္ခ။

အနှစ်သာရမရှိ အလိုမလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တဟုပွားပါ။

**သင်္ခါရုပေက်၊ အာရုံဖြစ်လာ၊ မစ္ဈတ္တာသွင်း၊ ဖျော်ပျင်းကင်းစွာ၊ မှတ်ရသက်သာ၊ ဝေဒနာရှင်း၊ မှတ်နေရင်းလည်း၊ အာရုံနည်းလျက်၊ အမှတ်ဘက်သာ (ဖောင်းပိန်ဘက်သာ)၊ စုဝေးလာကြ၊ ဖြန့်မရတတ်၊ လေးငါးမှတ်နောက်၊ သိမ်မွေ့ရောက်၏၊ ကြောင့်ကမလို၊ သူ့လိုလိုမှတ်၊ စိတ်ဓာတ်အပြင်၊ ပို့စမ်းလျှင်လဲ၊ မထွက်ပဲနေ၊ အမှတ်ပျောက်သေး (ဖောင်းပိန်ပျောက်သေး)၊ သိကလေးကျန်၊ တစ်ဖန်မှတ်တုံး၊ တကိုယ်လုံးစိမ့်၊**

**ဖျဉ်းဖျဉ်းငြိမ့်လျက်၊ အားတက်ပျော်ရွှင်၊ မှတ်ကောင်းလျှင်ကား၊ အားရကျေနပ်၊ နားနေတတ်၏၊ ကျေနပ်ရွှင်ပျ၊ သင်္ခါရသာ၊ ပျက်တာလဲမြင်၊ မနားချင်နှင့်၊ လမ်းစဉ်မဆုံး၊ ကြိုးစားအုံးပြော၊ သွက်တုံးမှာပဲ၊ ဆတ်ခနဲလစ်၊ ဆက်မှတ်ဖြစ်ကြောင်း၊ မှတ်ကောင်းအိပ်ပျော်၊ နိုးသော်ထမှတ်၊ အိပ်လတ်မှတ်ဖြစ်၊ သတိဖြစ်စေ၊ ဉာဏ်အားတွေ့သန်၊ ရှုမှတ်ပြန် သော်၊ မြန်ဆန်မှတ်သေး၊ ရှန်းကြွပြေးပြန်၊ ကောင်းလာဟန်ထင်၊ လျှောကျချင်၏၊ ကိုယ်တွင်ဖိန့်ဖိန့်၊ သိမ့်သိမ့်ငြိမ့်လာ၊ မျက်စိမှာလက်၊ တချက်ချက်လစ်၊ ဉာဏ်ရင့်ဖြစ်လာ၊ ဉာဏ်တိုင်းမှာပင်၊ မြဲဖြစ်ချင်တတ်၊ မတတ်လတ်မူ၊ အနားယူကာ၊ အိပ်စေပါ၍၊ ဆက်သာမှတ်စေ၊ တိုးတက် ပေလိမ့်။**

(မဟာစည်ဆရာတော်ဦးဇင်္ဂလဆောင်ပုဒ်လင်္ကာ)

သင်္ခါရုပေက္ခာဉာဏ်ကို ရင်ချိုင့်စိတ်စိုက်ပြီး မှတ်နေသောအခါ ယောဂီသည် ပျော်သည်လည်းမဟုတ် ပျင်းသည်လည်းမဟုတ် နှစ်ပါးလုံးကင်းရှင်း၍ အလယ်အလတ်ဖြစ်နေ၏။ မှတ်နေရခြင်းသည် သက်သက်သာသာရှိ၏။ ဝေဒနာလည်း မတွေ့ရပါ။ တွေ့တဲ့ဝေဒနာကလည်း ဘာ့ကြောင့်နာတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်နေရ၏။

စိတ်ကလည်း အပြင်မထွက်တော့ပါ တစ်ကိုယ်လုံး တဖျဉ်းဖျဉ်း တစိမ့်စိမ့် တညိမ့်ညိမ့်နှင့် မှတ်ကောင်းနေ၏။ မှတ်ရတာ ပျော်ရွှင်နေ၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ပျက်ခြင်းကိုလည်းမြင်ရသည်။ လမ်းစဉ်မဆုံးသေး၍ ဆက်ကြိုးစားရမည်။ တစ်ခါတစ်ရံ တရားမှတ်နေရင်းနဲ့ အိပ်ပျော်သွား၏။ နိုးလာသောအခါ သတိပညာအားကောင်း၍ ဥပေက္ခာသဘော မှတ်ပြီးသားဖြစ်နေ၏။ ဤသည်ပင် သင်္ခါရုပေက္ခာဉာဏ်၏ သဘောတည်း။

## သင်္ခါရုပေက္ခာဉာဏ် (၃) ပါး

၁။ ကြောက်တာလည်းမဟုတ်၊ နှစ်သက်တာလည်းမဟုတ် နှစ်မျိုးလုံး ကင်းရှင်းနေခြင်း။
၂။ ဆင်းရဲတာလည်းမဟုတ်၊ ချမ်းသာတာလည်းမဟုတ်၊ အတူတူ ညီမျှနေခြင်း။
၃။ ကြောင့်ကြစိုက်ပြီး မှတ်စရာမလို သူ့အလိုမှတ်နေခြင်း။

* **ကြောက်.နှစ်သက်ခြင်း၊ လွန်ကင်းရှင်း၍၊**
**ဆင်းရဲချမ်းသာ၊ တူညီလာ၏။**
**လွန်စွာကြောင့်ကြ မပြုရညီမျှဂုဏ်သုံးပါး။**

## တနည်းသင်္ခါရုပေက္ခာဉာဏ် (၃) ပါး

၁။ မိမိရဲ့ စိတ်ကလေး ရင်ချိုင့်မှာ ကြာရှည်တည်နေခြင်း။
၂။ မိမိရဲ့ စိတ်ကလေး ရင်ချိုင့်မှာ တည်ပြီးသိမ်မွေ့နေခြင်း။
၃။ မိမိရဲ့ စိတ်ကလေး ရင်ချိုင့်ကနေ ဘယ်မှမရွေ့ခြင်း။

* **ကြာရှည်တည်လေ၊ တည်နေသိမ်မွေ့၊**
**မရွေ့အာရုံ၊ သုံးပါးဂုဏ်၊ ပြည့်စုံသင်္ခါရာ။**

## လျှစ်လျူရှုဟန် သင်္ခါရုပေက္ခာဉာဏ်

**မုစ္စိတုံ ကာမတောယေဝ၊ ပဋိသင်္ခါယ ဖာနတော၊**
**သင်္ခါရုပေက္ခာနာမံ ဉာဏံ၊ ဖာတံ နဝမ ယောဂိနော။**

မုစ္စိတုံ၊ သင်္ခါရခပင်း လွတ်မြောက်ခြင်းငှာ။ ကာမတော ယေဝ၊ မျှော်လင့်ငံ့စား လိုလားခြင်းကြောင့်သာလျှင်။ ပဋိသင်္ခါယ၊ နိစ္စသုခ အတ္တကင်းစင် သိမြင်လျက်ရှိသော။ နဝမယောဂိနော၊ နဝမအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ်အားထုတ်သော

ပုဂ္ဂိုလ်၏။ သင်္ခါရုပေက္ခာနာမံ ဉာဏံ၊ အကြောင်းမဖက် မနှစ်သက်ဘဲ ပစ်စလက်ခတ်ဟု လျစ်လျူရှုသော ဉာဏ်သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာပေသတည်း။

ယောဂီသည် တရားမှတ်နေရင်း ပူသော၊ ဆူသော ဝေဒနာတို့သည် တညီတညွတ်တည်းပင် တိုး၍ တိုး၍လာ၏၊ ထိုသို့တိုးလာသော်လည်း သည်းခံပြီးမှတ်၊ ပူအားကြီး၍သာ တစ်ကိုယ်လုံးမှ အပူအခိုးတွေမှုတ်၍ ပန်းပြီး မိမိကိုယ်ကိုလောင်မြိုက်၍ လောင်မြိုက်၍ နေသကဲ့သို့ ဖြစ်လာတော့၏။

ဘယ်လိုပင် လောင်မြိုက်နေနေ သည်းခံပြီးတော့မှတ်၊ ဤအခါ၌ စိတ်သည် တောင်တောင်မြောက်မြောက် ဟိုဟိုဒီဒီ မကြံဆ မတွေးတောတော့ပေ၊ စိတ်၏ပြေးလွှားခြင်း မဖြစ်တော့ပေ၊ စွဲမြဲစွာ ဧကဂ္ဂတာစိတ်မျိုးဖြစ်လျက် ရှု၍နေလေတော့၏။ ပူသောဝေဒနာ ပြင်းပြသောဝေဒနာကား တစ်ကိုယ်လုံး ညီမျှသွား၍ခံသာ၏။ ဝေဒနုပေက္ခာ ဖြစ်၍နေသေး၏။

ဤကဲ့သို့ သင်္ခါရကို ဥပေက္ခာစိတ်နှင့် ရှုနေသောအခါ စိတ်၏ ရွေ့လျားခြင်း ပြောင်းသွားခြင်းမရှိပဲ တခြားဘာကိုမျှမတွေးဘဲ ဖြစ်ချင်သလိုဖြစ်နေပါစေ၊ အမှတ်တမဲ့ကြည့်နေသကဲ့သို့ စွဲစွဲမြဲမြဲ ရှုနေတာကိုပင် သင်္ခါရုပေက္ခာဉာဏ် ဟုခေါ်သည်။

"ရုပ်နာမ်ခန္ဓာဟူသော သင်္ခါရလောကကြီးကို နိစ္စ သုခ အတ္တ စသည်မှ ကင်းဆိတ်သောအားဖြင့် ကြည့်ရှုထင်မြင်သော ယောဂီပုဂ္ဂိုလ်သည် အရိယာမဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုရတော့မည် ဖြစ်ရကား သေမင်းနိုင်ငံကို လွန်မြောက်ခြင်းသည်ဖြစ်၏ဟု ဆိုလိုသည်။ ဤသို့ရုပ်နာမ်သင်္ခါရတို့၏ "ရူပံ အတ္တေန ဝါ သုညံ" ဤသို့စသော အခြင်းအရာတို့ဖြင့် သုညအဖြစ်ကို သိမ်းဆည်းကြည့်ရှုသည်ဖြစ်၍လည်း ကောင်း၊ "ရူပံ အနိစ္စတော" ဤသို့စသည်ဖြင့် အနိစ္စ စသောအဖြစ်ကို ကြည့်ရှုသိမ်းဆည်းသည်ဖြစ်၍လည်းကောင်း၊ ရုပ်နာမ်သင်္ခါရတို့၏

အပြစ်ဒေါသ အာဒီနဝတို့ကို လွန်မင်းစွာ ထင်မြင်သော ယောဂီပုဂ္ဂိုလ်သည် ရှေးအဖို့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့၏ အစွမ်းဖြင့်ဖြစ်သော ဝမ်းမြောက်နှစ်သက်ခြင်းကိုလည်းကောင်း၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်တို့၏ အစွမ်းဖြင့် ကြောက်ခြင်း၊ ထိတ်လန့်ခြင်းတို့ကို လည်းကောင်း ပယ်စွန့်၍ ရုပ်နာမ်သင်္ခါရတို့၌ မစောင်းငြိမ်ငြိမ် အလေးတူချိန်သော ချိန်ခွင်လျှာကဲ့သို့ ဤမှာဘက် ထိုမှာဘက်သို့ မပိုမသာ မထွက်မပြူ လျစ်လျူရှုသော ဉာဏ်ဖြင့်သာလျှင် တည်လေတော့၏။

ထိုသင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတို့၏ ဖြစ်ခြင်းပျက်ခြင်း ဥဒယဗ္ဗယကိုလည်းကောင်း၊ သတ္တ ဇီဝ အတ္တ စသည်မှ ဆိတ်ခြင်း သုညတဋ္ဌရိတ္တကိုလည်းကောင်း ဤသို့စသော အပြစ်ဒေါသ အာဒီနဝတို့ကို အကြိမ်ကြိမ်ရှုသော်လည်း လျစ်လျူအားဖြင့်သာ ရှုလေ၏။

## လျစ်လျူရှုပုံကိုပြခြင်း

အကြင်ယောက်ျားသည် မိမိမယား၌ ဖောက်ပြန်သော အပြစ်ဒေါသ အာဒီနဝကို မမြင်မီ ရှေးအဖို့၌ အလွန်ပင် ချစ်ခင်မြတ်နိုး၏။ ထိုယောက်ျားသည် နောက်အဖို့၌ မိမိမယား၏ ဖောက်ပြန်ခြင်း အပြစ်ဒေါသ အာဒီနဝကိုမြင်၍ အမျက်ထွက်၏၊ ပြင်းစွာသော နှလုံးမသာယာခြင်းဖြစ်၏။ ထိုယောက်ျားသည် တစ်ပါးသောအခါ၌ ထိုမိန်းမ၏ ဖောက်ပြန်သော အမူအရာကို မြင်ပြန်၍ ထိုမိန်းမမှ လွတ်ကင်းလိုသည်ဖြစ်၍ ထိုမိန်းမကို စွန့်ပစ်ကွာရှင်းလေ၏၊ ထိုမိန်းမကို ငါ၏မယားဟူ၍ တဏှာမာနဒိဋ္ဌိတို့ဖြင့် မစွဲလန်း မမှတ်ထင်တော့ပြီ၊ ဤသို့ စိတ်ကိုဆုံးဖြတ်လေ၏၊ ဤသို့ မယားဟူ၍ အမှတ်မရှိ ကွာရှင်းပြီးသည်မှစ၍ ထိုမိန်းမ၏ဖောက်ပြန်သော အမူအရာကို မြင်ပြန်သော်လည်း အမျက်မထွက် နှလုံးမသာယာခြင်းလည်း မရှိ၊ လျစ်လျူရှု၍ သာနေလေ၏။

ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရှေးအဘို့ဉာဏ်တို့ဖြင့် ရုပ်နာမ်

သင်္ခါရတို့၏ ဖောက်ပြန်သော အပြစ်ဒေါသ အာဒီနဝကို မြင်၏၊ မုစ္စိတုကမျတာဉာဏ်ဖြင့် အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့မှ လွတ်ကင်းလိုကွာရှင်းလို စွန့်ပစ်လို၏၊ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် ထိုအလုံးစုံသော ရုပ်နာမ်သင်္ခါရတို့ကို စွန့်ပစ်ကွာရှင်း လေ၏၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်း မရှိတော့ပြီဟူ၍ စိတ်ကိုဆုံးဖြတ်၏၊ စွန့်ပစ်ကွာရှင်းပြီးနောက် သင်္ခါရုပေက္ခာဉာဏ်ဖြင့် ထိုအလုံးစုံသော ရုပ်နာမ်သင်္ခါရတို့ကို စွန့်ပစ်ကွာရှင်းလေ၏၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလန်းခြင်း မရှိတော့ပြီဟူ၍ စိတ်ကို ဆုံးဖြတ်၏။

စွန့်ပစ်ကွာရှင်းပြီးနောက် သင်္ခါရုပေက္ခာဉာဏ်ဖြင့် ထိုရုပ်နာမ်ခန္ဓာသင်္ခါရတို့၏ ရင့်ရော်အိုမင်း သေကျေပျက်စီးခြင်း ဇရာ၊ မရဏတို့ဖြင့် ဖောက်ပြန်သော အနိစ္စအခြင်းအရာအာကာရ၊ ဆင်းရဲခြင်း ဒုက္ခအခြင်းအရာ အာကာရ၊ အစိုးမရသော အနတ္တအခြင်းအရာ အာကာရတို့ကို ကြည့်ရှုသော်လည်း ရှေးအဖို့ ဉာဏ်တို့ကဲ့သို့ မကြည့်မရှုမူ၍ လျစ်လျူ ဥပေက္ခာအားဖြင့်သာရှုသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် အလုံးစုံသော ဘုံဘဝ ရုပ်နာမ်ခန္ဓာသင်္ခါရတို့၌ တွန့်လိပ်လျက်နောက်သို့ ဆုတ်နစ်ပြန်လည်၏၊ မပျော်မမွေ့ လျော်သောအားဖြင့် မပြေးဝင်၊ ထိုအလုံးစုံသော ဘုံဘဝ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည် စက်ဆုပ်ရွံရှာဖွယ်အဖြစ်ဖြင့်သာလျှင် ဉာဏ်အားထင်လေ၏။ စက်ဆုပ်ဖွယ်၊ ငြီးငွေ့ဖွယ်၊ စွန့်ပစ်ဖွယ် သင်္ခါရုပ်နာမ်တွေပါတကားဟု လျစ်လျူအားဖြင့်သာရှုသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်၏။

ထိုသင်္ခါရုပေက္ခာဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့သည် ပူပန်ခပ်သိမ်းနှင့်တကွဖြစ်၍ မငြိမ်းမအေး မချမ်းသာသော အသင္ခတသဘောသာတည်း၊ ပူပန်ခပ်သိမ်းမှ ကင်းဆိတ်ငြိမ်းခြင်းသည်သာလျှင် အေးမြချမ်းမြေ့ ငြိမ်းချမ်းသော သင္ခတသဘောဖြစ်သည်ဟု နိဗ္ဗာန်ကို ငြိမ်းချမ်းအေးမြသော အားဖြင့်ရှုလေ၏။"

(အင်ချောင်ဆရာတော်၏ စရိယမဂ္ဂပါရဂူကျမ်း၊ နှာ-၅၆၉မှ)

## အနိစ္စတရားနှင့် ခေမမွှသဿဝနိယမထေရ်

မြတ်စွာဘုရားက အပါဒါန်ပါဠိတော်မှာ ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရဘုရားရှင်သည် ပွင့်၏။ ရဟန်းတစ်ပါးသည် ပဒုမုတ္တရဘုရားရှင်ထံမှ သစ္စာလေးပါးတရားကို နာကြားသည်။ ရုပ်နာမ်ဓမ္မတွေရဲ့ မမြဲတဲ့ အနိစ္စသညာကို သင်ယူပြီး ကျောင်းပြန်သွား၏။ နောက်ဆုံးသေခါနီး လတ်သော် ကြားနာခဲ့သော သူတော်ကောင်းတရားကို အောက်မေ့၏။

ထိုသူတော်ကောင်းတရားကို အောက်မေ့အမှတ်ရသော ကုသိုလ်ကံစေတနာတို့ကြောင့် ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။ ငါးဆယ့်တစ်ကြိမ် တိုင်တိုင် နတ်မင်းအဖြစ်ကိုရ၏။ နှစ်ဆယ့်တစ်ကြိမ်တိုင်တိုင် စကြာဝတေးမင်းလည်းဖြစ်ခဲ့၏။ ပဒေသရာဇ် မင်း၊ ဧကရာဇ်မင်း၊ သူဌေးဘဝတွေ မရေမတွက်နိုင်အောင် ဖြစ်လာခဲ့၏။

မြတ်စွာဘုရားထံမှ-

"အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။"

ဟူသောဂါထာကို ကြားနာရသည်နှင့်တပြိုင်နက် ရှေးက အနိစ္စ သညာကို အောက်မေ့၍ တထိုင်တည်း၌ ရဟန္တာ ဖြစ်ကာ ခေ မမွှသဿဝနိယမထေရ် ဟုခေါ်တွင်သည်။

## ၁၀။ အနုလောမဉာဏ်ပွားပုံ

၁။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်နေသော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ရုပ်နာမ်တို့သည် ငါတို့မဟုတ် သူဉ်း၍နေပါတကား၊ အနှစ်သာရမရှိ အလိုသို့မလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

၂။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်နေသော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ရုပ်နာမ်တို့သည် ငါတို့ မဟုတ် သုဉ်း၍နေပါတကား၊ အနှစ်သာရမရှိ အလိုသို့မလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

၃။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်နေသော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ဘေးကြီး ဖြစ်သော ကြောက်စရာကောင်းသော ရုပ်နာမ်တို့သည် ငါတို့မဟုတ်သုဉ်း၍ နေပါတကား၊ ငါ့ဥစ္စာမဟုတ် သုဉ်း၍ နေပါတကား၊ အနှစ်သာရမရှိ အလို သို့မလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

၄။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်နေ သော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော အပြစ်ကြီး ဖြစ်သော ရန်သူ ကြီးဖြစ်သော ရုပ်နာမ်တို့သည် ငါတို့မဟုတ် သုဉ်း၍ နေပါတကား၊ ငါ့ဥစ္စာမဟုတ် သုဉ်း၍နေပါ တကား၊ အနှစ်သာရမရှိ အလိုသို့ မလိုက် အစိုးမရ ကိုယ် မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

၅။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်နေသော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော ပျင်းစရာကောင်းသော ငြီးငွေ့စရာကောင်းသော ရုပ်နာမ်တို့သည် ငါတို့မဟုတ် သုဉ်း၍ နေပါတကား၊ ငါ့ဥစ္စာမဟုတ် သုဉ်း၍နေပါတကား၊ အနှစ်သာရမရှိ အလိုသို့မလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

၆။ အကြောင်းတရားတွေ သူ့အလိုလို ဖြစ်ပျက်၍သွားသော ကြောင့် တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက် နေသော မချစ် မမုန်း နှလုံးမမူ လျစ်လျူရှုအပ်သော၊ လွတ်ပါမှုကောင်းသော လွတ်ငြိမ်းပါမှု ကောင်းသော၊ ဖဲသွားရပါမှုကောင်းသော ရုပ်နာမ် တို့သည် ငါတို့မဟုတ် သုဉ်း၍နေပါတကား အနှစ်သာရမရှိ အလို သို့မလိုက် အစိုးမရ ကိုယ်မဟုတ် အနတ္တ --- အနတ္တ --- အနတ္တ။

**နလောမာဒိ၊ မှတ်သိစိတ်မြန်၊ ပျောက်ပျက်ဟန်ထင်၊ ကုန်ဆုံးမြင်ဆဲ၊ မမြဲအနိစ္စ၊ ဆင်းရဲမျှသာ၊ မခံသာခြင်း၊ နစ်သက်ကင်းကြောင်း၊ မကောင်း ဒုက္ခ၊ စိုးမရပေါင် ၊ငါကောင်မဟုတ်၊ သဘောထုတ်ဆို၊ လိုလိုဖြတ်တတ်၊ အနတ္တထား၊ တပါးပါးကို၊ ပြောပြဆိုလျက်၊ နစ်သုံးချက်ပြေ၊ လွန်၍ဖြစ်စေ၊ မှတ်ကောင်းတွေ့တွင်၊ ပါဝင်သည့်ဉာဏ်၊ ဝုဋ္ဌာနန်သုံး (ဝုဋ္ဌာနဂါမိနိ ဝိပဿနာဉာဏ်) နောက်ဆုံးမှတ်ချက်၊ ပတ်သက်ဉာဏ်ပြော၊ အနုလောမ (၁၂၊အနုလောမဉာဏ်) မှတ်ပြတ်ကျလာ၊ ချုပ်ငြိမ်းရာဝင်၊ စတွင်ဂေါ်တြဘူ (၁၃၊ဂေါ်တြဘူဉာဏ်) ချုပ်မှုလယ်က၊ ခဏတည်မဂ် (၁၄၊မဂ်ဉာဏ်)၊ ချုပ်လျက်နောက်ဆုံး၊ သိမှုလုံးဖိုလ် (၁၅၊ ဖိုလ်ဉာဏ်) တစ်ဖန်ထိုမှ၊ သတိရလျက်၊ ဆင်ခြင်ချက်ဉာဏ်၊ ပစ္စဝေက္ခဏ်ဖြင့် (၁၆၊ ပစ္စဝေက္ခဏာဉာဏ်) သိမှန်ကုန်ပြုတ်၊ ငြိမ်းချုပ်လုံးစုံ၊ မှတ်ရပ်ကုန်တယ်၊ ရေဝယ်မြုပ်လား၊ မေ့သွားသလို၊ အိပ်ပျော်လိုပဲ၊ တိခနဲပြတ်၊ မှတ်စိတ်အာရုံ၊ ကုန်ပုံပြောမြဲ၊ ချိုလှဲနောင်ခါ၊ငါ့မှာလောဘ၊ဒေါသ – မောဟ၊မကုန်ပါသေး၊ဆက်မှတ်ပေမည်၊ အားထုတ်မည်ဟု၊ ကြောင့်ကြမှုဖြင့်၊ ကြွင်းစုကိလေ၊ ဆင်ခြင်လေသည်၊ ဉာဏ်ရေဆယ့်ခြောက် အမြွက်တည်း။**

(မဟာစည်ဆရာတော်ဦးဇဋ္ဋိလဆောင်ပုဒ်လင်္ကာ)

အနုလောမဉာဏ် = မဂ်အားလျော်သော ဉာဏ်တည်း၊ ၎င်းဉာဏ် ဆယ်ပါးကို လောကီဉာဏ် ဆယ်ပါးလို့လည်း ခေါ်တယ်။

လောကုတ္တရာဉာဏ်ကား-
(၁) ဂေါတြဘူဉာဏ်၊ (၂) မဂ်ဉာဏ်၊
(၃) ဖိုလ်ဉာဏ်၊ (၄) ပစ္စဝေက္ခဏာဉာဏ်၊
ပေါင်းသော် ဉာဏ်စဉ် ၁၄-ပါးလို့ခေါ်ပါသည်။

အထက်ပါဉာဏ်စဉ်တွေကို အသီးအခြား တစ်ပါးစီ လိုက်ရှုနေဖို့ မလိုဘူး၊ ဥဒယဗ္ဗယဉာဏ်ကိုသာလျှင် အားထုတ်က ကြွင်းသော ဉာဏ်တွေအလိုလို ပေါ်လာပါလိမ့်မယ်။

လယ်တီဆရာတော်ဘုရားကြီးက "ဘင်္ဂဉာဏ်သာ အရေးကြီးဆုံး ဉာဏ်ဖြစ်သည်၊ ဘင်္ဂဉာဏ်ကို နာနာပွားရမည်" ဟု မိန့်တော်မူခဲ့ပါသည်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်သုံးပါးပင် ပြားငြားသော်လည်း သုံးသပ်ဆင်ခြင်ပွားများရာမှာ အနုအရင့်သာကွဲပါတယ်။ အကြောင်း မထူးပါ။

ဒါကြောင့် ငါတို့ကျေးဇူးရှင် ကန္နီဆရာတော်ဘုရားကြီးက "ဥဒယဗ္ဗယဉာဏ်ကို နန်းထိုင်သည်ဟုခေါ်သည်၊ အရေးအကြီးဆုံး ဉာဏ်ဟုဆိုသည့် ဘယဉာဏ် အစရှိသော အထက် အထက်ဉာဏ်များကို တစ်ထီးတစ်နန်း ရှုနေဖွယ် အထူးအားထုတ်နေဖွယ်မဟုတ်၊ အားထုတ်ရင်း ဖြစ်ပေါ်လာလို့ "ပေါ်ဉာဏ်၊ ထင်ဉာဏ်လို့" ဟုမိန့်တော်မူပါခဲ့ပါသည်။

## မဂ္ဂင်ဖောင်နှင့်သွားမှ နိဗ္ဗာန်ရောက်နိုင်ပုံ

မည်သူမဆို ဒုက္ခကိုမခံစားချင်ကြဘူး၊ ဒုက္ခမခံစားချင်လို့ ဒုက္ခ၏လွတ်ရာလွတ်ကြောင်း အားထုတ်ကြသလားဆိုတော့ အားထုတ်ဖို့ ဝေးစွ၊ စိတ်မျှမကူးကြဘူး၊ ဒုက္ခမဖြစ်မှု၊ ဒုက္ခချုပ်ငြိမ်းမှုကလည်း လောကအဆုံး ဟိုမှာဘက်ကမ်းကိုရောက်မှ ချုပ်ငြိမ်းမယ်၊ ဒုက္ခကုန်

ကြမယ်၊ လောကအဆုံး ဟိုမှာဘက်ကမ်းသို့ ရောက်ကြရန်မှာလည်း ဈာန်ယာဉ်၊ ခြေယာဉ်၊ လှေယာဉ်၊ လှည်းယာဉ်တွေ စီးပြီးသွားလို့ ရောက်တာမျိုးမဟုတ်။

ရှေးက ရောဟိတဆိုတဲ့ ဈာန်ရရသေ့တစ်ယောက်ဟာ ဈာန်ယာဉ်စီးပြီးသွားတာ အလွန်မြန်၏၊ ဘယ်လောက်မြန်သလဲဆိုရင် မြားပစ်ကောင်းသော လေးသမားသည် ထန်းပင်ရိပ်ကို ပစ်လွှတ်လိုက်လျှင် ၎င်းထန်းပင်ရိပ်ဖောက်ထွင်းသွားသော အခိုက်လောက်မှာ နာရီအားဖြင့်ဆိုမူ နာရီသံ ဒက်ခနဲအတွင်းလောက်တွင် ဈာန်ယာဉ်ဖြင့် လောက၏အဆုံးသွားတာ စကြာဝဠာ တစ်ခုကို ပတ်မိအောင်သွားနိုင်၏။

ဘယ်လောက်မြန်သလဲ၊ တစ်နာရီလောက်များသွားရင် အများကြီးရောက်သွားမှာပေါ့လေ၊ ဤကဲ့သို့ အလွန်လျင်မြန်သော ဈာန်ယာဉ်ဖြင့်သွားလိုက်တာဟာ အိပ်လည်းမအိပ်ဘူးတဲ့၊ ထိုင်လည်း မထိုင်ဘူးတဲ့၊ ရပ်လည်းရပ်မနေဘူးတဲ့၊ လောက၏အဆုံး ရောက်ချင်လို့ သွားလိုက်တာ အနှစ်တရာသွားမိသော်လည်း မရောက်ဘဲနှင့် တစ်ပါးသော စကြာဝဠာအကြားသွားပြီး သေဆုံးပျက်စီးရ၏။

ဒါကြောင့် မြတ်စွာဘုရားက-

**ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ၊**

**န စ အပ္ပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။**

လို့ဟောတော် မူပါသည်။

အာဝုသော၊ ငါ့ရှင် ရောဟိတ။ လောကဿ၊ လောက ၏။ အန္တော၊ အဆုံးဖြစ်သောနိဗ္ဗာန်ကို။ ဂမနေန၊ ဈာဉ်ယာဉ်၊ လှေယာဉ်၊ လှည်းယာဉ်၊ ဆင်ယာဉ်၊ မြင်းယာဉ်စသည်ဖြင့် သွားသဖြင့်။ ကုဒါစနံ၊ ဘယ်အခါမှ။ နပတ္တဗ္ဗော၊ မရောက်နိုင်။ လောကန္တံ၊ နိဗ္ဗာန်ကို။ အပ္ပတွာ၊ မရောက်ပဲ။ ဒုက္ခာ၊ ဆင်းရဲ အပေါင်းမှ။ ပမောစနံ၊ လွတ်ခြင်းမည်သည်။ နစအတ္ထိ၊ ရှိလဲမရှိ။

ရှင်တော်မြတ်ဘုရားဟောလိုရင်းမှာ ဘယ်လောက်မြန်တဲ့ ယာဉ်ဖြင့်သွားသွား ရောက်မှာမဟုတ်ဘူးတဲ့။ လောကမဆုံးသမျှ ဒုက္ခတရားတွေရဲ့ လက်တွင်းကလည်း မလွတ်။ အကယ်၍ ဒုက္ခ အပေါင်းမှ လွတ်လိုမူ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ယာဉ် ကြီးစီးပြီး သမာဓိ - ဝိပဿနာတရားတွေကို ထူထောင်ပါ။ "သမာဓိတော ယထာဘူတံ ဇာနာတိ" လို့ လာရှိတဲ့အတိုင်း သမာဓိအားကောင်းလျှင် ဝိပဿနာရှုမှတ်မှုတိုးတက်လာမှာပဲ။ ဝိပဿနာရှုနည်း ပိုင်နိုင်စွာရလျှင် အချိန်အားလပ်ခွင့် ရတိုင်း ရတိုင်း ရှုသွားမည်ဆိုရင် မုချဤဘဝတွင် လောက၏အဆုံးသို့ ရောက်နိုင်မှာပဲ။

ဒီခေတ်မှာဖြင့် မရောက်နိုင်ပါဘူးလို့ အယူရှိရင် ဘုရားဟော မယုံရာကျလိမ့်မယ်၊ ဘုရားဟော မယုံလျှင် ထိုသူ လောက၏ အဆုံးရောက်နိုင်ရန် ဘဝဆက်တိုင်း ဆက်တိုင်း ခဲယဉ်းလှ၏။

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှာ တရားမဆိတ်၊ ကျင့်ကြံအားထုတ်သူမဆိတ်က ငါ့သာသနာ အရိယာမဆိတ်သုဉ်းကြောင်း သုဘဒ်ပရိဗိုဇ်ကြီးကို နောက်ဆုံးပိတ် ဆုံးမခဲ့ပါသည်။

## ရဟန္တာတို့မဆိတ်သုဉ်း

**ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊**

**အသုညော လောကော အရဟန္တေဟိ အဿ။**

သုဘဒ္ဒ၊ ဟယ်သုဘဒ္ဒ။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ ဖြောင့်မှန်စွာ။ ဝိဟရေယျုံ၊ ဝိပဿနာတရားအားထုတ်၍ နေကုန်ငြားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

(ဒီဃ-၂၊ ၁၂၅၊ ၄-၁၈၁)

လောကီစည်းစိမ်ဖြစ်တဲ့ ရွှေငွေအလိုရှိပါမူ ရွှေငွေကိုရရာ ရကြောင်းရှာဖွေမှု လုပ်မှသာလျှင် ရွှေငွေရနိုင်ပါသည်။ အလိုလို

လက်တွင်းသို့ ရောက်လာမည်မဟုတ်ပါ။ စာတတ်လိုသောသူ သည် ထိုထိုပိဋကတ်နှင့် ဆိုင်ရာကျမ်းတို့ကို သင်အံလေ့ကျက်မှသာလျှင် စာတတ်ပါမယ်။ အလိုအလျောက် ပါးစပ်တွင်းလာရောက်မည် မဟုတ်ပါ။

ဘုရားကြီးဆရာတော် လက်ထက်ကတောထွက် ဦးရင်ကြီး တစ်ပါးရှိသည်၊ ၎င်းဦးရင်ကြီးဟာ အလွန်စာတတ်ချင်ပါသတဲ့၊ စာတတ်ချင်သော်လည်း စာတော့မသင်ပါ၊ အိပ်ရာကနိုးတဲ့အခါ တွေတွေဝေဝေနှင့်သမ်းပြီး လက်မောင်းကြီးမြှောက်ပြီး 'ငါ့နှယ် ဘုရားကြီးဆရာတော်လို စာတတ်ချင်လိုက်တာနော်'လို့ နေ့တိုင်း ညည်းညူတောင့်တကာနေ၏။

အဲဒီလို တောင့်တနေလို့လည်း စာတတ်တာမျိုး မဟုတ်ဘူး။ ထိုဥပမာအတူပင် ဆင်းရဲမှလွတ်ချင်ပါဘိ၊ နိဗ္ဗာန်ကို ရောက်ချင်ပါဘိဟု တောင့်တနေလို့ ရလိမ့်မည်မဟုတ်။ နိဗ္ဗာန် ရရာရကြောင်းဖြစ်တဲ့ ရုပ်နာမ်အဖြစ်အပျက်ကို သိမှ မြင်မှ ရှုမှ ပွားမှ အားထုတ်မှသာလျှင် ရလိမ့်မည်လို့ ဆိုတော်မူပါသည်။

**ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊**

**နော အဇာနတော အပဿတော။**

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော ယောဂီ အပေါင်းတို့။ ဇာနတော၊ ရုပ်နာမ်အဖြစ်ပျက်ကို(စာသိမဟုတ်) ဘာဝနာမယဉာဏ်ဖြင့် ဧကန်သိသောသူအား။ ပဿတော၊ မြင်သောသူအား။အာသဝါနံ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ တည်းဟူသော အာသဝတို့၏။ခယံ၊ ကုန်ခြင်းကို။ အဟံဝဒါမိ၊ သင်တို့ဆရာ ငါဘုရားဟောတော်မူ၏။ အဇာနတော၊ မသိမမြင်သောသူအား။ အာသဝါနံ၊ အာသဝ တို့၏။ ခယံကုန်ခြင်းကို နောအဟံဝဒါမိ၊ ငါဘုရားမဟော။

**(နိဗ္ဗာန်ရလိုမှု နိဗ္ဗာန်ရရာရကြောင်း အားထုတ်မှ ရကြလိမ့်မည်။)**

တရားကျင့်သူများအတွက်
ရှေးကပညာရှင်ရေးသားခဲ့သော

# ပြန်ခါနီးမှာတမ်း



* တရားကျင့်လက်၊ ယောဂီမြတ်တို့၊
သိမှတ်ဖို့ရာ၊ အချက်မှာကား၊
မြတ်စွာဗုဒ္ဓ၊ သုံးလူ့ဘ၏၊
ဓမ္မရသာ၊ ရတနာသည်၊
လွန်စွာမျိုးမှန်၊ အဖိုးတန်၏။
မဂ်ဖိုလ်နိဗ္ဗာန်၊ အမြန်ရောက်လို့
ယောဂီပို့ျတို့၊ ဝန်တိုနီးပါး၊
သဒ္ဓါများလျက်၊ စကားမပေါ၊
သဘောစဉ်ဖြူ၊ ပြုံးရုကင်းကွာ၊
အဘိဇ္ဈာဖြင့်၊ မဝါမကြွား၊
မပလွှားပဲ၊ တရားသက်ဝင်၊
အပြစ်စင်အောင်၊ ဆင်ခြင်တိုင်းထွာ၊
နေကြရာ၏။

* လေ့လာတရား၊ မထင်ရှားပဲ၊
လူများရှေ့မှာ၊ ပါပိစ္ဆာဖြင့်၊
ကြွားဝါလေပင့်၊ ဘဝမြင့်လျက်၊
လာဘ်ပွင့်စေကြောင်း၊ မပြောကောင်းရှင့်။

*　ကံကောင်းထောက်ပင့်၊　ပါရမီရင့်၍၊
ထိုက်သင့်သလောက်၊　အမြင်ပေါက်လည်း၊
စိန်ကျောက်ပမာ၊　လျှို့ဝှက်စွာဖြင့်၊
ပြောရာပြောသင့်၊　အခါခွင့်နှင့်၊
ပြောသင့်သူသာ၊　ပြောကြရာ၏။

*　မြတ်စွာသေဋ္ဌနင်း၊　တရားမင်းက၊
သားရင်းတို့ကို၊　သနားပို၍၊
မင်္ဂဖိုလ်အနီး၊　အထင်ကြီးအောင်၊
ရိုးတိုးယားတား၊　ငါ့ချစ်သားတို့၊
ဝါကြွားလစ်ခွေ၊　မပြောလေနှင့်၊
အဖေဗုဒ္ဓ၊　စက်ဆုပ်လှဟု၊
ဝိနာယပညတ်၊　သတိချပ်ဖို့၊
သိမှတ်စေရန်၊　မိန့်တော်ပြန်သည်၊
ဝေဖန်အကျယ်သိလေထည့်။

၂၈၄၀၉
၂၇.၉.၂၀၁၇

**ကန္နီနည်း**

**ဝိပဿနာ ကျင့်စဉ်ကျမ်းပြီး၏။**

[illegible]

[illegible]

[illegible]

[illegible]

[illegible]

ဆက်သွယ်ရန်လိပ်စာ

[illegible]

[illegible]

[illegible]

[illegible]

[illegible]

အမတံ ဒဒေါ စ သော ဟောတိ

ယော ဓမ္မမနုသာသတိ

တရားအလှူကိုပေးလှူသူသည်

အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏

**ဓမ္မဒါနကုသိုလ်ရှင်**

**ဦးသစ်လွင် + ဒေါ်လှညွန့်ရီ**

**(သမီး) မသင်းသင်းလှိုင်**

**မောင်စိုးဝင်းသန့် + မသင်းသင်းကြိုင်**

အမှတ် 5/91 A ၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇ မိုင်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Cover Design : Aye Phyu Aung